

www.burmeseclassic.com
ဝေဝေအောင်
အိပ်မက်ဖြစ်ချင်သည်
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- နိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာမူခွင့်ပြုချက်အမှတ်
၅၀၀၃၀၀၀၃၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၅၁၄၀၃၈
ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ
ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၀၈ ခုနှစ် မေလ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၄၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေ၊ တနင်္လာ၊ ဟေ့ပါ အင်္ဂါ သီတင်းကျွတ်၍ ပြုစုသူ မေမေနှင့် မေမေတား ရုပ်နဲ့နာမ်တည်မြဲသရွေ့ သန့်ရှင်းစွာ ရှာမွေ့ရအပ် သောငွေဖြင့် ထောက်ပံ့ကူညီ ကျွေးမွေးပြုစုနိုင်သည့် သမီးကောင်း ရတနာဖြစ်ရပါလို၏။

ဤဝတ္ထု၊ အမည်၊ ဇာတ်လမ်းနှင့် ဝတ္ထုတွင်းပါ ဇာတ်ကောင်များ သည် စာရေးသူ၏ စိတ်ကူးယဉ်မှုသာ ဖြစ်ပါသည်။

မည်သူ့ကိုမျှ မရည်ရွယ်ပါ။

တိုက်ဆိုင်မှုရှိလျှင် ခွင့်လွှတ်ပါ။

ဝေဝေဝေအောင်

BURMESE CLASSIC

## အခန်း ၁

"သမီးတအောင့်နေလောက်ကျရင် ကိုကိုကြီးတို့ ရောက် လိမ့်မယ်နော်... ပြင်ဆင်စရာရှိတာ ပြင်ထား... နောက်ဆို ကိုယ် တသူ့အိမ်မှာသွားနေရမှာ မဟုတ်လား... ကိုယ့်ဆီအလည်လာ တုန်း လိုလေသေးမရှိအောင် ဂရုစိုက်ရမယ်ကြားလား"

အမေ့ရဲ့စကားသံက ချိုသာပေမယ့် 'ဝိုင်'ရဲ့ မျက်နှာက နောခံချင်သလိုမျိုး မကြည်မသာဖြစ်သွားခဲ့ရပါသည်။ ဖြစ်နိုင် လျှင် 'ဝိုင်' 'ကိုကိုကြီး' တို့မိသားစုနှင့် မဆုံတွေ့ချင်ပါ။ စကား တွေမပြောချင်ပါ။

ကြောင်နှစ်ကောင်တအုပ်ကိုက်

www.burmeseclassic.com

www.burmeseclassic.com



'ဝိုင်' ဖါသာ လွတ်လွတ်လပ်လပ် သူတို့နှင့်မပတ်သက်ဘဲ သူစိမ်းတစ်ယောက်လိုနေချင်ပါသည်။ အမေ့ကြောင့်တော့ ခက်ပါတယ်။

"ကျောင်းတက်ရင်းနဲ့ 'ဝိုင်' အလုပ်လုပ်နိုင်ပါတယ် အမေရယ်... 'ဝိုင်' ဆီကို အမေငွေပို့ပေးစရာမလိုပါဘူး... ရှိတာလေးနဲ့ မြိုးမြိုးမြှေတာပြီး လောက်အောင်သုံးနိုင်ပါတယ်... 'ကိုကိုကြီး' တို့အိမ်မှာ ကျောင်းသွားတက်မှ မဟုတ်ပါဘူး... ပြီးတော့ မန္တလေးကနေ ရန်ကုန်ကို ကျောင်းပြောင်းတက်ရမယ့်ကိစ္စတွေကို လုပ်ရမှာလည်း ရှုပ်ဦးမှာ... မန္တလေးမှာပဲ ကျောင်းပြီးတဲ့အထိ တက်လိုက်ပါတော့မယ် အမေရယ်"

"ဟာ ဘယ်ဖြစ်မလဲ အမေလက်ခံပြီးနေပြီ 'မမကြူ' ကိုယ်တိုင်ကစေတနာထားပြီး ခေါ်နေတာကိုငြင်းလိုက်ရင် ရိုင်းသလိုဖြစ်သွားလိမ့်မယ်... 'မမကြူ' တို့ဘယ်လောက်စိတ်ထားကောင်းတယ် သမီးကိုဘယ်လောက်ချစ်တယ်ဆိုတာလည်း သမီးသိပါတယ်... ကိုယ့်ရဲ့ကျေးဇူးရှင်ကို မစော်ကားရဘူး စိတ်ချမ်းသာအောင် ထားရမယ်ဆိုတာကို အမေပြောတာ သမီး မမှတ်မိဘူးလား... သမီးဖေဖေကိစ္စနဲ့ပတ်သက်ပြီး ကိုကိုကြီးတို့မိသားစု ဘယ်လောက်ထိအောင် ကူညီခဲ့သလဲဆိုတာကို သမီးအသိဆုံးပါ"





'ဝိုင်' သက်ပြင်းကိုသာချလိုက်မိသည်။ ဖေဖေမဆုံးခင် ရောဂါဖြစ်နေစဉ် တစ်လျှောက်လုံး လိုအပ်တဲ့ဆေးကုသမှု စရိတ်အားလုံးနဲ့ ကျပ်တည်းနေတဲ့ 'ဝိုင်' တို့မိသားစုရဲ့ စားဝတ်နေရေးကိစ္စတွေကိုပါ 'ကိုကိုကြီး' တို့မိသားစုက ပေးကမ်းထောက်ပံ့ခဲ့ပါသည်။

ကိုကိုကြီးတို့ကျေးဇူးကြောင့် ဆယ်တန်းစာမေးပွဲကို အပူအပင်ကင်းကင်းနဲ့ 'ဝိုင်' ဖြေဆိုနိုင်ခဲ့သည်။ ဖေဖေဆေးရုံပေါ်မှာရှိနေပေမယ့် ပြုစုမယ့်သူတွေလည်းရှိနေသည်။ လိုအပ်တဲ့ကိစ္စတွေကိုလည်း 'ကိုကိုကြီး' တို့ကတာဝန်ယူထားပေးတယ်ဆိုတော့ 'ဝိုင်' ခေါင်းထဲမှာ ဖေဖေရောဂါသက်သာပျောက်ကင်းဖို့ အတွက်ပဲဆုတောင်းဖို့ရှိသည်။

ဘားပတ်ဝန်းကျင်ကလူတွေ တွေးထင်ထားသလိုမျိုး ငွေရေးကြေးရေးပိုင်းနဲ့ပတ်သက်ပြီး 'ဝိုင်' တို့မိသားစု မပူပင်လိုက်ရချေ။ အဲဒီအတွက် 'ကိုကိုကြီး' တို့မိသားစုကို 'ဝိုင်' ရင်ထဲမှာ လေးလေးစားစားနဲ့ကို တန်ဖိုးထားကျေးဇူးတင်နေမိပါသည်။

ကျေးဇူးဆပ်နိုင်တဲ့တစ်နေ့ 'ကိုကိုကြီး' တို့မိသားစုမှာ လိုအပ်တဲ့အကူအညီကို 'ဝိုင်' ဘက်က အတတ်နိုင်ဆုံး လုပ်ပေးဖို့ဆုံးဖြတ်ထားပါသည်။ အဲဒီလိုဆုံးဖြတ်ချက်ထဲမှာ 'ဝိုင်' ရဲ့ဘဝကို



www.burmeseclassic.com

www.burmeseclassic.com

ထိုးပေးဖို့အထိတော့ မစဉ်းစားထားတာသိပ်ကိုသေချာသည်။

အမေကတော့ 'ဝိုင်' ရဲ့စိတ်ကူးနဲ့ဆန့်ကျင်စွာ 'ကိုကိုကြီး' နဲ့ပေးစားဖို့ကို ကျေကျေနပ်နပ်သဘောတူခဲ့သည်။ သမီးရှင်အနေနဲ့ အိုင်တင်ကလေးတောင်မခံ။ 'ဝိုင်' ရဲ့ဆန္ဒကိုတောင် မမေးမြန်းတော့ဘဲ ခေါင်းကိုဆတ်ကနဲ ညိတ်ပစ်တော့တာဖြစ်သည်။

ဝမ်းနည်းစိတ်နဲ့ 'ဝိုင်' မျက်ရည်ကျခဲ့ရသည်။ အချစ်ဆိုတဲ့ အရာကို မခံစား၊ မသိကျွမ်းသေးဘဲနဲ့ 'ကိုကိုကြီး' နဲ့လက်ထပ်ရတော့မည်။ 'ကိုကိုကြီး' ကို 'ဝိုင်' မချစ်ပါဘူး။ ချစ်တဲ့စိတ်ကလေးများ ဝင်လာမလားဆိုပြီး မျက်စိကလေးမှိတ်ကာ စိတ်ကူးယဉ်ကြည့်မိပေမယ့်လည်း ရင်ခုန်နှုန်းကနည်းနည်းကလေးတောင် မြန်ဆန်လာခြင်းမရှိပေ။

အို 'ကိုကိုကြီး' ကို 'ဝိုင်' ဘက်ကမချစ်နိုင်ဘူးဆိုတာ သိပ်ကို သေချာပါသည်။ ဒါပေမဲ့ 'ဝိုင်' ဘက်ကခါးခါးသီးသီးငြင်းဆန်ပိုင်ခွင့်ရှိမနေတာကံဆိုးမှုတစ်ခုဖြစ်သည်။ အမေ့ကို 'ဝိုင်' ချစ်သည်။ 'ဝိုင်' ကြောင့် အမေစိတ်ဆင်းမရဲစေချင်။

အမေစိတ်ချမ်းသာစေချင်တာတစ်ခုတည်းနဲ့ပဲ ခါးသီးနေတဲ့ဆန္ဒတစ်ခုကို 'ဝိုင်' မှာဟန်ဆောင်အပြုံးနဲ့ လက်ခံလိုက်ရပါသည်။ ငြိမ်သက်နေသော 'ဝိုင်' ကို အမေ့က နှစ်သိမ့်သလိုပြော





လာသည်။

"မိဘဆိုတာ သမီးကိုချောက်ထဲတွန်းမချပါဘူး သမီးရယ်..ဟိုး တာဝတိံသာနတ်ပြည်အထိရောက်အောင်ပဲ ပို့ချင်ကြတာပါ... သမီးကငယ်သေးတော့ ကလေးအတွေးပဲရှိမှာပေါ့... တစ်နေ့ကျရင် အမေ့စေတနာတွေကို သမီးနားလည်လာမှာပါ"

"အမေဖြစ်ချင်တာမှန်သမျှ 'ဝိုင်' လိုက်နာမှာပါ... ဒါပေမဲ့ အခုချက်ချင်းကြီးတော့ 'ကိုကိုကြီး' တို့အိမ်ကို 'ဝိုင်' လိုက်မသွားချင်ဘူး... ကျောင်းဖွင့်မှဘဲသွားချင်တယ်... ကျောင်းပိတ်ရက်ကလေးတော့ အမေ့အနားမှာနေချင်သေးတယ်... အဲ့ဒီတစ်ခုတော့ အမေပြောပေးရမယ်"

"သူတို့က သမီးတစ်ခါတည်း လိုက်လာမယ်ထင်နေတာ ကျောင်းပြောင်းဖို့ကိစ္စတွေတောင်မှ မန္တလေးကအသိဆရာတစ်ယောက်ဆီမှာ အကူအညီတောင်းပြီး လုပ်သွားမယ်လို့ 'ကိုကိုကြီး' ကပြောနေသေးတာ"

"ဟင့်အင်း မလိုက်ချင်သေးဘူး"

"ဒါဆို 'ကိုကိုကြီး' ကို သမီးကိုယ်တိုင်ပြောလေ"

"မပြောချင်ဘူး... အမေပဲပြောပေးပါ... ဒီနေ့တစ်နေ့တော့ 'ဝိုင်' ရှောင်နေလိုက်တော့မယ်... နက်ဖြန်မြန်မှပဲနှုတ်ဆက်

www.burmeseclassic.com

www.burmeseclassic.com

လိုက်တော့မယ်”

“မကောင်းပါဘူးကွယ်”

“ပြောပေးပါအမေရာ... ‘ဗိုင်’ ‘အေးစု’ တို့မှာအိမ်မှာ သွားရှောင်နေလိုက်မယ်... တော်ကြာနေ ‘ကိုကိုကြီး’ တို့လာတာနဲ့ တိုးနေဦးမယ်... သွားပြီနော်”

“ဟဲ့ နေဦးလေ... မိုးတွေရွာနေတာကို”

အမေ့အော်သံကြားပေမယ့်လည်း မကြားဟန်ဆောင်ကာ ခြံဝမှာထောင်ထားတဲ့စက်ဘီးကိုဆွဲယူပြီး အားကုန်နင်းလာခဲ့လိုက်ပါသည်။ ‘အေးစု’ တို့အိမ်ကို အမြန်ရောက်မှဖြစ်လိမ့်မည်။ မတော်တဆလမ်းမှာ ‘ကိုကိုကြီး’ တို့ဆုံသွားရင် မလွယ်။ လမ်းသွယ်ထဲကနေ အရှိန်ကိုမလျှော့ဘဲလမ်းမကြီးပေါ်သို့ စက်ဘီးကို ကွေ့ချပစ်လိုက်မိသည်။

ကွေ့ပြီးတော့မှ မှားသွားပြီးတာကိုသိလိုက်ပေမယ့် အရာအားလုံးက နောက်ကျသွားခဲ့ပါပြီ။ ရုတ်တရက် မျက်လုံးထဲမှာ တွေ့လိုက်ရတာကတော့ အရှိန်ဖြင့်မောင်းလာတဲ့ ကားတစ်စီးကိုပါ။ ကြောက်လန့်စိတ်ဖြင့် မျက်လုံးကိုစုံမှိတ်ပစ်လိုက်မိသည်။

‘ဗိုင်’ ရဲ့စက်ဘီးကလမ်းမကို ကန့်လန့်ဖြတ်ပြီးလမ်းဘေးမြေနီကျိုင်းအတွင်းသို့ အရှိန်ဖြင့်ပြုတ်ကျသွားခဲ့ရသည်။ လူကစက်





ဘီးပေါ်မှ ပြုတ်ကျသွားပေမယ့် ကားနဲ့မတိုက်မိဘူးဆိုတဲ့အသိဖြင့် ဝမ်းသာသွားခဲ့ရသည်။

ဒုန်းကနဲမြည်သံကျယ်ကြီးနဲ့ တိုက်မိသောအသံကိုလည်း ‘ဗိုင်’ နားထဲမှကြားလိုက်တာပဲလေ။ ကားက ‘ဗိုင်’ ကိုမတိုက်မိဘဲ ဘယ်အရာတွေကို တိုက်မိကုန်တာလည်းမသိ နားကျင်နေတဲ့ကြားထဲကပင် လူးလဲထပြီး ‘ဗိုင်’ ကြည့်လိုက်မိပါသည်။

အံမယ်လေး ကားနှစ်စီးတိုက်မိထားတာ တွန့်လိမ့်ကြေမွနေပါလား။ မိုးတွေရွာနေတဲ့ကြားထဲကကို အဖြူရောင်ကားဆီက မီးခိုးတွေထွက်နေလေသည်။ မိန်းမတစ်ယောက်မျက်နှာပြင်မှာ သွေးတွေပေကျံပြီး မောင်းတဲ့သူနေရာမှာ ငြိမ်သက်နေလေပြီ။

ကြည့်ရတာ သေများသေသွားပြီလား မပြောတတ်။ ကြောက်စိတ်ဖြင့် ‘ဗိုင်’ ရင်ခုန်သံတွေရှူညံကာ မျက်ရည်တွေပါကျလာခဲ့ရသည်။ ‘ဗိုင်’ ရဲ့မဆင်ခြင်မှုကြောင့် ခုလိုမျိုးယာဉ်တိုက်မှုတွေဖြစ်ကုန်ရတာနေမှာ။

ငေးကြောင်ကာကြည့်နေဆဲမှာပဲ တစ်ဖက်ကားပေါ်မှ ယောကျ်ားတစ်ယောက် ယိမ်းယိုင်ကာနဲ့ဆင်းလာတာကိုတွေ့လိုက်ရသည်။ သွေးတွေပေကျံပြီး ငြိမ်သက်နေတဲ့အမျိုးသမီးကို လှုပ်ခါနိုးနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ရှင်းလင်းတိတ်ဆိတ်နေတဲ့ပတ်ဝန်းကျင်ကို ငေးကာ ကြည့်ရင်း ထိုလူက အကူအညီတောင်းချင်ပုံရသည်။ 'ဗိုင်' ဤနေရာကနေ ထွက်ပြေးမှဖြစ်တော့မည်။ အားယူကာကုန်းထရင်း စက်ဘီးကိုမလိုက်မိသည်။ လှုပ်ရှားမှုကြောင့် 'ဗိုင်' ရှိနေသေးတာကိုသိသွားပုံရသည်။

"ဟိတ် ဘယ်သွားမှာလဲ... ထွက်မပြေးနဲ့လေ"

အော်ဟစ်တားစီးလိုက်တဲ့အသံကိုကြားပေမဲ့ 'ဗိုင်' လှည့်မကြည့်ဖြစ်ပါ။ ဒီနေရာကနေ လွတ်မြောက်ဖို့ကိုသာ စိတ်လောကြီးနေမိသည်။ ဒီပြဿနာထုပ်ကြီးထဲကနေ ရုန်းထွက်နိုင်မှဖြစ်မည်။ 'ဗိုင်' ရင်ထဲမှာကြောက်စိတ်ဖြင့် လူကရူးချင်သလိုတောင်ဖြစ်နေပါသည်။

ဤနေရာ ဤပတ်ဝန်းကျင်ဒေသကနေ 'ဗိုင်' ရုန်းထွက်မှ ပဲဖြစ်ပါတော့မည်။

● ● ●





*အခန်း ၂*

'ကိုကိုကြီး' တို့ကား ခြံဝမှာလာရပ်ကတည်းက 'ဗိုင်' ရင်ခုန်သံတွေမြန်ခဲ့ရပါပြီ။ အမေမသိအောင် အဝတ်အစားတွေကိုလည်း အိတ်နဲ့ပြင်ဆင်ထည့်သိုထားပြီးပါပြီ။ မှုပျက်နေသော 'ဗိုင်' ကိုကြည့်ပြီး အမေကစိတ်ပူနေပုံရသည်။

"ဘာဖြစ်နေတာလဲ... သမီးကိုကြည့်ရတာ တစ်ခုခုဖြစ်နေသလိုပဲ... 'အေးစု' တို့အိမ်ကပြန်လာကတည်းက မှုပျက်နေတာ... ဘာဖြစ်နေလဲဆိုတာ အမေ့ကိုပြောပြစမ်း... 'ကိုကိုကြီး' တို့ကိစ္စကိုပူမနေနဲ့... အမေကြည့်ကောင်းအောင် ပြောလိုက်ပြီး


www.burmeseclassic.com

www.burmeseclassic.com



သား… အနုလာတာကလည်း သမီးကို တွေ့ချင်ယုံသက်သက်လာနှုတ်ဆက်တာ အတင်းမခေါ်ပါဘူး"

အရင်တုန်းကတော့ 'ကိုကိုကြီး' တို့ခေါ်တဲ့နောက်ကို မလိုက်ချင်ပေမယ့် အခုချိန်မှာတော့ 'ဝိုင်' ကလိုက်ချင်နေပါပြီ။ 'ဝိုင်' ရင်ထဲမှာ မနေ့ကဖြစ်ခဲ့ကိစ္စကို ပြန်တွေးပြီးမငြိမ်းချမ်းနိုင်သေးပါ။ မနေ့က 'ဝိုင်' အိမ်ကိုပြန်ရောက်တော့ အမေကဆီးပြောသည်။

"သမီး အိမ်ကနေထွက်သွားတုန်းက လမ်းထိပ်မှာကားတိုက်တာကို တွေ့လိုက်သေးလား… မိန်းကလေးတစ်ယောက်သွေးသံရဲရဲနဲ့ သတိမလည်သေးဘူးတဲ့ကွယ်… သနားပါတယ်… တိုက်တဲ့ကောင်လေးကလည်း သူ တမင်ဝင်တိုက်တာ မဟုတ်ဘူးတဲ့… စက်ဘီးတစ်စီးကိုရှောင်လိုက်ရင်းနဲ့ မတော်တဆဖြစ်သွားခဲ့တာတဲ့… 'ကိုကိုကြီး' တို့ကားနဲ့ပဲ ဆေးရုံကိုလိုက်ပို့ပေးလိုက်တာလေ… နမော်နမဲ့နိုင်တဲ့စက်ဘီးသမားကတော့ ထွက်ပြေးသွားပြီတဲ့… ဘယ်သူများဖြစ်မလဲ မသိဘူးနော်"

"'ဝိုင်' တော့ မတွေ့ပါဘူး… အမေပြောမှပဲသိတာ… ဆေးရုံကိုလိုက်ပို့တော့ အခြေအနေကဘာတဲ့လဲ… သေသွားပြီတဲ့လား"





"ဟဲ့ ဘယ်လိုမေးလိုက်တာလဲ… မဦးမချွတ်… 'ကိုကိုကြီး' ကပို့ပေးယုံပို့ပေးခဲ့တာလေ… စောင့်ကြည့်နေတာမှ မဟုတ်တာ… ကိုယ်နဲ့မဆိုင်တဲ့ကိစ္စကို ဝင်ကူညီပေးတာကိုပဲ ကျေးဇူးတင်ပါဦး"

"ဪ… 'ဝိုင်' ကသိချင်လို့မေးကြည့်လိုက်တာ… သေစေချင်တဲ့ဆန္ဒရှိလို့မဟုတ်ပါဘူး"

အမေ့ရှေ့မှာဟန်လုပ်ပြီး ပြောလိုက်ရပေမယ့် 'ဝိုင်' ရဲ့ဒူးတွေကတုန်ရီနေရသည်။ နှုတ်ခမ်းတွေလည်း ဆတ်ဆတ်တုန်ချင်နေရပါသည်။ ကြုံကြုံဖန်ဖန် 'ကိုကိုကြီး' တို့နဲ့များ သွားပတ်သက်နေရတယ်လို့။ တစ်ဖက်ကလူ စက်ဘီးသမားဘယ်သူ ဘယ်ဝါဆိုတာ သေချာမမှတ်မိလိုက်တာကိုပဲ ကျေးဇူးပြန်တင်နေရသည်။

'ဝိုင်' ပုံစံကိုမှတ်မိပြီး ပြောပြလိုက်ရင်တော့ ရဲတွေရောက်လာပြီး လာဖမ်းလေမလားမသိပါ။ ဒါပေမဲ့ မိုးကာဂျာကင်ပွပွကြီးကို ဦးထုပ်ပါဆောင်းပြီးဝတ်ထားတဲ့အတွက် 'ဝိုင်' ရဲ့ပုံစံကမှတ်မိဖို့မလွယ်ကူပါ။

ခေါင်းဆောင်းက မျက်နှာကိုကွယ်နေရတဲ့ကြားထဲမှာ 'ဝိုင်' က ဂျင်းဘောင်းဘီရှည်ကိုပါ ဝတ်ထားမိတဲ့အတွက် ယောကျ်ားမိန်းမခွဲခြားဖို့ပင် အတော်ခက်ခဲမည်ထင်သည်။ မွှတ်ရာလွတ်ကြောင်းတွေ ဖြေသိမ့်တွေးရင်း တစ်ညလုံးအိပ်မပျော်



www.burmeseclassic.com

www.burmeseclassic.com

လိုက်ဘဲ မိုးလင်းခဲ့ရပါသည်။

'ကိုကိုကြီး' တို့နဲ့ လိုက်သွားဖို့ကိုလည်း ဆုံးဖြတ်ပြီးနေခဲ့ပါပြီ။ 'ဝိုင်' ကိုကြည့်တဲ့ 'ကိုကိုကြီး' ရဲ့အကြည့်တွေက နွေးထွေးလှိုက်လှဲမှုတွေ အပြည့်နဲ့ဖြစ်သည်။ ချစ်ခင်မှုတွေလည်း ပါချင်ပါမှာပေါ့လေ။ 'ဝိုင်' ဘက်ကရင်မခုန်တဲ့အတွက် 'ကိုကိုကြီး' ရဲ့မျက်လုံးအကြည့်ကို စာမဖတ်တတ်တာလည်းဖြစ်နိုင်ပါသည်။

"'ဝိုင်' က 'မေမေသန်း' နဲ့နေချင်သေးလို့ဆို... ခွဲရကာနီးမှ ချွဲပြီးမခွဲနိုင်တော့ဘူးပေါ့လေ"

'ဝိုင်' ရဲ့ခေါင်းကိုဆတ်ကနဲပုတ်ပြီး ချစ်စနိုးဖြင့် 'ကိုကိုကြီး' ကပြောသည်။

"ခွဲနိုင်ပါတယ်"

"ဟင် ဘာလို့မလိုက်ချင်ရတာလဲ"

"'ကိုကိုကြီး' တို့ကိုအားနာလို့ပါ"

"အားနာတယ်... ထူးထူးဆန်းဆန်းပါလား... ဘာတွေများအားနာတာတုန်း"

"ဟုတ်သားပဲ သမီးရယ်... အန်တီတို့က မိသားစုတွေလိုပဲဖြစ်နေပြီဟာ... သမီးစိတ်ထဲမှာ ဘာအားနာစရာရှိသလဲ... စိတ်ထဲရှိတဲ့အတိုင်း ပွင့်ပွင့်လင်းလင်း ဖွင့်ပြောပြလို့ရပါတယ်ကွယ်"





'အန်တီကြူ' ကပါ ဝင်ပြောလာသည်။

"ကျောင်းဖွင့်ဖို့ကလိုသေးတော့ 'ဝိုင်' အနေနဲ့အကြာကြီးလိုက်နေရမှာ တစ်မျိုးဖြစ်နေလို့ပါ... လူပိုရှိနေတော့ အန်တီတို့အတွက် အနှောက်အယှက်များ ဖြစ်နေမလားလို့လေ"

"အို ဘာလို့ဖြစ်ရမှာလဲ... သမီးမလိုက်ဘူးဆိုလို့ အန်တီတို့က စိတ်မကောင်းဖြစ်နေတာ... အားနာလို့မလိုက်ဘူးဆိုတာတော့ မဟုတ်သေးဘူး... သမီးတစ်ခါတည်း လိုက်ခဲ့လိုက်တော့ 'မေသန်း' ကလည်း ထည့်မယ်မဟုတ်လား"

"ကျွန်မကသူ့သဘောပါ... ဘာမှမပြောဘူး"

'ကိုကိုကြီး' က 'ဝိုင်' ကိုလှမ်းမေးသည်။

"ဘယ်လိုလဲ 'ဝိုင်'... အခုတစ်ခါတည်းလိုက်ခဲ့မှာလား"

"အမေ... 'ဝိုင်' လိုက်သွားရမလား"

"သမီးသဘောလေ"

အမေကမျက်စောင်းထိုးပြီး ပြောလိုက်တာဖြစ်သည်။ ပုံစံပြောင်းချင်နေသော 'ဝိုင်' ကိုအမေ အမြင်ကတ်နေပုံရသည်။ မလိုက်ချင်ဘူးပြောတုန်းကလည်း ခါးခါးသီးသီး၊ ခုနေကျတော့လည်း ပုံစံကတစ်မျိုးဖြစ်နေသည်ဆိုတော့ အမေစိတ်ဆိုးတာဆန်းသနည်း။


www.burmeseclassic.com

www.burmeseclassic.com



"'ဗိုင်' လိုက်ခဲ့ပါ့မယ်"

အဝတ်အစားအိတ် ယူဖို့အတွက်လာသော 'ဗိုင်' ရဲ့ နောက်သို့ အမေလိုက်လာလေသည်။ ကုတင်အောက်ထဲကနေ ဆွဲထုတ်လိုက်သော အဆင်သင့်ဖြစ်နေသည့် အဝတ်အစားအိတ်ကိုကြည့်ပြီး အံ့သွားပုံရလေသည်။

'ကိုကိုကြီး' တို့ရှိနေတဲ့အတွက်လည်း အမေ့အသံက ကျယ်ကျယ်မထွက်ရဲချေ။

"အထုပ်အပိုးတောင် ပြင်ထားပြီးပြီဆိုတော့ ဘာအကြံအစည်များရှိနေလို့လဲ... မဟုတ်တရုတ်တော့ မလုပ်နဲ့နော်... လင်နောက်လိုက်မလို့လားပြောစမ်း"

"ဟာ အမေကလည်း ဘယ်လင်နောက်ကိုလိုက်ရမှာလဲ ရည်းစားတောင်မရှိရတဲ့ကြားထဲ... အမေစိတ်ချမ်းသာအောင်လို့ သာ လိုက်သွားရမှာ"

"သေချာလို့လားအေ... ငါတော့ညည်းကိုကြည့်ပြီး သိပ်မယုံကြည့်ချင်ပါဘူး... အမေ့မျက်နှာကိုတော့ ပျက်အောင်မလုပ်နဲ့နော်... ညည်းပုံစံ တစ်မျိုးကိုဖြစ်နေတာ"

"ဟင် ဒါဆိုလဲ 'ဗိုင်' လိုက်မသွားတော့ဘူး... အမေပဲ ပြန်ပြောလိုက်တော့"





"ကဲပါအေ... ဘာမှမလုပ်ဘူးဆိုရင်ပဲ ကျေနပ်လှပါပြီ လိုက်သွားတော့ လိုက်သွားတော့... ဟိုရောက်ရင်လည်း လိမ်လိမ်မာမာနေနော်"

"ဟုတ်ကဲ့"

ကိုယ့်စိုးရိမ်မှုနဲ့ကိုယ် 'ကိုကိုကြီး' တို့နောက်ကိုလိုက်ခဲ့ရပေမယ့် ကားထွက်တော့ 'ဗိုင်' မျက်ဝန်းမှာ မျက်ရည်တွေဝဲလာရသည်။ မိဘရင်ခွင်ထဲကနေ သူစိမ်းတွေရင်ခွင်ထဲသို့ ခိုလှုံကူးပြောင်းရတော့မယ်ဆိုတော့ အလိုလိုနေ့ရင်းကိုဝမ်းနည်းလာမိတော့ပါ၏။

ပြုံးကြည့်နေတဲ့ အမေ့မျက်ဝန်းမှာလည်း မျက်ရည်တွေ ပြည့်လာရတော့သည်။ အမေရယ်...။ 'ဗိုင်' ဒီလိုလိုက်သွားမှလည်း အရာအားလုံးက ပိုပြီးအဆင်ပြေချောမွေ့နိုင်မည်မဟုတ်လား။ 'ဗိုင်' အနေနဲ့လည်း စိတ်လုံခြုံမှုမရနိုင်တဲ့ ဒီမြေဒီပတ်ဝန်းကျင်က ထွက်သွားမှပဲစိတ်အေးချမ်းသာစွာနဲ့ နေနိုင်မှာမဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၃

လက်မှာပတ်ထားသော နာရီကိုကြည့်ပြီး 'ဇင်ယော်'စိတ်တွေမြန်ဆန်နေရသည်။ ပြန်ရောက်သင့်သည့်အချိန်ထက် တစ်နာရီခန့်နောက်ကျနေပါပြီ။ အရင်လိုအခြေအနေမျိုးနဲ့ဆိုရင် စိတ်မချခြင်းများစွာနဲ့ ထလိုက်သွားမိမှာဖြစ်ပေမယ့် အခုချိန်မှာတော့ ရင်မောခြင်းတွေနဲ့ပဲ ထိုင်ခုံမှာဆက်ထိုင်နေရပါသည်။

ဒရိုင်ဘာ 'ကိုလုံး' ကိုခေါ်ပြီး 'သုတ' သွားတဲ့နေရာကိုလိုက်ချသွားခဲ့ရင် အခြေအနေတွေဘယ်လိုဖြစ်ကုန်မည်မသိ။ 'သုတ'ရဲ့မကျေနပ်သောအကြည့်နဲ့ စိတ်ပျက်သွားမှုကို ခံရဖို့ကသော



ချာသလောက်တော့ရှိနေပါပြီ။

လိုက်သွားလို့တော့ မဖြစ်ပါဘူး။ အေးချမ်းကြည်လင်နေတဲ့ အခြေအနေကောင်းလေးကို ဖျက်ဆီးလိုက်လို့မဖြစ်ချေ။ သည်းခံစိတ်ကိုမွေးပြီး ဆက်စောင့်နေလိုက်ပါသည်။ 'သုတ'ရဲ့ ဟဲန်းဒ်ဖုန်းကို ဆက်လိုက်လို့လည်းရတာပဲ။

ဒါပေမဲ့ ဘေးသူစိမ်းတစ်ယောက်ပါနေတဲ့အတွက် မဆက်ချင်ပါ။ 'ဇင်ယော်' အနေနဲ့ လုပ်ငန်းရှင်သူဌေးတစ်ယောက်ဖြစ်နေတာကြောင့် သိက္ခာကိုစောင့်ထိန်းနေရပါသည်။ တံခါးခေါက်သံနှစ်ချက်ကြားလိုက်ရတာကြောင့် 'သုတ' ပြန်ရောက်လာပြီဆိုတာသိပြီး ဖွင့်လက်စဖိုင်တစ်ခုကို စိတ်ပါဝင်စားစွာဖြင့် ကြည့်ချင်ဟန်ဆောင်နေလိုက်ရပါသည်။

'သုတ' က 'ဇင်ယော်' စားပွဲရှေ့ကခုံကို ဆွဲယူထိုင်လိုက်သည်။

"ကိစ္စအားလုံးကပြီးသွားပြီ 'မ' ရေ... 'မ' ရဲ့ဆိုင်းလေးသုံးလေးချက်ပဲကျန်တော့တယ်... ကြော်ငြာကလည်း ရှေ့တစ်ပတ်ကစလွှင့်မယ်... တစ်လတိတိကြော်ငြာလွှင့်ပြီးမှ ပစ္စည်းဖြန့်မယ်လို့လည်း ကုမ္ပဏီကိုပြောခဲ့တယ်... ဈေးနှုန်းကိုတော့ နည်းနည်းပြန်ညှိပေးရမယ်... အခုဟာက တံဆိပ်မျိုးစုံနဲ့ထွက်နေ



www.burmeseclassic.com

www.burmeseclassic.com

တာဆိုတော့ ကျွန်တော်တို့ဘက်ကလည်း အပြိုင်ဖိုက်နိုင်မှဖြစ်မှာ လေ… တခြားဖြန့်တဲ့ဈေးနှုန်းတွေကို ကျွန်တော်ယူလာတယ်"

ဖိုင်ကိုဖွင့်ပြီးသေချာရှင်းပြနေတဲ့ 'သုတ' ရဲ့စကားတွေကို စိတ်မဝင်စားမိဘဲ 'သုတ' မျက်နှာကိုသာ ငေးစိုက်ကြည့်နေဖြစ်ပါသည်။ ဩော် 'သုတ' ရယ်…။ တို့ဘဝ လှပကျော့ရှင်းနေတုန်းက တော့ မင်းရဲ့အကြင်နာ မေတ္တာတွေ တို့အပေါ်မှာဘာလို့ရှိမနေခဲ့ ရတာလဲ။

အချစ်ဆိုတဲ့အရာဟာ လှပမှုနဲ့မဆိုင်ဘူးဆိုတာကို ခုလို အခြေအနေမျိုးရောက်ရတော့မှပဲ တို့သိလိုက်ရပါတော့တယ်။ လမ်းလျှောက်လိုက်တိုင်း ခြေတစ်ဖက်ကလေးမသိမသာနိမ့်ပြီး ထော့ကျိုးပုံစံကလေးဖြစ်နေတော့မှပဲ မင်းရဲ့အကြင်နာတွေ တို့ ဆီကို ကြွေလာတာအံ့သြဖို့တော့ ကောင်းပါတယ်နော်။

သားလူတွေဝိုင်းသနားနေကြတဲ့ ဒီအခြေအနေမျိုးမှာ စစ ချင်းတော့ တို့ဘက်က တကယ်ဝမ်းနည်းတာမှန်ပေမယ့် မထင် မှတ်ဘဲ မင်းဆီက အကြင်နာယုယမှုတွေရလာတဲ့အခါ ဖြစ်ပျက် သွားတဲ့အခြေအနေတစ်ခုပေါ် တို့ဘက်က သာယာကြည်နူးသွား ခဲ့ရသည်။

မင်းကိုလည်း အပြစ်ဆိုဟာမျိုး မမြင်ခဲ့ပါဘူး။ ကုသိုလ်





ကံနဲ့ ကံကြမ္မာကိုပဲ တို့ဘက်ကယိုးမယ်ဖွဲ့လိုက်ပါတော့တယ်။ တို့နဲ့အမြဲအတူနေတဲ့ 'ဒေါ်ထွေး' ကဆို ခုချိန်ထိကို မင်းကိုမ ကောင်းပြောတုန်းပါပဲ။

"လူစင်မမီဖြစ်တော့မှပဲ သနားပြီးလာပြန်ကပ်နေတာကို 'ခင်ယော်' မို့လို့လက်ခံတာယ်… တကယ်တမ်း ဒင်းကိုထောင်ချပစ် ရမှာ… ဒင်း ထွက်ပြေးလို့ခုလိုဖြစ်ရတာ မဟုတ်လား… ကောင်း ကောင်းမွန်မွန်ဘဝတုန်းကတော့ အိုင်တင်ကလေးတစ်ခွဲသားနဲ့ နေပြီးတော့ ခုမှအကြင်နာတွေပိုပြနေတော့ လုံးဝကိုမရိုးသားဘူး"

"သူ 'ခင်ယော့်' ကိုဂရုစိုက်လာတာကိုပဲ ကျေးဇူးတင်စမ်း ပါ 'ဒေါ်ထွေး' ရယ်… 'ခင်ယော့်' ဘဝကလည်း ကြီးကြီးကျယ် ကျယ်ဘာမှဖြစ်သွားတာမှမဟုတ်ဘဲ… 'ခင်ယော်' ဖြစ်ချင်တဲ့ဆန္ဒ တွေဖြစ်လာတာကပဲ အဆိုးထဲကအကောင်းလို့ သတ်မှတ်ပါ တယ်"

'သုတ' ရဲ့ ဂရုစိုက်မှုနဲ့ ကြင်နာမှုကိုရတာ 'ခင်ယော်' ကံကောင်းတာပဲပေါ့။

"'မ' ထမင်းစားပြီးပြီလား… မစားရသေးရင် ကျွန်တော် ပြင်လိုက်တော့မယ်"

လက်မှာပတ်ထားတဲ့နာရီကို ကြည့်လိုက်တော့ ဆယ်နှစ်



www.burmeseclassic.com

www.burmeseclassic.com

နာရီထိုးဖို့ ငါးမိနစ်သာလိုတော့သည်။ မနက်ကတည်းက အဆာပြေကော်ဖီတစ်ခွက်တည်းသာ သောက်ထားတဲ့အစာအိမ်က ရင်ပူနေတဲ့စိတ်ဖြင့် ဆာလောင်ရမှန်းပင် မသိတော့ပါ။ သူပြောမှပဲ သတိရတော့သည်။

"စားရင်လည်း စားလေ... 'သုတ' သွားတဲ့အချိန်တည်းက ဒီထိုင်ခုံကနေမထဖြစ်သေးဘူး... မင်းပြန်လာမယ့်အချိန်ကို မှန်းပြီးစောင့်နေတာ"

သူက ခေါင်းကိုခါရင်း...

"ကျွန်တော်က အလုပ်ကိစ္စသွားတာလေ 'မ' ရယ်... ဘယ်အချိန်သွားတယ် ဘယ်အချိန်လောက်ပြန်လာမယ်ဆိုပြီး မှန်းစောင့်နေရင် 'မ' ပဲ မောမှာပေါ့... ကျွန်တော်အပိုအလုပ်တွေဘာမှမလုပ်ပါဘူး... ကျွန်တော့်ခေါင်းထဲမှာ 'မ' နဲ့ပတ်သက်တာရယ် အလုပ်ရယ်ပဲရှိတယ်... ကျန်တာဘာမှမရှိတာ သိပ်ကိုသေချာတယ်"

"မင်းဘက်ကမရှိပေမယ့် တခြားသူတွေဘက်က ရှိရင်ရှိမှာလေ"

"ဟာ ဘယ်သူလဲ... ပြဿနာပဲ 'မ' ရာ"

"'နဒီ' လေ... စရောက်ကတည်းက ပုံမှန်ဆိုရင် သူ 'မ'





နဲ့လာတွေကိုတွေ့ရမှာ... အလုပ်ကိစ္စအကြောင်းတောင် လာမရှင်းပြနိုင်ရအောင် သူ ဘာဖြစ်နေလို့လဲ... 'မ' နဲ့မျက်နှာချင်းမဆိုင်ရဲဘူးလား"

"'မ' ကတော့လုပ်ပြီ... စိတ်ထင်တာတွေနဲ့ မစွပ်စွဲပါနဲ့လို့ ကျွန်တော်ခဏခဏတောင်းပန်ထားပြီးပြီပဲ 'မ' ရာ... ရှက်စရာကောင်းပါတယ်... 'နဒီ' ကြားသွားရင်လည်း မကောင်းဘူး... ပြောတဲ့သူကော အပြောခံရတာတဲ့ ကျွန်တော်တို့လည်း သိက္ခာကျရတယ်... 'နဒီ' 'မ' ဆီမလာတာက သူမှရုံးကိုပြန်မရောက်တာပဲ... ကျွန်တော် သူ့ကိုကုန်သည်တွေဆီ ဆက်ခိုင်းလိုက်သေးတယ် ထမင်းတောင်မှ အပြင်မှာဝယ်စားဆိုပြီး ပိုက်ဆံတောင်ပေးခဲ့သေးတယ်... ရှင်းရှင်းပြောရရင် ကျွန်တော်ပြန်လာတာတောင် 'မ' အကြောင်းကိုသိလို့ပြန်လာလိုက်တာ... ဖုန်းဆက်ရင်လည်း အကြောင်းပြတယ်ဆိုပြီး ပြောဦးမယ်လေ... ဟုတ်တယ် မဟုတ်လား"

'ဖင်ယော်' အုံ့ဩသွားခဲ့ရသည်။ တစ်ယောက်တည်းထင်ရာတွေးပြီး ရင်မောနေခဲ့ရတဲ့ဘဝ၊ ဘယ်လောက်တောင်ပင်ပန်းလိုက်သလဲနော်။ သူ ပြောတာတွေကိုနားထောင်လိုက်ရလည်း စိတ်ထဲငြိမ်းချမ်းသွားရပြန်သည်။ လေသံကိုပျော့ပြီး ချော့သလို

www.burmeseclassic.com

www.burmeseclassic.com

ပြောလိုက်ရသည်။

“ ‘မ’ ကမင်းကိုအရမ်းချစ်တော့ စိတ်မချဖြစ်ပြီးလျှောက်တွေးနေမိတာပေါ့... ‘မ’ ကမှ မင်းသွားတဲ့နောက်ကို အရင်လိုမှ မလိုက်နိုင်ဘဲလေ... အတူတူသွားနေရရင်တော့ မပြောပါဘူး... ‘မ’ တစ်ယောက်တည်း ကျန်နေခဲ့ရတော့ တစ်ခါတစ်ခါ အားငယ်တာပေါ့ ‘သုတ’ ရယ်... ‘မ’ စိတ်လောကြီးပြီး ပြောမိတာတောင်းပန်ပါတယ်”

“တောင်းပန်ဖို့မလိုပါဘူး ‘မ’ ရာ... ကျွန်တော်နားလည်ပါတယ်... ‘မ’ စိတ်ပင်ပန်းမှာစိုးလို့ ကျွန်တော်ကလည်းပြောတာပါ... ကဲ ကဲ ထမင်းစားဖို့ပြင်လိုက်မယ်... ခဏလေးစောင့်”

“ ‘မ’ လည်း ဝိုင်းလုပ်ပေးမယ်လေ”

“သဘောဗျာ သဘော”

‘ဇင်ယော်’ မျက်နှာပြုံးသွားမှပဲ ‘သုတ’ စိတ်ထဲလည်းပေါ့သွားရတော့သည်။ ‘မ’ ကတော့ မလွယ်ပါဘူး။ သူနဲ့ပတ်သက်ရင် သိပ်ကိုသဲသဲလှုပ်ဖြစ်လွန်းပါသည်။ အဲဒီလိုတွေဖြစ်ခဲ့လို့လည်း အရင်တုန်းက ‘မ’ ရဲ့အပါးကနေ စိတ်ပျက်လက်ပျက်နဲ့ သူ ထွက်ပြေးခဲ့တာပေါ့။

ရေစက်ပါတယ်လို့ပဲ ပြောရမည်ထင်သည်။ ဘယ်လိုပဲ





လွတ်မြောက်အောင် သူ ထွက်ပြေးထွက်ပြေး ‘မ’ ရဲ့လက်ကမလွတ်မြောက်ခဲ့ပါ။ မလွတ်မြောက်ခဲ့တဲ့အပြင် အခုဆိုရင် သူ့ဘဝတစ်ခုလုံးကိုတောင် ပေးအပ်ဖို့အထိ ဆုံးဖြတ်နေခဲ့ပြီးပါပြီ။

သူ့အပေါ်ထားတဲ့ ‘မ’ ရဲ့သံယောဇဉ်တွေ၊ အချစ်တွေကို ပြန်ပြီးပေးဆပ်ရတော့မည်။ သနားခြင်းဆိုတဲ့ စိတ်ကလေးနဲ့ပဲ အချစ်တစ်ခုကို မရမကဖန်ဆင်းကာ ‘မ’ နဲ့လက်ထပ်ဖို့အထိ သူ ဆုံးဖြတ်လိုက်ပါသည်။

‘မ’ ဘက်က အရမ်းပျော်ရွှင်နေတယ်ဆိုတာကို သူ သိပေမယ့် သူ့ ရင်ထဲမှာတော့ ပျော်ရွှင်မှုကင်းမဲ့နေတယ်ဆိုတာကို ‘မ’ ဘက်က သိချင်မှသိပါလိမ့်မည်။ မရိပ်မိအောင်လည်း သူ နေတတ်ခဲ့လို့လဲဖြစ်မှာပါ။

အရင်ကလိုစိတ်မျိုးနဲ့သာဆိုရင်တော့ ‘မ’ ကိုပြန်အော်မိမယ်ထင်ပါရဲ့။ ဒါပေမဲ့ ပြန်ပြီးအော်ဟစ်ဖို့အခွင့်အရေး သူ့မှာမရှိတော့ချေ။ အမြင်မလှတော့တဲ့ ‘မ’ ရဲ့ဘဝကို သူ့ဘက်က အတတ်နိုင်ဆုံး စိတ်ချမ်းသာမှုတွေပဲ ပေးချင်ပါသည်။

ဒါ သူ့ကိုလောကကပေးတဲ့ တာဝန်တစ်ခုပဲမဟုတ်လား။ မိဘတွေရဲ့စိတ်ချမ်းသာမှုကို ရှေ့တန်းတင်ချင်တာကြောင့်လည်း ‘မ’ နဲ့လက်ထပ်ဖို့ကိစ္စက မြန်မြန်ကြီးဖြစ်လာခဲ့တာပေါ့။ ‘မ’


www.burmeseclassic.com

www.burmeseclassic.com

ကို သူ မချစ်တာကတော့ သေချာပါသည်။

"ထမင်းလည်းကောင်းကောင်းမစားဘူး... ငိုင်တိငိုင်တိုင်နဲ့ဘာဖြစ်နေတာလဲ... 'မ' ကိုစိတ်ဆိုးနေတုန်းပဲလား"

"ဟင့်အင်း... ဘာလို့စိတ်ဆိုးရမှာလဲ"

"'မ'လေ... မင်းနဲ့ပတ်သက်လာရင် ဘာလို့အသည်းအသန်ဖြစ်နေမှန်းကို မသိပါဘူး 'သုတ' ရယ်... တခြားသူတွေလည်း သူတို့တွေရဲ့ချစ်သူတွေကို ချစ်ကြမှာပါပဲ... 'မ' ကတော့ပိုကိုပိုနေတယ်သိလား... မင်းနဲ့ပတ်သက်ရင် ရူးကိုရူးချင်နေတာပါ"

"အဲ့ဒီလိုဖြစ်နေတော့ 'မ' ပဲ ပိုပြီးစိတ်ပင်ပန်းမှာပေါ့"

"ပင်ပန်းလည်း မတတ်နိုင်တော့ဘူး... 'မ' ရဲ့စိတ်ကိုမှ မထိန်းချုပ်နိုင်တာ"

"ကိုယ့်ကျန်းမာရေးကိုလည်း ကိုယ်ပြန်ဂရုစိုက်ဦးနော်... မင်္ဂလာပွဲက နီးလာပြီမဟုတ်လား... တော်ကြာအနားနီးမှ တစ်ခုခုဖြစ်နေဦးမယ်... ကြိုပြီးလည်း သတိပေးထားမယ်... အရမ်းကြီး တက်တက်ကြွကြွနဲ့ 'မ' ကိုယ်တိုင်နေရာတကာ လိုက်မလုပ်ရဘူး ဝန်ထမ်းတွေအများကြီးရှိတယ်... အားလုံးကိုခွဲခိုင်းလို့ရတယ်... ကျွန်တော်လည်း ရှိတယ်... မေမေတို့လည်း ရှိမှာပဲ... ကျွန်တော် ပြောတာကြားတယ်နော်"





"ကြားပါတယ်... ဒါပေမဲ့ ကတိတော့မပေးနိုင်ဘူး... 'မ' ဘက်က အရမ်းမျှော်လင့်ထားတဲ့မင်္ဂလာပွဲကို 'မ' ကိုယ်တိုင်ပဲ အားတက်သရောနဲ့စီစဉ်ချင်တာပေါ့... ကာယံရှင်မဟုတ်တဲ့လူတွေက စေတနာထားပြီးဘယ်လောက်လုပ်ပေးနိုင်မှာမို့လို့လဲ... 'မ' လေစိတ်ကူးတွေအများကြီး ယဉ်ထားတယ်... သူများနဲ့မတူတဲ့ မင်္ဂလာပွဲမျိုးဖြစ်စေချင်တာ... အဲ့ဒီအတွက် ဘန်ကောက်နဲ့စင်္ကာပူကို တစ်ခေါက်လောက်သွားဦးမယ်... 'သုတ' ပါလိုက်ခဲ့ရမယ်"

"ဒီမှာ ဘယ်သူကစောင့်မှာလဲ"

"ပူမနေနဲ့... ဖြစ်ချင်တာဖြစ်ပါစေ... မင်္ဂလာပွဲကလွဲပြီး ကျန်တာ ခေါင်းထဲကိုမထည့်တော့ဘူး"

'မ' စိတ်ချမ်းသာရင်ပြီးတာပဲဆိုပြီး သူ ပြုံးမငြင်းချင်တော့ပါ။


www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၄

'ကိုကိုကြီး' ပြတဲ့လက်စွပ်တွေကို တစ်ကွင်းပြီးတစ်ကွင်း ဝတ်ကြည့်နေရပေမယ့် စိတ်ထဲမှာတော့လိုကိုမလိုချင်ပါ။ အချုပ်အနှောင်ကင်းကင်းနဲ့ ဝယ်ပေးတဲ့လက်စွပ်မျိုးဆိုရင်တော့ 'ဝိုင်' ကတစ်ကွင်းမဟုတ်ဘူး၊ ဆယ်ကွင်းမကလည်း လိုချင်ပါသည်။

ခုဟာက 'ဝိုင့်' ရဲ့ဘဝကိုအပိုင်သိမ်းဖို့အတွက် ကြိုးပြီးစရံသတ်ထားတဲ့ စေ့စပ်လက်စွပ်ဖြစ်နေတာမို့ မလိုချင်ပါ။ စိတ်ထဲကမပါတာကြောင့် 'ဝိုင်' မျက်နှာက ရွှင်လန်းမှုရှိမနေဘဲ မှုန်မှိုင်းမှိုင်းသာဖြစ်နေတော့သည်။

အမေနဲ့ 'အန်တီကြူ'က မင်္ဂလာပွဲအတွက် လက်စွပ်ကို



သူတို့စိတ်တိုင်းကျဖြစ်ဖို့အတွက် ဒီဇိုင်းတွေရွေးချယ်နေကြသည်။ အမေ့ဆန္ဒထက် 'အန်တီကြူ' သဘောဖြစ်မည်ဆိုတာကို 'ဝိုင်'က သိနေပါသည်။

"ဘယ်ဒီဇိုင်းကိုကြိုက်တာလဲ ပြောလေ 'ဝိုင်' ရယ်... 'ကိုကြီး' ပြနေတာလက်စွပ်ဗန်းတောင်ကုန်တော့မယ်... ခုထက်ထိ အကြိုက်မတွေ့သေးဘူးလား"

'ကိုကိုကြီး' ရဲ့လေသံက စိတ်မရှည်သလိုမျိုးဖြစ်လာသည်။ 'ဝိုင့်' ကိုဘယ်လောက်ပဲ ချစ်တယ်ပြောပြော နေရာတကာမျိုးမှာတော့ 'ကိုကိုကြီး' ရဲ့စိတ်ကမရှည်နိုင်ပေ။ ပင်ကိုယ်စိတ်ရင်းကိုကလည်း အလုပ်လုပ်တဲ့အခါမှာ ပြတ်သားနေတာကြောင့် တစ်ခုခုဆို 'ကိုကိုကြီး' ရဲ့စိတ်ကမြန်ချင်လှသည်။

'ကိုကိုကြီး' ရဲ့လေသံကိုနားထောင်ပြီး 'ဝိုင့်' ရဲ့လေသံက လည်း ခပ်ဆတ်ဆတ်ကလေးထွက်ပေါ်လာပါသည်။

"'ဝိုင်' ကြိုက်တာကို ရွေးနေတာမှမဟုတ်ဘဲ... 'ကိုကြီး' ကဝတ်ဆိုလို့ဝတ်ပြနေတာပဲဟာ... 'ဝိုင်' မရွေးတတ်ဘူး...'ကိုကြီး' ကြိုက်ရင်ပြီးတာပဲ"

"ဒါဆို 'ကိုကြီး' ပဲရွေးလိုက်တော့မယ်"

"ရတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com

'ကိုကိုကြီး' ရွေးချယ်လိုက်တဲ့ လက်စွပ်နှစ်ကွင်းကိုကြည့် မနေတော့ဘဲ အမေတို့ဆီထွက်လာခဲ့လိုက်သည်။ စိတ်ထဲမှာတော့ လေသံတင်းတင်းနဲ့ပြောနေတဲ့ 'ကိုကိုကြီး' ကိုအမြင်ကတ်နေမိပါသည်။ ဘယ်အရာကိုမဆို နေရာတကာသူ့စိတ်တိုင်းကျကြီးပဲ ဖြစ်ချင်နေတာကောင်းသလား။

မိဘတွေပင်မက၊ တစ်အိမ်လုံးရှိလူအားလုံးက 'ကိုကိုကြီး' ရဲ့စကားကို အလေးထားနေကြတဲ့အတွက် **သူတို့အိမ်မှာရောက်** နေရတဲ့ 'ဝိုင်' ကိုယ်တိုင်လည်း အလိုလိုနေရင်း 'ကိုကိုကြီး' ရဲ့ဩဇာခံဘဝကို ရောက်သွားရတော့သည်။

အခေါင်မှနေရတာ အနေဆင်းရဲ၊ အစားဆင်းရဲပေမယ့် စိတ်ချမ်းသာမှု**ကတော့ အဆီး**အတားမရှိ လွတ်လပ်လိုက်သည်ဖြစ်ခြင်းပါ။ 'ကိုကိုကြီး' **အိမ်**မှာနေ,နေရတာက လှောင်အိမ်ထဲမှာနေ,နေရတဲ့အတိုင်းပါပဲ။

သွားချင်တိုင်းသွားခွင့်မရသလို၊ စားချင်တိုင်းလည်း စားခွင့်မရတဲ့ဘဝမျိုးဖြစ်နေသည်။ **လူစည်ကား**သော အနော်ရထာလမ်းမကြီးပေါ်မှာ 'ဝိုင်' က **ခြေညောင်းလောက်အောင်လျှောက်** သွားပြီး တွေ့တဲ့ဆိုင်မှာဖြစ်သလိုထိုင်စားချင်ပေမယ့် 'ကိုကိုကြီး' က 'ဝိုင်' ဖြစ်ချင်သလိုမျိုး စိတ်ကူးထဲတောင်မထည့်သူဖြစ်သည်။





**အဲကွန်းတွေ့**အပြည့်တတ်ထားသော Restaurantမျိုး ခြံဝင်းထဲမှာသီးသန့်ဖွင့်ထားသော အသားကင်ဆိုင်မျိုးတွေ၊ ဟိုတယ်ပေါင်းစုံတွေမှာသာ စတိုင်ကျကျစားချင်သူဖြစ်သည်။ 'ဝိုင်' **ဖြစ်ချင်တဲ့ဆန္ဒ**နဲ့ ဆန့်ကျင်နေတာကြောင့် 'ကိုကိုကြီး' နဲ့ ဘယ်ကိုပဲ**သွားသွား** ပျော်ရွှင်ရတယ်ဆိုတာမရှိချေ။

အားလူတွေအမြင်မှာတော့ အဆင့်အတန်းမြင့်မြင့်သွားလာ လှုပ်ရှားနေရသော 'ဝိုင်' ရဲ့အခြေအနေကိုကြည့်ပြီး အားကျချင်အားကျနိုင်ပေမယ့် ကာယကံရှင်ဖြစ်တဲ့ 'ဝိုင်' မှာတော့ ငိုချင်နေတဲ့စိတ်ကိုဖြေဖျောက်နေရတာကများသည်။

အနားရောက်လာတဲ့ 'ဝိုင်' ကိုအမေက ပြုံးရွှင်စွာနဲ့ပြောလာသည်။

" 'မမကြီး'က သမီးအတွက် ထန်ဖိုးကြီးတာတွေချည်းပဲအော်ဒါမှာနေတာကွယ်... ပိုက်ဆံတွေကုန်လွန်းလို့ အမေကတားနေတာလည်းမရဘူး... သမီးပဲကြည့်ပြောတော့"

"ဘာလို့ပြောရမှာလဲ... တားနေတဲ့ အမေ့မျက်နှာကိုလည်းကြည့်ပါဦး... လိုချင်လို့သဘောတွေကျနေတာ အသိသာကြီး... 'ဝိုင်' တော့သိပ်စိတ်ညစ်တာပဲ... ကျောင်းပြီးမှလုပ်ပါဆိုတာကို မရဘူး... အဲ့ဒါ အမေကိုယ်တိုင်လောနေလို့ဖြစ်တာ...



www.burmeseclassic.com

www.burmeseclassic.com



'ကိုကိုကြီး' တို့ဘာပဲပြောပြော အမေ့ကပုတ်သင်ညိုဖြစ်ဖို့ပဲတတ်တယ်... 'ဝိုင့်' ဆန္ဒကိုတော့ နည်းနည်းကလေးမှ မကြည့်ဘူး"

"တိုးတိုးပြောစမ်းပါ... 'မမကြူ' ကြားသွားဦးမယ်... 'ကိုကြီး' တို့မိသားစုက ဒီလောက်ကောင်းနေတာကို ဘာအပြစ်မြင်ချင်နေရတာလဲ... နောက်လည်း ဒီဘူတာပဲဆိုက်မယ့်အတူတူ စောစောစီးစီးလုပ်လိုက်တော့ ပိုတောင်ကောင်းသွားသေးတယ်... လက်ထပ်တာလည်း မဟုတ်ဘူး စေ့စပ်တာလောက်ကို အပြစ်သည်းမနေနဲ့... ယောကျ်ားလေးအိမ်ဘက်မှာ ကိုယ်ကနေ့နေပြီဆိုမှတော့ လူမြင်တင့်တယ်အောင် စေ့စပ်တာလောက်တော့လုပ်ထားရမှာပေါ့"

'အန်တီကြူ'က မျက်ခုံးကိုပင့်ရင်း...

"အမေကို ဘာကပ်ပြီးချွဲနေတာလဲ"

"'မမကြူ' တို့ဝယ်ပေးနေတာတွေကိုကြည့်ပြီး အားနာနေတာလေ... စေ့စပ်ပွဲလုပ်တာလောက်ကို ပိုက်ဆံတွေအများကြီးမကုန်ချင်ဘူးတဲ့... အလုပ်တွေမအားတဲ့ 'ကိုကိုကြီး' ကိုလည်း အားနာတယ်တဲ့"

"အို ဒီကိစ္စက အားနာရမယ့်ကိစ္စမှမဟုတ်ဘဲ... ခမ်းခမ်းနားနားကိုဖြစ်ရမှာ... 'ကိုကြီး' ဒီမှာ 'ဝိုင်'က မေမေတို့ကို အားနာနေတယ်တဲ့... ပြောပါဦးကွယ်"

'ကိုကိုကြီး'ကခေါင်းကိုခါရင်း 'ဝိုင့်' လက်ကိုလာဆွဲခေါ်သည်။

"အားနာတယ်ဆိုတာ သူစိမ်းတွေမှပြောရတဲ့စကား... 'ကိုကြီး'နဲ့ 'ဝိုင်'နဲ့ကြားမှာ ပြောနေစရာကိုမလိုဘူး... အခု 'ကိုကြီး'နဲ့ 'ဝိုင်' အစ်ကိုဝမ်းကွဲတစ်ယောက်ကို သွားဖိတ်မယ်... အဲ့ဒီအစ်ကိုစုံတွဲကို အသိသက်သေလုပ်ခိုင်းမလို့လေ... ဖုန်းနဲ့တော့ပြောပြီးပါပြီ... လူကိုယ်တိုင်လည်းသွားတော့ ပိုလေးစားရာ ကျတာပေါ့"

"ဘယ်သူလဲ... 'ဝိုင်' ကောသိလား"

"'ဝိုင်' တစ်ခါမြင်ဖူးပါတယ်... ရွှေခိုင်အသားကင်ဆိုင်မှာတွေ့တဲ့ 'ကိုရဲသူ' လေကွာ"

"သြော်... ဗိုလ်မှူးကြီးရဲသူ' လား"

"ဟုတ်တယ်... ကဲ ကျွန်တော်နဲ့ 'ဝိုင်' ကတော့သွားစရာမို့ မေမေတို့ဒီဆိုင်မှာပဲ စာရင်းဇယားရှင်းပြီး နေခဲ့လိုက်တော့... 'ဝိုင့်'ကိုကျွန်တော့်ကားနဲ့ပဲ ခေါ်သွားပြီနော်"

'ကိုကိုကြီး' ဆွဲခေါ်တဲ့နောက်သို့ 'ဝိုင်' လိုက်ခဲ့လိုက်ရသည်။ အလာတုန်းက အမေတို့နဲ့အတူတူဖြစ်ပြီး လက်စွပ်တွေ







www.burmeseclassic.com

www.burmeseclassic.com



ရွေးတော့မှ 'ကိုကိုကြီး'က ရောက်လာခဲ့တာပါ။ ကားရှေ့ခန်းမှာ နစ်ယောက်အတူတူထိုင်ရင်း နောက်ဘက်သို့ကြည့်မိတော့ စားသောက်စရာပစ္စည်းမျိုးစုံပါသော လက်ဆောင်ခြင်းတောင်းကြီးတစ်လုံးကိုတွေ့လိုက်ရလေသည်။ 'ဦးရဲသူ'တို့အတွက် 'ဝယ်လာတာပဲဖြစ်ရပါမည်။

"'ဝိုင့်' ကိုမေးရဦးမယ်... စေ့စပ်ပွဲနေ့ကျရင် 'ဝိုင်'ဘယ်သူတွေကိုဖိတ်ချင်သေးလဲ... 'အမေသန်း' ကတော့ မရှိဘူးတဲ့... အင်းလေ ရန်ကုန်မှာဆိုတော့လည်း ဘယ်ရှိပါ့မလဲ... ဒီလိုလုပ်မလား... စေ့စပ်ပွဲကိုလည်း 'ဝိုင်'တို့မြို့မှာလည်း တစ်ပွဲကျင်းပလိုက်မယ်လေ... မကောင်းဘူးလား"

"ဟင့်အင်း... မလိုပါဘူး 'ကိုကြီး' ရယ်... မင်္ဂလာပွဲမှမဟုတ်တာ... မင်္ဂလာပွဲဆိုရင်တော့ မြို့ကလူတွေကို အသိပေးရမှာဆိုတော့တစ်မျိုးပေါ့... ခုဟာက စေ့စပ်တာလောက်ပဲ မလိုပါဘူး ဒီပွဲကိုလည်း 'ဝိုင့်'ဘက်မှာဖိတ်စရာလူမရှိပါဘူး... 'ကိုကြီး'ရဲ့ အဆင်ပြေသလိုသာ ကြည့်စီစဉ်လိုက်တော့... အမေရှိနေတာပဲ ဥစ္စာ"

"အင်းလေ... 'ကိုကြီး' လည်း လူတွေအများကြီးမဖိတ်ပါဘူး... အသိပေးသင့်တဲ့လူလောက်ပဲ ရွေးဖိတ်တော့မှာပါ"





"'အန်တီကြူ'က ပြောတယ်... ဒီရက်ပိုင်း 'ကိုကြီး' ရင်ပတ်အောင့်အောင့်နေတယ်ဆို... ဆေးခန်းမပြဘူးလား... 'ဝိုင်' လိုက်ခဲ့ပေးမယ်လေ"

"မလိုပါဘူးကွာ... ပြေးရင်းလွှားရင်းနဲ့ပျောက်သွားတာပါပဲ... လေအောင့်တာလားမသိပါဘူး"

"လေအောင့်တာနဲ့ ရင်ပတ်အောင့်တာဘာဆိုင်လို့လဲ"

"မအားသေးပါဘူး... အားတဲ့တစ်နေ့မှာ သွားပြကြတာပေါ့"

'အန်တီကြူ'က 'ဝိုင့်'ကို သေချာမှာထားတာကြောင့် ပြောလိုက်ရခြင်းဖြစ်သည်။ 'ကိုကြီး'က အေးဆေးမသွားချင်ဘူးဆိုတော့လည်း ပြီးတာပဲပေါ့... 'ဦးရဲသူ' ရဲ့ အိမ်ကိုရောက်တော့ 'ကိုကိုကြီး'က ညီအစ်ကိုချင်းဆိုတော့ စကားတွေဖောင်ဖောင်ပြောနေပေမယ့် 'ဝိုင့်' မှာတော့ ပြုံးလိုက်၊ ဟိုငေးဒီငေးလုပ်လိုက်နဲ့ ငြင်းနေရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၅

မျက်တွင်းတွေချောင်ပြီး လူမမာရုပ်ပေါက်ချင်နေသော 'မ' ကိုကြည့်ကာ သူ့အတော်လေးစိတ်ပျက်နေရလေသည်။ မင်္ဂလာဆောင်တဲ့ကိစ္စက သူ့အတွက်သိပ်ပြီးမထူးဆန်းလှပေမယ့် 'မ' အဖို့ထူးဆန်းအံ့ဩဖွယ်ကောင်းသော ပျော်ပွဲရွှင်ပွဲကြီးကို ဆင်နွှဲရသလိုမျိုးခံစားနေရပုံရသည်။

ဘယ်ကိစ္စလေးပဲဖြစ်ဖြစ် သေးသေးမွှားမွှားကအစ သူမပါရမဖြစ်ရလေအောင် လုပ်ပေးတဲ့သူမှန်သမျှ Report ပြန်တင်ပေးနေရသည်။ သတို့သားဖြစ်တဲ့သူက 'မ' နဲ့ယှဉ်ရင်အားစက်သလိုဖြစ်နေတဲ့ပုံစံကြောင့် ပတ်ဝန်းကျင်ကလူတွေ တစ်မျိုးမြင်နိုင်လောက်ပါသည်။





အမှန်တော့ သူ့ဘက်ကအားစက်တာတော့မဟုတ် လုပ်စရာအခွင့်အရေး မရှိလောက်အောင်ကို နေရာမရတော့တာဖြစ်သည်။ စိတ်ထင်တိုင်းကျဲနေတဲ့ 'မ'ကို ဖျောင်းဖျသလိုပြောကြည့်ပေမယ့်လည်း မရပေ။

"တစ်သက်မှာတစ်ခါပဲဆောင်တဲ့ မင်္ဂလာပွဲကို ခမ်းခမ်းနားနားမလုပ်ရရင် 'မ' တကယ် အသက်ထွက်သွားလိမ့်မယ်သိလား... 'မ'ကို မစိုးရိမ်နဲ့... အပျော်တွေလွန်နေတဲ့ လူတစ်ယောက်က ဘယ်မှာလာပြီး ရောဂါရနိုင်မှာလည်း 'သုတ' ရယ်... ရင်ထဲမှာဖြစ်ချင်တာမှန်သမျှတွေ လုပ်စမ်းပါရစေဦး"

"ကျွန်တော်ပြောတာက 'မ' အရမ်းပင်ပန်းနေလို့ပြောနေရတာ... သုံးလေးနာရီကလေး ကျင်းပမယ့်မင်္ဂလာပွဲကို 'မ' အပင်ပန်းခံနေတာနဲ့ မတန်ပါဘူး... ကျွန်တော့်ကိုခိုင်းစမ်းပါ... 'မ' ဖြစ်စေချင်တဲ့အတိုင်း ဖြစ်အောင်လုပ်ပေးပါ့မယ်... ခုတော့ လူတွေကပြောကြတော့မယ်... ကျွန်တော်က ဘာမှမလုပ်ဘဲ မိန်းကလေးဖြစ်တဲ့ 'မ'ကပဲ အားတက်သရော လုပ်နေတယ်ဆိုပြီးတော့လေ... ကျွန်တော်က တာဝန်ပျက်ကွက်နေတာပေါ့"

"အံမယ်... 'မ' ဘာသာလုပ်ချင်လို့လုပ်နေတာပဲ ဘယ်သူတွေကဝင်အာချောင်နေတာလဲ... ဝန်ထမ်းတွေထဲက ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com

ပြောတာလည်း ပြောစမ်း... ချက်ချင်းကိုအလုပ်ဖြုတ်ပစ်မယ်"

ထိုင်နေရာကနေ ဆတ်ကနဲထကာ ရုံးခန်းအပြင်ဘက်ကို ထွက်ဖို့ခြေလှမ်းပြင်နေသော 'မ'ကို သူ အမြန်ဆွဲထားလိုက်ရပါသည်။ စိတ်လိုက်မာန်ပါ ခြေလှမ်းကျဲတွေနဲ့ လျှောက်လှမ်းလိုက်သော ပုံပျက်နေသည့် 'မ' ပုံစံကြောင့်၊သူ စိတ်မကောင်းဖြစ်သွားရသည်။

ထိုင်နေရင် လူကောင်းအတိုင်းထင်နေရတဲ့ 'မ' ပုံစံဟာ လမ်းလျှောက်လိုက်ရင်တော့ ခြေတစ်ဖက်နိမ့်ချည်မြင့်ချည်နဲ့ ရုပ်ဆိုးလှသည်။ အဲသလိုရုပ်ဆိုးနေမှန်း သိလို့လည်း 'မ' ဟာ အပြင်ကိုမထွက်တာ အတော်တောင်ကြာနေပါပြီ။

လုပ်ငန်းကိစ္စတွေနဲ့ ပတ်သက်ရင် ရုံးမှာတွေ့ရင်တွေ့ မတွေ့ရင် အပြင်ထွက်ရမယ့်အရေးကြီးကိစ္စမှန်သမျှကို သူ့အားခိုင်းသည်။ အကျည်းတန်သွားတဲ့ 'မ' ဟာ ဖြစ်ကာစကတော့ နေ့စဉ်ရက်ဆက်ဆိုသလိုငိုနေခဲ့တာပါ။ ဒါပေမဲ့ ရင်ထဲကဝမ်းနည်းစိတ်ကို သူ့အားချစ်တဲ့စိတ်နဲ့ 'မ'က ဖြေသိမ့်ခဲ့လေသည်။

'မ' ဘက်က သူနဲ့ပတ်သက်ရင် ဒီလောက်ထိအောင်ချစ်ပြနေမှတော့ သူ့ဘက်ကလည်း 'မ' ပျော်ရွှင်စိတ်ချမ်းသာအောင်လို့ လိုက်လိုက်လျောလျော နေပေးခဲ့လိုက်ပါသည်။ သူ့ရဲ့လိုက်





လျောမှုကို 'မ' ဘက်က အချစ်လို့ယူဆတယ်ဆိုရင်လည်း သူ မငြင်းတော့ပါ။ 'မ' စိတ်ချမ်းသာပါစေတော့။

အရာအားလုံးကို 'မ' ဆန္ဒအတိုင်းပဲဖြစ်စေချင်ပါတော့သည်။ ဆိုဖာခုံမှာထိုင်ရင်း အသက်ပြင်းပြင်းရှူကာ 'မ'က သူ့အား စိုက်ကြည့်နေပါသည်။ လုပ်ချင်တာမလုပ်ရတဲ့အတွက် 'မ' ပုံစံက ကျေနပ်ပုံမရပေ။

"ဘာလို့ဒေါသတွေကြီးနေရတာလဲ 'မ' ရာ... သေးသေးမွှားမွှားကိစ္စလေးနဲ့ 'မ' ဝန်ထမ်းတွေနဲ့ ရန်ဖြစ်ဦးမလို့လား... မသိချင်ဟန်ဆောင်နေတော့ကော ဘာဖြစ်မှာမို့လို့လဲ... သူတို့တွေပြောတာလည်း မှန်နေတာပဲဥစ္စာ"

"မှန်တာတွေ မမှန်တာတွေ မပြောနဲ့လေ... မင်းနဲ့ပတ်သက်ရင် သေးသေးမွှားမွှားလေးကအစ 'မ' တို့က Zoom လုပ်ပြီးကြည့်လိုက်မယ်မှတ်ထား... ကာယကံရှင်ကကျေနပ်နေတာကို ဒင်းတို့တွေကဘာဖြစ်နေကြတာလဲ... ဘာလဲ ဒင်းတို့အထဲက မင်းကိုကြိုက်တဲ့သူ ပါနေလို့လား... တွေ့မယ် တွေ့မယ်"

'မ' ရဲ့အသံတွေက တုန်ခါပြီးကျယ်လောင်လာသည်။ သူနဲ့ပတ်သက်ရင် အရမ်းသဝန်တိုတတ်သောစိတ်ကြောင့် 'မ' တော့ရောဂါတွေတိုးတော့မှာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာတွေမပြောပါနဲ့ 'မ' ရာ... ဘယ်သူ့ကမှ ကျွန်တော့်ကို စိတ်မဝင်စားဘူး... 'မ' တစ်ယောက်လုံး ကျွန်တော့်ဘေးမှာရှိနေမှတော့ ဘယ်သူကစိတ်ဝင်စားရဲမှာလဲ... နက်ဖြန်သဘက်ခါပဲ လက်ထပ်တော့မှာကို 'မ' မို့လို့စိတ်ပူနေသေးတယ်"

"ပူရတာပေါ့... 'မ'က မင်းကိုအရမ်းချစ်တာကို... ချစ်လို့လည်း မင်းသွားတဲ့နောက်ကိုလိုက်ရင်း ဒီလိုဘဝရောက်သွားခဲ့ရတာမဟုတ်လား... လူကောင်းဖြစ်နေတုန်းကတောင် 'မ'ကို မင်းပစ်သွားရက်တာ ဒုက္ခိတအခြေအနေဆိုရင် ပိုတောင်ဆိုးဦးမယ်... 'မ' ရင်ထဲမှာဘယ်လောက် ပူနေသလဲဆိုတာ 'မ' ကိုယ်တိုင်ပဲသိပါတယ်"

'ဇင်ယော်'တစ်ယောက် ပြောရင်းပြောရင်းနဲ့ မျက်ရည်တွေကျလာရတော့သည်။ 'သုတ' ကိုဘယ်လိုရေစက်မျိုးနဲ့ သံယောဇဉ်တွယ်ကာ ချစ်မိလေသလဲမသိပါ။ ဒီကောင်လေး 'ဇင်ယော်' လုပ်ငန်းထဲကိုရောက်လာကတည်းက စိတ်ထဲမှာသတိထားနေမိတာပါ။

ဝန်ထမ်းတွေများစွာထဲမှာ တမူထူးခြားပြီးသန့်ပြန့်ခန့်တည်နေတဲ့ ကောင်လေးကို ရုံးတက်တစ်ခါ၊ ရုံးဆင်းတစ်ခါမျက်လုံးလေးဝေ့ကာခိုးကြည့်ရင်း 'ဇင်ယော်' သဘောတွေကျနေမိခဲ့





တာပါ။ ပြုံးရွှိနေတဲ့မျက်နှာလေးက တစ်ဖက်လူရဲ့ရင်ကို ကြည်လင်အေးချမ်းသွားစေသည်။

ကောင်မလေးတွေနဲ့လည်း လုပ်ငန်းကိစ္စပတ်သက်သင့်သလောက်ကလွဲပြီး ရောရောနှောနှောနေတာ သိပ်မတွေ့ရ။ သူ့အလုပ်သူ တာဝန်ကျေအောင်လုပ်နေတတ်တဲ့ 'သုတ' ကို 'ဇင်ယော်' မှာ စေတနာတွေပိုပြီး ကိုယ်နဲ့အနီးကပ်ဆုံးနေရာမှာ ခေါ်ထားခဲ့လိုက်ပါသည်။

စစချင်းတော့ လုပ်ငန်းရှင်နားကပ်နေရတဲ့ 'သုတ' ရဲ့မျက်နှာလေးက ယုံကြည်မှုတွေအပြည့်ဖြစ်သည်။ သူ့တာဝန်လစ်ဟင်းသွားမှာစိုးသလိုမျိုး 'ဇင်ယော်' မျက်နှာအား အမြဲတမ်းအရိပ်လိုကြည့်နေခဲ့တတ်တာပါ။

'သုတ' ရဲ့ရိုးသားတဲ့မျက်ဝန်းလေးတွေကို ကြာလာတာနဲ့အမျှ 'ဇင်ယော်' သံယောဇဉ်တွယ်လာရသည်။ 'ဇင်ယော်' ဘက်ကလိုအပ်တာထက်ပိုသော အခွင့်အရေးတွေ၊ ဖြည့်ဆည်းပေးမှုတွေလုပ်လာတဲ့အခါမှာ 'သုတ' ရဲ့ပုံက တဖြည်းဖြည်းနဲ့ပြောင်းလဲလာတော့တာဖြစ်သည်။

ရှင်းရှင်းပြောရလျှင် 'ဇင်ယော်' ရင်ထဲမှာလည်း ကိုယ့်အသက်ထက်လေးနှစ်ငယ်သော ယောကျာ်းတစ်ယောက်ကို တစ်



www.burmeseclassic.com

www.burmeseclassic.com



ဖက်သပ်သုံးယောဇဉ်တွယ်နေရတာ ရှက်မိပါသည်။ ဒါပေမဲ့ အချစ်ဆိုတဲ့အရာက လွယ်လွယ်ကူကူနဲ့ထိန်းချုပ်တားဆီးလို့ ရတဲ့အရာမျိုးမှမဟုတ်ဘဲ။

သူ့ဘက်ကချစ်တာ မချစ်တာထက် ကိုယ့်ဘက်ကချစ်နေရတာနဲ့ကို ကျေနပ်နေမိတာသဘာဝတရားတစ်ခုလို ဖြစ်နေလေသည်။ 'ဇင်ယော်' ရှုံးခဲ့ပါသည်။ ဘေးပတ်ဝန်းကျင်ကို မေ့လောက်တဲ့အထိ 'သုတ' အပေါ်အလေးထားခဲ့သည်။ တန်ဖိုးထားခဲ့သည်။

'သုတ' နားကပ်ချင်နေတဲ့ မိန်းကလေးဝန်ထမ်းတွေကို အကြောင်းမရှိအကြောင်းရှာကာ ဝန်တိုစိတ်ဖြင့်အလုပ်ထုတ်ပစ်ခဲ့သည်။ ဝန်ထမ်းတွေက ကြာတော့ 'သုတ' နဲ့ပတ်သက်ရမှာကိုဝန်လေးတဲ့အထိဖြစ်လာရတော့တာပါ။

ဒါဟာ 'ဇင်ယော်' အပြစ်ပါ။ အနေကြပ်လာတဲ့ 'သုတ' ဟာ 'ဇင်ယော်' ရဲ့ အနားမှာနေရမှာကိုလန့်ပြီး မပြောမဆိုနဲ့ ထွက်ခွာတင်ကာ ထွက်ပြေးသွားတဲ့အဆင့်ထိကို ရောက်သွားရတော့သည်။

'သုတ' မရှိတော့တဲ့အခါ ဘာလုပ်လို့ဘာကိုင်ရမှန်း မသိအောင် 'ဇင်ယော်' ဗျာများသွားရသည်။ နီးစပ်ရာတွေမှာ လိုက်စုံစမ်းခိုင်းတာလည်း အကြောင်းမထူး။ နောက်ဆုံးတော့ ရုံးလျှောက်လွှာထဲကလိပ်စာနဲ့ပဲ အိမ်အထိလိုက်ရပါတော့သည်။

'သုတ' ရဲ့အမေက အေးဆေးသဘောကောင်းတဲ့ မိန်းမတစ်ယောက်မို့သာတော်တော့သည်။ 'သုတ' အလုပ်ပြောင်းသွားတာကိုပင် အန်တီကမသိ။ 'ဇင်ယော်' တို့ကုမ္ပဏီကပဲ နယ်ကိုတာဝန်ပေးထားသလိုလိုမျိုးနဲ့ မလိမ့်တစ်ပတ်လုပ်ကာ ရှောင်ထွက်သွားခဲ့ခြင်းဖြစ်သည်။

'ဇင်ယော်' ရင်ထဲမှာ ချစ်တဲ့စိတ်ကပြည့်နေတဲ့အတွက် ခုလိုမျိုးလိုက်နေရတဲ့ဘဝမျိုးကို အောက်ကျတယ်လည်း မထင်တော့ပါ။ မာန်မာနဆိုတာလည်းမရှိ၊ ဒေါသဆိုတာလည်း မရှိဖြစ်နေသည်။

'ဇင်ယော်' ရင်ထဲကအချစ်က စစ်တယ်လို့ပဲပြောရမလားမသိ။ 'သုတ' ကိုပြန်ပြီး အနီးကပ်ခေါ်ထားခွင့်၊ ပိုင်ဆိုင်ခွင့်ပြန်ရခဲ့ပါသည်။ ဒုက္ခိတသဘောဖြစ်သွားခဲ့တဲ့ အခြေအနေကိုတော့ တည့်တွက်မနေတော့ပါဘူး။

လောကမှာကိုယ်က တစ်ခုခုလိုချင်ရင် ကိုယ့်ဘက်က တစ်ခုခု ပြန်ပေးဆပ်ရမယ်ဆိုတာ နိယာမတစ်ခုလိုဖြစ်နေတဲ့ အတွက် 'ဇင်ယော်' ကျေနပ်လိုက်ပါသည်။ ခုဆိုရင် 'ဇင်ယော်'



www.burmeseclassic.com

www.burmeseclassic.com



ချစ်တဲ့သူနဲ့ လက်ထပ်ရတော့မည်။

'သုတ'ဘက်ကလည်း 'ဇင်ယော်'ဖြစ်ချင်တာမှန်သမျှကို ကြည်ကြည်ဖြူဖြူနဲ့ လိုက်လျောပေးနေတာဆိုတော့ 'ဇင်ယော်' လောက်ကံကောင်းတဲ့လူ ရှိနိုင်ပါဦးမလား။ ချစ်တဲ့သူနဲ့အတူ ဘဝခရီးကိုလျှောက်လှမ်းရခြင်းကလည်း လောကရဲ့စည်းစိမ်တစ်ခုပဲမဟုတ်လား။ ငိုနေတဲ့ 'ဇင်ယော်' ကို 'သုတ'က ချော့လာသည်။

"မဖြစ်နိုင်တာကိုပူနေရင် 'မ' ပဲရင်မောမှာပေါ့... 'မ' သေချာစဉ်းစားကြည့်စမ်းပါ... ကျွန်တော်သာ 'မ'ကိုပစ်ပြေးချင်တယ်ဆိုရင် ဒီအခြေအနေတွေရောက်လာတဲ့အထိ 'မ'အနားမှာ နေ,နေပါ့မလား... လွတ်ရာကျွတ်ရာကို သွားလို့ရနေတာပဲ... ထွက်မသွားဘူးဆိုကထည်းက 'မ'ကို သံယောဇဉ်ရှိလို့ဆိုတာသိရမှာပေါ့"

ပြုံးသွားတဲ့ 'ဇင်ယော်' အပြုံးက သိပ်တော့မပီပြင်နိုင်သေးပါ။

"သံယောဇဉ်ပဲရှိတာလား 'သုတ' ရယ်... အချစ်ဆိုတဲ့ စိတ်ကလေးရော မင်းရင်ထဲမှာမရှိဘူးလား"

သူ သက်ပြင်းချလိုက်မိသည်။ ဘယ်လိုဖွင့်ပြောပြရမလဲ ချစ်တယ်ဆိုတာကို အခုထက်ထိ သူခံစားလို့မရသေးတာ သိပ်ကို





သေချာနေပါသည်။

"မင်း 'မ'ကိုမချစ်နိုင်ဘူးပေါ့လေ"

နှုတ်ခမ်းကလေးတွေတုန်ရီနေသော 'မ'ကိုကြည့်ပြီး သူသနားလာရသည်။ သနားခြင်းကို အချစ်လို့ပဲ သူ သတ်မှတ်ပါရစေ။

"ချစ်... ချစ်ပါတယ် 'မ'ရယ်... ကျွန်တော် 'မ'ကိုချစ်ပါတယ်"

ပြုံးသွားတဲ့ 'မ'ရဲ့မျက်နှာကြောင့် သူ့ ကြည်နူးသွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၆

ဖိတ်စာတွေကိုကြည့်ပြီး သဘောတွေကျနေသော 'ကိုကိုကြီး' ရဲ့ပုံစံက အရမ်းကိုစိတ်လှုပ်ရှားနေပုံရသည်။ ဒီရက်ပိုင်းအတွင်းမှာ 'ကိုကိုကြီး' ကိုကြည့်ရတာ စိတ်မောလူမောနဲ့ ကိုယ်ခန္ဓာတောင်ပိန်သွားသလိုမျိုးပါ။

'ဝိုင်' ကတော့ ငြိမ်သည်လိုဖြစ်နေတာကြောင့် 'ကိုကိုကြီး' လောက်မပင်ပန်းတာ သိပ်ကိုသေချာပါသည်။ စိတ်ထဲမှာလည်း အားတက်သရောရှိမနေတာကြောင့် Stressသိပ်မရဘူး

"ညည်းကိုကြည့်ရတာ သိပ်ပြီးအေးတိအေးစက်နိုင်တာ





'ကိုကိုကြီး' ဘယ်သွားသွားလိုက်သွားပါဆိုတာကို ဘာလို့လိုက်မသွားဘဲ နေ့နေခဲ့ရတာလဲ... 'မမကြူ' စိတ်ထဲ တစ်မျိုးမြင်သွားရင်မကောင်းဘူးနော်"

အမေက လူလစ်တာနဲ့ 'ဝိုင်' နားကပ်ကာဆူတော့တာဖြစ်သည်။

"'ကိုကြီး' ကမှ မခေါ်ချင်တာ... 'ဝိုင်' ကအတင်းလိုက်လို့ကောင်းပါ့မလား... သူ့မှာလည်း တခြားကိစ္စတွေရှိနေဦးမှာပဲ... အပြင်ထွက်တိုင်း 'ဝိုင်' တို့ကိစ္စကြီးပဲလုပ်နေတာမဟုတ်ဘူး"

"ဒါတော့သိတာပေါ့... ညည်းက အလိုက်မသိတတ်လို့ပြောနေတာ... မနေ့ညက 'ကိုကြီး' ဆံပင်ညှပ်ဆိုင် သွားမယ်ဆိုတာကို သိရဲ့နဲ့ဘာလို့လိုက်မသွားလဲ... ညည်းလိုက်မယ်လို့ပြောရင် သူကခေါ်မှာပဲ"

"ဟင် ဆံပင်ညှပ်တာအရေးကြီးတဲ့ကိစ္စမို့လို့လား...နေရာဘာကာကြီးလည်း တကောက်ကောက်နဲ့လိုက်မနေချင်ပါဘူး... သူ့လွတ်လပ်ခွင့်တော့ သူ ရှိဦးမှပေါ့"

"'ဝိုင်' နော်... စေ့စပ်တယ်ဆိုတာ အပျော်အလုပ်မဟုတ်ဘူး... စေ့စပ်ပွဲပြီးရင် လက်ထပ်တာကလာတော့မယ်... ခုကညည်းက ညည်းရဲ့စိတ်ကို ပြင်ထားတော့... ကျောင်းသူဘဝလိုမျိုး



www.burmeseclassic.com

www.burmeseclassic.com

ပေါ့တီးပေါ့ဆနဲ့ လွတ်လွတ်လပ်လပ်နေချင်တိုင်းနေလို့ရတော့မှာ မဟုတ်ဘူးဆိုတာ နားလည်ထား"

"အခု 'ဝိုင်' ကဘာလုပ်နေလို့လဲ"

"ဘာမှမလုပ်လို့ပြောနေရတာလေ... ဒီအိမ်မှာ ညှိသည် ဆိုပေမယ့် ကိုယ်ကတစ်နေ့အိမ်ရှင်ဖြစ်မယ့်သူဆိုတော့ မီးဖိုချော တွေဘာတွေ ကြိုပြီးဝင်ထားလေ... မချက်တတ်မပြုတ်တတ်ရ လည်း သင်ပေးမယ့်သူတွေရှိတယ်... ကိုယ့်ဘက်ကအလို သိတတ်မှ သူတို့ဘက်ကချစ်ခင်လာမှာပေါ့"

"အင်းပါ အမေရယ်... 'ဝိုင်' လုပ်ပါ့မယ်"

အမေစိတ်ချမ်းသာအောင်လို့သာ ပြောလိုက်ရပေမယ့် 'ဝိုင့်' စိတ်ထဲမှာတော့ ညစ်နေပါပြီ။ အိမ်မှုကိစ္စတွေကို 'ဝိုင်' မလု ချင်ပါ။ 'ဝိုင်' ရဲ့ဘဝကို အိမ်ထောင်ထိန်းသိမ်းတာနဲ့ မီးဖိုချောင် မှာချက်ပြုတ်ရတာနဲ့ပဲ မကုန်ဆုံးချင်ပါ။

မိန်းကလေးဖြစ်ပေမယ့် စီးပွားရေးကိုဦးဆောင်နိုင်သေ လုပ်ငန်းရှင်ဘဝမျိုးကို 'ဝိုင်' ပိုပြီးမက်မောသည်။ 'ကိုကိုကြီး' လက်ထပ်ပြီးရင်တော့ 'ဝိုင်' ဖြစ်ချင်တဲ့ဆန္ဒတွေ လိုက်လျော ညှိနှိုင်းရပါမည်။

ဒီလိုနဲ့ပဲစေ့စပ်ပွဲနေ့ကိုရောက်လာရပါတော့သည်။ အ



တွေပြင်ထားတဲ့ 'ဝိုင်' ကို 'ကိုကိုကြီး' က ကြည့်လို့မဝနိုင်သလို တစ်ချိန် လုံးငေးစိုက်ကာကြည့်နေတတ်သည်။ အိမ်ကနေစထွက် ကတည်းက 'ဝိုင်' ရဲ့လက်ကိုဆုပ်ကိုင်ထားလိုက်သည်မှာ ဟိုတယ် ထဲဝင်တဲ့အထိဖြစ်သည်။ 'ကိုကိုကြီး' ဘယ်ကိုပဲသွားသွား 'ဝိုင်' က တန်းလန်းပါနေခဲ့ရသည်။

"လက်ကိုလွှတ်ဦးလေ 'ကိုကြီး' ရဲ့... 'ဝိုင်' ဟိုဘက်ခဏ သွားချင်လို့"

"ဘယ်ကိုလဲ"

" 'အန်တီကြူ' တို့ခေါ်နေလို့"

"မြန်မြန်လာနော် လူကြီးတွေဆုံတာနဲ့ပွဲကစတော့မှာ"

'အန်တီကြူ'က လိုအပ်မယ်ထင်တာတွေမှာကြားပြီး ဘယ်လိုပြောရမယ်ဆိုတာတွေကိုပါ အမေ့ကိုရှင်းပြနေသည်။ ညှိသည်တွေစုံညီလို့ ပွဲတကယ်စတဲ့အချိန်မှာ 'ဝိုင့်' ရဲ့မျက်လုံး ဘ ဖွင့်လို့မရအောင်ကိုစင်းကျနေတော့သည်။

မနက်လေးနာရီလောက်ကတည်းကစပြီး ပြင်ဆင်လှပ ရတာဆိုတော့ ပင်ပန်းပြီးအိပ်ချင်နေတာ မဆန်းချေ။ မှုဂ်လာ တားတွေကိုလည်း ကြားတစ်ချက်မကြားတစ်ချက်ဖြစ်လာနေ သည်။



www.burmeseclassic.com

www.burmeseclassic.com

အိပ်ချင်လိုက်တာဆိုတဲ့အတွေးကပဲ 'ဝိုင့်'စိတ်ထဲမှာကြီး ဆိုးနေတော့သည်။ အမေသဘောတူရင် ဒီပွဲကဖြစ်မြောက်သွားပြီဆိုတော့ 'ဝိုင်' ရဲ့တာဝန်သိပ်မရှိလှပါ။ လက်ခုပ်သြဘာသံ တဖြောင်းဖြောင်းထွက်လာမှပဲ 'ဝိုင့်' ရဲ့ မျက်လုံးကကျယ်လာတော့သည်။

အရင်ဆုံး 'ဝိုင်' နဲ့မျက်နှာချင်းဆိုင်မှာထိုင်နေတဲ့ 'ကိုကိုကြီး'ကို ကြည့်လိုက်မိသည်။ ပြုံးရွှင်နေရမယ့် 'ကိုကိုကြီး' ရဲ့မျက်နှာက မပြုံးရွှင်ဘဲ ရှုံ့မဲ့နေတာကြောင့် အံ့သြသွားရပါသည်။ 'ကိုကိုကြီး' ဘာဖြစ်နေတာလဲ။ အမေ့ကိုအသာလေး လက်ကုပ်မိသည်။

"'ကိုကိုကြီး' ဘာဖြစ်နေတာလဲ မသိဘူး"

"အေး... အမေလည်းကြည့်နေတာ"

တစ်စတစ်စ 'ကိုကိုကြီး' ရဲ့အခြေအနေက ပိုဆိုးလာပုံ ကာ လူတွေအားလုံးလည်း သတိထားမိလာရသည်။ ချွေးတွေပြ နေသော 'ကိုကိုကြီး'က အသက်ကိုမနည်းအားတင်းပြီးရှူနေ လေသည်။

"'ကိုကြီး' ဘာဖြစ်နေတာလဲ...မေမေဘာလုပ်ပေးရမလဲ"

'အန်တီကြီး' အသံက စိုးရိမ်စိတ်နှင့်တုန်ခါနေသည်

"မောတယ်... အသက်ရှူရတာလည်း မဝဘူး... ဆေး





တစ်ခုခုသွားမှဖြစ်မယ်"

"အေး အေး... အာရုံတော်ဝင်ကိုပို့ပေးမယ်"

အားလုံးပြာယာခတ် လှုပ်ရှားကုန်ရကာ စေ့စပ်ပွဲက ကမောက်ကမတွေဖြစ်ကုန်ရတော့သည်။ 'ကိုကိုကြီး' အနားမှာပဲ ဝိုင်းအုံနေကြပါသည်။ 'ကိုကိုကြီး'က ရင်ပတ်ကိုဖိရင်း နေရာမှာ တင်ပုံလဲကျသွားသည်။ တွဲထူပေးတာပင် မရတော့ပါ။

'ကိုကိုကြီး' ဖြစ်နေတာကိုကြည့်ပြီး 'ဝိုင့်' ရင်ထဲမှာငိုချင်လာရသည်။ ချစ်ရတဲ့သူမဟုတ်ပေမယ့် သံယောဇဉ်တွယ်ပြီး ခင်ခင်ရတဲ့သူမို့ 'ကိုကိုကြီး' အတွက် တကယ့်ကိုဝမ်းနည်းစွာခံစားရပါသည်။ ပွေ့ချီသယ်ယူသွားတဲ့ လူစုနောက်ကို 'ဝိုင်' ပြေးလိုက်သွားမိသည်။

"'ဝိုင်' လည်းလိုက်ချင်တယ်... ဝိုင့်ကိုလည်းခေါ်ပါနော်"

'အန်တီကြီး'က မျက်ရည်များကြားမှ 'ဝိုင့်' လက်ကိုဆွဲရင်း...

"အန်တီတို့ကားတစ်စီးနဲ့ သပ်သပ်သွားကြမယ်...'မေသန်း' ပါလိုက်ခဲ့လေ... သား ဘာမှမဖြစ်ပါစေနဲ့"

ဆေးရုံသွားရာတစ်လျှောက် 'အန်တီကြီး'က 'ဝိုင်' လက်ကိုခပ်တင်းတင်းဆုပ်ကိုင်ရင်း ဘုရားစာတွေရွတ်နေပါသည်။ အ



www.burmeseclassic.com

www.burmeseclassic.com

မေ့ကိုလည်း တိုင်တည်သလိုမေးနေသေးသည်။

"'ကိုကြီး' ဘာမှမဖြစ်နိုင်ပါဘူးနော်... သား ပြန်ကောင်းလာမှာ မဟုတ်လားဟင်... 'မမသန်း' ရယ် သား ပြန်ကောင်းလာမယ် မဟုတ်လား"

"ကောင်းမှာပါ 'မမကြူ' ရယ်... ဘာမှမဖြစ်ပါဘူး... စိတ်မပူပါနဲ့... 'ကိုကိုကြီး' က ပင်ပန်းလို့ဖြစ်သွားတာနေမှာပါ"

"အဲ့လိုဖြစ်မှာစိုးလို့ ကျွန်မ သူ့ကို Check up လုပ်ခိုင်းထားသားပဲ... သူကိုကပေါ့တာပါ"

'အန်တီကြူ' ငိုပါတော့သည်။ 'ဝိုင့်' ရင်ထဲမှာလည်း ကတုန်ကရီနဲ့ မျက်ရည်တွေလည်လာရတော့သည်။ 'ကိုကိုကြီး' သတိပြန်ရပြီး နဂိုအခြေအနေအတိုင်းပြန်ကောင်းပါစေလို့ပဲ ထပ်ခါထပ်ခါဆုတောင်းနေမိတော့သည်။

ဆေးရုံကိုရောက်တော့ 'ကိုကိုကြီး' ကိုအရေးပေါ်အခန်းထဲတန်းခေါ်သွားကြသည်။ ဆရာဝန်တွေ၊ နာ့စ်တွေ ဝင်လိုက်ထွက်လိုက်နှင့်ရှုပ်ယှက်ခတ်နေသော 'ကိုကိုကြီး' ရှိနေတဲ့အခန်းကိုကြည့်ပြီး 'ဝိုင်' ရင်ထဲမှာပူပြင်းနေတာမပြောပါနဲ့တော့။

'အန်တီကြူ' ကတော့ ဦးဦးပခုံးကိုမှီကာ ပျော့ခွေနေပါပြီ ငိုရလွန်းလို့လည်း မျက်ရည်တွေကုန်ပြီနဲ့တူသည်။ ဆရာဝန်ကြီး





က လူနာရှင်ဆိုပြီး လှမ်းခေါ်နေသဖြင့် ဦးဦးကအပြေးထွက်သွားသည်။

'ဦးခင်မောင်လတ်' ရင်ထဲမှာလည်း သားအတွက်ပူပန်နေပါပြီ။ ယောကျ်ားတစ်ယောက်ဖြစ်နေလို့သာ အားတင်းပြီးနေနေရပေမယ့် တစ်ဦးတည်းသောသားအတွက် စိုးရိမ်စိတ်ကြောင့်မျက်ရည်ပင်လည်လာရသည်။

"လူနာကသတိတော့ ပြန်ရလာပါပြီ... ဒါပေမဲ့ ပိုစိတ်ချအောင်လို့ ရန်ကုန်ဆေးရုံကြီးကိုသွားလိုက်စေချင်တယ်... နှလုံးဆောင်ကိုလိုအပ်တဲ့အကြောင်းအရာတွေ ကျွန်တော်ရေးပေးလိုက်မယ်... အရေးပေါ်ကိုအရင်သွားရမယ်"

"ဟို ဆရာရယ်... ဒီမှာကုလို့မရဘူးလားမသိဘူး"

"ရပါတယ်... ဒါပေမဲ့ ရန်ကုန်ဆေးရုံကြီးရဲ့ I C U က ပိုပြီး စိတ်ချရတယ်... ဘာမှမစိုးရိမ်ပါနဲ့ ဟိုရောက်တာနဲ့ လိုအပ်တာတွေကို တာဝန်ကျဆရာဝန်တွေက ချက်ချင်းဆောင်ရွက်ပေးပါလိမ့်မယ်"

"ဟုတ်ကဲ့ပါ... ကျေးဇူးတင်ပါတယ်ဗျာ"

အရေးပေါ်ဌာနကို လူနာတင်ယာဉ်နဲ့ပဲ လာခဲ့ကြပါသည်။ 'ကိုကိုကြီး' ရဲ့မျက်နှာက တစ်ခုခုကိုစိုးရိမ်နေသလိုမျိုးဖြင့်

www.burmeseclassic.com

www.burmeseclassic.com


ပျက်ယွင်းကာနေသည်။ သတိပြန်ရနေပေမယ့်လည်း လူနာအသက်ဝဝရှူရအောင်ဆိုပြီး အောက်စီဂျင်ပိုက်လေး နှာခေါင်းဝမှာ တပ်ထားပေးလေသည်။

ဝန်ထမ်းတွေစိတ်ထဲ ဘယ်လိုခံစားနေရသည်ဆိုတာ မသိပေမယ့် ကာယကံရှင်တွေဖြစ်တဲ့ 'ဝိုင်' တို့ရင်ထဲမှာတော့ ပြောမပြတတ်လောက်အောင် နာကျင်တုန်လှုပ်နေရပါသည်။ ငိုချင်နေတဲ့ကြားထဲကနေ စိတ်ကိုတင်းပြီးအားပေးရပါသေးသည်။

"ဆေးရုံကြီးမှာက ပစ္စည်းကရိယာတွေပိုစုံတယ် 'ကိုကြီး' ရဲ့ နှလုံးခုန်စက်တွေကို လူနာတစ်ယောက်ချင်းဆီမှာ တပ်ထားပေးတယ်လေ... 'ကိုကြီး' သက်သာတယ်မဟုတ်လား... မောနေသေးလား"

'ကိုကိုကြီး' ကခေါင်းခါပြသည်။ 'အန်တီကြူ'က တစ်ဖက်လှည့်ပြီး အသံမထွက်အောင်ကြိတ်ငိုနေလေသည်။ အရေးပေါ်ဌာနကိုရောက်တော့ တာဝန်ကျဆရာဝန်ကို ပါလာတဲ့ဆေးစာရွက်တွေကိုပြရသည်။

'ကိုကိုကြီး' စစ်ဆေးပြီးတဲ့အချိန် လိုအပ်တဲ့ဆေးတွေကို ဆေးရုံတွင်းမှာရှိသော ဆေးဆိုင်ကနေပဲ 'ဝိုင်' ပြေးဝယ်ပေးရသည်။ ဦးဦးတို့ကတော့ နှလုံးဌာနကိုပြေးပြီး စာရွက်စာတမ်းတွေကိုသွားပြနေရသည်။

လူနာအတွက်နေရာရလာတဲ့အခါကျတော့ တွန်းလှည်းနဲ့ ဆေးရုံဝန်ထမ်းတွေက တွန်းပြီးသယ်သွားသည်။ တွန်းလှည်းသွားတဲ့နောက်ကို 'ဝိုင်' တို့မှာအပြေးလိုက်နေရသည်။ နှလုံးရောဂါသမားတွေအတွက် အထူးကြပ်မတ်ကုသဆောင် I C U အခန်းကိုရောက်တော့ 'ကိုကိုကြီး'ဘေးမှာ ဆရာဝန်တွေ နာစ့်တွေဝိုင်းသွားသဖြင့် 'ဝိုင်' တို့မှာခပ်ဝေးဝေးကနေသာကြည့်နေရတော့သည်။

ဂရုစိုက်ရမယ့်လူနာတွေကိုပဲ သီးသန့်ထားသောအခန်းမို့ အသံလည်းကျယ်ကျယ်မထွက်ရဲသလို ခြေသံကိုလည်းဖွဖွလေးပဲလှမ်းနေရသည်။ ကုတင်တစ်လုံးစီမှာ နှလုံးခုန်နှုန်းကိုပြသနေသော စက်တစ်လုံးစီထားထားပြီး ကုတင်အားလုံးကိုလှမ်းမြင်ရသောဝင်ပေါက်ရဲ့လမ်းဘေးမှာ ဆရာဝန်တွေ နာစ့်တွေအတွက် ကောင်တာရှိပါသည်။

ထိုကောင်တာကနေ လူနာအားလုံးရဲ့အခြေအနေကို ထိုင်ကြည့်နေတာနဲ့တင်သိနိုင်ပါသည်။ နှလုံးသွေးကြောပိတ်ဆို့သွားတဲ့အတွက် ရုတ်တရက်အမောဖေါက်ပြီး အသက်ရှူကြပ်သွားရခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

သွေးကြော ဘယ်နှစ်ကြောပိတ်တယ် ပွင့်တယ်ဆိုတာကိုသေချာသိချင်ရင်တော့ANGIOGRAM လို့ခေါ်တဲ့ပေါင်သွေးကြောကနေ တီဗွီမှန်ဘီလူးနဲ့ကြည့်ကြည့်မှပဲသိနိုင်ပါမည်။ 'ကိုကိုကြီး' ရဲ့ရောဂါအခြေအနေသိရဖို့အတွက် ဆရာဝန်ကြီးက ANGIOGRAM ကြည့်ခိုင်းပါသည်။

လူနာရဲ့အခြေအနေ ဘယ်လိုဖြစ်လာနိုင်သည်ဆိုတာက အဖြေတွေရလာမှပဲသိတော့မှာဖြစ်သည်။ 'ဗိုင်' တို့ကတော့ ဆေးပညာရပ်နဲ့ပတ်သက်ပြီး ဘာဆိုဘာမှနားမလည်တာကြောင့် ဆေးလိုတယ်ဆိုရင် ပြေးဝယ်ပေးလိုက်၊ လူနာနားပြန်လာလိုက်၊ ဆီးစစ်သွေးစစ်ခိုင်းရင် ဓါတ်ခွဲခန်းမှာသွားစစ်လိုက်၊ အဖြေတွေကိုဆရာဝန့်ထံပြလိုက်နဲ့ စိတ်မောလူမောဖြစ်လို့မဆုံးနိုင်အောင်ပါ။

လက်တွေရော ဗိုက်မှာပါဆေးထိုးအပ်တွေနဲ့ အထိုးခံနေရတဲ့ 'ကိုကိုကြီး' ကိုကြည့်ပြီးလည်းသနားလှပါပြီ။

"'ဗိုင်' ပြန်နားလိုက်တော့... တစ်ညလုံးလည်းစောင့်နေရတာ မအိပ်ရသေးဘူးမဟုတ်လား... ဒီည 'အန်တီကြူ'စောင့်မယ်"

"ရပါတယ်... 'ဗိုင်' ပဲစောင့်ပါ့မယ်... 'အန်တီကြူ'က လူကြီးပဲ... အိပ်ရေးပျက်တာမကောင်းဘူး... 'အန်တီကြူ' မစောင့်ပါနဲ့"





"နှစ်ရက်ဆက်တိုက်တော့မစောင့်ပါနဲ့ကွယ်... ဒီလိုလုပ်မယ်... 'ကိုကြီး' ရဲ့တပည့်လေးတွေကို စောင့်ခိုင်းလိုက်မယ် 'ကိုကြီး' လည်းသက်သာတယ်ဆိုတော့ အန်တီတို့ပြန်နားလို့ဖြစ်နိုင်ပါတယ်... မိုးချုပ်မှပဲပြန်ကြမယ်လေ"

'ကိုကိုကြီး' ကိုယ်တိုင်ကပြန်ခိုင်းနေသဖြင့် 'ကိုကိုကြီး' ရဲ့တပည့်လေးတစ်ယောက်ကိုပဲထားခဲ့ကာ 'ဗိုင်' တို့ကပြန်လာခဲ့လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၇

ဆရာဝန်နဲ့တွေ့ပြီး ပြန်လာတဲ့ဦးဦးရဲ့မျက်နှာက မရွှင်လန်းဘူးဆိုကတည်းက အခြေအနေမကောင်းဘူးဆိုတာကို အားလုံးနားလည်သဘောပေါက်လိုက်ကြသည်။ 'အန်တီကြူ'က အဖြေမကြားရခင်တည်းက ငိုနေသည်။

"'ကိုကြီး' အခြေအနေမကောင်းတော့ဘူးလားရှင်... ကုလို့မရနိုင်တော့ဘူးလား... ကျွန်မတို့မှာ ရှိသမျှစည်းစိမ်တွေကုန်ချင်ကုန်သွားပါစေ... သားပြန်ကောင်းလာမယ်ဆိုရင် ရှိတာပုံအောပြီးကုပေးချင်ပါတယ်"





'အန်တီကြူ'ရဲ့ရှိုက်သံက ကျယ်သထက်ကျယ်လောင်လာရသည်။ I C Uအခန်းတွင်းမှာမဟုတ်ဘဲ အပြင်စင်္ကြံနံရံတန်းမှာ ထိုင်ပြီးပြောနေကြတာမို့ 'ကိုကိုကြီး' ကြားနိုင်မယ်တော့ မထင်။

ဖြတ်သွားဖြတ်လာလူတချို့ကတော့ လူနာရှင်တွေရဲ့သောကကို သူတို့တွေကိုယ်တိုင်လည်းခံစားနေရတာမို့ စာနာနားလည်သလိုမျိုး မသိဟန်ဆောင်သွားတတ်ကြသည်။

"တိုးတိုးပြောပါကွာ... သားကြားသွားပါဦးမယ်... ဆရာဝန်ကြီးပြောတာက 'ကိုကြီး' သွေးကြောပိတ်နေတဲ့နေရာက ဂွဆုံလိုနေရာမျိုးမှာဆိုတော့ ခွဲလိုက်စေချင်တယ်... တတ်နိုင်လို့ နိုင်ငံခြားမှာသွားခွဲချင်တယ်ဆိုရင်လည်း သွားခွဲလိုက်ပါတဲ့... ဒါမှမဟုတ် ဒီဆေးရုံမှာခွဲမယ်ဆိုရင်လည်း ရတော့ရတယ်... လူနာရှင်ရဲ့သဘောပါတဲ့... တစ်ခါတလေ နိုင်ငံခြားသားဆရာဝန်ကြီးတွေလာတဲ့အခါမှာ ကိုယ်ကစာရင်းပေးထားရင်တော့ ပိုပြီးစိတ်ချရတာပေါ့လေ... နိုင်ငံခြားမှာဆိုတာက ငွေကုန်တာထက် လူနာကိုပြုစုဖို့ လူအများကြီးလိုက်လို့မရဘူး... အမှတ်(၁) မင်္ဂလာဒုံစစ်ဆေးရုံမှာလည်း ခွဲပေးတယ်တဲ့... စစ်တပ်ဘက်နဲ့မိသားစုဝင်ဖြစ်တယ်ဆိုရင်တော့ပြောင်းပြီး ခွဲစိတ်ကုသမှုကို ခံယူစေချင်တယ်

www.burmeseclassic.com

www.burmeseclassic.com

တဲ့"

"မခွဲမစိတ်ဘဲနဲ့ 'ကိုကြီး' ရဲ့အခြေအနေက ပြန်မကောင်းတော့ဘူးလား... သူများတွေဘောလုံးသွင်းတာတို့ စပရိန်ထည့်တာတို့ ဘာတို့လုပ်တယ်ဆို... အဲ့ဒီလိုမျိုး လုပ်လို့မရဘူးလား... ရင်ပတ်ကြီးကိုဖွင့်ပြီး နှလုံးခွဲတာနဲ့စာရင် ပေါင်သွေးကြောကနေလုပ်တာက ပိုပြီးမကောင်းဘူးလားရှင်... ဆရာဝန်ကြီးကိုပြောကြည့်ပါဦးလား"

"'ကြူကြူ' ရာ... မင်းပြောသလိုလုပ်လို့ရရင် ခွဲဖို့စိပ်ဖို့အထိပြောနေမလား... အစောကြီးကတည်းက လုပ်ပေးလိုက်ပြီပေါ့... လိုအပ်လို့ပြောတာကို တို့ဘက်ကနာခံရုံပဲရှိတော့တယ်... မင်းဘယ်လိုလုပ်ချင်လဲ... နိုင်ငံခြားမှာသွားခွဲမလား... စစ်ဆေးရုံလည်းရှိသေးတယ်"

"စစ်တပ်နဲ့ပတ်သက်ရင် 'မောင်ရဲသူ' ရှိနေတာပဲ... သူ့ညီကိစ္စ သူ့အစ်ကိုကိုပြောပြီး အကူအညီတောင်းကြည့်ရမှာပဲ...အဆင်ပြေမှာပါ... ရှင် 'မောင်ရဲသူ' ဆီသွားပြီး အကျိုးအကြောင်းသေချာပြောပြပါ... ဘယ်မှာခွဲစိပ်သင့်တယ်ဆိုတာလည်း သေချာမေးကြည့်ပေး"

ဦးဦးကချက်ချင်းပင် 'ဦးရဲသူ' ရဲ့ဖုန်းကိုဆက်ပြီး တွေ့နိုင်





မတွေ့နိုင်ကိုချိန်းလိုက်သည်။ 'ဦးရဲသူ'က အားတယ်ဆိုမှ 'အန်တီကြူ' ကိုပါခေါ်ပြီးထွက်သွားပါသည်။ 'ကိုကိုကြီး' ရဲ့ဘေးမှာ 'ဝိုင်'ရှိနေရင်စိတ်ချရတာမို့ ဦးဦးတို့အတွက်နောက်ဆံတင်းစရာတော့မရှိချေ။

'ဝိုင်' မှာဖြစ်ပျက်နေတဲ့ အခြေအနေတွေကို မြိုသိပ်ချရင်းဟန်ဆောင်မျက်နှာထားနဲ့ 'ကိုကိုကြီး' ရဲ့ဘေးမှာစောင့်နေရပါသည်။ လူနာကုတင်ပေါ်မှာရှိသော 'ကိုကိုကြီး' ရဲ့ပုံစံကနွမ်းလျနေသည်။

"ဆရာဝန်ကြီးက ဘာပြောလဲဟင်... 'ကိုကြီး' ရဲ့အခြေအနေကဘာတဲ့လဲ"

'ဝိုင်' ဘယ်လိုပြောပြရမှန်းမသိ။ အမှန်အတိုင်းပြောလိုက်ရင် 'ကိုကိုကြီး' ကြောက်လန့်သွားမှာလည်းစိုးရိမ်ပါသည်။ သွေးကြောပိတ်နေတယ်ဆိုတာကတော့ ဆရာဝန်တွေ နာ့စ်တွေပြောပြနေတာကို 'ကိုကိုကြီး' ကြားလို့သိနေလောက်ပါပြီ။ ခွဲရမယ်ဆိုတာလောက်အထိတော့ သိနိုင်မယ်မထင်။

"သွေးကြောပြန်ပွင့်အောင် ဆေးတွေထိုးပေးနေတယ်လေ... သက်သာမှာပါ 'ကိုကိုကြီး' ရယ်... စိတ်ထဲမှာဘာကိုမှတွေးမနေနဲ့ တစ်ရက်နှစ်ရက်နေရင် ဟိုဘက်တစ်ခေါက်ကို 'ကိုကြီး'



www.burmeseclassic.com

www.burmeseclassic.com

ပြောင်းရတော့မှာ"

"အလုပ်တွေ အဆင်ပြေရဲ့လားမသိဘူး"

"ဦးဦးရှိပါတယ်... 'ကိုကြီး' ဘာကိုမှခေါင်းထဲမှာထည့်မထားပါနဲ့... ကိုယ့်ကျန်းမာရေးကိုပဲ ကိုယ်ဂရုစိုက်နေ... 'ကိုကြီး' ပြန်ကျန်းမာလာမှ 'ဝိုင်' တို့လည်းစိတ်ချမ်းသာမှာလေ"

'ကိုကိုကြီး' က 'ဝိုင်' ရဲ့လက်ကို အားကိုးတကြီးဆုပ်ကိုင်တွဲထားပါသည်။ လူကောင်းတစ်ယောက်အခြေအနေတုန်းက ဘယ်လောက်ပဲမာန်မာနတွေ ခက်ထန် ခက်ထန် လူမမာတစ်ယောက်ဖြစ်လာတဲ့အခါကျတော့ စိတ်ဓာတ်တွေကအလိုလို ညှိုးနွမ်းသွားသည်နဲ့တူသည်။

အားကိုးသလိုမျက်လုံးမျိုးတွေနဲ့ 'ဝိုင်' ကိုသာငေးကြည့်နေလေသည်။ ဆေးထိုးဆေးသောက်တာနဲ့တင် 'ကိုကြီး' ရဲ့အခြေကပြန်ကောင်းလာခဲ့ပါသည်။ ရှိနေတဲ့ရောဂါအခြေအနေ အရှင်းပျောက်မသွားသေးတာတောင်မှ 'ကိုကြီး' ကိုကြည့်ရသည်မှာ လူကောင်းတစ်ဦးအတိုင်းပါပဲ။

နှလုံးခွဲစိပ်ပြီး သွေးကြောလဲရမှာကတော့ လဲရမှာပါပဲ... ဘယ်လိုပဲဖြစ်ဖြစ် 'ကိုကြီး' ပြန်ကျန်းမာလာတဲ့အတွက် ပတ်သက်တဲ့အသိုင်းအဝိုင်းအားလုံး စိတ်ချမ်းသာကြရပါသည်။ ဆေးရုံမှာ





စ်ပတ်လောက်နေပြီး 'ကိုကြီး' အိမ်ကိုပြန်ရောက်လာခဲ့သည်။

'ကိုကြီး' ကဖြစ်နေချိန်မှာသာ အသည်းအသန်ဖြစ်နေပေယ့် ပြန်ကောင်းသွားတဲ့အခါမှာ လူကောင်းတစ်ယောက်ထက်ပိုပြီး အလုပ်တွေလုပ်နေလေသည်။ 'အန်တီကြူ' ကတော့ အမြဲမ်းစိတ်ပူပန်စွာပြောတတ်ပါသည်။

"မင်းလူကောင်းမဟုတ်ဘူးနော် 'ကိုကြီး'... ဆေးအရှိန်နဲ့ဆေးသက်သာသေးတာပဲရှိတယ်... ဆရာဝန်ကြီးက အနားယူခိုင်းတာ... 'မောင်ရဲသူ' ပြောတာကတော့ နောက်တစ်ပတ်လောက်ကစပြီး ဆေးရုံကြီးတက်ရတော့မယ်တဲ့... ဆေးရုံတစ်လလောက်ကြိုတက်ပြီး ရောဂါအခြေအနေအလိုက် တဖြည်းဖြည်းင်းဆေးတွေဖြတ်သွားမှာ... ဘယ်လ်ဂျီယမ်ကဆရာဝန်ကြီးနဲ့မှာဆိုတော့ တော်တော်ကံကောင်းပါတယ်တဲ့... မင်းဖြစ်တဲ့အန်နဲ့ ဆရာဝန်ကြီးတွေလာတဲ့အချိန်နဲ့တိုးတာ မင်းကုသိုလ်ကံအောင်းတယ်လို့ပဲမှတ်ထား"

"ကျွန်တော်ကောင်းနေပါပြီ မေမေရာ"

"ဘာကောင်းတာလဲ... နိုက်ထရောတွေအပြုလိုက်ငုံ,ငုံတာကောင်းတာလား... နည်းနည်းလေးလှုပ်ရှားလိုက်တာနဲ့ချင်နေတာကောင်းတာလား... မေမေကတော့ မင်းဘယ်ကိုပဲ



www.burmeseclassic.com

www.burmeseclassic.com

သွားသွား... ဘာကိုပဲလုပ်လုပ် ဘာများဖြစ်မလဲဆိုပြီး စိတ်တထင့်ထင့်နဲ့ နေ့နေ့ရတဲ့ဘဝမျိုးမှာ တော်တော်မောနေပြီ... ဖြန်းစားကြီးတစ်ခုခုဖြစ်သွားမှာ သိပ်စိုးရိမ်တာပဲ"

"မဖြစ်နိုင်ပါဘူးဗျာ"

"မင်းကိုမင်းအသိဆုံးပါ 'ကိုကြီး' ရာ"

မျက်ရည်တွေဝဲလာသော မေမေ့ကိုကြည့်ပြီး 'ကိုကြီး' စိတ်မကောင်းဖြစ်သွားရလေသည်။ မေမေပြောလိုက်သလိုမျိုး သူ့ကိုသူအသိဆုံးပါ။ ခံစားနေရတဲ့ဝေဒနာကို သူ ဘယ်လိုနည်းနဲ့မှ မခံစားနိုင်တော့ပါ။ ဈေးစေးတွေပြန်ပြီး အသက်ရှူရတာခက်ခဲတဲ့ဝေဒနာက တော်တော်ဆိုးဝါးလှပါသည်။

အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ သူ ချစ်ခင်ရသောသူတွေကိုစွန့်ခွာပြီး လူ့လောကထဲကနေအစောကြီးခွဲထွက်မသွားချင်ပါ။ 'ဝိုင်' နဲ့အတူတူဘဝတစ်ခုကို အချိန်အကြာကြီးလက်တွဲဖြတ်သန်းလိုက်ချင်သေးသည်။

အဲဒီလိုဖြစ်ဖို့အတွက် သူခံစားနေရသော ရောဂါဆိုးကြီးပျောက်ကင်းသွားဖို့လိုသည်။ ပျောက်ကင်းဖို့အတွက် သူ့နှလုံးသွေးကြောတွေကို လဲလှယ်ပစ်ရပါမည်။ ခွဲစိပ်ရမယ့်အခြေအနေကိုတွေးပြီး သူ အိပ်ရေးပျက်ခဲ့ရတဲ့ညတွေ မနည်းတော့ပါ။





ဆရာဝန်ကြီးတွေမယုံကြည်တာ မဟုတ်ပေမယ့်ကုသိုလ်ကံဆိုးဝါးခဲ့ရင် ဖြန်းစားကြီး သူ ချစ်ခင်ရသော သူတွေနဲ့ခွဲခွာရနိုင်သည်။ ဒီလိုအဖြစ်ဆိုးတွေကိုတွေးကာ သူ လန့်ထိတ်နေမိတာပါ။

ရင်ပတ်ကြီးကိုခွဲပြီး နှလုံးကိုစက်နဲ့နှိုးထားရမယ့် အခြေအနေမျိုးကို သူ စိတ်မချနိုင်ချေ။ သူ့ အရမ်းကိုထိတ်လန့်ပြီး ကြောက်ရွံ့နေမိတာပါ။ မေမေတို့ကိုပြောပြရင် စိတ်မကောင်းပိုဖြစ်ပြီး ငိုယိုနေကြမှာမို့ ခံစားနေရတဲ့သောကကို ရင်ထဲမှာပဲမျိုသိပ်ထားလိုက်သည်။

ပြီးတော့ သူ့နှလုံးခွဲစိတ်လိုက်ရင် 'ဝိုင်' နဲ့လက်ထပ်မယ့်ကိစ္စကလည်း အလိုလိုနေရင်းကိုနှောက်ဆုတ်သွားတော့မှာပါ။ အလုပ်တွေကိုလည်းချက်ချင်းပြန်လုပ်နိုင်မှာ မဟုတ်တော့။ မိဘတွေလည်းအသက်ကြီးမှ သူ့ကြောင့် စိတ်ပင်ပန်း လူပင်ပန်းဖြစ်ရတော့မှာပါ။

သူ့ တစ်ယောက်အတွက်နဲ့ ပတ်သက်တဲ့အသိုင်းအဝိုင်းအားလုံး ဒုက္ခတွေများကြရမှာမို့ စိတ်တွေဆင်းရဲနေမိသည်။

"'ဝိုင်' ကိုလည်းသနားပါကွယ်... မင်းရောဂါကိုပျောက်အောင်လွှန်းလို့ ဘယ်လောက် အပင်ပန်းခံတယ်ဆိုတာကိုလည်း မင်းသိသင့်ပါတယ်... ဒီရောဂါကြီးမပျောက်သေးသရွေ့ 'ဝိုင်' နဲ့


www.burmeseclassic.com

www.burmeseclassic.com

လက်ထပ်ဖို့ကိစ္စကလည်း ဘယ်တော့မှဖြစ်လာမှာကိုမဟုတ်ဘူး... မင်းပြောတော့ 'ဗိုင့်' ကိုချစ်တယ်ဆို"

"ချစ်ပါတယ်... ချစ်လွန်းလို့လည်း စဉ်းစားနေရတာပါ"

"ကောင်းသွားမှာပါ သားရယ်... အကောင်းဆုံးတွေပဲဖြစ်လာမှာပါ"

"ကျွန်တော်လည်း ဖြစ်စေချင်ပါတယ် မေမေရယ်"

'ကိုကြီး' ရဲ့အသံတွေက ဝမ်းနည်းသလိုမျိုးတုန်ရီနေလေသည်။





## အခန်း ၈

ဖိတ်စာတွေကိုကိုင်ကြည့်နေသော 'ဗင်ယော့' လက်တွေက ဝမ်းသာလိုက်လှဲစိတ်ကြောင့် ကတုန်ကရီဖြစ်နေရသည်။ နောက်တစ်ပတ်လောက်ဆိုရင် 'ဗင်ယော့' ချစ်ရသော 'သုတ' နဲ့ လက်ထပ်ရပါတော့မည်။

'သုတ' ရင်ထဲမှာ ဘယ်လိုရှိမည်ဆိုတာမသိရပေမယ့် 'ဗင်ယော့' ရင်ထဲမှာတော့ ဖော်ပြလို့မရသော ကြည်နူးမှုတွေနဲ့ ခံစားနေရသည်။ ရင်ခုန်ပြီးပျော်ရလွန်းလို့ 'ဗင်ယော့' မှာရင်တွေ


www.burmeseclassic.com

www.burmeseclassic.com



တလှုပ်လှုပ်တုန်ပြီး မောပန်းတဲ့အိထိဖြစ်ရလေသည်။ ရင်ပတ်ထဲကတင်းကြပ်သလိုဖြစ်လာတာကြောင့် လက်နဲ့ဖိရင်း အသက်ကို ဝဝရှူရှိုက်နေမိသည်။

"ဘယ်လိုဖြစ်တာလဲ 'မ'... နေမကောင်းဘူးလား... 'မ' ကို ကြည့်နေတာကြာပြီ တစ်စက်ကလေးမှကိုမနားသေးဘူး... လူလည်းပစ်လဲသွားဦးမယ်နော်... သတိထားပါဦး"

"ပစ်တော့ မလဲပါဘူးကွာ... တစ်ခါတစ်ခါမောသွားတာ လောက်ပဲရှိတာပါ"

"စစ်ဆေးကြည့်ရင် ကောင်းမယ်နဲ့တူတယ်"

"ဟင့်အင်း... မလုပ်ချင်ဘူး... ဘာမှ,မှ မဖြစ်တာ"

"မဖြစ်ဘဲနဲ့တော့ ဒီလိုမျိုးမောမနေဘူးလေ...မဖြစ်ပါဘူး 'အန်တီသင်း' နဲ့ပြကြည့်ရမယ်... ဆေးခန်းတွေခေါ်သွားရင် 'မ' ငြင်းနေဦးမှာ... ဒီလိုလုပ်မယ်... ရုံးကအပြန် 'အန်တီသင်း' ဆီ ဝင်လိုက်မယ်... အကျိုးအကြောင်းပြောပြပြီး တိုင်ပင်ကြည့်တာ ပေါ့... လက်မှတ်ထိုးတဲ့နေ့လည်း 'မ' ပဲ 'အန်တီသင်း' ကိုခေါ်မယ် ဆို"

"အင်း အင်း မင်းသဘောပါပဲ"

'အန်တီသင်း' ဆိုတာ 'သုတ' ရဲ့အဒေါ်တော်သည်။ 'သု





တ' ရဲ့အမေ 'အန်တီမာလာ' နဲ့ဆိုရင် ဆယ်နှစ်နီးပါးခန့်ကွာခြားပါသည်။ ညီအစ်မနှစ်ယောက်တည်းရှိပေမယ့် 'အန်တီသင်း' က 'သုတ' ရဲ့အမေလို အေးဆေးသောသူမျိုးမဟုတ်ဘဲ ဆယ်တန်းအောင်တာနဲ့ သူ့ဘဝသူ လျှောက်ချင်တယ်ဆိုပြီး စစ်သူနာပြုသင်တန်းကို တက်လိုက်ပါသည်။

သင်တန်းပြီးတော့ တာဝန်ကျတဲ့နယ်တွေကိုသွားသည်။ 'သုတ' ရဲ့အဖေဆုံးသွားတဲ့အခါမှာလည်း အစ်မဖြစ်သူကို စိတ်မချဖြစ်ပြီး သူ့တာဝန်ကျတဲ့နယ်မှာလာနေဖို့ခေါ်ပေမယ့် 'အန်တီမာလာ'က သားအမိနှစ်ယောက်တည်းနဲ့ ဘဝကိုအဆင်ပြေအောင် ရုန်းကန်ခဲ့လေသည်။

ညီအစ်မချင်း အနေဝေးနေကြပေမယ့် လူကြုံရှိတိုင်း စာနဲ့လက်ဆောင်ပစ္စည်းတွေကိုတော့ အပြန်အလှန်ပို့ပေးနေကြဖြစ်သည်။ 'အန်တီသင်း' ကအခုဆိုရင် ရာထူးကြီးကြီးနဲ့ မင်္ဂလာဒုံစစ်ဆေးရုံမှာ တာဝန်ကျနေပြီဖြစ်သည်။

တပ်ကပေးထားတဲ့ကားကို ကိုယ်တိုင်မောင်းပြီး 'သုတ' တို့အိမ်ကို လာလည်နေတာမို့ ဆွေမျိုးမဲ့နေသော 'အန်တီမာလာ' အတွက်လည်း အဆင်ပြေနေရသည်။ အပျိုကြီးဖြစ်တဲ့ 'အန်တီသင်း'က 'သုတ' ကိုချစ်သလို 'သုတ' နဲ့ပတ်သက်တဲ့ 'ဇင်ယော်'

www.burmeseclassic.com

www.burmeseclassic.com

ကိုလည်း ချစ်ရှာပါသည်။

တစ်ခါတွေ့ဖူးရုံနဲ့ ပိုးချဲပေါ်မှာထိုင်ရတဲ့ 'ဇင်ယော်' ကို သနားကာ အားပေးစကားတွေပြောခဲ့တာပါ။ 'သုတ' ကိုလည်း 'ဇင်ယော်' ကိုချစ်ဖို့၊ ကြင်နာဖို့၊ စိတ်ချမ်းသာအောင်ထားဖို့ ဆုံး စကားတွေပြောခဲ့သည်။

သည်လိုပြောပေးခဲ့တဲ့ 'အန်တီသင်း' ကိုကျေးဇူးတင်စိတ် ဖြင့် 'ဇင်ယော်' မှာလေးစားရသလို ချစ်လည်းချစ်ရပါသည်။ 'သု တ' နဲ့ပတ်သက်ရင် 'ဇင်ယော်' အဖို့ကတော့ စိတ်ချမ်းသာစရာကြီး ပါပဲ။

"သွားမယ်သာပြောတာ... 'အန်တီသင်း' ကရှိပ့ါမလား ဂျူတီကျနေရင်ဒုက္ခပဲ... ဖုန်းလေးဘာလေးကြိုဆက်ကြည့်ပါဦး"

"ဆက်ကြည့်မယ်... တကယ်လို့အိမ်မှာမရှိလည်း ဆေးရုံ ကိုလိုက်သွားလိုက်မယ်... ကိစ္စတစ်ခုကို တစ်ခါတည်းနဲ့ အပြတ် ဖြတ်တာကောင်းတယ်... ဟိုရွှေ့ဒီရွှေ့မလုပ်ချင်တော့ဘူး"

"သဘော သဘော... အရာရာမင်းရဲ့သဘောအတိုင်းပ ပဲ"

'သုတ' ရဲ့အပြုံးကိုကြည့်ပြီး 'ဇင်ယော်' ခံစားနေရတဲ့ ဒနာ ပျောက်ကင်းသွားသလိုပါပဲ။ မှုးတာ မောတာလောက်





လေးကို ဆေးထိုး ဆေးသောက် လုပ်ယုံလေးနဲ့ပဲ ပျောက်သွားလိမ့် မယ်ဆိုပြီး 'ဇင်ယော်' တွေးထင်မိတာ မှားတဲ့အလုပ်လား။ 'ဇင် ယော်'ကို 'ဇင်ယော်' လူကောင်းအတိုင်းပဲလို့ မှတ်ယူနေမိတာပါ။

'အန်တီသင်း' ဆီကပြန်လာပြီး ဆေးစစ်ချက်တွေရတဲ့ သုံးရက်မြောက်နေမှာ မမျှော်လင့်တဲ့သတင်းဆိုးတစ်ခုကို 'ဇင် ယော်' ကြားလိုက်ရတော့သည်။

"'အန်တီသင်း' ပြောတာကတော့ 'မ' ရဲ့နှလုံးအခြေအ နေကိုသိပ်မကြိုက်ဘူးတဲ့... ANGIOGRAM ရိုက်ကြည့်ချင် တယ်တဲ့... မင်္ဂလာပွဲကလည်းရှိနေတော့ ဘာဆက်လုပ်ရမှန်းမသိ တော့ဘူးတဲ့လေ... ဆေးရုံတက်ရင် တစ်ပတ်ဆယ်ရက်လောက် က နေရမှာကျိန်းသေနေတော့ မင်္ဂလာပွဲပြီးမှပဲ 'မ' နဲ့တိုင်ပင်ပြီး လုပ်တော့မယ်တဲ့... ဒီရက်ပိုင်းအတွင်း ပင်ပန်းမယ့်ကိစ္စမှန်သမျှ တိုင်းကို လုံးဝမလုပ်ရဘူးတဲ့ သေချာကိုမှာလိုက်တာ... 'အန်တီ သင်း' ကိုယ်တိုင် လည်း 'မ' နဲ့လာတွေ့လိမ့်မယ်"

"ဆေးရုံတောင်တက်ရလောက်အောင် 'မ' ရဲ့ရောဂါက ပြင်းပြင်းထန်ထန်ဆိုးဝါးနေလို့လား"

"ခြောက် ရောဂါရှိနေပြီဆိုမှာတော့ ပြင်းထန်တာတွေ မ ပြင်းထန်တာတွေ ဘာလို့ထည့်တွက်နေတာလဲ... ကြည့်လိုက်တော့


www.burmeseclassic.com

www.burmeseclassic.com

အကောင်းဆုံးပဲ မဟုတ်လား... 'မ' ကဘာကိုကြောက်နေတာလဲ"

"ကြောက်တယ်... မင်းနဲ့ခွဲရမှာကိုကြောက်တာ... 'မ' မသေချင်သေးဘူး... မင်းကိုထားခဲ့ပြီး 'မ' ဒီဘဝထဲကနေ မထွက်သွားချင်သေးဘူး... 'မ' ချစ်တဲ့ သူ့အနားမှာ အကြာကြီးနေချင်သေးတယ်"

'ဇင်ယော်' ငိုချလိုက်မိသည်။ ပျော်နေရတဲ့အပျော်စိတ်ကလေးတွေ ဘယ်ရောက်ကုန်မှန်းပင်မသိတော့ပါ။ Accident ဖြစ်ပြီးကတည်းက ဆေးရုံဆိုတာကို သေမတတ်ကြောက်သွားခဲ့ရတာပါ။ တတ်နိုင်ရင်ဆေးရုံဆိုတာတွေနဲ့ ခပ်ဝေးဝေးမှာနေချင်သည်။

စိတ်ကူးထဲမှာရှိနေတာက မင်္ဂလာပွဲပြီးတာနဲ့ ဟန်းနီးမွန်း ခရီးဘယ်သွားရင်ကောင်းမလဲတွေးနေမိတာပါ။ ရင်ခုန်ကြက်သီးထစရာအတွေးတွေပျောက်အောင် ဆေးရုံဆိုတာကြီးက ပေါ်လာတဲ့အတွက် 'ဇင်ယော်' မှာစိတ်ထိခိုက်နေရလေသည်။

ကိုယ့်ကျမှပဲ ကုသိုလ်ကံကဆိုးပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ ရောဂါပေါင်းစုံလာဖြစ်နေရတယ်လို့ ခြေတစ်ဖက်နင်းမိနေတဲ့ ဒုက္ခတဘဝနဲ့တင် အားမရသေးဘဲ ကံကြမ္မာက နှလုံးရောဂါသည်ဘဝကိုရောက်အောင် တွန်းပို့ရက်တာစိတ်နာဖို့ကောင်းလှပါသည်။





ဘယ်လိုစိတ်ဆင်းရဲမှုမျိုးမှ ထပ်ပြီးမခံစားချင်တော့ပါဘူး"

"ဘာလို့ငိုရတာလဲ 'မ' ရာ... ဆေးရုံတက်ရမှာဆိုတာလောက်နဲ့ ငိုတယ်ဆိုတာကတော့ မဟုတ်သေးပါဘူး... တစ်ချို့လူတွေဆို တမင်သက်သက်အနားယူချင်လို့ ဆေးရုံမှာအနားယူနေတာ 'မ' လည်းသိသားပဲ... ကျွန်တော်နဲ့လည်း ဘာလို့ခွဲရမှာလဲ 'မ' ပဲကျွန်တော့်ကိုချစ်တယ်ဆို... ချစ်တယ်ဆိုရင် ကျွန်တော်အနားမှာ အကြာကြီးနေပေးဖို့ စိတ်ကူးလေ... ဆေးရုံပြရမှာ ကျန်းမာရေးကောင်းဖို့ မဟုတ်ဘူးလား"

မျက်ရည်တွေကြားမှ 'သုတ' ကိုကြည့်လိုက်မိသည်။ သူပြောနေတဲ့စကားတွေက တကယ်ပဲစိတ်ထဲကပါလို့ပြောနေတာလား၊ တမင်ဟန်ဆောင်ပြီး ပြောတာလားဆိုတာကို အကဲခတ်ကြည့်ပေမယ့်လည်း ဝေခွဲလို့မတတ်ပါ။ သူ့ရုပ်ကလေးကိုက အပြစ်ကင်းပြီးချစ်စရာကောင်းနေတာပါ။

"ပြန်မကောင်းတော့ဘူးဆိုရင်ကော"

"ကျွတ်... 'မ' ကတော့ဖွတ်ပဲ...ဆေးပညာဒီလောက်ထွန်းကားနေတာ ဘာလို့မကောင်းရမှာလဲ... ကောင်းလွန်းလို့ဟိုဘက်တောင်လွန်သေးတယ်... စိတ်ဓာတ်ကိုအားတင်းထားပါဗျာ... 'မ' အားရှိမှ ကျွန်တော့်အတွက် ကလေးတွေမွေးပေးနိုင်မှာပေါ့... ဘာ



www.burmeseclassic.com

www.burmeseclassic.com

ထဲ… 'မ' ကမမွေးပေးချင်လို့ တမင်စိတ်ခံတိကျတဲ့စကားတွေ ပြောနေတာလား"

'စင်ယော့'မှာ သဘောတွေကျပြီး ရယ်နေတာအရှိန်ကိုမ နည်းသတ်ယူနေရသည်။ လက်တောင်မထပ်ရသေးဘဲနဲ့များ သူ မို့လို့ဒီစကားတွေပြောထွက်သည်။ 'သုတ' ရဲ့လက်မောင်းကို ချစ်စနိုးနဲ့လှမ်းရိုက်ရင်း…

"ဘာတွေလျှောက်ပြောနေတာလဲ အဝေးကြီးလိုသေးတယ်"

"နီးနီးဝေးဝေး ဖြစ်ချင်တာကိုကြိုပြောထားတာပဲ… ဘာလဲ 'မ'က မကြိုက်ဘူးလား"

"မကြိုက်တာတော့ ဘယ်ဟုတ်မလဲ… ရယ်ချင်တာပေါ့"

"မရယ်နဲ့… ကျွန်တော်ကအတည်ပြောတာ"

"ဟယ် ဇွတ်ကြီးပါလား"

"ဟုတ်တယ် ဇွတ်ကြီးပဲ"

'မ' သဘောကျနေတာကိုကြည့်ပြီး 'သုတ' သက်ပြင်းကို နိုးချလိုက်ရသည်။ သူ တမင်ပဲ 'မ' ရဲ့စိတ်ကိုပြောင်းသွားအောင် မဆိုင်တဲ့အပိုစကားတွေ လျှောက်ပြောပစ်လိုက်တာပါ။ သူ ဘာ လိုစကားပြောရင် 'မ' ကျေနပ်မယ်ဆိုတာကို သိနေတဲ့အတွက်





စိတ်ထဲကမပါပေမယ့်လည်း ပြောလိုက်ရသည်။

စကားနဲ့လိုက်အောင် မျက်နှာထားကိုလည်း တည်ထားရလေသည်။ 'မ'ကတော့ သူ့စိတ်ဆိုးသွားတယ်လို့ ထင်လေသည်လားမသိ လေပြေနဲ့ချော့လာသည်။

"ကဲ ကဲ မရယ်တော့ဘူးနော်… မင်းသဘောပါပဲ… ကလေးတွေတစ်ပြုံကြီးမွေးပေးမယ် ဟုတ်လား…'မ'ကတိပေးတယ်"

"ဒါဆို 'မ'ရဲ့ကျန်းမာရေးကိုလည်း ဂရုစိုက်ရမယ်နော်"

"အင်းပါ… မင်းပြောတဲ့အတိုင်းနေထိုင်ပါ့မယ်"

"ပြီးရော…"

ပြုံးပြလိုက်တဲ့ သူ့ကို 'မ'က ချစ်စနိုးဖြစ်လာပုံနဲ့ ပါးကို သိမ်ဆွဲလိုက်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၉

ကြီးကျယ်ခမ်းနားတဲ့ မင်္ဂလာပွဲကြီးပြီးလို့ နောက်တစ်ရက်မှာပဲ 'မ' ရဲ့ရောဂါကဖေါက်လာတော့သည်။ မနက်စာ စားဖို့ စားပွဲဝိုင်းမှာထိုင်ရုံကလေးရှိသေးသည် ရင်ပတ်ကိုလက်နဲ့ဖိပြီး ထိုင်ခုံပေါ်ကနေသတိလစ်ပြီး ပြုတ်ကျသွားခဲ့တာပါ။

ထင်မှတ်မထားတာမို့ သူ့မှာ ထူပူပြီး ဘာလုပ်ဘာကိုင်ရမှန်းမသိဖြစ်သွားခဲ့ရသည်။ 'မ' ကိုပွေ့ချီပြီး ဧည့်ခန်းမှဆိုဖာမှာ ချထားလိုက်မိသည်။

"ဘာလုပ်မှာလဲ... ဒီအတိုင်းထားလို့တော့မဖြစ်ဘူးလေ





တစ်ခုခုစဉ်းစားဦး"

'ဒေါ်ထွေး' ရဲ့အသံကကျယ်ပြီး ပြာနေသည်။ 'မ' ရဲ့မျက်နှာတစ်မျက်နှာသည် 'ဒေါ်ထွေး' ဘဝရဲ့အားကိုးရာဆိုတော့လည်း ပြူးပြာနေတာမပြောချင်တော့ပါ။ သူကတော့ အကောင်းဆုံးအကြံအဉာဏ်တွေစဉ်းစားနေရသည်။

ချက်ချင်းပဲမေမေ့ဆီကို ဖုန်းကောက်ဆက်လိုက်သည်။ မနေ့ညက မေမေနဲ့အတူ 'အန်တီသင်း' လာအိပ်ပေးသည်ဆိုတာကို သတိရလိုက်မိလို့ပါ။ ဖုန်းထူးတဲ့မေမေ့ရဲ့အသံက အေးဆေးပေမယ့် သူ့လေသံကတွေကတော့ ပြာခတ်နေပါပြီ။

"အမေ 'အန်တီသင်း' ရှိသေးလား"

"ရှိတယ်လေ... ဘာဖြစ်လို့လဲ"

"'ဇင်ယော်' သတိလစ်သွားလို့"

"ဟယ်... ဆေးရုံမြန်မြန်ပို့လေ... မေမေတို့လိုက်ခဲ့မယ်"

"'အန်တီသင်း' ကိုပါခေါ်ခဲ့နော်... ကျွန်တော်ခုပဲ ဆေးရုံသွားပို့တော့မယ်"

'ဒေါ်မာလာ' ရင်ပတ်ကိုဖိရင်း ဘုရားတလိုက်မိသည်။ ခုလေးတင် 'သင်းသင်း' နဲ့ 'ဇင်ယော်' အကြောင်းပြောနေမိသေးတာပါ။ ငယ်ငယ်ရွယ်ရွယ်နဲ့ ရောဂါဝေဒနာမျိုးစုံခံစားနေရသော



www.burmeseclassic.com

www.burmeseclassic.com

ချွေးမဖြစ်သူကို စာနာပြီးသနားနေမိဆဲဖုန်းဝင်လာတာဖြစ်သည်။

"မမ ဘယ်သူဘာဖြစ်လို့လဲ"

"'ဇင်ယော်' သတိလစ်သွားလို့ဆိုပြီး 'သုတ' ဖုန်းဆက်တာ"

"ဆေးရုံမပို့ရသေးဘူးလား"

"သူ့ခမြာလည်း ဘာလုပ်ရမှန်းမသိဘူးနဲ့တူပါတယ်ကွယ်... ခုပဲ ပို့တော့မယ်တဲ့"

"ဘယ်ဆေးရုံလဲ"

"မသိသေးဘူး... အိမ်မှာ 'မထွေး' ရှိမှာပဲ... 'မထွေး' ကိုပဲမေးကြည့်မှသိတော့မယ်... မမ တို့လိုက်သွားကြမယ်... 'သင်းသင်း' လည်းကြည့်ပေးဦး"

'သင်းသင်း' ကဖေဖြစ်သူ အကူအညီရအောင်လို့ဆိုပြီး အိမ်မှာလာအိပ်ပေးခြင်းဖြစ်သည်။ 'ဇင်ယော်' က တစ်ယောက်တည်းဖြစ်ကျန်နေရစ်မယ့် ယောက္ခမဖြစ်သူကို စိတ်မချဖြစ်ပြီး သူတို့နဲ့အတူလာနေဖို့ ခေါ်နေတာအကြိမ်ပေါင်းမနည်းတော့ပါ။

မိမိကတော့ သားပတ်ဝန်းကျင် လူတွေရဲ့ အထင်မြင်မှားပြီးပြောလာမယ့် ဝေဖန်စကားတွေကို ကြောက်ရွံ့တာကြောင့် ဖြစ်နိုင်ရင် 'ဇင်ယော့်' အိမ်မှာလိုက်မနေချင်ပါ။





သူ့အဖို့ကတော့ အားလုံးနဲ့အဆင်ပြေအောင်ပဲ ပေါင်းဖို့စိတ်ကူးထားပါသည်။ 'ကိုကိုကြီး' နဲ့လည်း စကားပြောရတာအဆင်ပြေသည်။

"မင်းနဲ့အစ်ကိုတို့အဖြစ်ကလည်း ခပ်ဆင်ဆင်ပဲကွ... မင်းဟာ လက်ထပ်ပြီးတာနဲ့ လူနာစောင့်အနေနဲ့ ဆေးရုံကိုရောက်လာတယ်... 'ဝိုင်' ကစေ့စပ်ပြီးပြီးချင်းပဲ ဆေးရုံကိုတန်းရောက်လာတာကွ... သနားပါတယ်ကွာ... တကယ်တမ်းပြောရရင် သူ့အနေနဲ့ ဘယ်ပျော်ပါ့မလဲ... ဝတ္တရားအရ လူကြီးတွေမျက်နှာကြောင့်သာ ဟန်မပျက်နေနေပေးတာ... သူ့စိတ်ထဲမှာတော့ အိမ်ကိုပဲပြန်ပြေးချင်နေမှာသေချာတယ်... အစ်ကို့အဖို့ကလည်း သူ မရှိရင်မဖြစ်ဘူး... မိဘတွေကြားရင်တော့ ရင်နာမယ်... ချစ်ရတဲ့သူက မိဘထက်အရေးကြီးလို့လေ... အစ်ကိုကလည်း ခဏတဖြုတ်လေး သူ အိမ်ပြန်ပြီးရေမိုးချိုးတာတောင် ဂျိုကျချင်နေတာ... ပွင့်ပွင့်လင်းလင်းပြောရရင် မျက်စိအောက်မှာပဲ ထားချင်တာလေ"

'ကိုကိုကြီး' စကားကိုကြားပြီး သူ ပြုံးမိသည်။ ခြေဒ်ှ ခုတိယ 'ဇင်ယော်' ပါလားဆိုတဲ့အတွေးမျိုးနဲ့ပါ။ 'ဝိုင့်' ပုံစံကိုကြည့်ရတာ သူ ခံစားနေရသလိုမျိုး ဖြစ်နေတာလားမပြောတတ်။ စကားတွေကချိုသာပျူငှာပေမယ့် မျက်လုံးအကြည့်တွေကတော့



www.burmeseclassic.com

www.burmeseclassic.com


အနည်းငယ်အေးစက်နေသည်ဟုထင်မိသည်။

ရင်ထဲက ခံစားချက်အစစ်အမှန်ကိုဖုံးဖိပြီး အားလုံးနဲ့အ ဆင်ပြေအောင် ဆက်ဆံနေသည့်အတိုင်းပါပဲ။ တစ်နေ့ 'ဝိုင်' မျက် နှာက ငိုတော့မလိုပျက်ယွင်းကာ လူကလည်းကတုန်ကရီဖြစ်က နေသည်။

'ကိုကိုကြီး' မနက်ဆေးသောက်ပြီး ကုတင်ပေါ်မှာမှိန်း နေလေသည်။ သူ့ကုတင်မှာ သူထိုင်နေပေမယ့် မျက်နှာချင်းဆိုင် ဖြစ်နေတာကြောင့် 'ဝိုင်' ဖြစ်ပျက်နေတဲ့ပုံစံကိုကြည့်ပြီး မနေနိုင် တော့ချေ။

တစ်ခါမှစကားမပြောဖူးပေမယ့် တစ်ခုခုဆိုကူညီ အောင် ခပ်တိုးတိုးပဲ သူမေးကြည့်လိုက်မိသည်။ သူပြောတဲ့စကား ကို ချက်ချင်းတော့ 'ဝိုင်' ဘက်က ကြားသေးပုံမပေါ်။ သူ အသံကို ထပ်မြှင့်ပြီးပြောလိုက်ရပြန်သည်။

"ဒီမှာ... ဘာဖြစ်တာလဲ... ကျွန်တော်ဘာကူညီပေးရမ လဲ"

'ဝိုင်' မျက်လုံးမှာ မျက်ရည်တွေဝဲနေပါပြီ။ 'ကိုကိုကြီး' ဆီကိုလည်း မလုံ့သလိုမျိုးကြည့်လိုက်ပြန်သေးသည်။ ပြီးတော့

" 'ဝိုင်' အရေးတကြီးကိစ္စသွားစရာရှိလို့ပါ... ဘယ်လို



သွားရမှန်းမသိဘူး"

"လာ... လာ"

'ကိုကိုကြီး' ကြားသွားမှာစိုးတာကြောင့် တခြားတစ်ဖက် ကိုခေါ်ခဲ့ရပါသည်။ ဝင်ပေါက်ကြီးကနေထွက်လာပြီး လှေကားအ ဝနားမှာ ရပ်မေးကြည့်လိုက်မိသည်။

"ဘာဖြစ်လို့လဲ... ကျွန်တော်ဘာကူညီပေးရမလဲ"

" 'ဝိုင်' တော့သေချင်တာပါပဲ... ခုလေးတင်ပဲ ဦးဆီက ဖုန်းဝင်လာတယ်... 'အန်တီကြူ' နဲ့အမေတို့ ဒီဆေးရုံအလာမှာ ကား accidentဖြစ်လို့တဲ့... အမေကတော့ ပွန်းပဲ့ယုံပဲတဲ့... 'အန်တီကြူ' ကတော့ သတိမလည်သေးဘူးတဲ့... ခြေထောက် လည်းကျိုးသွားတယ်လို့ပြောတယ်... 'ဝိုင်' ကိုလိုက်လာခဲ့လို့ရရင် လိုက်လာပါတဲ့... 'ကိုကြီး' မသိပါစေနဲ့တဲ့... 'ဝိုင်' ဘယ်လိုလုပ်ရ မလဲ... စိတ်ညစ်လိုက်တာ... အမေတို့ကိုလည်း စိတ်ပူတယ်... 'ဝိုင်' လိုက်သွားချင်တယ်... 'ကိုကြီး' က... အဟင့်... ဟင်း"

စကားသံတွေတုန်ထစ်ကာ ဆက်မပြောနိုင်တော့ဘဲ 'ဝိုင်' တငိုချလိုက်ပါတော့သည်။ ငိုနေတဲ့ 'ဝိုင်' ရဲ့ပုံစံကိုကြည့်ပြီး သူ့ရင် ထဲမှာ ဘယ်လိုဖြစ်သွားရမှန်းကို မသိလိုက်ပါ။ သနားခြင်းဆိုတဲ့ စိတ်ခံစားမှုအပြင် အမည်မဖော်ပြတတ်တဲ့ခံစားချက်တစ်မျိုးကိုပါ


www.burmeseclassic.com

www.burmeseclassic.com



ခံစားနေရတဲ့အတိုင်းပါပဲ။

'မ'ငိုတာမြင်တာကိုတောင် ဒီလိုမျိုးထိထိခိုက်ခိုက် သူ

မခံစားမိခဲ့ချေ။

"ဒီလိုလုပ်ပါလား... 'ကိုကိုကြီး' ကိုတစ်ခုခုအကြောင်းပြ

ပြီး အပြင်ရောက်အောင်ထွက်လေ... သွားချင်တဲ့နေရာကိုတော

ကျွန်တော့်ဘက်က ရောက်အောင်ပို့ပေးနိုင်ပါတယ်"

"'ဝိုင်'ဘက်က ဘာကိုအကြောင်းပြရမလဲ"

"တစ်ခုခုပေါ့ကွာ... အဆင်ပြေမယ့်အကြောင်းပြချက်

ပေါ့"

"အင်း အင်း... 'ဝိုင်' ပြောကြည့်မယ်... 'ကိုသုတ' ခဏ

စောင့်နေပေးနော်"

ချက်ချင်းပင် 'ဝိုင်' ကထွက်သွားဖို့ပြင်သည်။ ငိုယိုထာ

တာကိုမေ့ထားပုံရသည်။

"နေဦးလေ... မျက်နှာကိုသုတ်... ဒီပုံစံအတိုင်းသွားရင်

'ကိုကိုကြီး' ရိပ်မိသွားလိမ့်မယ်"

"ဟုတ်သားပဲ"

'ဝိုင်' လက်ထဲသို့ သူ့အင်္ကျီအိတ်ကပ်ထဲမှ လက်ကိုင်ပ

ကို ထုပ်ပေးလိုက်မိသည်။





"ကျေးဇူးပဲနော်"

'ဝိုင်' ကမျက်ရည်စတွေကို ကုန်စင်အောင်သုတ်ပြီး အ

ခန်းတွေရှိရာဘက် ပြန်လျှောက်သွားခဲ့သည်။ 'ဝိုင့်' နောက်က

လိုက်သွားရင်မကောင်းတာကြောင့် ဝင်ပေါက်ကနေ ဘယ်ဘက်

ခြမ်းရှိ လူနာစောင့်တွေဘက်ဆီသွားပြီးမှ 'မ' ရှိနေတဲ့အခန်းကို

လာခဲ့လိုက်သည်။ 'မ' ဆီမှာ သူလည်းခွင့်တောင်းရဦးမည်။

"ကျွန်တော် လိုအပ်တဲ့ဆေးတွေသွားဝယ်လိုက်ဦးမယ်...

'မ' ဘာမှာဦးမလဲ... ဘာစားချင်သလဲ"

'မ' ပုံစံက နွမ်းလျနေသည်။ ANGIO လုပ်ထားတာရက်

ပိုင်းကလေးပဲရှိသေးတဲ့အတွက် လူမမာတစ်ယောက်လိုဖြစ်နေ

သေးသည်။

"ဘာမှမစားချင်ပါဘူး... မြန်မြန်ပြန်လာခဲ့နော်"

"သွားပြီနော်"

'မ' ရဲ့လက်ကိုဆုပ်ကိုင်ပြီး နှုတ်ဆက်လိုက်ရပေမယ့် သူ့

စိတ်ထဲမှာတော့ လုံခြုံမှုသိပ်မရှိလှချေ။ သူ့ဘက်က တစ်ခါမှ မ

ထိမ်ညာဖူးတာကြောင့် စိတ်ထဲမှာတစ်မျိုးခံစားနေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၂

"ကျွန်တော် စောင့်နေပေးရဦးမလား"

'ဝိုင်' ကစဉ်းစားနေပုံရသည်။ ပြီးတော့မှ...

"ဖြစ်နိုင်ရင်တော့ ခဏလေးပဲဖြစ်ဖြစ်စောင့်ပေးပါလား ဦးဦးကလည်း စိတ်ရှုပ်နေတော့ 'ဝိုင်' ကိုပြန်လိုက်ပို့ပေးနိုင်မှာ မဟုတ်ဘူး... 'ဝိုင်' လည်း အကြာကြီးနေလို့မရဘူးလေ... 'ကိုကြီး' ကိုဆေးဝယ်မယ်ဆိုပြီး ပြောထွက်လာခဲ့တာ"

သူ ပြုံးလိုက်မိသည်။ သူတို့နှစ်ယောက်ရဲ့အကြောင်းပြ





က်တွေက တူနိုင်လွန်းလှချည် လား။

"'ကိုသုတ' က ဘာကိုပြုံးတာလဲ"

"ဩော်... ကျွန်တော်လည်း 'ဝိုင်' ပြောသလိုမျိုးပဲပြောပြီး ွက်လာခဲ့တာလေ"

"'ဝိုင်' လိုမျိုး လူနာနားကနေ ခွာလို့မရဘူးလား"

"ဆိုပါတော့..."

"'ဝိုင်' အဖြစ်ကပိုဆိုးပါတယ်... အခု ကိုယ့်အမေတစ် သက်လုံး ဆေးရုံရောက်နေတာတောင် ပြုစုခွင့်မရတဲ့ဘဝပါ ယ်... အမှန်အတိုင်းဖွင့်ပြောပြလိုက်ပြန်ရင်လည်း 'ကိုကြီး' ရော ဖောက်လာမှာကြောက်ရသေးတယ်... အမေ့အခြေအနေ ဆိုး ိုးဝါးဝါး မထိခိုက်တာပဲတော်သေးတယ်လို့ ပြောရမယ်"

"'ဝိုင်' နဲ့ 'ကိုကိုကြီး' လက်ထပ်ထားတာ ကြာပြီလား"

"လက်ထပ်ထားတာ..."

တအံ့တဩပြန်မေးလိုက်တဲ့ 'ဝိုင်' ရဲ့ပုံစံကြောင့် သူ တစ် ဖြစ်သွားရသည်။ ကားကိုဂရုတစိုက်မောင်းနေရင်းနဲ့ပင် 'ဝိုင်' ကြည့်လိုက်မိပါသည်။ စောစောကငိုထားတဲ့အရှိန်နဲ့ မျက်နှာ ောင်လေးဖြစ်နေတာတောင် လှနိုင်သေးသည်။

မပြင်မဆင်၊ မချယ်သဘာသဘာဝအတိုင်း လှနေတဲ့မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ယောက်ရဲ့အလှကို ဒီတစ်ကြိမ်ပဲ သူမှာနီးနီးကပ်ကပ်ကြီးမြင်တွေ့ဖူးလိုက်တာကြောင့် ရင်ထဲမှာခံစားမှုတစ်မျိုးနဲ့ လိုက်ဖို သွားခဲ့ရသည်။

'မ'နဲ့တွဲတာကြာနေတာတောင်မှ ဒီနေ့အထိ 'မ'ရဲ့မပြင်ဆင်သောပုံသဏ္ဍာန်ကိုမမြင်ဖူးသေးပါ။ ဆေးရုံမှာတောင် 'မ'ကလှမြင်ကောင်းအောင်လို့ဆိုပြီး 'ဒေါ်ထွေး' အား မနက်မိုးလင်းတာနဲ့ ပြင်ဆင်ပြုပြင်နိုင်းတာပါ။

ရင်မခုန်တော့ဘူးလို့ထင်တဲ့ သူ့ရဲ့နှလုံးသားဟာ ခဏတာအချိန်အတွင်းမှာပဲ လိုက်ဖိုချင်နေတာ ဆန်းတော့ဆန်းနေပါပြီ။ သူ့ စိတ်တွေဘာဖြစ်ချင်နေရတာလဲ။ အသက်ကိုခပ်ပြင်းရှူလိုက်ရင်း...

"ကျွန်တော်ပြောတာ ဘာမှားသွားလို့လဲ"

"မှားနေတယ်လေ... 'ဝိုင်'နဲ့ 'ကိုကိုကြီး'နဲ့ကမှ လက်မထပ်ရသေးတာ... စေ့ပဲစေ့စပ်ရသေးတယ်"

"ဟာ ဆောရီးဗျာ... ကျွန်တော်တကယ်တောင်းပန်ပါတယ်... 'ကိုကိုကြီး'ရဲ့အေးမှာ 'ဝိုင်'ကိုအမြဲတမ်းတွေ့နေရတော့ လက်ထပ်ပြီးပြီပဲထင်လိုက်မိလို့ပါ... မှားသွားတယ်ဗျာ"

"ရပါတယ်... တစ်ချိန်ကျ ရင်လည်း 'ကိုသုတ'ပြောသလို





လိုပဲဖြစ်ရမှာပါပဲ... 'ဝိုင်'မှာရွေးချယ်စရာလမ်းမှ မရှိဘဲ"

"ဟုတ်တယ်... လူ့ဘဝမှာရွေးချယ်စရာလမ်းမရှိလို့ လျှောက်ခဲ့ရတဲ့လူတွေ ဘယ်နှစ်ယောက်တောင်ရှိနေပြီလဲမသိဘူး ကိုယ်ချင်းစာပါတယ်... ကျွန်တော်လည်း အတူတူပဲ"

'ဝိုင်'ကရှေ့တည့်တည့်ကိုပဲ ငေးနေလေသည်။ ဘာစကားမှ ပြန်မပြောတော့ပါ။ ရုတ်တရက်မထင်မှတ်ဘဲ ရင်ဖွင့်သလိုဖြစ်သွားမိတဲ့ သူကိုယ်သူ ပြန်ရှက်နေပုံရသည်။ တိတ်ဆိတ်ငြိမ်သက်စွာနဲ့ပဲ 'ဝိုင်'ပို့ခိုင်းတဲ့ အထူးကုဆေးရုံတစ်ရုံဆီ ရောက်လို့လာခဲ့ရသည်။

"ကျွန်တော် အပေါ်မလိုက်တော့ဘူးနော်"

"ရပါတယ်... 'ဝိုင်'ကိုလည်း စောင့်မနေပါနဲ့တော့... 'ဝိုင်'ဖာသာပြန်ခဲ့ပါ့မယ်"

"ကျွန်တော့်ကို အားနာလို့လား"

"မဟုတ်ဘူး"

"ဒါဖြင့်..."

"'ကိုသုတ'ပြန်အလာကိုစောင့်မျှော်နေမယ့် လူနာကို အားနာလို့ပါ... ပြန်လိုက်ပါ... 'ဝိုင်'တို့နောက်မှတွေ့ကြတာပေါ့"

ခေါင်းညိတ်ကာ အရှိန်ပြင်းပြင်းနဲ့မောင်းထွက်သွားတဲ့



www.burmeseclassic.com

www.burmeseclassic.com


'ကိုသုတ' ရဲ့ကားကိုကြည့်ပြီး သက်ပြင်းမောကိုချပစ်သွားရသည်။ မထင်မှတ်ဘဲ 'ကိုသုတ' ကို 'ဝိုင်' ရင်ထဲကခံစားချက်တစ်ချို့ ဖွင့်ပြောမိသွားရသည်။

ဘယ်လိုဖြစ်ပြီး သူစိမ်းယောကျ်ားတစ်ယောက်ဆီမှာ 'ဝိုင်' ပျော်ဝင်မိသွားတာလဲမသိပါ။ မျက်မှန်းတန်းနေမိတာကြာပေမယ့် 'ဝိုင်' တို့နှစ်ယောက် စကားမပြောဖူးကြတာသေချာပါသည်။ ပြောမိတော့လည်း တကယ့်ကိုရင်းနှီးကြတဲ့ မိတ်ဆွေတွေပမာ ရင်ထဲကဆန္ဒတွေပါပွင့်ထွက်ကုန်ကြသည်။

'ကိုသုတ' နဲ့ 'ဝိုင်' နဲ့ခင်တာကို 'ကိုကြီး' သိရင်ဘာများပြောမှာပါလိမ့်။ သဝန်တိုတတ်လွန်းသော 'ကိုကြီး' ရဲ့စိတ်ဓါတ်ကြောင့် 'ဝိုင်' အနေနဲ့ အနေအထိုင်ဆင်ခြင်ရတာတွေ များပါသည်။ ဒါကြောင့်လည်း ဘေးခန်းက 'မမနန်း' ဆီမှာ သွားသွားစကားပြောနေဖြစ်နေတာပါ။

'ဝိုင်'ကိုတွေ့တော့ အမေကခပ်တင်းတင်းဖက်ထားသည်။ 'အန်တီကြူ' ကအရေးပေါ်ခန်းထဲကပြန်ထွက်မလာသေးပါ။

"ကံကောင်းလို့သမီးရယ်... အမေဖြင့်သေပြီတောင်ထင်တာ... တစ်ဖက်က ကားကဘရိတ်ပေါက်ပြီးဝင်တိုက်တာလေ... 'မမကြူ' ဘက်ကိုဆိုတော့ 'မမကြူ' တော်တော်ခံလိုက်ရတယ်... အရမ်းကြီးတော့မစိုးရိမ်ရဘူးလို့ပြောတာပဲ... သမီးဦးဦးကတော့ 'မမကြူ' အခန်းဝမှာစောင့်နေရှာတယ်... 'ကိုကိုကြီး' ကိုဘယ်လိုပြောပြီးထွက်ခဲ့တာလဲ... အမေတို့ကားတိုက်တယ်ဆိုတာ သိသွားပြီလား"

"မသိဘူး... ဘယ်ပြောလို့ဖြစ်မှာလဲ... ဆေးဝယ်မယ်ဆိုပြီး ထွက်လာခဲ့ရတာ... 'ဝိုင်' လည်းဘာလုပ်ရမှန်းမိတော့ဘူး... 'ကိုကြီး' ဆီပြန်သွားရင်ကောင်းမလား... အမေတို့ဆီမှာပဲ နေရမလားမသိဘူး... ဦးဦးကိုမေးကြည့်ဦးမယ်"

"'ကိုကိုကြီး' ဆီမှာပဲနေပါကွယ်... ဟိုက နဂိုတည်းက အားငယ်နေတဲ့သူ... သမီးသာဒီရောက်နေရင် သူဆေးရုံကနေ ချက်ချင်းဆင်းလာမှာ ကျိန်းသေနေတယ်"

အမေ့အခြေအနေက အနည်းငယ်ပွန်းပဲ့ရုံကလွဲပြီး ကျန်ဘာမှမဖြစ်တာမို့ 'ဝိုင်' စိတ်အေးသွားခဲ့ရသည်။ ဦးဦးက 'ဝိုင်' ကိုတွေ့တော့ ပြန်ဖို့စကားစသည်။

"စိတ်မပူပါနဲ့သမီး... သမီး 'အန်တီကြူ' ပြန်သတိရလာပြီတဲ့... အသားထဲစိုက်ဝင်သွားတဲ့ မှန်ကွဲစတွေကို ဖယ်ထုတ်နေတာပဲရှိတော့တယ်... ကျန်တာဘာမှမစိုးရိမ်ရတော့ဘူး... ဦးဦးဒီမှာပဲရှိနေဦးမယ်... သမီးသာ 'ကိုကြီး' အနားမှာနေပေးပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"'ဝိုင်' လာသွားတယ်ဆိုတာ 'အန်တီကြူ' ကိုပြောပေးနော်"

"အေးပါကွယ်... ပြောပြပါ့မယ်"

အမေ့ကိုနှုတ်ဆက်ပြီး ဆေးရုံကထွက်လာတော့ 'ဝိုင်' ဟန်းဒ်ဖုန်းက အသံမြည်လာသည်။ ပေါ်နေတဲ့ဖုန်းနံပါတ်က 'ကိုကြီး' ရဲ့ဖုန်းနံပါတ်ဖြစ်နေသည်။

"'ကိုကြီး'... 'ဝိုင်' ခုပဲပြန်လာတော့မှာ... ဘာမှာချင်လို့လဲ"

"မှာစရာမရှိပါဘူး... ကြာနေလို့ဖုန်းလှမ်းဆက်လိုက်တာ ဒီနားလေးသွားတာ ဘာလို့ဒီလောက်တောင်ကြာနေရတာလဲကွာ ဘယ်ရောက်နေတာလဲ... မေမေတို့လည်း ခုထက်ထိမလာသေးဘူး"

'ဝိုင်' အဖြေရကြပ်သွားသည်။ ထမင်းစားချိန်ရောက်နေပြီဆိုတော့ ထမင်းကျွေးလာပို့တဲ့သူတွေကို မျှော်နေပြီနဲ့တူသည်။ ပုံမှန်ရောက်နေကြအချိန် 'အန်တီကြူ' တို့ရောက်မလာတဲ့အတွက် မေးနေတာပဲဖြစ်ရပါမည်။ 'ဝိုင်' ပဲကြည့်ကောင်းအောင်ပဲပြောရတော့မည်။

"'အန်တီကြူ' ကလာမှာမဟုတ်တော့ဘူး 'ကိုကြီး' ရဲ့—





'ဝိုင်' ကိုခုလေးတင်ပဲဖုန်းဆက်ပြောတယ်... 'ကိုကြီး' အတွက် 'ဝိုင်' ပဲဝယ်လာခဲ့လိုက်တော့မယ်... 'ကိုကြီး' ဗိုက်ဆာနေပြီလား"

"ဆာတော့ မဆာသေးဘူး... ဒါပေမဲ့ ဆေးသောက်ရဦးမယ်ဆိုတော့ သူ့အချိန်နဲ့သူ စားထားရမှာပဲလေ... မြန်မြန်ပြန်လာခဲ့နော်"

"အင်း အင်း... စားစရာတွေဝယ်ပြီးတာနဲ့ ပြန်လာခဲ့တော့မယ်"

တက်စီတစ်စီးကို စားသောက်ဆိုင်တစ်ဆိုင်ရှေ့ ရပ်ခိုင်းပြီး တစ်ခါတည်းစောင့်နေခိုင်းကာ 'ကိုကြီး' အတွက် တည့်မယ့်ဟင်းတွေကိုဝယ်ရသည်။ အားလုံးစုံမှ ဆေးရုံကိုလာခဲ့ရပါသည်။

လမ်းခရီးမှာတော့ အချိန်ကတော်တော်လေးကုန်သွားခဲ့သည်။ ဆေးရုံထဲဝင်လာတဲ့အချိန်မှာ 'ကိုကြီး' ကဝင်ပေါက်ဝမှာ ရပ်စောင့်နေလေသည်။

"ကြာလိုက်တာကွာ... ဒီနားနဲ့ဒီနား ဘာလို့အကြာကြီးဖြစ်နေရတာလဲ... ဖုန်းကလည်းခေါ်လို့ကိုမရတော့ဘူး"

"ဒီနားကဆိုင်တွေကသိပ်မကောင်းလို့ ရှစ်မိုင်လမ်းဆုံအထိသွားဝယ်လို့ကြာသွားတာပါ... ဖုန်းကဘက်ထရီကုန်သွားလို့ ပိတ်ထားလိုက်တာ... 'ကိုကြီး' က ဘာလို့အောက်ထပ်အထိ

www.burmeseclassic.com

www.burmeseclassic.com



ရောက်နေရတာလဲ… အချိန်တန်တာနဲ့ပြန်လာမှာပါ… အလကား သက်သက်မောနေဦးမယ်”

စိတ်ပူပန်မှုတွေ များသွားတာကြောင့်လားမသိ ‘ဝိုင်’ ပြောတဲ့အတိုင်း ‘ကိုကြီး’ ပုံစံကျမောနေရပါပြီ။ မျက်နှာပြင်မှာ ချွေးစေးတွေပြန်လာရကာ အသက်ကိုခပ်ပြင်းပြင်းရှုနေရတော့သည်။

“စိတ်ကိုအနားပေးထားပါဦးဆိုတာကို ဘယ်တော့မှနား မထောင်ဘူး… အခု ‘ကိုကိုကြီး’ ပဲမောနေပြီမဟုတ်လား… ထစ်က နဲ့ရှိရင် ‘ဝိုင်’ ကိုစိတ်ပူဖို့ပဲတတ်တယ်… တကယ်တမ်း ‘ကိုကြီး’ ကိုယ် ‘ကိုကြီး’ ပြန်စိတ်ပူနေရမှာသိရဲ့လား… ‘ဝိုင်’ ကလူကောင်း ဘာမှဖြစ်စရာအကြောင်းမရှိဘူး”

“စိတ်မချတာကို ဘယ်လိုလုပ်ရမလဲ”

“စိတ်မချအောင် ‘ဝိုင်’ ကဘာလုပ်နေလို့လဲ… ‘ကိုကြီး’ အနားမှာနေ့နေတာမဟုတ်လား… စိတ်ကျဉ်းကြပ်ရမယ့်စကား မျိုးတွေ မပြောပါနဲ့ ‘ကိုကြီး’ ရယ်… ခွဲရမယ့်ရက်ကလည်း တဖြည်း ဖြည်းနီးလာပြီ… ကိုယ့်ကျန်းမာရေးအတွက်ပဲ ပုတီးလေးဘာလေး စိပ်ပြီးပဲ ဘုရားမှာဆုတောင်းနေ… ဘယ်သူ့အကြောင်းကိုမှတွေး မနေနဲ့”



“မေမေတို့က ဒီနေ့ဘာလို့မလာတာလဲ”

“အမေမြို့ကို ခဏပြန်မလို့… ‘အန်တီကြူ’ က လိုအပ် တာတွေ လိုက်ဝယ်ပေးတာနဲ့တူပါတယ်… လူကြီးတွေကိုလည်း နေ့တိုင်းမလာနိုင်းချင်တော့ဘူး… သူတို့ခမျာ ပင်ပန်းပါတယ်… ‘ဝိုင်’ လည်းအကုန်လုပ်တတ်နေတာပဲဆိုတာ မခွဲရခင်ရက်ပိုင်းက လေးနားနေစေချင်တယ်”

“အင်း ဟုတ်သားပဲ… ‘ကိုကြီး’ ပြောလိုက်မယ်”

“ရတယ်… ‘ဝိုင်’ ပဲကြည့်ပြောလိုက်တော့မယ်”

‘ကိုကြီး’ က ‘ဝိုင်’ ပြောတာတွေကို လက်ခံချင်သလိုမျိုး ခေါင်းညိတ်ပြလိုက်တာမို့ စိတ်ထဲပေါ့သွားရတော့သည်။ မခွဲခင် ရက်ပိုင်းအတောအတွင်းတော့ ‘အန်တီကြူ’ အတွက် ရှောင်ရှားဖို့ အခွင့်အရေးရသွားခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၁၃

အိမ်မှာဆေးရုံအတွက် စိမ်ပေးမယ့်သူမရှိတော့တဲ့အခါ ဦးဦးစိတ်ရှုပ်သလို ပြောလာသည်။

"ခေါင်းဆောင်တဲ့လူတွေအကုန်လုံးက ဆေးရုံကြီးပဲ ရောက်နေကြတာဆိုတော့ အိမ်ကလူတွေလည်း ဘာလုပ်လို့ဘာ ကိုင်ရမှန်းမသိဖြစ်ကုန်ကြပြီ... 'ကိုကြီး' အတွက်လည်း ဘယ်လို မံချက်ပြုတ်ပေးရမလဲဆိုတာ သူတို့မသိကြဘူး... သမီးအန်တီ တုန်းကတော့ ဘယ်ဟာကိုဘယ်လိုလုပ် ပြောသွားတော့အမှား





သူ့အဖို့ကတော့ အားလုံးနဲ့အဆင်ပြေအောင်ပဲ ပေါင်းဖို့ စိတ်ကူးထားပါသည်။ 'ကိုကိုကြီး' နဲ့လည်း စကားပြောရတာအ ဆင်ပြေသည်။

"မင်းနဲ့အစ်ကိုတို့အဖြစ်ကလည်း ခပ်ဆင်ဆင်ပဲကွ... မင်းက လက်ထပ်ပြီးတာနဲ့ လူနာစောင့်အနေနဲ့ ဆေးရုံကိုရောက် လာတယ်... 'ဝိုင်' ကစေ့စပ်ပြီးပြီးချင်းပဲ ဆေးရုံကိုတန်းရောက်လာ တာကွ... သနားပါတယ်ကွာ... တကယ်တမ်းပြောရရင် သူ့အ နေနဲ့ ဘယ်ပျော်ပါ့မလဲ... ဝတ္တရားအရ လူကြီးတွေမျက်နှာကြောင့် သာ ဟန်မပျက်နေနေပေးတာ... သူ့စိတ် မှာတော့ အိမ်ကိုပဲပြန် ပြေးချင်နေမှာသေချာတယ်... အစ်ကို့အဖို့ကလည်း သူ မရှိရင်မ ဖြစ်ဘူး... မိဘတွေကြားရင်တော့ ရင်နာမယ်... ချစ်ရတဲ့သူက မိဘထက်အရေးကြီးလို့လေ... အစ်ကိုကလည်း ခဏတဖြုတ် လေး သူ အိမ်ပြန်ပြီးရေမိုးချိုးတာတောင် ကျိကျချင်နေတာ... ပွင့် ပွင့်လင်းလင်းပြောရရင် မျက်စိအောက်မှာပဲ ထားချင်တာလေ"

'ကိုကိုကြီး' စကားကိုကြားပြီး သူ ပြုံးမိသည်။ ဩော် ခုတိယ 'ဇင်ယော်' ပါလားဆိုတဲ့အတွေးမျိုးနဲ့ပါ။ 'ဝိုင်' ပုံစံကိုကြည့် ရတာ သူ စိတ်စားနေရသလိုများ ဖြစ်နေတာလားမပြောတတ်။ စ ကားတွေကချိုသာပျူငှာပေမယ့် မျက်လုံးအကြည့်တွေကတော့



www.burmeseclassic.com

www.burmeseclassic.com

အနည်းငယ်အေးစက်နေသည်ဟုထင်မိသည်။

ရင်ထဲက ခံစားချက်အစစ်အမှန်ကိုဖုံးဖိပြီး အားလုံးနဲ့အဆင်ပြေအောင် ဆက်ဆံနေသည့်အတိုင်းပါပဲ။ တစ်နေ့ 'ဝိုင်' မျက်နှာက ငိုတော့မလို့ပျက်ယွင်းကာ လူကလည်းကတုန်ကရီဖြစ်ကာနေသည်။

'ကိုကိုကြီး' မနက်ဆေးသောက်ပြီး ကုတင်ပေါ်မှာမှိန်းနေလေသည်။ သူ့ကုတင်မှာ သူထိုင်နေပေမယ့် မျက်နှာချင်းဆိုင်ဖြစ်နေတာကြောင့် 'ဝိုင်' ဖြစ်ပျက်နေတဲ့ပုံစံကိုကြည့်ပြီး မနေနိုင်တော့ချေ။

တစ်ခါမှစကားမပြောဖူးပေမယ့် တစ်ခုခုဆိုကူညီရအောင် ခပ်တိုးတိုးပဲ သူမေးကြည့်လိုက်မိသည်။ သူပြောတဲ့စကားကို ချက်ချင်းတော့ 'ဝိုင်' ဘက်က ကြားသေးပုံမပေါ်။ သူ အသံကိုထပ်မြှင့်ပြီးပြောလိုက်ရပြန်သည်။

"ဒီမှာ... ဘာဖြစ်တာလဲ... ကျွန်တော်ဘာကူညီပေးရမလဲ"

'ဝိုင်' မျက်လုံးမှာ မျက်ရည်တွေဝဲနေပါပြီ။ 'ကိုကိုကြီး' ဆီကိုလည်း မလုံသလိုမျိုးကြည့်လိုက်ပြန်သေးသည်။ ပြီးတော့မှ

"'ဝိုင်' အရေးတကြီးကိစ္စသွားစရာရှိလို့ပါ... ဘယ်လိုသွားရမှန်းမသိဘူး"

"လာ... လာ"

'ကိုကိုကြီး' ကြားသွားမှာစိုးတာကြောင့် တခြားတစ်ဖက်ကိုခေါ်ခဲ့ရပါသည်။ ဝင်ပေါက်ကြီးကနေထွက်လာပြီး လျှောကားအနားမှာ ရပ်မေးကြည့်လိုက်မိသည်။

"ဘာဖြစ်လို့လဲ... ကျွန်တော်ဘာကူညီပေးရမလဲ"

"'ဝိုင်' တော့သေချင်တာပါပဲ... ခုလေးတင်ပဲ ဦးဆီကဖုန်းဝင်လာတယ်... 'အန်တီကြူ' နဲ့အမေတို့ ဒီဆေးရုံအလာမှာကား accidentဖြစ်လို့တဲ့... အမေကတော့ ပွန်းပဲ့ယုံပဲတဲ့... 'အန်တီကြူ' ကတော့ သတိမလည်သေးဘူးတဲ့... ခြေထောက်လည်းကျိုးသွားတယ်လို့ပြောတယ်... 'ဝိုင့်' ကိုလိုက်လာခဲ့လို့ရရင်လိုက်လာပါတဲ့... 'ကိုကြီး' မသိပါစေနဲ့တဲ့... 'ဝိုင်' ဘယ်လိုလုပ်ရမလဲ... စိတ်ညစ်လိုက်တာ... အမေတို့ကိုလည်း စိတ်ပူတယ်... 'ဝိုင်' လိုက်သွားချင်တယ်... 'ကိုကြီး' က... အဟင့်... ဟင်း"

စကားသံတွေတုန်ထစ်ကာ ဆက်မပြောနိုင်တော့ဘဲ 'ဝိုင်' အငိုချလိုက်ပါတော့သည်။ ငိုနေတဲ့ 'ဝိုင်' ရဲ့ပုံစံကိုကြည့်ပြီး သူ့ရင်ထဲမှာ ဘယ်လိုဖြစ်သွားရမှန်းကို မသိလိုက်ပါ။ သနားခြင်းဆိုတဲ့စိတ်ခံစားမှုအပြင် အမည်မဖော်ပြတတ်တဲ့ခံစားချက်တစ်မျိုးကိုပါ




www.burmeseclassic.com

www.burmeseclassic.com

ခံစားနေရတဲ့အတိုင်းပါပဲ။

'မ'ငိုတာမြင်တာကိုတောင် ဒီလိုမျိုးထိထိခိုက်ခိုက် သူမခံစားမိခဲ့ချေ။

"ဒီလိုလုပ်ပါလား... 'ကိုကိုကြီး' ကိုတစ်ခုခုအကြောင်းပြပြီး အပြင်ရောက်အောင်ထွက်လေ... သွားချင်တဲ့နေရာကိုတော့ ကျွန်တော့်ဘက်က ရောက်အောင်ပို့ပေးနိုင်ပါတယ်"

"'ဗိုင်'ဘက်က ဘာဂ်ိ အကြောင်းပြရမလဲ"

"တစ်ခုခုပေါ့ကွာ... အဆင်ပြေမယ့်အကြောင်းပြချက်ပေါ့"

"အင်း အင်း... 'ဗိုင်' ပြောကြည့်မယ်... 'ကိုသုတ' ခဏစောင့်နေပေးနော်"

ချက်ချင်းပင် 'ဗိုင်' ကထွက်သွားဖို့ပြင်သည်။ ငိုယိုထားတာကိုမေ့ထားပုံရသည်။

"နေဦးလေ... မျက်နှာကိုသုတ်... ဒီပုံစံအတိုင်းသွားရင် 'ကိုကိုကြီး' ရိပ်မိသွားလိမ့်မယ်"

"ဟုတ်သားပဲ"

'ဗိုင်' လက်ထဲသို့ သူ့အင်္ကျီအိတ်ကပ်ထဲမှ လက်ကိုင်ပဝါကို ထုပ်ပေးလိုက်မိသည်။





"ကျေးဇူးပဲနော်"

'ဗိုင်' ကမျက်ရည်စတွေကို ကုန်စင်အောင်သုတ်ပြီး အခန်းတွေရှိရာဘက် ပြန်လျှောက်သွားခဲ့သည်။ 'ဗိုင်' နောက်ကလိုက်သွားရင်မကောင်းတာကြောင့် ဝင်ပေါက်ကနေ ဘယ်ဘက်ခြမ်းရှိ လူနာစောင့်တွေဘက်ဆီသွားပြီးမှ 'မ' ရှိနေတဲ့အခန်းကို လာခဲ့လိုက်သည်။ 'မ' ဆီမှာ သူလည်းခွင့်တောင်းရဦးမည်။

"ကျွန်တော် လိုအပ်တဲ့ဆေးတွေသွားဝယ်လိုက်ဦးမယ်... 'မ' ဘာမှာဦးမလဲ... ဘာစားချင်သလဲ"

'မ' ပုံစံက နွမ်းလျနေသည်။ ANGIO လုပ်ထားတာရက်ပိုင်းကလေးပဲရှိသေးတဲ့အတွက် လူမမာတစ်ယောက်လိုဖြစ်နေသေးသည်။

"ဘာမှမစားချင်ပါဘူး... မြန်မြန်ပြန်လာခဲ့နော်"

"သွားပြီနော်"

'မ' ရဲ့လက်ကိုဆုပ်ကိုင်ပြီး နှုတ်ဆက်လိုက်ရပေမယ့် သူ့စိတ်ထဲမှာတော့ လုံခြုံမှုသိပ်မရှိလှချေ။ သူ့ဘက်က တစ်ခါမှ မသိမ်ညာဖူးတာကြောင့် စိတ်ထဲမှာတစ်မျိုးခံစားနေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၂

"ကျွန်တော် စောင့်နေပေးရဦးမလား"

'ဝိုင်' ကစဉ်းစားနေပုံရသည်။ ပြီးတော့မှ…

"ဖြစ်နိုင်ရင်တော့ ခဏလေးပဲဖြစ်ဖြစ်စောင့်ပေးပါလား ဦးဦးကလည်း စိတ်ရှုပ်နေတော့ 'ဝိုင်' ကိုပြန်လိုက်ပို့ပေးနိုင်မှာ မဟုတ်ဘူး… 'ဝိုင်' လည်း အကြာကြီးနေလို့မရဘူးလေ… 'ကိုကြီး' ကိုဆေးဝယ်မယ်ဆိုပြီး ပြောထွက်လာခဲ့တာ"

သူ ပြုံးလိုက်မိသည်။ သူတို့နှစ်ယောက်ရဲ့အကြောင်းပြ





ချက်တွေက တူနိုင်လွန်းလှချည် လား။

"'ကိုသုတ' က ဘာကိုပြုံးတာလဲ"

"ဪ… ကျွန်တော်လည်း 'ဝိုင်' ပြောသလိုမျိုးပဲပြောပြီး ထွက်လာခဲ့တာလေ"

"'ဝိုင်' လိုမျိုး လူနာနားကနေ ခွာလို့မရဘူးလား"

"ဆိုပါတော့…"

"'ဝိုင်' အဖြစ်ကပိုဆိုးပါတယ်… အခု ကိုယ့်အမေတစ်ယောက်လုံး ဆေးရုံရောက်နေတာတောင် ပြုစုခွင့်မရတဲ့ဘဝပါ နော်… အမှန်အတိုင်းဖွင့်ပြောပြလိုက်ပြန်ရင်လည်း 'ကိုကြီး' ရောဂါဖောက်လာမှာကြောက်ရသေးတယ်… အမေ့အခြေအနေ ဆိုးဆိုးဝါးဝါး မထိခိုက်တာပဲတော်သေးတယ်လို့ ပြောရမယ်"

"'ဝိုင်' နဲ့ 'ကိုကိုကြီး' လက်ထပ်ထားတာ ကြာပြီလား"

"လက်ထပ်ထားတာ…"

တအံ့တဩပြန်မေးလိုက်တဲ့ 'ဝိုင်' ရဲ့ပုံစံကြောင့် သူ တစ်မျိုးဖြစ်သွားရသည်။ ကားကိုဂရုတစိုက်မောင်းနေရင်းနဲ့ပင် 'ဝိုင်' ကိုကြည့်လိုက်မိပါသည်။ စောစောကငိုထားတဲ့အရှိန်နဲ့ မျက်နှာ ပြောင်လေးဖြစ်နေတာတောင် လှနိုင်သေးသည်။

မပြင်မဆင်၊ မချယ်သတဲ့သဘာဝအတိုင်း လှနေတဲ့မိန်း



www.burmeseclassic.com

www.burmeseclassic.com

ကလေးတစ်ယောက်ရဲ့အလှကို ဒီတစ်ကြိမ်ပဲ သူမှာနီးနီးကပ်ကပ်ကြီးမြင်တွေ့ဖူးလိုက်တာကြောင့် ရင်ထဲမှာခံစားမှုတစ်မျိုးနဲ့ လှိုက်ဖိုသွားခဲ့ရသည်။

'မ' နဲ့တွဲတာကြာနေတာတောင်မှ ဒီနေ့အထိ 'မ' ရဲ့မပြင်ဆင်သောပုံသဏ္ဍာန်ကိုမမြင်ဖူးသေးပါ။ ဆေးရုံမှာတောင် 'မ' ကလှမြင်ကောင်းအောင်လို့ဆိုပြီး 'ခေါ်ထွေး' အား မနက်မိုးလင်းတာနဲ့ ပြင်ဆင်ပြုပြင်နိုင်းတာပါ။

ရင်မခုန်တော့ဘူးလို့ထင်တဲ့ သူ့ရဲ့နှလုံးသားဟာ ခဏတာအချိန်အတွင်းမှာပဲ လှိုက်ဖိုချင်နေတာ ဆန်းတော့ဆန်းနေပါပြီ။ သူ့ စိတ်တွေဘာဖြစ်ချင်နေရတာလဲ။ အသက်ကိုခပ်ပြင်းရှူလိုက်ရင်း...

"ကျွန်တော်ပြောတာ ဘာမှားသွားလို့လဲ"

"မှားနေတယ်လေ... 'ဝိုင်' နဲ့ 'ကိုကိုကြီး' နဲ့ကမှ လက်ထပ်ရသေးတာ... စေ့ပဲစေ့စပ်ရသေးတယ်"

"ဟာ ဆောရီးဗျာ... ကျွန်တော်စကားကြွယ်တောင်းပန်ပါတယ်... 'ကိုကိုကြီး' ရဲ့ဘေးမှာ 'ဝိုင်' ကိုအမြဲတမ်းတွေ့နေရတော့ လက်ထပ်ပြီးပြီပဲထင်လိုက်မိလို့ပါ... မှားသွားတယ်ဗျာ"

"ရပါတယ်... တစ်ချိန်ကျ ရင်လည်း 'ကိုသုတ' ပြော





လိုပဲဖြစ်ရမှာပါပဲ... 'ဝိုင်' မှာရွေးချယ်စရာလမ်းမှ မရှိဘဲ"

"ဟုတ်တယ်... လူ့ဘဝမှာရွေးချယ်စရာလမ်းမရှိလို့ လျှောက်ခဲ့ရတဲ့လူတွေ ဘယ်နှစ်ယောက်တောင်ရှိနေပြီလဲမသိဘူး ကိုယ်ချင်းစာပါတယ်... ကျွန်တော်လည်း အတူတူပဲ"

'ဝိုင်' ကရှေ့တည့်တည့်ကိုပဲ ငေးနေလေသည်။ ဘာစကားမှ ပြန်မပြောတော့ပါ။ ရုတ်တရက်မထင်မှတ်ဘဲ ရင်ဖွင့်သလိုဖြစ်သွားမိတဲ့ သူကိုယ့်သူ ပြန်ရှက်နေပုံရသည်။ တိတ်ဆိတ်ငြိမ်သက်စွာနဲ့ပဲ 'ဝိုင်' ပို့ခိုင်းတဲ့ အထူးကုဆေးရုံတစ်ရုံဆီ ရောက်လို့လာခဲ့ရသည်။

"ကျွန်တော် အပေါ်မလိုက်တော့ဘူးနော်"

"ရပါတယ်... 'ဝိုင်' ကိုလည်း စောင့်မနေပါနဲ့တော့... 'ဝိုင်' ဖာသာပြန်ခဲ့ပါ့မယ်"

"ကျွန်တော့်ကို အားနာလို့လား"

"မဟုတ်ဘူး"

"ဒါဖြင့်..."

"'ကိုသုတ' ပြန်အလာကိုစောင့်မျှော်နေမယ့် လူနာတွေ စာနာလို့ပါ... ပြန်လိုက်ပါ... 'ဝိုင်' တို့နောက်မှတွေ့ကြတာပေါ့"

ခေါင်းညိတ်ကာ အရှိန်ပြင်းပြင်းနဲ့မောင်းထွက်သွားတဲ့

www.burmeseclassic.com

www.burmeseclassic.com



'ကိုသုတ' ရဲ့ကားကိုကြည့်ပြီး သက်ပြင်းမောကိုချပစ်သွားရသည်။ မထင်မှတ်ဘဲ 'ကိုသုတ' ကို 'ဝိုင်' ရင်ထဲကခံစားချက်တစ်ချို့ ဖွင့်ပြောမိသွားရသည်။

ဘယ်လိုဖြစ်ပြီး သူစိမ်းယောကျ်ားတစ်ယောက်ဆီမှာ 'ဝိုင်' ပျော့်ဝင်မိသွားတာလဲမသိပါ။ မျက်မှန်းတန်းနေမိတာကြာပေမယ့် 'ဝိုင်' တို့နှစ်ယောက် စကားမပြောဖူးကြတာသေချာပါသည်။ ပြောမိတော့လည်း တကယ့်ကိုရင်းနှီးကြတဲ့ မိတ်ဆွေတွေပမာ ရင်ထဲကဆန္ဒတွေပါပွင့်ထွက်ကုန်ကြသည်။

'ကိုသုတ' နဲ့ 'ဝိုင်' နဲ့ခင်တာကို 'ကိုကြီး' သိရင်ဘာများပြောမှာပါလိမ့်။ သဝန်တိုတတ်လွန်းသော 'ကိုကြီး' ရဲ့စိတ်ဓါတ်ကြောင့် 'ဝိုင်' အနေနဲ့ အနေအထိုင်ဆင်ခြင်ရတာတွေ များပါသည်။ ဒါကြောင့်လည်း ဘေးခန်းက 'မမနန်း' ဆီမှာ သွားသွားစကားပြောနေဖြစ်နေတာပါ။

'ဝိုင်' ကိုတွေ့တော့ အမေကခပ်တင်းတင်းဖက်ထားသည်။

'အင်ဆီကြူ။' ထောထဝေးပေါ်ခန်းထဲကပြန်ထွက်မလာသေးပါ။
'အန်တီကြူ' က အရေးပေါ်ခန်းထဲကပြန်ထွက်မလာသေးပါ။

"ကကောင်းလို့သမီးရယ်... အမေဖြင့်သေပြီအောင်ထင်တာ... တစ်ဖက်က ကားကဘာရိတ်ပေါက်ပြီးဝင်တိုက်တာလေ... 'မမကြူ' ဘက်ကိုဆိုတော့ 'မမကြူ' တော်တော်ခံလိုက်ရတယ်...



အရမ်းကြီးတော့မစိုးရိမ်ရဘူးလို့ပြောတာပဲ... သမီးဦးဦးကတော့ 'မမကြူ' အခန်းဝမှာစောင့်နေရှာတယ်... 'ကိုကိုကြီး' ကိုဘယ်လိုပြောပြီးထွက်ခဲ့တာလဲ... အမေတို့ကားတိုက်တယ်ဆိုတာ သိသွားပြီလား"

"မသိဘူး... ဘယ်ပြောလို့ဖြစ်မှာလဲ... ဆေးဝယ်မယ်ဆိုပြီး ထွက်လာခဲ့ရတာ... 'ဝိုင်' လည်းဘာလုပ်ရမှန်းမိတော့ဘူး... 'ကိုကြီး' ဆီပြန်သွားရင်ကောင်းမလား... အမေတို့ဆီမှာပဲ နေရမလားမသိဘူး... ဦးဦးကိုမေးကြည့်ဦးမယ်"

"'ကိုကိုကြီး' ဆီမှာပဲနေပါကွယ်... ဟိုက နဂိုတည်းကအားငယ်နေတဲ့သူ... သမီးသာဒီရောက်နေရင် သူဆေးရုံကနေချက်ချင်းဆင်းလာမှာ ကျိန်းသေနေတယ်"

အမေ့အခြေအနေက အနည်းငယ်ပွန်းပဲ့ရုံကလွဲပြီး ကျန်ဘာမှမဖြစ်တာမို့ 'ဝိုင်' စိတ်အေးသွားခဲ့ရသည်။ ဦးဦးက 'ဝိုင်' ကိုတွေ့တော့ ပြန်ဖို့စကားစသည်။

"စိတ်မပူပါနဲ့သမီး... သမီး 'အန်တီကြူ' ပြန်သတိရလာပြီတဲ့... အသားထဲစိုက်ဝင်သွားတဲ့ မှန်ကွဲစတွေကို ဖယ်ထုတ်နေတာပဲရှိတော့တယ်... ကျန်တာဘာမှမစိုးရိမ်ရတော့ဘူး... ဦးဦးဒီမှာပဲရှိနေဦးမယ်... သမီးသာ 'ကိုကြီး' အနားမှာနေပေးပါကွယ်"

www.burmeseclassic.com

www.burmeseclassic.com



" 'ဝိုင်' လာသွားတယ်ဆိုတာ 'အန်တီကြူ' ကိုပြောပေးနော်"

"အေးပါကွယ်... ပြောပြပါ့မယ်"

အမေ့ကိုနှုတ်ဆက်ပြီး ဆေးရုံကထွက်လာတော့ 'ဝိုင်' ဟန်းဒ်ဖုန်းက အသံမြည်လာသည်။ ပေါ်နေတဲ့ဖုန်းနံပါတ်က 'ကိုကြီး' ရဲ့ဖုန်းနံပါတ်ဖြစ်နေသည်။

" 'ကိုကြီး'... 'ဝိုင်' ခုပဲပြန်လာတော့မှာ... ဘာမှာချင်လို့လဲ"

"မှာစရာမရှိပါဘူး... ကြာနေလို့ဖုန်းလှမ်းဆက်လိုက်တာ ဒီနားလေးသွားတာ ဘာလို့ဒီလောက်တောင်ကြာနေရတာလဲကွာ ဘယ်ရောက်နေတာလဲ... မေမေတို့လည်း ခုထက်ထိမလာသေးဘူး"

'ဝိုင်' အဖြေရကြပ်သွားသည်။ ထမင်းစားချိန်ရောက်နေပြီဆိုတော့ ထမင်းဂျိုင့်လာပို့တဲ့သူတွေကို မျှော်နေပြီနဲ့တူသည်။ ပုံမှန်ရောက်နေကြအချိန် 'အန်တီကြူ' တို့ရောက်မလာတဲ့အတွက် မေးနေတာပဲဖြစ်ရပါမည်။ 'ဝိုင်' ပဲကြည့်ကောင်းအောင်ပဲပြောရတော့မည်။

" 'အန်တီကြူ' ကလာမှာမဟုတ်တော့ဘူး 'ကိုကြီး' ရဲ့—





'ဝိုင်' ကိုခုလေးတင်ပဲဖုန်းဆက်ပြောတယ်... 'ကိုကြီး' အတွက် 'ဝိုင်' ပဲဝယ်လာခဲ့လိုက်တော့မယ်... 'ကိုကြီး' ဗိုက်ဆာနေပြီလား"

"ဆာတော့ မဆာသေးဘူး... ဒါပေမဲ့ ဆေးသောက်ရဦးမယ်ဆိုတော့ သူ့အချိန်နဲ့သူ စားထားရမှာပဲလေ... မြန်မြန်ပြန်လာခဲ့နော်"

"အင်း အင်း... စားစရာတွေဝယ်ပြီးတာနဲ့ ပြန်လာခဲ့တော့မယ်"

တက်စီတစ်စီးကို စားသောက်ဆိုင်တစ်ဆိုင်ရှေ့ ရပ်ခိုင်းပြီး တစ်ခါတည်းစောင့်နေခိုင်းကာ 'ကိုကြီး' အတွက် တည့်မယ့်ဟင်းတွေကိုဝယ်ရသည်။ အားလုံးစုံမှ ဆေးရုံကိုလာခဲ့ရပါသည်။

လမ်းခရီးမှာတော့ အချိန်ကတော်တော်လေးကုန်သွားခဲ့သည်။ ဆေးရုံထဲဝင်လာတဲ့အချိန်မှာ 'ကိုကြီး' ကဝင်ပေါက်ဝမှာ ရပ်စောင့်နေလေသည်။

"ကြာလိုက်တာကွာ... ဒီနားနဲ့ဒီနား ဘာလို့အကြာကြီးဖြစ်နေရတာလဲ... ဖုန်းကလည်းခေါ်လို့ကိုမရတော့ဘူး"

"ဒီနားကဆိုင်တွေကသိပ်မကောင်းလို့ ရှစ်မိုင်လမ်းဆုံဘက်သွားဝယ်လို့ကြာသွားတာပါ... ဖုန်းကဘက်ထရီကုန်သွားလို့ ပိတ်ထားလိုက်တာ... 'ကိုကြီး' က ဘာလို့အောက်ထပ်အထိ



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေရတာလဲ... အချိန်တန်တာနဲ့ပြန်လာမှာပါ... အလကား သက်သက်မောနေဦးမယ်"

စိတ်ပူပန်မှုတွေ များသွားတာကြောင့်လားမသိ 'ဝိုင်' ပြောတဲ့အတိုင်း 'ကိုကြီး' ပုံစံကမောနေရပါပြီ။ မျက်နှာပြင်မှာ ချွေးစေးတွေပြန်လာရကာ အသက်ကိုခပ်ပြင်းပြင်းရှူနေရတော့သည်။

"စိတ်ကိုအနားပေးထားပါဦးဆိုတာကို ဘယ်တော့မှနား မထောင်ဘူး... အခု 'ကိုကိုကြီး' ပဲမောနေပြီမဟုတ်လား... ထစ်က နဲ့ရှိရင် 'ဝိုင့်' ကိုစိတ်ပူဖို့ပဲတတ်တယ်... တကယ်တမ်း 'ကိုကြီး' ကိုယ် 'ကိုကြီး' ပြန်စိတ်ပူနေရမှာသိရဲ့လား... 'ဝိုင်' ကလူကောင်း ဘာမှဖြစ်စရာအကြောင်းမရှိဘူး"

"စိတ်မချတာကို ဘယ်လိုလုပ်ရမလဲ"

"စိတ်မချအောင် 'ဝိုင်' ကဘာလုပ်နေလို့လဲ... 'ကိုကြီး' အနားမှာနေ,နေတာမဟုတ်လား... စိတ်ကျဉ်းကြပ်ရမယ့်စကား မျိုးတွေ မပြောပါနဲ့ 'ကိုကြီး'ရယ်... ခွဲရမယ့်ရက်ကလည်း တဖြည်း ဖြည်းနီးလာပြီ... ကိုယ့်ကျန်းမာရေးအတွက်ပဲ ပုတီးလေးဘာလေး စိပ်ပြီးပဲ ဘုရားမှာဆုတောင်းနေ... ဘယ်သူ့အကြောင်းကိုမှတွေး မနေနဲ့"





"မေမေတို့က ဒီနေ့ဘာလို့မလာတာလဲ"

"အမေမြို့ကို ခဏပြန်မလို့... 'အန်တီကြူ'က လိုအပ် တာတွေ လိုက်ဝယ်ပေးတာနဲ့တူပါတယ်... လူကြီးတွေကိုလည်း နေ့တိုင်းမလာခိုင်းချင်တော့ဘူး... သူတို့ခမျာ ပင်ပန်းပါတယ်... 'ဝိုင်' လည်းအကုန်လုပ်တတ်နေတာပဲဆိုတော့ မခွဲရခင်ရက်ပိုင်းက လေးနားနေစေချင်တယ်"

"အင်း ဟုတ်သားပဲ... 'ကိုကြီး' ပြောလိုက်မယ်"

"ရတယ်... 'ဝိုင်' ပဲကြည့်ပြောလိုက်တော့မယ်"

'ကိုကြီး' က 'ဝိုင်' ပြောတာတွေကို လက်ခံချင်သလိုမျိုး ခေါင်းညိတ်ပြလိုက်တာမို့ စိတ်ထဲပေါ့သွားရတော့သည်။ မခွဲခင် ရက်ပိုင်းအတောအတွင်းတော့ 'အန်တီကြူ' အတွက် ရှောင်ရှားဖို့ အခွင့်အရေးရသွားခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၁၃

အိမ်မှာဆေးရုံအတွက် စီမံပေးမယ့်သူမရှိတော့တဲ့အခါ ဦးဦးစိတ်ရှုပ်သလို ပြောလာသည်။

"ခေါင်းဆောင်တဲ့လူတွေအကုန်လုံးက ဆေးရုံကြီးပဲ ရောက်နေကြတာဆိုတော့ အိမ်ကလူတွေလည်း ဘာလုပ်လို့ဘာ ကိုင်ရမှန်းမသိဖြစ်ကုန်ကြပြီ... 'ကိုကြီး' အတွက်လည်း ဘယ်လို မချက်ပြုတ်ပေးရမလဲဆိုတာ သူတို့မသိကြဘူး... သမီးအန်တီ တုန်းကတော့ ဘယ်ဟာကိုဘယ်လိုလုပ် ပြောသွားတော့အမှား





ယွင်းကင်းတယ်လေ... ဒီနေ့ထမင်းဂျိုင့်ကိုကြည့်လိုက်တော့ ဟင်းတွေကဆီပြန်တွေချည်းပဲ... 'ကိုကြီး' ကိုကျွေးလို့ဘယ်ရမလဲ"

"'ကိုကြီး' အတွက် 'ဗိုင်' ဖါသာဝပဲဖုန်းဆက်ပြီး စီမံပေးလိုက်ပါ့မယ်... ဦးဦးလည်း ဟိုဆေးရုံပြေး ဒီဆေးရုံလာနဲ့ တော်တော်ပင်ပန်းလှပြီ... ကိုယ့်ကျန်းမာရေးကိုလည်း ဂရုစိုက်ပါဦးနော် ဒါနဲ့မေမေက မဆင်းရသေးဘူးလား"

"နှစ်ရက်လောက်နေရင်တော့ ဆင်းရမယ်ပြောတာပဲ... ဆော်ရာနဲ့မဆိုင်ပေမယ့် သွေးတိုးကမကျသေးတော့ ဆရာဝန်က ဆက်နေချင်သေးတာနဲ့ ထားလိုက်တာ... သမီးမေမေအိမ်ပြန် ရောက်ရင်တော့ အိမ်ကိစ္စကိုစိတ်ပူစရာမလိုတော့ဘူးလေ"

"ဘယ်လိုဖြစ်ပြီး 'ဗိုင်' တို့မှာ ဂြိုဟ်ဆိုးတွေဝင်နေသလဲ သိဘူးနော်... ဆေးရုံဆေးခန်းတွေနဲ့ကို အဆက်မပြတ်တော့ဘူး"

"'ကိုကြီး' ဘာပြောသေးလဲ"

"မပြောဘူး... 'ကိုကြီး' စိတ်ထဲနားနေတယ်ပဲထင်နေတာ ဘားကောင်းကောင်းပြောနိုင်ရင်တော့ 'ကိုကြီး' ဆီကို 'အန်တီ ...' ဖုန်းဆက်ပေးခိုင်းပါဦးနော်... အိမ်အတွက်လည်း မပူပါနဲ့... ...င်' ကြည့်စီစဉ်ပါ့မယ်"

'ကိုကြီး' ရဲ့အလစ်မှာ ဖြစ်ပျက်နေတဲ့အခြေအနေတွေကို



www.burmeseclassic.com

www.burmeseclassic.com

ပြောပြနေကြတာဖြစ်သည်။ နှစ်ယောက်စလုံး အိုင်တင်တွေက သိပ်ကောင်းနေတဲ့အတွက် 'ကိုကြီး' ဘက်က လုံးဝကိုရိုပ်မိခြင်းမရှိချေ။

'ဝိုင်' အတွက်ကတော့ ဆေးရုံတွေအတွက် ထမင်းဂျိုင့်စီစဉ်ပေးရခြင်းတာဝန်ကပိုလာခဲ့ပါသည်။

"အိမ်ကလူတွေလာပို့နေကြတာပဲဟာ... 'ဝိုင်' ကဘာလို့အိမ်ပြန်ပြန်ယူနေရတာလဲ"

'ကိုကြီး' ရဲ့အသံက မနှစ်မြို့သလိုထွက်လာခဲ့သည်။ 'ဝိုင်' အိမ်ပြန်မယူလို့ ဘယ်သူကလာပို့မှာလဲ။ ကားနှစ်စီးရှိတာ တစ်စီးကဝပ်ရှော့ရောက်ပြီး ကျန်တစ်စီးကိုဦးဦးက သုံးနေတာဆိုတော့ 'ဝိုင်'တို့ဆီ ထမင်းဂျိုင့်ကဘယ်ရောက်လာပါ့မလဲ။

ဦးဦးကပို့ ပေးမယ်ပြောပေမယ့် ဆေးရုံကိစ္စတွေအပြင် အလုပ်ကိစ္စတွေကိုပါ တာဝန်ခွဲယူနေရတဲ့ ဦးဦးကို ဒုက္ခမပေးချင်တော့ပါ။ 'ဝိုင်' ပဲအပင်ပန်းခံကာ ဆေးရုံနှစ်ခုလုံးအတွက် တာဝန်ယူထားလိုက်ပါသည်။

အမေဆေးရုံကဆင်းရင် 'ဝိုင်' လုပ်ပေးစရာမလိုတော့ဘူးဆိုတော့ သုံးလေးရက်ကိစ္စကို အဆင်ပြေပြေပဲဖြစ်သွားစေချင်သည်။ အဖြစ်မှန်တွေကိုမသိတဲ့ 'ကိုကြီး' ကတော့ 'ဝိုင့်' လုပ်ရပ်ကို





ဒီလုပ်ရပ်ဟု ထင်နေပုံရသည်။ ရှင်းပြလို့မရတဲ့အတွက် 'ဝိုင့်' ဝ လှည့်ပတ်ပြီးသာ ဖြေရှင်းနေရတော့သည်။

"ကားတစ်စီးပျက်နေတယ်လေ 'ကိုကြီး' ရယ်... ဦးဦးကိုသည်းမပင်ပန်းစေချင်ဘူး... 'ဝိုင်' လည်းနေ့တိုင်းတိုင်းလိုလို ရေမိုးအဝတ်အစားလဲပြန်နေကြဆိုတော့ တစ်ခါတည်းနဲ့ကိစ္စပြတ်သွားအောင်လို့ မလာနိုင်းတော့တာ... နင်မို့ဆို ထမင်းဂျိုင့်လာပို့တဲ့ကားနဲ့ 'ဝိုင်' ကပြန်လိုက်... ပြီးတော့ တစ်ခေါက်ပြန်လိုက်ပို့နဲ့ဆိုတော့ အလုပ်တွေကသိပ်ရှုပ်တယ်... ကားနှစ်စီးဆိုရင်တော့ ဝိုင်' ကမပြောပါဘူး... တစ်စီးတည်းဖြစ်နေတော့ ဦးဦးကိုအားနာတယ်... တော်ကြာ 'ဝိုင်' သုံးနေတဲ့အချိန်ကြမှ အရေးတကြီးကိစ္စ ပေါ်လာရင်ဘာယ်လုပ်မလဲ"

"ပေါ်လာတော့လည်း အလုပ်ကကားနှစ်စီးရှိသေးတာပဲ တစ်စီးပျက်နေရင် အဲဒီကားတွေယူသုံးပေါ့"

"ရပါတယ် 'ကိုကြီး' ရယ်... သုံးလေးရက်ကိစ္စပဲဟာ မသုံးချင်တော့ဘူး"

ဘယ်လိုပဲဖြစ်ဖြစ် နောက်ဆုံးတော့ 'ဝိုင့်' သဘောအတိုင်းဖြစ်ရသည်။ ဆေးရုံနှစ်ခုအတွက် ချက်ပြုတ်ရမည့်ဟင်းလျာတွေကို တစ်ရက်ကြိုပြီးညနေလောက်ကတည်းက ဖုန်းဆက်ပြီးကြို



www.burmeseclassic.com

www.burmeseclassic.com

စီစဉ်ပေးထားရသည်။

ဂျိုင့်တွေကိုလည်း သပ်သပ်ခွဲခိုင်းထားရပါသည်။ ဆီသိ
မပါသောဟင်းတွေက 'ကိုကြီး' အတွက်ဖြစ်ပြီး၊ ပုံမှန်ဟင်းတွေကို
တော့ 'အန်တီကြူ' ဟို့အတွက် ချက်ခိုင်းရသည်။ ဦးဦးကလည်း
'အန်တီကြူ' နဲ့အတူတူဆေးရုံမှာစားတာဆိုတော့ လိုလေသေးမ
အောင် 'ဝိုင်' ကစီစဉ်ပေးရလေသည်။

အိမ်ပြန်ရောက်တာနဲ့ ရေမိုးချိုးအဝတ်အစားလဲပြီး ထ
မင်းဂျိုင့်တွေကိုစစ်ဆေးကာ ဆေးရုံနှစ်ခုဆီအချိန်မီပြေးရတော့
သည်။ တက်စီနဲ့ပဲသွားတာဆိုတော့ စရိတ်ကတော့ထောင်းလုတ
သည်။

အလျင်လိုနေတဲ့အချိန်ဆိုတော့လည်း ဘယ်တတ်နိုင်
မလဲ။ 'ဝိုင်' စီးတဲ့ကားထဲမှာ ထမင်းဂျိုင့်တွေနဲ့ပြည့်နေရလေသည်
ည၊ မနက်ဆိုတော့ ဆေးရုံတစ်ခုကိုနှစ်ဂျိုင့်၊ နှစ်ဂျိုင့်နဲ့ လေးဂျိ
ဖြစ်နေရသည်။ 'အန်တီကြူ' ကတော့ 'ဝိုင့်' ကိုကြည့်ပြီးသနား
ပုံရသည်။

"အန်တီလည်း ဆေးရုံကနေဆင်းချင်ပါပြီကွယ်... လ
ကမကောင်းသေးလို့သာနေ,နေရတယ်... စိတ်ကတော့ 'ကို
နဲ့ သမီးဆီရောက်နေတော့တာ... အဆင်ပြေပါ့မလား ပြေ





လားနဲ့ ရင်ထဲမှာပူနေတာပဲ... 'ကိုကြီး' နဲ့ဖုန်းပြောတော့လည်း
အန်တီ့ကို အပြစ်ပဲတင်နေတာ... သမီးခုလိုမျိုးသွားလာလှုပ်ရှား
နေတာကို မကျေနပ်ဖူးဖြစ်နေတယ်လေ"

"အမေဆင်းရင်တော့ 'ဝိုင်' သက်သာတော့မှာပါ... အဲဒီ
ကျရင်တော့ 'ကိုကြီး' အလုပ်ကလူတစ်ယောက်ယောက်ကိုပဲ
ခိုင်းတော့မယ်... ခွဲစိတ်ပြီးရင်တော့ 'ကိုကြီး' အနားမှာနေမှဖြစ်
မှာလေ"

"ဘယ်တော့ခွဲဖြစ်တယ်တဲ့လဲ"

"နောက်တစ်ပတ်လောက်ဖြစ်မယ်နဲ့တူတယ်... သဘက်
ါလောက်ဆိုရင် နိုင်ငံခြားကဆရာဝန်ကြီးတွေ ရောက်လာတော့
ယ်... ရောက်ပြီးတစ်ရက်နှစ်ရက်နေတာနဲ့ ခွဲတော့မှာ... စာရင်း
ရဆိုရင်တော့ 'ကိုကြီး' ရှေ့မှာလေးယောက်ရှိနေတယ်"

"အားလုံးဘယ်နှစ်ယောက်ခွဲမှာတဲ့လဲ"

"ကိုးယောက်နဲ့တူတယ်... 'ဝိုင်' လည်းသေချာမသိဘူး...
ကို သွေးလည်းရှာထားရဦးမယ်... ဝယ်တာနဲ့စာရင် လှူတဲ့သွေးကို
လိုချင်ကြတယ်... 'ကိုကြီး' ရဲ့သွေးက AB ဆိုတော့ ရှားနေ
တယ်... အလုပ်ထဲမှာလည်း မေးကြည့်ပါဦး... 'ဝိုင်' လည်းသူများ
တွေဘယ်လိုလုပ်သလဲဆိုတာ စုံစမ်းကြည့်ပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com

"အေး အေး ခွဲရတဲ့ရက်နီးရင်တော့ ဒီကဆရာဝန်ကြီးဆေ
ကိုခွင့်တောင်းပြီး အန်တီလာစောင့်ပေးပါ့မယ်"

"'ဝိုင်' သွားတော့မယ်နော်"

'အန်တီကြူ' ကိုနှုတ်ဆက်ပြီး အမေ့အခန်းကိုကူ
ရသည်။ အမေ့အခြေအနေက သက်သာနေတဲ့အတွက် ခဏ
ဖြုတ်ပဲနေပြီး 'ဝိုင်' ပြန်ဖို့ပြင်ရသည်။ စောင့်နေတဲ့ကားသမား
လည်း အားနာဖို့ကောင်းပါသည်။

အလျှင်လိုနေပါတယ်ဆိုမှ 'ဝိုင်' စီးလာတဲ့ကားကမထ
မှတ်ဘဲ တဂီးဂီးအော်မြည်ကာ စက်ရပ်သွားပါတော့သည်။
ဘွားကြီးကုန်းကျောက်ကျောက်လေးမို့ ဆေးရုံနဲ့လည်းသိပ်မဝေးတေ
ပါ။

ကားသမားက ဟိုနှိုက်ဒီနှိုက်လုပ်ကြည့်နေသည်။ 'ဝိ
ကလက်မှာပတ်ထားတဲ့နာရီကိုကြည့်လိုက်ရင်...

"ကားဆရာကြာဦးမှာလား... ကြာမယ်ဆိုရင်တော့ ကျ
မ တခြားကားတစ်စီးငှားသွားလိုက်တော့မယ်... ဆေးရုံကိုထ
ကျိုင့်အမီပို့ရမှာမို့လို့လေ"

"သဘောပဲဗျာ... ကျွန်တော်လည်း ပြင်ကြည့်နေတာပဲ
စက်မနိုးဘူးဖြစ်နေတယ်"





ကျသင့်တဲ့ငွေကိုရှင်းပြီးတာနဲ့ ထမင်းကျိုင့်နှစ်ကျိုင့်ကိုဆွဲပြီး ကားငှားဖို့ပြင်ရပါသည်။ အပင်အရိပ်မရှိသောနေရာမို့ နေကခြစ်ခြစ်အောင်ပူနေသည်။ လူတကိုယ်လုံးလည်း ချွေးတွေပြန်ကာ မျက်နှာတွေနီမြန်းလာရသည်။

အလွတ်လာတဲ့တက်စီတွေကလည်း ရှားပါးလို့နေသည်။ ဒီအချိန်မှာပဲ 'ဝိုင်' ရပ်နေသောရှေ့သို့ ကားတစ်စီးထိုးရပ်လာပါသည်။ နံပါတ်နက်ကားမို့ 'ဝိုင်' ကစိတ်ဝင်တစားနဲ့ မကြည့်မိပါ။ နောက်ကလာမယ့် တက်စီကိုသာ မျှော်ကြည့်နေမိသည်။

"'ဝိုင်...'"

နီးနီးကပ်ကပ် ခေါ်လိုက်တဲ့အသံရှင်ကြောင့် လန့်ပြီး 'ဝိုင်' ကြည့်မိသွားရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၄

မျက်နှာပြင်မှာချွေးတွေစို့ပြီး မျက်ခုံးနှစ်ခုကိုရှုံ့ထား 'ဝိုင့်' ကိုမထင်မှတ်ဘဲတွေ့လိုက်တာကြောင့် သူ ဝမ်းသာသွား သည်။ ဆေးရုံမှာလူချင်းဆုံတွေ့ရပေမယ့် တစ်ယောက်နဲ့တ ယောက်စကားမပြောဖြစ်ကြပါ။

စကားပြောဖို့နေနေသာသာ မျက်လုံးချင်းတောင်မဆုံ ကြတာပါ။ သူ့ဘက်မှာ သူ့အလုပ်တွေရှုပ်နေသလို 'ဝိုင်' လည်း ပြာယာခက်နေပုံရသည်။ ဆေးရုံနှစ်ခုကိုပြေးလွှားနေတဲ့ 'ဝိုင်' အဖြစ်ကို သူ စာနာမိပါသည်။





"'ကိုသုတ' ဆေးရုံကိုသွားမှာလား"

"ဟုတ်တယ်... ထမင်းချိုင့်ယူပြီးပြန်လာတာ... 'ဝိုင်' ဘယ်သူ့ကိုစောင့်နေတာလဲ"

"'ဝိုင်' ငှားလာတဲ့ကားပျက်သွားလို့ ကားငှားဖို့စောင့်နေတာ"

"ဒါဆို ကျွန်တော်နဲ့လိုက်ခဲ့လေ... လာပါ 'ဝိုင်' ရဲ့"

သူက ကားတံခါးကိုဖွင့်ကာ 'ဝိုင့်' ဘေးနားကထမင်းချိုင့်နှစ်ချိုင့်ကိုဆွဲယူမလေသည်။ 'ဝိုင်' ငြင်းပေမယ့် မရတော့ချေ။ လမ်းသင့်တဲ့ကိစ္စမို့ 'ကိုသုတ' ရဲ့ကားနဲ့ပဲ 'ဝိုင်' လိုက်လာခဲ့မိသည်။

"'ဝိုင့်' မေမေတို့သက်သာရဲ့လား"

"မေမေကတော့ ဆေးရုံကတောင်ဆင်းတော့မှာပါ... 'ကိုကြီး' ရဲ့မေမေပဲကျန်တော့တယ်"

"ခါတိုင်းလိုအိမ်ကထမင်းချိုင့်လာမပို့ဘူးလား"

"ကားတွေမအားတော့ မပို့နိုင်းတော့ဘူးလေ... ပြီးတော့ ထမင်းချိုင့်ကိုလည်း 'ဝိုင်' ပဲစီစဉ်ပြီးထည့်ရသေးတာ... ဒါကြောင့် ကိုယ်တိုင်ပဲသွားယူ... ကိုယ်တိုင်ပဲ ပို့ရတော့တယ်... ဒီလိုမှမလုပ် လည်း ဦးဦးတစ်ယောက်တည်းနဲ့မဖြစ်ဘူးလေ"

"ဒါဆို 'ဝိုင်' နေ့တိုင်းအိမ်ပြန်နေရတာပေါ့"


www.burmeseclassic.com

www.burmeseclassic.com

"အင်းပေါ့"

"နောက်နေ့ကစပြီး ကျွန်တော့်ကားနဲ့ပဲလိုက်ခဲ့ပါ... ကျွန်တော်လည်း အိမ်ပြန်ပြီးထမင်းဂျိုင့်တွေပြန်ယူနေရတာဆိုတော့ ဘာမှမထူးဘူးလေ... 'ဝိုင်' ကိုအိမ်မှာချပေးခဲ့မယ်... ကျွန်တော် အိမ်ကနေပြန်ထွက်မှ 'ဝိုင့်' ကိုပြန်ဝင်ခေါ်မယ်လေ"

"ရတယ် 'ကိုသုတ' ရဲ့... 'ဝိုင်' သွားရလာရတာအဆင်ပြေပါတယ်"

"ကျွန်တော့်ကိုအားနာလို့လား... ဘဝတူတွေပဲဗျာ...အားမနာစမ်းပါနဲ့"

သူ ပြောလိုက်တဲ့ဘဝတူဆိုတာက ဆေးရုံလာတက်ရတဲ့ သူတွေအချင်းချင်းကို ပြောလိုက်တာဖြစ်ပါသည်။ 'ဝိုင့်' စိတ်ထဲမှာတော့ တစ်မျိုးတွေးထင်သွားပုံရသည်။

"ဘဝတူတွေမှန်းသိရင် နှစ်ယောက်စလုံး စိတ်ကျဉ်းကြပ်ရမယ့်အဖြစ်မျိုးတွေကို 'ကိုသုတ' ဘာလို့ဖန်တီးချင်နေရတာလဲ... 'ဝိုင့်' အတွက်ကြောင့် 'ကိုသုတ' ဘက်မှာ ပြဿနာတွေမဖြစ်စေချင်ဘူး"

" 'ဝိုင်' ကကျွန်တော်နဲ့စိတ်ဓာတ်သက်ဘဲ ခပ်ကင်းကင်းနေချင်တယ်ဆိုတဲ့သဘောပေါ့... ခင်မင်မှုအရတောင် ခေါ်ပြောခွင့်





မရှိတော့ဘူးလား"

"ဒီလောက်ကြီးလည်း မဟုတ်ပါဘူး... 'ကိုသုတ' ကို 'ဝိုင်' ခင်ပါတယ်"

"တကယ်ခင်တယ်ဆိုရင် ကျွန်တော့်ရဲ့ကူညီချင်တဲ့ဆန္ဒကို လိုက်လျောပေးပါလား 'ဝိုင်' ရယ်... ဘာပြဿနာမှ မဖြစ်စေရပါဘူးလို့အာမခံပါတယ်... 'ဝိုင်' သွားချင်တဲ့အချိန် ကျွန်တော့်ဖုန်းကိုဆက်လိုက်လေ... ဒီမှာ ကဒ်ပြား"

သူ ပေးလိုက်တဲ့ကဒ်ပြားလေးကို 'ဝိုင်' ကယူပြီးပိုက်ဆံအိတ်ထဲထည့်လိုက်ပါသည်။ ကားကဆေးရုံဝင်းထဲဝင်ဖို့အတွက် ဘယ်ဘက်အကွေ့အချက်ပြမီးကိုပြကာ ကားအရှင်းကိုစောင့်နေလိုက်ပါပြီ။

" 'ဝိုင်' ဒီမှာပဲဆင်းနေခဲ့တော့မယ် 'ကိုသုတ' "

"လမ်းကြုံလို့လိုက်လာတယ်လို့ ပြောလည်းရတာပါပဲ 'ဝိုင်' ရယ်... 'ကိုကိုကြီး' ဒီလောက်တော့လည်း နားလည်မှာပါ"

"နေ့တိုင်းလမ်းကြုံနေရင်တော့ ဘယ်သူကမှနားလည်ပေးမှာမဟုတ်ဘူးလေ"

"အင်း အင်း ကျွန်တော်သဘောပေါက်ပါပြီ...ကျွန်တော့်ဆီဖုန်းဆက်ဖို့သာမမေ့ပါနဲ့... 'ဝိုင်' မသွားမချင်း ကျွန်တော်စောင့်


www.burmeseclassic.com

www.burmeseclassic.com

နေပေးပါ့မယ်"

"ခက်တာပဲ 'ကိုသုတ' ရယ်"

ငြီးငြူသလိုပြောပြီး 'ဝိုင်'က ထမင်းကျိုင့်တွေကို ကားပေါ်ကချလိုက်ပါသည်။ ပြီးတော့ လေးလံသောထမင်းကျိုင့်တွေကိုဆွဲ ခတ်ဖြည်းဖြည်းချင်းပဲလမ်းလျှောက်လာခဲ့လိုက်သည်။ သူ့ရဲ့ကား 'ဝိုင့်'ဘေးနားကနေ ညင်ညင်သာသာ ဖြတ်မောင်းသွားတာကိုသိပေမယ့်လည်း ခေါင်းစောင်းကာလှည့်မကြည့်မိပါ။

'ဝိုင်' လျှောက်လာတဲ့ ကားလမ်းအမြင့်နေရာကနေ 'ကိုကြီး' နေတဲ့အခန်းကို လှမ်းမြင်နေရပါသည်။ ပြူတင်းပေါက်မှာရပ်ကာ 'ဝိုင်'လာတဲ့ဘက်ကို ငေးမျှော်ကြည့်နေတဲ့ 'ကိုကြီး' ကိုအတွေ့ ရင်ထဲလေးပင်မွန်းကြပ်သွားရတော့သည်။

'ကိုသုတ' နဲ့တွေ့ဆုံနေတုန်းက ခံစားနေရတဲ့ခံစားမှုမျိုးနဲ့ 'ကိုကြီး' နဲ့တွေ့ဆုံရတဲ့အချိန် ခံစားရတဲ့ခံစားမှုက တကယ့်ကိုခြားနားခြားနားပြားလို့နေရသည်။ 'ဝိုင့်' ရင်ထဲမှာ မရှင်တာတော့အမှန်ပါ။ 'ဝိုင့်' ထက်အရင် ဆေးရုံခန်းမထဲဝင်သွားတဲ့ သူ့ကိုအတွေ့ ရင်ထဲမှာဒိုချင်သလိုမျိုး ခံစားသွားရတာဘာကြောင့်မှန်းမသိပါ။

ပြတင်းပေါက်ကနေလက်လှမ်းပြနေတဲ့ 'ကိုကြီး' ကိုအသက်မပါတဲ့အပြုံးနဲ့ ပြန်ပြုံးပြရတာပင် ပင်ပန်းလွန်းအားကြီးနေ





ရပါသည်။ 'ဝိုင့်' စိတ်တွေ ဘာဖြစ်ချင်နေတာလဲ မတွေးတတ်တော့ပါ။


www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၅

"အခန်းထဲမှာနေရတာ ညောင်းပြီးငြီးငွေ့လွန်းလို့ အပြင်ထွက်လမ်းလျှောက်ချင်တယ် 'သုတ' ရယ်... 'မ' ကိုတွဲလျှောက်စမ်းပါ"

" 'ဒေါ်ထွေး' လိုက်ခဲ့ပေးမယ်လေ"

"ရတယ်... 'သုတ' ပဲပို့နိုင်းတော့မယ်... လာလေ... ဘာလုပ်နေတောလဲ"

'မ' က သူ့လက်ကိုတွဲကာ အခန်းပြင်ထွက်လာခဲ့လေ





သည်။ အပြင်ကလူတွေနဲ့ သူနဲ့ကနေ့စဉ်ဆုံတွေ့နေရပေမယ့် 'မ' နဲ့ကျတော့စိမ်းပါသည်။

သူ့ကိုတော့ပြုံးပြပေမယ့် 'မ' ကိုကျတော့ အကဲခတ်သလိုမျက်လုံးမျိုးတွေနဲ့သာကြည့်နေကြသည်။ မင်္ဂလာသက်တမ်းတစ်ရက်မြောက်မှာပဲ ဆေးရုံရောက်ရတဲ့အဖြစ်ကို 'ကိုကိုကြီး' မှတစ်ဆင့် အားလုံးသိနေကြပြီးနဲ့တူပါသည်။

"မင်းနဲ့အားလုံးနဲ့ ခင်နေပြီနဲ့တူတယ်... အားလုံးကရယ်ပြ ပြုံးပြကြနဲ့"

"ခင်နေပြီလေ... ကျွန်တော်က အပြင်မှာနေရတော့ အပြင်ကလူတွေနဲ့ မျက်မှန်းကတမ်းနေပြီ"

" 'မ' ကိုကော သိလား"

"သိမှာပေါ့"

"ဘယ်လိုသိတာလဲ"

'မ' မေးလိုက်တဲ့မေးခွန်းက တစ်မျိုးဖြစ်နေတာကြောင့်သူ တွေဝေသွားရင်း...

"ဘာကိုဘယ်လိုသိတာလဲ 'မ' ရဲ့... နားမလည်ဘူး"

"မင်းရဲ့မိန်းမအနေနဲ့လေ"

"သိတဲ့လူလည်း သိမယ်... မသိတဲ့လူလည်း ဘယ်သိကြ



www.burmeseclassic.com

www.burmeseclassic.com

မလဲ… ကျွန်တော်နေတဲ့ အခန်းက 'ကိုကိုကြီး' ကတော့ သိတယ်… သူ့ကိုတော့ ပြောပြထားတယ်"

ပြောနေရင်းနဲ့ သူနေတဲ့အခန်းဆီရောက်လာပါသည်။ 'မ' က သူ့ကုတင်မှာထိုင်လိုက်ရင်း အခန်းတွင်းလှည့်ပတ်ကြည့်ရှုနေပါသည်။

'ကိုကိုကြီး' က ကုတင်ဘေးမှာချခင်းထားတဲ့ ဒရင်းဘက်ပေါ်မှာထိုင်နေရင်း သူတို့ကိုမျက်လုံးတစ်ချက်လှန်ကြည့်ကာ ဖတ်လျက်စ စာစောင်ကိုဆက်ဖတ်နေသည်။

'ဗိုင်' ကဘေးခန်းကိုရောက်နေပြီး 'မနန်း' ဆိုတဲ့အမျိုးသမီးနဲ့ စကားပြောနေတာကို နံရံမှာရှိနေတဲ့မှန်ပေါက်တွေက တစ်ဆင့်မြင့်နေရပါသည်။

"ပန်းစည်းတွေကစုံလင်နေတာပဲ… ဆေးရုံကပေးထားတာလား"

'ကိုကိုကြီး' တို့အိမ်က လိုလေသေးမရှိအောင် ဖြည့်ထားပေးတဲ့ ပန်းစည်း ပန်းခယတွေကိုကြည့်ပြီး 'မ' ကပြောလိုက်တာဖြစ်သည်။ 'မ' ပြောလောက်အောင်လည်း ပန်းစည်းတွေကစုံလင်လှပါသည်။

မိုက်ကရိုဝေ့ဗ်မီးဖိုလည်းရှိသည်။ ရေခွေးကျိုတဲ့ အိုးကြီးလည်းရှိသည်။ ပန်းကန်ခွက်ယောက်နဲ့ အသင့်ချက်ပြုတ်စားနိုင်တဲ့ ရယ်ဒီမိတ်အထုပ်တွေကလည်း တစ်ပုံတပင်ပါ။

ပန်းစည်းတွေကများပေမယ့် တစ်ချို့ကိုသပ်သပ်ရပ်ရပ် ဗီရိုထဲထည့် တစ်ချို့ကိုစားပွဲပေါ်မှာ စနစ်တကျစီထားဆိုတော့ ကြည့်လို့ပင်ကောင်းသေးတော့သည်။

"ဆေးရုံက ဗီရိုနဲ့စားပွဲခုံပေးထားတယ်… ထိုင်ခုံတွေပေးထားတယ်လေ… အခန်းထဲက အတိုင်းပဲလေ"

"အပြင်မှာနေရတာ ပိုပြီးစိတ်ရှင်လန်းသလိုပဲ… အပြင်ကိုလည်းမြင်နေရတယ်… သဘာဝလေလည်း ရှူရတယ်… 'မ' တို့အခန်းပြတင်းပေါက်ကျတော့ ဆေးရုံတွင်းအဆောက်အဦးပဲပြန်မြင်နေရတယ်… ခွဲခန်းကိုသွားတဲ့လမ်းဆိုရင် ဘေးချင်းယှဉ်ရက်ကိုတမ်းမြင်နေရတာပဲ"

"ဒါဆိုလည်း ပြောင်းနေလိုက်လေ"

"နေလို့မရလို့ပေါ့… ရများရရင်နေမှာ… ဟိုဘက်ကုတင်က ဘယ်သူမှမရှိဘူးလား"

"မရှိဘူး… မရှိလို့ ကျွန်တော့်အတွက်နေစရာရှိတာပေါ့… လူရှိနေရင် လူနာစောင့်အတွက် ဒီကုတင်ကနေဖယ်ပေးရမှာ"

'ကိုကိုကြီး' ကထိုင်နေရာကနေထကာ 'ဗိုင်' ဆီကို




www.burmeseclassic.com

www.burmeseclassic.com

လျှောက်သွားသည်။ 'မ' က 'ကိုကိုကြီး' ကိုကြည့်ရင်း...

"သူကတစ်ယောက်တည်းလား... လူနာစောင့်မရှိဘူး လား"

"ရှိတယ်လေ ဟိုဘက်မှာသွားစကားပြောနေတာဖြ လိမ့်မယ်"

'မ' က 'ကိုကိုကြီး' သွားတဲ့နောက်ကို လိုက်ကြည့် လေသည်။ 'ဝိုင်' နဲ့စကားပြောနေတဲ့ 'ကိုကိုကြီး' ကိုအတွေ့...

"ဟိုကောင်မလေးလား"

"ဟုတ်တယ်... 'ကိုကိုကြီး' နဲ့စေ့စပ်ထားတာလေ"

"ဟင်... မိန်းကလေးလာစောင့်ပေးရတယ်... ဒီအဖြ ဘက်မှာက ယောကျ်ားတွေကြီးပဲဟာကို"

"အဲဒီအခန်းက 'မနန်း' လည်းရှိသေးတယ်လေ"

"သူက အိမ်ထောင်သည်မို့လို့ထားပါတော့... ဟိုက အ လေ... ပြီးတော့ အခန်းထဲမှာမင်းလည်းရှိသေးတယ်... ဘယ် နေကြသလဲ"

"ဒီလိုပဲနေကြတာပေါ့... 'ကိုကိုကြီး' က သူ့ကိုသိပ် တော့ အနားမှာအမြဲခေါ်ထားတာ... သူ မရှိလို့မဖြစ်ဘူး"

'ခင်ယော့်' ရဲ့မျက်လုံးများက ထိုမိန်းကလေးကနေ





နိုင်ပါ။ 'ခင်ယော်' တို့ရှိနေတဲ့ဆီ ဖျတ်ကနဲ ဖျတ်ကနဲလှမ်းကြည့် တတ်တဲ့ မျက်လုံးတွေက တစ်မျိုးဖြစ်ကာနေသည်။

ပြီးတော့ 'သုတ' ရဲ့အမူအယာတွေကလည်း တစ်မျိုးဖြစ် နေသလိုပါပဲ။ အခန်းထဲမှာနေရတဲ့ 'ခင်ယော်' တစ်ယောက်အ ပြင်လောကကို ခဏလေးထွက်ကြည့်လိုက်တာနဲ့ ထူးဆန်းချင်နေ တာတွေကိုကြည့်ပြီး အံ့ဩနေမိသည်။

'ခင်ယော်' က အပိုတွေတွေးနေမိတာလား။ သူတို့တွေက ပဲ တခြားသူတွေနဲ့မတူဘဲ တမူထူးခြားနေတာလား မပြောတတ် တော့ပါ။

ဘယ်လိုဖြစ်ဖြစ် အပြင်ကိုထွက်တုန်း လူနာအချင်းချင်း မိတ်ဆွေဖွဲ့ထားသင့်သည်ဟုထင်ပါသည်။ စကားတွေပြောကြည့် ရင်းနဲ့ လူတွေရဲ့စိတ်အခြေအနေကို ခန့်မှန်းကြည့်နိုင်မည် မဟုတ် လား။

'သုတ' ရဲ့လက်ကို တွဲလိုက်ရင်း 'ကိုကိုကြီး' တို့အခန်းဆီ သွားဖို့ပြင်လိုက်မိသည်။

"ဘယ်ကိုသွားမလို့လဲ"

"ဟိုဘက်အခန်းလေ... မိတ်ဆွေလေးဘာလေးဖွဲ့ရတာ ပေါ့... မင်း သိတယ်မဟုတ်လား... 'မ' နဲ့လည်း မိတ်ဆက်ပေးလေ


www.burmeseclassic.com

www.burmeseclassic.com

'မ' ကိုဘယ်သူကမှ သိသေးတာမဟုတ်သေးဘူး"

'သုတ' ရဲ့ အကဲခတ်သလိုလှမ်းကြည့်လိုက်သော မျက်လုံးအကြည့်ကို မသိချင်ဟန်ဆောင်လိုက်မိပါသည်။

"'မ' ကလမ်းလျှောက်နိုင်သေးလို့လား... မောနေဦးမယ်"

"ဟင့်အင်... အပြင်ထွက်ရလို့ ပျော်တောင်ပျော်ရသေးတယ်... လာပါ"

တကယ်တမ်းတွေးကြည့်ရင် 'ဇင်ယော်' ရဲ့လုပ်ရပ်က ကြောင်တောင်တောင်နိုင်လှသည်။ မျက်လုံးချင်းဆုံကြလို့ ပြုံးနှုတ်ဆက်အကြောင်းမဟုတ်ပေမယ့် ခဟာက တကူးတကကြီး ကိုယ့်ဘက်က အရောဝင်ချင်နေတာ သိသာနေသလိုပင်။ ဒါ မတတ်နိုင်ပါ။

ရင်ထဲမှာဖြစ်ချင်နေတဲ့ဆန္ဒကိုမှ တားဆီးလို့မရနိုင်တာ 'ဇင်ယော်' ခေါ်တဲ့နောက်သို့ 'သုတ' ကတွန့်ဆုတ်ဆုတ်ပါလာသည်။ 'ကိုကိုကြီး' တို့အနားမရောက်ခင် 'သုတ' ကိုခပ်တိုးတိုး လှမ်းပြောလိုက်မိသည်။

"မင်းကအရင်ခေါ်ပြီး 'မ' နဲ့မိတ်ဆက်ပေးနော်"

"ဟင်း..."

သက်ပြင်းချတဲ့အသံကိုကြားပြီး 'ဇင်ယော်' ပိုခံစားသွား





ပါသည်။ အသေးဖွဲ့ကိစ္စလေးကို ကြီးကျယ်ပြနေတာဟာ ပိုနေတာမဟုတ်လို့ဘာလဲ။ 'မ' တို့စုံတွဲကိုကြည့်ပြီး 'ကိုကိုကြီး' ကပြုံးပြသည်။

"'မ' ကပျင်းတယ်ဆိုတာနဲ့ လမ်းလျှောက်ပြီးလိုက်ပြနေတာလေ... ကျွန်တော်ကသာ အပြင်မှာနေလို့ ပျင်းရမှန်းမသိတာ 'မ' ကအခန်းထဲမှာပျင်းနေတာတဲ့"

"ကျွန်တော်တို့နဲ့စကားလာပြောပေါ့ဗျာ... အပြင်ကလူတွေကတော့ ဟိုကြည့် ဒီကြည့်နဲ့တင်မပျင်းရပါဘူး... 'မနန်း' လည်းရှိတယ်... 'ဝိုင်' လည်းရှိနေတာပဲ"

'ဇင်ယော်' က 'ဝိုင်' ကိုကြည့်လိုက်ရင်း...

"နာမည်လေးက လှတယ်နော် 'ဝိုင်' တဲ့လား... 'မ' နာမည်က 'ဇင်ယော်' တဲ့... မှတ်ထားနော်"

"ဟုတ်ကဲ့ မမ"

"'ဝိုင်' အားတဲ့အချိန် 'မ' ရဲ့အခန်းကိုလာလည်နော်... 'မ' စကားပြောဖော်မရှိတော့ ပျင်းနေတာ... ရှိတဲ့လူနာအဖော်လည်း အန်တီကြီးတစ်ယောက်ဖြစ်နေတော့ အားနေဘုရားစာရွတ်နေတာလေ... 'မ' ကစကားပြောလို့မကောင်းဘူး"

"ဟုတ်ကဲ့... 'ဝိုင်' လာခဲ့ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"လာပါ 'ဝိုင်' ရယ်... 'သုတ' ကအချိန်တိုင်းရှိနေပေးတာ မဟုတ်ဘူးလေ... သူ လာချင်တဲ့အချိန်ကျမှာလာတာ... ဆေးရုံကို ရောက်ခါစတုန်းကတော့ သူ 'မ' အနားမှာအမြဲတမ်းရှိတယ်... ဒီရက်ပိုင်းကလေးကျမှ သိပ်မလာတော့တာ အပြင်ကအပေါင်းအ သင်းတွေကို ပိုခင်နေတယ်နဲ့တူပါတယ်"

'ဝိုင်' က 'သုတ' ကိုလှမ်းကြည့်လိုက်သည်။ 'ခင်ယော်' ပြောလိုက်တဲ့စကားတွေက 'ဝိုင့်' စိတ်ထဲတစ်မျိုးဖြစ်သွားတယ်နဲ့ တူသည်။ 'သုတ' မျက်နှာကတော့ ပျက်ယွင်းနေတာပြင်မရတော့ ချေ။

"ကျွန်တော်မြင်တာကတော့ အချိန်တိုင်းလိုလို ခင်ဗျားအ ခန်းထဲဝင်ဝင်သွားတာကိုပါဗျာ... အိပ်ချိန်လောက်ပဲ အပြင်မှာရှိ တာပါ... 'သုတ' အဖြစ်သည်းလွန်းလို့ ကျွန်တော်ကတောင် နောက်နေသေးတာပါ"

"'ဦးကိုကိုကြီး' ကပြောတော့မယ်... သူလား... ပြောနိုင် လွန်းလို့... 'ခင်ယော်' ကတော့ ကိုယ့်ဘဝအခြေအနေက မလှ တော့ သူ့ကိုပဲအားကိုးနေရတာလေ... သူ မရှိလို့မဖြစ်ဘူး... တ ခြားသူတွေလိုအပ်တာထက် အဆပေါင်းများစွာ သူ့ကိုပိုပြီးလိုအပ် တယ်... သူ့ရဲ့ အရိပ်အခြေအနေကိုပဲ ကြည့်နေမိတော့တာ"



"'မ' ကတော့လုပ်တော့မယ်... ကဲ ကဲ ဟိုဘက်ကိုသွားရ အောင်"

'သုတ' ရဲ့ဆွဲခေါ်ရာနောက်သို့ 'ခင်ယော်' မှာပါလာရ သည်။ ခြေလှမ်းတွေကလည်း မြန်ချင်နေသေးသည်။

"ဘယ်လိုဖြစ်ပြီးဖွတ်ကြီးထွက်လာရတာလဲ... စကား ကောင်းပြောလို့မပြီးသေးဘူး... ခြေလှမ်းကိုလည်းလျှော့ဦး... ဒီ မှာမောနေပြီ"

"'မ' ကဘာတွေလျှောက်ပြောနေမှန်းမှ မသိတာ"

"ဟင့် ဘာများအမှားပါလို့လဲ"

"'မ' အနားမှာ ဒီလောက်အချိန်တိုင်း နေပေးတဲ့သူကို အား မလာတော့ဘူး ပါဘူး ဆိုတဲ့စကားတွေဘာလို့ပြောရတာလဲ ... ရှိအပ်တာတွေကော ဘာတွေကော့ရှုပ်နေတာပဲ"

"ဒါကတော့စကားအဖြစ် နောက်ရင်း ပြောင်ရင်းပြော တာပေါ့... မင်းက ဘာလို့ဒေါသဖြစ်နေရတာလဲ"

"ဒေါသမဖြစ်ပါဘူး... မဆိုင်လို့ပြောရတာ"

'သုတ' ရဲ့စိတ်ထဲမှာ မကျေနပ်တဲ့အစိုင်အခဲ ပိုမကြီးထွား ချင်တာကြောင့် 'ခင်ယော်' ပြောချင်နေသေးတဲ့စကားတွေကို ...သိပ်ချုပ်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပဲဖြစ်ဖြစ် 'ဝိုင်' ရှေ့မှာ ရင်ထဲကဆန္ဒတစ်ချို့ ဖွင့်ထုတ်လိုက်ရတဲ့အတွက် ကျေနပ်သွားရပါသည်။



## အခန်း ၁၆

'ဝိုင်' သည် 'ကိုကိုကြီး' ရဲ့အနားမှာ နေနေရပေမယ့် စိတ်အတွေးကတော့ 'ကိုသုတ' ရဲ့အရိပ်အခြေကိုသာ ချောင်းကြည့်ဖို့စဉ်းစားနေဖြစ်သည်။

ဒီအချိန်က 'ဝိုင်' အိမ်ပြန်ပြီး ထမင်းဂျိုင့်တွေယူရမည့်အချိန်ဖြစ်သည်။ 'ဝိုင်' ထွက်သွားတာကိုမြင်တာနဲ့ အနောက်ကနေ သူ လိုက်လာမယ်ဆိုတာကိုသိနေရတဲ့အတွက် အပြင်မထွက်ရဲသေးဘဲ 'ကိုကြီး' အနားမှာသာ ထိုင်နေဖြစ်တော့သည်။ 'ကိုကြီး' ကတော့ ကျေနပ်နေပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်ကိုဖုန်းဆက်ပြီး တစ်ယောက်ယောက်ကိုပဲ ထမင်းကိုရှင့်လာပို့ခိုင်းလိုက်တော့မယ်ကွာ... 'ဝိုင်'ပြန်မနေနဲ့တော့... ကားငှားရဘာရနဲ့ကြာတယ်... လူလည်းပင်ပန်းတယ်"

"ပြန်မှရေမိုးချိုးရမှာလေ 'ကိုကြီး' ရဲ့... ဝယ်စရာရှိတာတွေလည်းဝယ်ရသေးတယ်"

"လိုတာကိုလှမ်းမှာလိုက်လို့ရတာပဲကွာ... မေမေတို့ကိုပြောဦးမယ်... ကားပျက်တာကိုအကြောင်းပြနေတာနဲ့ 'ဝိုင်' ပင်ပန်းနေရပြီးလို့... ဘယ်သူ့ကိုခိုင်းခိုင်းရနေတာကို ကားငှားလိုက်ပြန်လာလိုက်နဲ့ လုပ်နေတာကိုအဓိပ္ပါယ်ကိုမရှိဘူး... ခိုင်းရမယ့်သူတွေလည်းရှိနေတာပဲ... ဖေဖေအလုပ်မှာရှိရင် ကားကအားနေတာပဲ... ဒီကိုလွှတ်လိုက်ရင်ပြီးနေတာကို"

"ဟုတ်ပါတယ်... လေးငါးဆယ်ရက်ကိစ္စလောက်လေးမို့ 'ဝိုင်'ကိုယ်တိုင်ကရတယ်လို့ပြောလိုက်တာ မပင်ပန်းပါဘူး 'ကိုကိုကြီး' ရယ်... အိမ်ကိုပြန်လိုက် ဆေးရုံကိုလာလိုက်နဲ့ 'ဝိုင်' အဖို့ကတော့ ပျော်တောင်ပျော်ရပါသေးတယ်"

"ခုအိမ်မပြန်သေးဘူးလား... ခါတိုင်းဒီအချိန်သွားနေပြီးတော့... အပြန်ကျ မေမေလိုက်လာမယ်ဆိုရင်လည်း ခေါ်လာခဲ့ ...ရာက်တာလည်း ကြာနေပြီ"



"အန်တီက ဝမ်းသွားနေလို့ အပြင်ကိုသိပ်မထွက်ချင်ဘူး နောက်ရက်ကစပြီး နေတိုင်းပြန်လာတော့မှာလေ.... 'ကိုကြီး' က 'ဝိုင်' စောင့်နေပေးတာနဲ့တင် မလောက်သေးဘူးလား"

စကားကြောတွေ ဆက်ရှည်နေမှာစိုးတာကြောင့် 'ဝိုင်' ကစကားလမ်းကြောင်းကို ပြောင်းပစ်လိုက်သည်။ 'ဝိုင်'ဘက်က စိတ်ဆိုးမယ့်အဖြစ်မျိုးကို ဒီလိုအချိန်မျိုးမှာ 'ကိုကြီး'ဘက်ကမလုပ်တာ သိပ်ကိုသေချာပါသည်။ 'ကိုကြီး' က 'ဝိုင်'ရဲ့လက်နှစ်ဖက်ကိုဆွဲယူလိုက်ရင်း...

"'ဝိုင်'နဲ့ခွဲရမှာစိုးလို့ 'ကိုကြီး' ဒီလိုခွဲစိတ်မှုမျိုးကို မျက်စိမှိတ်ပြီးလက်ခံတာပေါ့ကွာ... 'ကိုကြီး' ရဲ့ဘဝမှာ အချစ်ရဆုံးနဲ့ တန်ဖိုးအထားရဆုံးက 'ဝိုင်' ဆိုတဲ့ မင်းပေါ့ကွာ"

'ကိုကြီး' ရဲ့စကားကိုကြားပြီး 'ဝိုင်' မှာ ခပ်ရှက်ရှက်နဲ့ ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်မိသည်။ 'ဝိုင်' တို့အနားမှာ သူ ရှိနေသည်မဟုတ်လား။

ခေါင်းငုံ့ကာကြည့်လိုက်မိတဲ့ 'ဝိုင်' အံ့သြသွားခဲ့ရသည်။ သူ မရှိတော့ပါလား။ ဘယ်တုန်းကထွက်သွားခဲ့တာလည်း မသိပါ ဒီအချိန်မှာ ဆေးရုံကနေ မြန်မြန်လစ်မှဖြစ်တော့မည်။ ကြာကြာ ခေါ်နေရင် 'ဝိုင်' အနေနဲ့ ငြင်းရ ပြုရခက်နေမှာမဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



"သွားတော့မယ်... 'ကိုကိုကြီး' ဘာမှာဦးမှာလဲ"

"မင်း မြန်မြန်ပြန်လာဖို့ပဲ မျှော်လင့်ပါတယ်"

"လာမှာပါ... 'ဝိုင်' မရှိတုန်းတစ်ခုခုလိုရင် ဒီကဆရာတွေကိုအကူအညီတောင်းနော်"

မှာစရာရှိတာ မှာပြီးတာနဲ့ ခပ်မြန်မြန်ပဲ 'ဝိုင်' ထွက်လာခဲ့လိုက်ပါသည်။ 'ဝိုင်' ထွက်သွားတာကို သူ မသိလိုက်စေချင်ပေ။ မနက်ခပ်စောစောတည်းက 'ကိုကြီး' လစ်တဲ့အချိန်မှာ သွားခါနီးပြောလို့ခပ်တိုးတိုးပြောသွားတဲ့ သူ့ စကားကိုကြားပြီး 'ဝိုင်' ရင်ထဲလေးလံနေခဲ့ရတာပါ။

'ခင်ယော်' ဆိုတဲ့အစ်မကြီးရဲ့ အကဲပိုစကားကိုကြားပြီးကတည်းက သူ့ အပေါ်ထားတဲ့ 'ဝိုင်' ရဲ့ ခင်မင်သံယောဇဉ်တွယ်စိတ်ကို ထိန်းချုပ်လိုက်တာပါ။

'မခင်ယော်' ရဲ့အပြော၊ အကြည့်၊ အမူအယာတွေကို 'ဝိုင်' လန့်ပါသည်။ ခပ်သုတ်သုတ်လျှောက်လာတဲ့ 'ဝိုင်' ရဲ့ခြေလှမ်းတွေက ဆေးရုံစစ်ဆေးရေးဂိတ်ပေါက်ဝကို ရောက်တဲ့အခါမှာ ရပ်တန့်သွားရတော့သည်။

'ဝိုင်' က ကားငှားဖို့ အငှားကားကိုစောင့်ချင်တာဖြစ်ပေမယ့် သူ့ကားက 'ဝိုင်' ရှေ့တည့်တည့်မှာရပ်တန့်နေပါပြီ။ 'ဝိုင်'





ထွက်လာမယ့်အချိန်ကို သူ ကြိုစောင့်နေတာပဲပေါ့။

"တက်လေ 'ဝိုင်' ရဲ့... ဘာကြည့်နေတာလဲ"

လန့်ထိတ်စိတ်နဲ့ဆေးရုံဘက်ကို ကြည့်လိုက်မိပါသေးသည်။ သူ့ပုံစံကတော့ တကယ့်ကိုအေးဆေးပါပဲ။

"'ကိုကိုကြီး' တွေသွားမှာကို စိုးရိမ်နေတာလား... မတွေ့နိုင်ပါဘူး"

"ဟင့်အင်း... 'မခင်ယော်' တွေ့သွားမလားကြည့်နေမိတာ"

"စိတ်မပူပါနဲ့... လမ်းကြုံလိုက်တာပဲဗျာ... လူသတ်တာမှမဟုတ်ဘဲ"

ငြင်းမရနိုင်တာမို့ 'ဝိုင်' လိုက်ခဲ့ရပါသည်။ သူ့အနားရောက်တာနဲ့ 'ဝိုင်' ရဲ့ရင်ခုန်သံတွေက အလိုလိုမြန်ဆန်နေတာမုန်းဖို့ပင်ကောင်းတော့သည်။ သူက 'ဝိုင်' ကိုလှမ်းကြည့်လိုက်ရင်း

"'ဝိုင်' ပုံစံက ကြောက်နေသလိုပဲ... ဘာတွေဖြစ်မှာမို့လို့လည်း 'ဝိုင်' ရယ်... ကျွန်တော်တို့နှစ်ယောက်က မိတ်ဆွေတွေပါ... ခင်မင်မှုအရ ပြောဆိုဆက်ဆံတာတော့ ရှိရမှာပေါ့"

"'ဝိုင်' တို့နှစ်ယောက်ခင်မင်တာတော့ရော ဘာဖြစ်မှာမို့လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com

" 'ဝိုင့်' စိတ်ကိုတော့ ကျွန်တော်မခန့်မှန်းတတ်ဘူး... ကျွန်တော့်စိတ်ကတော့ 'ဝိုင့်' ကိုတော်တော်ခင်မင်မိတယ်... 'ဝိုင်' နဲ့တွေ့ရင် စိတ်ထဲမှာလွတ်လပ်ပြီးပျော်နေတယ်... တင်းကျပ်နေတာတွေလျှော့ပါးသလိုမျိုး ခံစားနေရတယ်... အဲ့ဒါ တကယ်ပြောတာ"

" 'ဝိုင့်' အနေနဲ့ကတော့ 'ကိုသုတ' နဲ့ခင်မင်နေရရင် ပိုပြီးနေရထိုင်ရတာ ကျဉ်းကြပ်နေသလိုပဲ"

သူ့မျက်နှာက ညှိုးနွမ်းသွားရင်း...

" 'ဝိုင်' ကကျွန်တော်နဲ့ မိတ်ဆွေမဖြစ်ချင်ဘူးပေါ့လေ... ကျွန်တော်ကြောင့် အနှောက်အယှက်ဖြစ်နေတယ်ပေါ့ဟုတ်လား"

" 'ဝိုင်' ကြောင့် 'ကိုသုတ' ပိုစိတ်ရှုပ်မှာကို စာနာမိလို့ပါ 'ဝိုင့်' အတွက်နဲ့ 'မဇင်ယော်' စကားမများစေချင်ဘူး... ပွင့်ပွင့်လင်းလင်းပဲ 'ဝိုင်' ပြောလိုက်တော့မယ်... 'မဇင်ယော်',ကိုကြည့်ရတာ 'ဝိုင်' နဲ့ 'ကိုသုတ'ကို ခင်မင်ရင်းနှီးစေချင်ပုံမရဘူး... 'ဝိုင်' တို့နဲ့စကားသာလာပြောတာ စိတ်ထဲကပါပုံမရဘူး... တစ်မျိုးပဲလေ"

" 'ဝိုင့်' ရဲ့ထင်မြင်ချက်ကို ကျွန်တော် ဘာမှမပြောဘူး— ဒါပေမဲ့ ကျွန်တော်တို့နှစ်ယောက်ရဲ့ခင်မင်မှုက ဘေးလူတွေနဲ့ မဆိုင်ဘူးထင်တယ်... လူတိုင်းမှာလုပ်ပိုင်ခွင့် ကိုယ်စီရှိကြတာချည်းပဲလေ"

'ဝိုင်' သက်ပြင်းကိုချပြီး ခေါင်းကိုခါလိုက်မိသည်။ ရွတ်ပြောနေသော သူ့ကြောင့်တော့ခက်ပါသည်။ သိပ်ပြီးရင်းနှီးသွားလို့ သံယောဇဉ်တွေ တွယ်ငြိကုန်ရင်ဘယ်လိုလုပ်ကြမလဲ။

ရက်ပိုင်းကလေးအတွင်းမှာတောင်မှ သူ့ဘက်ကရွတ်ဖြစ်ချင်နေတာလေ။ ပြီးတော့ သူ့စိတ်အလိုအတိုင်း လိုက်နာချင်တတ်တဲ့ 'ဝိုင့်' ရဲ့စိတ်ကိုလည်း ပြန်လန့်နေလို့ပါ။

"ရှင်ပြောတာမှားနေပြီ... ဘေးလူတွေကိုထည့်မတွက်ဘူးဆိုရင် 'ကိုသုတ' ဘာလို့ 'ကိုကြီး' ရှေ့မှာ 'ဝိုင့်' ကိုပေါ်တင်မခေါ်ရဲသလဲ... အခု 'ဝိုင့်' ကိုကားကြုံတဲ့ကိစ္စ 'မဇင်ယော်' သိအောင်ပြန်ပြောပြရဲသလားပြော"

" 'ဝိုင့်' ဘက်က ပြောရဲတယ်သိလည်း ဘာမှမဖြစ်ဘူးဆိုရင် ကျွန်တော့်ဘက်က မပြောရဲစရာမရှိဘူး... ကားကြုံတင်ခေါ်သွားရတာ ဘာဖြစ်သလဲ"

"ကောင်းပြီလေ... ဒါဆိုလည်း 'မဇင်ယော်' ရှေ့မှာ 'ကိုသုတ' ဘယ်အချိန်သွားမလဲဆိုတာ 'ဝိုင်' လာမေးလိုက်မယ် ဖြစ်ရဲ့လား"







www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်တာပေါ့... မေးချင်ဘဲ့အချိန်မေးလို့ရတယ်... ဒီကိစ္စက 'ဝိုင့်' ရဲ့သဘောအတိုင်းပဲ... ကျွန်တော့်ဘက်ကတော့ ဘယ်သူ့ကိုမှတိုင်တယ်ပြီး ဖွင့်မေးနေမှာမဟုတ်တော့ဘူး... ဒီနေ့လိုပဲ 'ဝိုင့်' ကိုစောင့်ပြီးခေါ်လိုက်မှာပဲ"

သိပ်ကိုရဲတင်းနေသော သူ့ကိုအမြင်ကတ်လာတာကြောင့် အသွားအပြန်သူ့ကားနဲ့ပဲ လိုက်လာခဲ့လိုက်မိသည်။ မလိုက်ချင်လို့လည်း သူ စွတ်ခေါ်နေမှာသေချာနေတဲ့အတွက် လေကုန်ခံပြီးငြင်းနေလည်း ဘာထူးတော့မှာလဲ။

'ဝိုင့်' စိတ်ထဲမှာ ကြံစည်ထားတာရှိနေသည်။ ထိုအကြံအတိုင်းလုပ်လိုက်ရင် သူ ဘာတတ်နိုင်ပါဦးတော့မလဲ။





## အခန်း ၁၇

'ဝိုင်' သည် 'ကိုကြီး' ရဲ့အရိပ်အခြေကိုကြည့်ပြီး 'မဖင်ယော်' ဆိုသွားဖို့ပြင်ဆင်နေမိသည်။ ပြောထားတဲ့စကားအတိုင်းတည်ချင်တာလည်းပါသလို၊ ကိုယ့်စိတ်ကိုယ်လည်း ပြတ်နိုင်တယ်ဆိုတာ မာနထားမိတာလည်းပါ,ပါသည်။

'ကိုကြီး' ကတော့ 'ဝိုင့်' ရင်ထဲမှာဖြစ်ပေါ်နေတဲ့ဆန္ဒတွေကို မသိဘဲ 'အန်တီကြူ' အကြောင်းကိုသာမေးနေတော့သည်။

"နေရင်းထိုင်ရင်း မေမေကဘာ့လို့လက်ကျိုးရတာလဲ... ...င်းတဲ့သူတွေလည်းရှိနေတဲ့ဟာ... အိမ်မှာနားနေတာပဲပြောပြီး

www.burmeseclassic.com

www.burmeseclassic.com


ဒီလိုဖြစ်တာကောင်းသလား... ကိုယ်ကလည်း လိုက်ကြည့်လို့မရဘူးလေ... ဒီဘက်မှာလည်း ခွဲရမယ့်ရက်က တဖြည်းဖြည်းနီးလာပြီ"

ကျောက်ပတ်တီးကိုင်ထားဆဲဖြစ်တဲ့ 'အန်တီကြူ' ရဲ့လက်ကို ဖြုန်းကနဲ 'ကိုကြီး' မြင်တွေ့လိုက်ရင် စိုးထိတ်သွားမှာစိုးတာကြောင့် 'ဝိုင်' တို့အားလုံးတိုင်ပင်ပြီး အခုလိုအသိပေးလိုက်ခြင်းဖြစ်သည်။

မနက်ဖြန်ကစပြီး 'အန်တီကြူ' ကိုယ်တိုင် ဆေးရုံမှာလာစောင့်ပေးနိုင်တော့မှာပါ။ ဦးဦးကလည်း နေ့စဉ်ညနေဘက်တိုင်း ပုံမှန်လာပေးနေတာဆိုတော့ ကားတိုက်မိတဲ့ကိစ္စတွေကို 'ကိုကြီး' ဘက်ကနည်းနည်းလေးတောင် မရိပ်မိလိုက်ချေ။ သိတဲ့ ဘေးလူတွေရင်ထဲမှာတော့ မောနေရပါသည်။

"ကျိုးသွားတယ်လို့တော့ မဟုတ်ပါဘူး... အရိုးနည်းနည်းအက်သွားယုံလောက်ပါပဲ... 'အန်တီကြူ' လည်းပုံမှန်အတိုင်းပဲ– စိတ်ပူမနေပါနဲ့ 'ကိုကြီး' ရယ်... မနက်ဖြန်လာမှာဘဲ သိချင်တာကို သေချာမေးကြည့်တော့... အခု 'ကိုကြီး' ဆေးသောက်ချိန်ရောက်နေပြီ... သောက်တော့နော်"

ဆေးသောက်ဖို့ကိုပြင်ဆင်ပေးပြီးတာနဲ့ 'မနန်း' ရှိရာဘက်ဆီထွက်လာခဲ့လိုက်သည်။ 'မနန်း' ဆီကိုသွားနေကြမို့ 'ကိုကြီး' က အခန်းထဲမှာပဲ စာဖတ်ရင်းကျန်ရစ်ခဲ့လေသည်။

'ဝိုင်' ကတော့ 'မနန်း' အခန်းထဲမဝင်ဘဲ ဝင်ပေါက်ညာဘက်ကိုချိုးကွေ့ကာ တစ်ပတ်စကြိန်လမ်းကနေ 'ကိုကြီး' မသိအောင်တိတ်တိတ်ကလေး လစ်ထွက်လာခဲ့လိုက်သည်။

'မဇင်ယော်' နဲ့အတူ သူပါရှိနေတယ်ဆိုတာကို 'ဝိုင်' သိနေရသည်။ စောစောကလေးတင် သူ့ ထွက်သွားတာကိုမြင်လိုက်ရတာပဲ။ တခါးဘုကို လှည့်လိုက်မိတဲ့ခဏကလေးမှာတောင် 'ဝိုင့်' စိတ်ထဲမောပန်းလို့နေရသည်။

မပြောလို့ကလည်းမဖြစ်ပါ။ အခန်းထဲဝင်လာတဲ့ 'ဝိုင့်' ကို သူကအရင်လှမ်းမြင်ပုံရသည်။ 'မဇင်ယော်' က ဝင်ပေါက်ကိုကျောကိုင်းပြီးဘေးတစ်စောင်းအနေအထားနဲ့ လှဲအိပ်နေပါသည်။

" 'ဝိုင်' လာလေ"

သူ့ရဲ့ခေါ်သံကိုကြားလိုက်မှပဲ လူကပြန်ပြီးအသက်ဝင်လာသလိုရှိသည်။ 'မဇင်ယော်' က လှည့်ကြည့်ရင်း...

"ဪ 'ဝိုင်' လာညီမ... 'မ' လည်းပျင်းနေတာနဲ့အတော်..."

'မဇင်ယော်' ပုံစံကိုကြည့်ရတာ ငိုထားတယ်နဲ့တူသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်သားတွေကနီရဲလို့နေရသည်။

"'ဒေါ်ထွေး'... 'ဝိုင်' အတွက်တစ်ခုခုဖျော်ပေးပါဦး... စားစရာတစ်ခုခုလည်းလုပ်ပေးနော်"

"နေပါစေ မမ... မလုပ်ပါနဲ့... 'ဝိုင်'ဗိုက်ပြည့်နေပါပြီ– ဘာမှကိုမစားနိုင်တော့တာ"

"တစ်ခုခုတော့သောက်ပါ 'ဝိုင်' ရယ်... အားမနာပါနဲ့"

"ရတယ် မမရဲ့... 'ဝိုင်'က 'ကိုသုတ' ရှိလားဆိုပြီးလာ ကြည့်လိုက်တာ"

"'သုတ' ဆီ..."

မယုံသင်္ကာမှုတွေရောယှက်နေသော 'မ' ရဲ့အကြည့်က သူ့ဆီဒိုင်းကနဲနေအောင် ရောက်လို့လာရတော့သည်။ သူ့ရင်ထဲ မှာတော့ မောနေပါပြီ။ ခြိမ်းခြောက်တာမဟုတ်ဘဲ ပြောသလိုလုပ် ချလိုက်သော 'ဝိုင်' ရဲ့အပြုအမူအတွက်လည်း အံ့သြကာနေမိ သည်။

တမင်သက်သက် 'မ' နဲ့ သူနဲ့ပြဿနာတက်အောင် သူ ဘက်ကရှောင်ရှားသွားအောင်ဆိုပြီး 'ဝိုင်'ဒီအခန်းထဲကိုအကွက် ချ၍ ဝင်လာခဲ့တာပဲနေမှာ။ ဘာဖြစ်ဖြစ် သူကတော့ 'ဝိုင်' ကိုအ ပြစ်မမြင်မိပေ။

သဝန်တိုတတ်နိုင်လွန်းသော 'မ' ကိုသာ စိတ်ထဲကနေ ငြိုငြင်နေမိတာပါ။ ခုလည်း 'မ' တစ်ယောက် နေရင်း ထိုင်ရင်း ဘာဖြစ်မှန်းမသိဘဲ သူ့ကိုစိတ်ကောက်ကာငိုနေသည်။

ချော့နေရင်ပိုပြီးဆိုးလာမှာစိုးတာကြောင့် မသိဟန် ဆောင်ရင်း အနားမှာသာနေ့နေပေးနေမိသည်။ 'မ' ကမူပျက်ပြ နေတော့ 'ဒေါ်ထွေး'ပုံစံကလည်း သူ့ကိုကြည့်တာ မကြည်မလင် ဖြစ်ကာနေသည်။

သူ့ကိုတင်မဟုတ်။ ဘာမှမဆိုင်တဲ့ 'ဝိုင်' ကိုပါ မျက်စောင်း တွေလှိမ့်ထိုးနေတာ ရိုင်းတဲ့ဘက်ကိုပါရောက်နေပါပြီ။ 'ဝိုင်' မျက် နှာလေးကတော့ပြုံးပြုံးကလေးပါ။

"ဘာကိစ္စရှိလို့လဲ 'ဝိုင်' ရဲ့"

"ဟိုဟာလေ... မနက်ဖြန် 'ကိုသုတ' ကားနဲ့ကားကြုံမ လိုက်ဖြစ်တော့ဘူးဆိုတာ ကြိုပြီးလာပြောပြထားတာ... 'ဝိုင်' ကို စောင့်မနေနဲ့တော့... 'ကိုသုတ' အဆင်ပြေတဲ့အချိန်ပဲသွားလိုက် ပါ"

"ရတယ်လေ... 'ဝိုင်' အဆင်ပြေရင်လည်းပြီးတာပါပဲ ကျွန်တော့်အဖို့က လမ်းကြုံနေတာပဲဆိုတော့အရေးမကြီးဘူးလေ"

"'ဝိုင်' က 'သုတ' ကားနဲ့ ကားကြုံလိုက်ဖူးလို့လား"





www.burmeseclassic.com

www.burmeseclassic.com

'မ' တစ်ယောက်မဖိတ်ခေါ်ရဘဲ သူတို့စကားတွေထဲဝင်ပါလိုက်ပါပြီ။ 'မ' ပါလာရင်ပိုပြီးဇာတ်တွေရှုပ်တော့မယ်ဆိုတာကို သူကရိပ်မိနေရပါပြီ။

"ဒီနေ့မနက်ကလိုက်တာ 'မမ' ရဲ့... 'ဝိုင်' ကားငှားနေတဲ့အချိန် 'ကိုသုတ' ကားနဲ့တိုးနေတာ ကံကောင်းသွားတယ်... အသွားကော အပြန်ကောဆိုတော့ ဖိမ်ကိုကျနေတာပဲ"

"မင်း 'မ' ကိုဘာမှလည်းပြန်မပြောပြပါလား"

'မ' ရဲ့အသံက မခံချင်စိတ်ကြောင့် အနည်းငယ်ကျယ်လောင်လာသည်။

"ပြန်ပြောရအောင် ဘာများအရေးကြီးနေလို့လဲ... ကားကြုံတင်ခေါ်တဲ့ကိစ္စကို 'မ' သိတော့ကော ဘာဖြစ်မှာစိုးလို့လဲ... မသိတော့ကော ဘာဖြစ်မှာလဲ"

"ဟင်... မင်းစကားကြီးကဘာလဲ... ငါလုပ်ချင်ရာလုပ်မယ်... ငါ့စိတ်သဘောအတိုင်း 'မ' ကိုထည့်တွက်စရာမလိုတော့ဘူးဆိုတဲ့ သဘောမျိုးဖြစ်မနေဘူးလား... 'မ' ဆေးရုံမှာနေ့,နေတာကို မင်း တော်တော်သဘောကျနေတယ်မှလား"

"ဘာတွေပြောနေမှန်းမသိဘူး 'မ' ရာ... 'ဝိုင်' ကိုလည်းအားနာပါဦး"





"'ဝိုင့်' ကိုတော့ ကျေးဇူးအောင်တင်မိပါသေးတယ်... စိတ်ရှင်းရှင်းကလေးနဲ့ 'မ' ရှေ့မှာလာပြောလိုက်လို့လေ... 'ဝိုင်' ရယ်... 'သုတ' က 'မ' နဲ့ပတ်သက်ရင် သိပ်ကိုသွေးအေးပြီး ဆက်ဆံပုံတွေက ပေါ့တိမ်လွန်းတယ်သိလား... 'မ' ဘက်က ဘယ်လောက်ပဲ သူ့အပေါ်သည်းသည်းလှုပ်နေ့,နေ သူကတော့ ရေခဲတုံးပဲ... တုတ်ကောက်ကလေးနဲ့သွားနေရတဲ့ 'မ' ကိုတော့တာငြီးချင်နေတာကြာပြီလေ"

'ဝိုင်' ဘာပြန်ပြောရမှန်းမသိပါ။ ထင်ထားတာကနောက်ပိုင်းမှာ သူနဲ့ 'မဇင်ယော်' တို့တိုးတိုးကျိတ်ကျိတ်နဲ့စကားများကြလိမ့်မယ်လို့ထင်ထားမိတာ။ အခုတော့ 'ဝိုင့်' ကိုရှေ့မှာထားပြီး ချက်ချင်းကိုထဖိုက်နေကြတာဖြစ်သည်။

'ဝိုင့်' မျက်နှာကို ဘယ်လိုထားရမှန်းမသိတော့။ သူ့ကိုချစ်ချင်နေပါတယ်ဆိုမှ သနားစရာအဖြစ်မျိုးတွေနဲ့ ရင်ဆိုင်နေရတော့သည်။

သေးသေးမွှားမွှားကလေးကို ပုံကြီးတွေချဲ့တတ်တဲ့ 'မဇင်ယော်' ရဲ့စိတ်ကို လန့်ကြောက်သွားမိတာတော့သေချာပါသည်။

"'ဝိုင့်' ကိုရင်ဖွင့်စရာတွေရှိသေးတယ်သိလား... 'ဝိုင်'

www.burmeseclassic.com

www.burmeseclassic.com



အားလား"

"ဟာ... 'မ' ဘာတွေဖြစ်နေတာလဲ"

"မင်းနဲ့မဆိုင်ဘူး... 'မ' ရင်ထဲကအကြောင်းတွေ 'မ' ပြော တာဘာဖြစ်သလဲ"

'ဝိုင်' ခေါင်းကိုခပ်မြန်မြန်ပဲခါလိုက်ရင်း...

"နောက်မှပဲလာခဲ့တော့မယ်နော်... 'ကိုကြီး' ကိုဆေး တိုက်ရဦးမယ်"

"လာပါ 'ဝိုင်' ရယ်... 'မ' လည်းလာခဲ့ပါဦးမယ်"

ပြန်ကာနီး သူ့ကိုတောင်းပန်နဲ့အကြည့်နဲ့ပဲ 'ဝိုင်' ကြည့် လိုက်မိပါသည်။ စိတ်ညစ်သွားပုံရတဲ့ သူကတော့ 'ဝိုင့်' ရဲ့အကြည့် ကိုနားလည်သည့်အလား ခွင့်လွှတ်တဲ့အပြုံးနဲ့ ပြန်ပြုံးပြရှာသည်။

သူ့အပြုံးကိုမြင်တဲ့အခိုက်မှာ 'ဝိုင့်' ရင်ထဲသနားဝမ်းနည်း စိတ်နဲ့ ငိုချင်လာခဲ့ရသည်။ 'ဝိုင်' မှားပါပြီ။ သူ့ကိုသနားလိုက်တာ

* * *





## အခန်း ၁၈

"သိပ်ကိုအဆင်ပြေနေတယ်ပေါ့လေ"

'ဝိုင်' ထွက်သွားတာနဲ့ 'မ' ရဲ့အသံတန်းထွက်လာသည်။ မရှည်သင့်တဲ့ကိစ္စကို ဟိုး ကမ္ဘာဆုံးတဲ့အထိ လေကြောတွေရှည် တော့မှာဆိုတာကို သူ နားလည်လိုက်ပါသည်။

'ဝိုင့်' ကိုလည်း အပြစ်မတင်ချင်ပါ။ ဖြစ်လာတဲ့ သူ့ရဲ့ ဏကြမ္မာကိုပဲ ယိုးမယ်ဖွဲ့ချင်တော့သည်။ 'မ' ရယ်။ သီးခံတဲ့စိတ် ဓာလေး လူတစ်ယောက်ရဲ့လွှတ်လပ်ခွင့်လေးကို စေတနာလေးနဲ့ မသိချင်ဟန်ဆောင်ပေးလိုက်ပါတော့လား။



www.burmeseclassic.com

www.burmeseclassic.com



သူ့မှာ စဉ်းစားဉာဏ်ဆိုတဲ့အသိတရား ထိန်းချုပ်နိုင်မှု စွမ်းအားတွေ ရှိတယ်ဆိုတာကို 'မ' သိဖို့ကောင်းပါသည်။ တစ်ကိုယ်ကောင်းဆန်လွန်းရင် တစ်ဖက်လူရင်မှာ စိတ်ပျက်ခြင်းသော ကြီးစိုးမင်းမူသွားတော့မယ်ဆိုတာကို 'မ' စဉ်းစားတတ်ရမည်။

"မင်းကလည်း 'ဇင်ယော်' ဒီလောက်ဖြစ်နေတာတောင်မှ ပြဿနာကိုမီးထွန်းရှာနေသေးတယ်... ခုချိန်မှာ 'ဇင်ယော်' စိတ်ချမ်းသာဖို့က အဓိကပဲဆိုတာကို မင်းနားလည်ရမယ်လေ"

'ဒေါ်ထွေး' က စေတနာပါသလိုလိုနဲ့ ဝင်ပင့်ပေးလိုက်တယ်ဆိုတာကို သူရိပ်မိပါသည်။

"ကျွန်တော်နဲ့ 'မ' နဲ့ကြားမှာ 'ဒေါ်ထွေး' ဘာမှဝင်မပြောနဲ့ဗျာ... စေတနာတကယ်ရှိတာသေချာရင် မသိသလိုပါးစပ်လေးပိတ်ပြီးနေ... 'ဒေါ်ထွေး' စကားတွေကြားမှာ 'မ' ကပိုဆိုးလာမှာ"

"အို... ကျုပ်ကနားအေးပါးအေးနေချင်လို့ စေတနာနဲ့ပြောရတာပါနော်... မင်းမကြိုက်ဘူးဆိုရင်လည်း ယောင်လို့တောင်မပြောတော့ပါဘူး"

'ဒေါ်ထွေး' စားပွဲပေါ်မှာတင်ထားသော ပန်းကန်ခွက်ယောက်တွေကိုရှင်းသလိုလိုနဲ့ အသံမပြည့်မြည်အောင်ဆူဆောင့်လုပ်ပြနေသည်။ သူ့အနေနဲ့ 'ဒေါ်ထွေး' လိုလူတစ်ယောက်ရဲ့





ပြုစုစောင်းမြှောင်းခြင်းကို သည်းခံနေစရာအကြောင်း မရှိပေ။

သို့သော် ဒီနေရာကအိမ်မဟုတ်။ ဆေးရုံဖြစ်နေတာကြောင့် ပတ်ဝန်းကျင်ကိုပြန်ပြီး ငဲ့ကွက်နေရသေး၏။ ဒေါသကြောင့်မျက်နှာနီမြန်းလာရသော သူ့ကိုကြည့်ပြီး 'မ' ဝင်ထိန်းလိုက်ပါသည်။

"ကဲ ကဲ 'ဒေါ်ထွေး' အပြင်သာထွက်နေပေး... 'သူတ' နဲ့ပတ်သက်ရင် 'မ' ပဲပြောမယ်... 'ဒေါ်ထွေး' ဝင်မပြောနဲ့... ဘေးလူတွေကြားလို့လည်းမကောင်းဘူး"

'ဒေါ်ထွေး' ထွက်သွားတော့ သူ 'မ' နဲ့မျက်နှာချင်းဆိုင်ထိုင်လိုက်မိသည်။ ပြောချင်တာကိုဘေးပတ်ဝန်းကျင်ကိုမသိရဘဲ နှုတ်ခမ်းလှုပ်ယုံနဲ့ တစ်ယောက်ပြောတာကို ကျန်တစ်ယောက်က နားလည်တာမျိုး 'မ' နဲ့သူနဲ့ပြောတတ်ကြသည်။

ဒီလိုပြောတတ်တာကလည်း 'မ' ရဲ့အပြုအမူအကျင့်တွေကို အမြဲနားလည်နေတတ်တာကြာပြီးမှ တတ်မြောက်လာခဲ့တာပါ။

'မ'က လူမသိသူမသိ သူ့အပေါ်စိတ်ကောက်ရန်လိုတဲ့အခါတိုင်း နှုတ်ခမ်းလှုပ်ယုံလေးနဲ့ မကျေမနပ်ပြောနေကြဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တစ်ခုပြောမယ်နော်... 'မ' ကလူမမာ...လူမမာမို့လို့လည်း ဆေးရုံမှာလာနေရတာ... ဆေးရုံမှာလာနေတဲ့အခိုက်အတန့်လေး စိတ်ချမ်းသာအောင်နေပါ... စိတ်ကိုအလိုမလိုက်နဲ့... စိတ်လိုက်မာန်မာနဲ့ 'မ' ဘက်ကပြောချင်တာပြောမယ် လုပ်ချင်တာလုပ်မယ်ဆိုရင် ကျွန်တော်လည်းစိတ်ဆင်းရဲမယ်... 'မ' လည်းစိတ်ထိခိုက်ရမယ်... ဒီတော့ နှစ်ယောက်စလုံး အကျိုးမရှိတဲ့ကိစ္စတွေကို 'မ' ဘက်က မလုပ်ပါနဲ့လား"

လေတိုးသံတိုးတိုးကလေးနဲ့ 'မ' ရဲ့စိတ်ကိုငြိမ်းချမ်းအောင် သူပြောလိုက်မိသည်။ ဒါပေမဲ့ သူဖြစ်စေချင်သလိုမျိုး 'မ' ကမဖြစ်။ စိတ်ထင်ရာနဲ့ရမ်းသမ်းပြီး ခွတ်ပြောပါတော့သည်။

"လူမိသွားမှ 'မ' ကိုမင်းလာမနှစ်သိမ့်နဲ့လေ... အစကတည်းက မင်းအနေအထိုင်ဆင်ခြင်ပါလား... ပွင့်လင်းရိုးသားပါလား... မင်းဘက်သာပွင့်လင်းထားရင် 'ဝိုင်' လာပြောတဲ့အချိန်မှာ မင်းတို့ဘက်က အေးဆေးနေလိုက်လို့ရတယ်... အခုဖြစ်ချင်တာ ဖြစ်ပြီးမှသိရတော့ 'မ' ဘဝကကြောင်ကြီးဖြစ်မနေဘူးလား... မင်းတို့မျက်နှာတွေကိုကြည့်ပြီး လူကရူးချင်နေရရော... 'ဝိုင်' ကို မင်းကြိုက်နေပြီလား... ချစ်နေပြီ လား ပြောစမ်း 'သုတ'... 'မ' ရင်တွေပူလွန်းလို့ပါ... အချိန်နည်းနည်းကလေးနဲ့ လူတစ်ယောက်



ကို မင်းချစ်တတ်နေပြီလား"

"ဘာတွေလည်း 'မ' ရာ... လူနာရှင်အချင်းချင်းလိုအပ်လို့ ကူညီပေးမိတာ အပြစ်ကအရမ်းကြီးနေသလား... 'မ' ကလွန်လွန်းတယ်... ဦးနှောက်နဲ့ ဖြစ်သင့်တယ် မဖြစ်သင့်တယ် မစဉ်းစားဘူး... စိတ်ထဲထင်လိုက်တာနဲ့ ရမ်းသမ်းစွပ်စွဲတော့တာပဲ... လူဆိုတာ ပတ်ဝန်းကျင်နဲ့ လိုလျော့ညီထွေရှိအောင် နေတတ်ရမယ်... မနေတတ်တဲ့လူက လူမဟုတ်ဘူး... ရှိသမျှလူတွေနဲ့ ကျွန်တော်နဲ့မစွပ်စွဲပါနဲ့... ကျွန်တော်လုံးဝမကြိုက်ဘူး"

"မစွပ်စွဲစေချင်ရင် မင်းငြိမ်ငြိမ်ကလေးနေလေ... ခုလိုမျိုးတွေမလုပ်နဲ့ပေါ့"

"ဒါတော့ 'မ' မတရားပြောတာပဲ... ကျွန်တော့်နေရာမှာ 'မ' ဆိုရင်လည်း လူမှုရေးစိတ်နဲ့ ကူညီမိမှာပဲမဟုတ်လား"

"ဟင့်အင်း... မကူညီဘူး"

အသလွတ်ကြီးဂျစ်တိုက်နေသော 'မ' ရဲ့အပြောအဆိုတွေကြောင့် သူစိတ်ပျက်စွာဖြင့် ခေါင်းကိုခါလိုက်မိသည်။ ဘယ်လိုစကားတွေနဲ့မှ 'မ' ရဲ့စိတ်ဓာတ်ကို ပြေလည်အောင်လုပ်လို့ရတော့မယ်မထင်။

"တော်ပြီ... 'မ' ကို ကျွန်တော်ဘာမှမပြောတော့ဘူး...

www.burmeseclassic.com

www.burmeseclassic.com



အရှုံးပေးတယ်"

"ပေးရမှာပေါ့... မင်းကမှားနေတာကို"

"ဟုတ်တယ်ဗျာ... ကျေနပ်ပြီလား"

"အမှားလုပ်ထားတဲ့ သူတစ်ယောက်ကို အပြစ်မရှိတဲ့ အမှန်ဘက်ကလူက လွယ်လွယ်လေးနဲ့ ကျေအေးပေးလိုက်ရမှာကတော့ သိပ်မတရားဘူးနဲ့တူတယ်နော်"

"'မ' ဘာဖြစ်ချင်တာလဲ"

"ဖြစ်စေချင်တာကတော့ 'ဝိုင်' နဲ့မပတ်သက်ဘဲနေစေချင်တာ... စကားပြောတာလည်းမကြိုက်ဘူး... ရယ်ပြပြုံးပြတာလည်းမကြိုက်ဘူး... မျက်လုံးချင်းဆုံသွားတာတောင် မကြိုက်ဘူးကွာ... သိရဲ့လား"

"'ဝိုင်' ကိုသွားပြောထားလေ... 'မ' မကြိုက်တဲ့အချက်အလက်တွေကို"

"'မ' ကိုမုန်းမှာပေါ့... မင်းဖါသာခပ်တန်းတန်းကလေးနေလိုက်ရင်ပြီးနေတာကို"

"'မ' ရဲ့ဝန်တိုစိတ်က ဘယ်တော့မှရပ်တန့်မှာလည်းဗျာ လူပေါင်းလည်းစုံသလောက်ရှိနေပါပြီ"

"'မ' နဲ့မင်း တစ်ယောက်ယောက်သေတဲ့နေ့ကျမှပဲ ဒီပြ





သနာပြီးတော့မှာလို့ထင်တယ်... မင်းဘာပဲပြောနေနေ မင်းကို စိတ်မချတာ စိတ်မချတာပဲ... မဖျောင့်ဖျနဲ့... 'မ' လက်မခံဘူး"

"ကဲ ကဲ 'မ' နားလိုက်တော့... ကျွန်တော် မေမေ့ဆီခဏသွားလိုက်ဦးမယ်... သွေးကိစ္စဘယ်လိုစီစဉ်ထားလည်းမသိဘူး... ပေးရက်မယ့်ရက်က နှစ်ရက်ပဲလိုတော့တယ်... ရုံးကဝန်ထမ်းတွေစုလိုက်ရင်တော့ ခြောက်ယောက်လောက်ရှိတယ်... ကျန်တဲ့လေးယောက်ကိုအပြင်ကရှာထားရတာ... သွေးအဖြေ Resultလည်းသွားယူရဦးမယ်... 'မ' ဘာမှာဦးမှာလဲ"

"ပြောတဲ့အတိုင်းရိုးသားစွာ လုပ်ပါလို့ပဲမှာချင်တယ်"

ခေါင်းကိုခါပြီး 'မ' ရဲ့အနားကနေ ထွက်လာခဲ့လိုက်သည်။ ရောဂါသာခံစားနေရသည်။ စိတ်ဓာတ်ကမကျဘဲ ယခင်ကအတိုင်းဖြစ်နေတာ စိတ်ပျက်ဖို့ကောင်းသည်။

ဆုံးဖြတ်ချက်ချပြီးနေလို့သာ သည်းခံပြီးနေရသည်။ စိတ်ထဲမှာတော့ ဒေါသတွေက တောင်စွယ်တောင်မြင့်တွေလို အထပ်ထပ်ဖြစ်ကာနေရပါပြီ။

"'သုတ'"

အခန်းဝရောက်ခါနီးမှ 'မ' ကလှမ်းခေါ်လိုက်သောဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘာလဲ"

"မင်း ကတိမပေးရသေးဘူးလေ"

"ဘာအတွက်လဲ"

'မ'ရဲ့မျက်စောင်းက ဒိုင်းကနဲရောက်လာသည်။ ဘာက တိတောင်းတယ်ဆိုတာ သူ တကယ့်ကိုမသိပေ။ စကားတွေဒီ လောက်အများကြီးပြောနေတာ သူ ဘယ်လိုလုပ်မှတ်မိနိုင်ပါတော့ မလဲ။

"မင်း မသိချင်ဟန်ဆောင်မနေနဲ့"

"တကယ်ကိုမသိတာ... ပြောပါ 'မ' ရာ... ဘာလဲ"

"'ဝိုင်' နဲ့ကိစ္စလေ"

"အမိပ္ပါယ်မှမရှိတာ"

"ရှိရှိ မရှိရှိ 'မ' ပြောတဲ့အတိုင်းမနေနိုင်ဘူးလား"

"နေနိုင်ပါတယ်... ဒါပေမဲ့ မျက်နှာချင်းဆိုင်တွေ့ရရင် တော့ ဘယ်ရိုင်းလို့ကောင်းပါ့မလဲ"

"မသိဘူးကွာ... ကတိပေး"

"ဟင့်အင်း"

ခေါင်းကိုခါကာ သူ အခန်းတံခါးကိုဖွင့်ပြီး ထွက်ချလာ ခဲ့လိုက်သည်။ ဒီလောက်ကြီးတော့လည်း သူ့ရဲ့စိတ်ကို လူတစ်





ယောက်ရဲ့ခြေဖဝါးအောက်မှာ မနင်းချေချင်ပါ။ အလျှော့ပေးမှု သည်းခံမှုဆိုတာ Limit တော့ရှိရမှာမဟုတ်လား။


www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၉

အဘော်ဆိုတဲ့သွေးကိုရှာဖို့ 'ဝိုင်' တို့ပြုံးပြာနေချိန် သူ့က စကားတစ်ခွန်းဝင်ပြောလိုက်သည်။ 'အန်တီကြူ' နဲ့ 'ဝိုင်' နဲ့ပြော တဲ့စကားတွေကိုကြားပြီး သူ ဝင်ပြောလိုက်တာဖြစ်ပါလိမ့်မည်

"အားလုံးနီးပါးလိုလို သွေးပုလင်းအရည်အတွက်ပြည် နေပြီလို့ပြောတယ် 'ဝိုင်' ရဲ့... ဆေးစစ်ထားတဲ့ Result တွေ တောင် 'ဗိုလ်ကြီးဒေါ်စန်းစန်းဝင်း' ဆီပေးပြီးသွားကြပြီ... 'အ တီကြူ' တို့ပဲကျန်တော့တယ်နဲ့တူတယ်... သမီးဦးဦးလည်း သက်ရာပတ်သက်ကြောင်း စုံစမ်းနေတာနဲ့ နေပြီ... အရေး





အလုပ်နဲ့ပတ်သက်ပြီး နိုင်ငံခြားညွှန်သည်တွေကရောက်နေသေး တယ်ကွယ်"

" 'ကိုကြီး' ကိုတော့ အားလုံးပြည့်စုံပြီလို့ 'ဝိုင်' ကပြော ထားတာ... လှူမယ့်သူတွေထဲကလည်း ပြောတော့သာ အဘော်ဆို တယ် တကယ်သွေးပြန်ဖောက်ပြီးစစ်ကြည့်တော့ အဘော်မဟုတ် ဘူး... တချို့တွေကတော့ ဘုန်းကြီးတွေဆီကနေ အလှူခံလို့ရ တယ်တဲ့... 'ဝိုင်' သွားလျှောက်ကြည့်ချင်တယ်"

" 'အန်တီကြူ' လည်းအသိတွေကိုမေးကြည့်ပါဦးမယ် အဘော်သွေးက ရှားတော့လည်းအခက်သားလား"

'ကိုကြီး' ရေချိုးသွားနေတဲ့အချိန်မှာ 'ဝိုင်' တို့ပြောနေကြ တာဖြစ်သည်။ 'အန်တီကြူ' ရောက်လာတော့ 'ဝိုင်' အနေနဲ့ အ ည်းငယ်သက်သာသွားသည်။

ကျောင်းကိစ္စကလည်း စုံစမ်းရဦးမည်။ အနီးကပ်သင် န်းတွေဖွင့်တော့မည်ဆိုတာကို သူငယ်ချင်းတစ်ယောက်ဖုန်း က်လို့သိနေပြီးပါပြီ။

ကျူရှင်ကိစ္စတွေဘာတွေလည်း ဘာတစ်ခုမှမလုပ်ရ း။ အဝေးသင်ပြောင်းလိုက်တာကပဲ 'ဝိုင်' ကကောင်းသွားရ ပါ။ 'ကိုကြီး' ပြန်လာမလာကိုသိချင်တဲ့စိတ်နဲ့ ရေချိုးခန်းရှိရာ


www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့ လှမ်းကြည့်လိုက်စဉ် သူနဲ့အကြည့်ချင်းဆုံသွားခဲ့ရသည်။

"သွေးကိစ္စအစဉ်မပြေသေးဘူးလား... ကျွန်တော်စုံစမ်းပေးရမလား"

မထင်မှတ်ဘဲ သူ့စကားသံကိုကြားလိုက်ရတာကြောင့်ကြောင်သွားရသည်။ မနေ့ညနေကတည်းက 'ဝိုင်'နဲ့ သူနဲ့စကားပြောဖို့နေနေသာသာ မျက်လုံးချင်းတောင်မဆုံဖြစ်ကြတာ ယခုအချိန်ထိအောင်ပါ။

'ဝိုင်'ဘက်က အားနာတဲ့စိတ်ဖြင့် တမင်ရှောင်နေမိတာလည်းပါ,ပါသည်။ 'ဝိုင်'ကကြောင်နေပေမယ့် 'အန်တီကြူ'ကတော့ 'ဝိုင်'လိုကြောင်မနေပေ။ အားတက်သရောဝင်ပြောလိုက်လေသည်။

"မပြေသေးပါဘူးသားရယ်... ဖြစ်နိုင်ရင်ကူညီပြီးစုံစမ်းပေးပါလား... အန်တီတို့မှာလည်း ဆွေမျိုးကနည်းတော့ရှိတဲ့လူလုပ်နေရတာ... 'ကိုကိုကြီး'ကိုလည်းမပြောရဲဘူးလေ"

"ဟုတ်တာပေါ့... လူနာကိုအေးအေးဆေးဆေးထားတာပဲကောင်းပါတယ်... ကျွန်တော်သိတဲ့ဘုန်းကြီးကျောင်းတွေကိုကြည့်ပေးပါ့မယ်... 'မ'အတွက်တောင် ဘုန်းကြီးသုံးပါးဆီအလှူခံလိုက်ရသေးတယ်... သွေးအဖြေတောင်ပေးပြီးသွား





"အချိန်ကလည်းနှစ်ရက်ပဲရှိတော့တာဆိုတော့ ကူညီပါဦးသားရယ်... အန်တီတို့လည်း တတ်နိုင်သလောက်ရှာနေပါတယ်"

"ဒီလိုဆို အခုပဲစုံစမ်းကြည့်လိုက်မယ်... အဆင်ပြေတယ်ဆိုရင်ဖုန်းဆက်ပြီးပြောမယ်... တစ်ခါတည်းသွေးတွေဘာတွေစစ်ရအောင်လေ"

"ကောင်းတယ်... ဒီလိုလုပ်... 'ဝိုင်'ကိုပါထည့်ပေးလိုက်မယ်... 'ကိုကြီး'အတွက်က အန်တီရှိနေတော့ အဆင်ပြေတယ်... ဘုန်းကြီးတွေကို ဝတ္ထုကပ်ဖို့လိုသေးတယ်လေ... အန်တီကားခေါ်လိုက်မယ်... သား အချိန်ရရဲ့လား"

"ရပါတယ်"

'အန်တီကြူ'ကတော့ 'ကိုကြီး'ကိစ္စအဆင်ပြေဖို့တစ်ခုတည်းကိုသာ ရှေ့တန်းတင်ပြီးတွေးလိုက်တဲ့အတွက် ကျန်တဲ့ကိစ္စတွေကိုစဉ်းစားမိပုံမရပေ။

'ဝိုင်'တို့နှစ်ယောက်ရဲ့ ရင်ထဲကခံစားချက်တွေကိုမသိမှတော့ သွေးအလှူခံတဲ့ကိစ္စက ဘာများဆန်းကြယ်တာမို့လို့လဲနော်။ ဒါပေမဲ့ 'ဝိုင်'က သူ့ကိုအားနာတာကြောင့်သူ့ကိုငြင်းမိလိုက်မိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

"'ဝိုင့်' ဖါသာပဲသွားပြီးစုံစမ်းကြည့်လိုက်ပါ့မယ် 'အန်တီကြူ' ရယ်"

"ဩော်... သိတဲ့လူရှိနေမှပဲ 'ဝိုင်'ရယ်... ပြီးတော့ မိန်းကလေးတစ်ယောက်တည်းသွားတာနဲ့စာရင် အဖော်ပါတော့ပိုမကောင်းဘူးလား... သွေးကခြောက်ပုလင်းလောက်လိုသေးတယ်နော်"

"ဟုတ်တယ်"

"ကဲ ကဲ 'ကိုကြီး' ပြန်မလာခင်မြန်မြန်သွားလိုက်တော့... 'ဝိုင့်' ကိုမေးရင်အိမ်ပြန်ရေမိုးချိုးနေတယ်လို့ပဲ ပြောထားလိုက်တော့မယ်သိလား... တစ်နေ့တည်းနဲ့သာ ကိစ္စအားလုံးပြတ်အောင်လုပ်ခဲ့တော့ကွယ်... အဆင်ပြေရင်ဖုန်းဆက်ပြောဦးနော်"

'ဝိုင်' ရှေ့ကနေ သူကအရင်ထွက်သွားခဲ့သည်။ ဘယ်လိုမျက်နှာထားမျိုးနဲ့ သူ့ရဲ့ကားကို 'ဝိုင်' လိုက်စီးရမလဲမသိ။ ကားပေါ်တက်ဖို့ကိုပင် ခြေလှမ်းတွေကတုန်နေသလိုလိုပါ။

"တက်လေ 'ဝိုင်' ရဲ့... သွားရမယ့်နေရာတွေကအများကြီး"

"'ကိုသုတ' ဘက်ကဖြစ်ရဲ့လား... 'အန်တီကြူ'က သားဇောနဲ့ဘာမှမသိဘဲပြောလိုက်တာ... 'ဝိုင်' ကတော့ပို့ခိုင်းရမှာအားနာတယ်... နေရာတွေသာပြောလိုက်ပါလား၊ 'ဝိုင့်' ဖါသာသွားလိုက်ပါ့မယ်"

"ဖြစ်လို့ပဲလိုက်ပို့ဖို့ ကားပေါ်တောင်ရောက်နေပြီပဲ... အားနာတယ်ဆိုတဲ့စကားမျိုးမပြောပါနဲ့... 'ဝိုင်' သတ္တိရှိတယ်... အားမနာတတ်ဘူးဆိုတာ ကျွန်တော်သိနေတာပဲ"

"'ကိုသုတ' 'ဝိုင့်' ကိုစိတ်ဆိုးနေတာလား"

"မဆိုးပါဘူး... ကျွန်တော့် ကုသိုလ်ကံမကောင်းဘူးလို့မှတ်ပါတယ်... ကဲ သွားရအောင်"

'အန်တီကြူ' ကိုယ်တိုင် လွှတ်လိုက်တာဆိုတဲ့အသိဖြင့် 'ဝိုင်' လိုက်လာခဲ့လိုက်ပါသည်။ သူ ဘယ်ကိုသွားနေတယ်ဆိုတာ 'ဝိုင်' မသိ။

အရင်အချိန်တွေတုန်းကလို သူ့နှုတ်ကစကားတွေ ရွှင်မနေတာတော့သေချာသည်။ တိတ်ဆိတ်နေတဲ့ သူ့ကို 'ဝိုင်'က ခိုးကြည့်လိုက်မိသည်။ သူ့ပုံစံက ကားကိုပဲဂရုစိုက်မောင်းနေပုံရသည်။

သူ့ဘေးနားမှာ 'ဝိုင်' ရှိနေတယ်ဆိုတာကို သတိကောရှိသေးရဲ့လားမသိ။ စကားသံတိတ်ဆိတ်နေတဲ့အခြေအနေကို 'ဝိုင့်' စိတ်ထဲမှာခါးသီးလို့လာရသည်။





www.burmeseclassic.com

www.burmeseclassic.com



ထွက်လာပြီးမှတော့ ပြောချင်တဲ့စကားတွေကို သူပြော ချလိုက်ပါတော့လား။ ဘာလဲ 'ဝိုင်'နဲ့ပတ်သက်ပြီး သူမှာဘာစကားမှပြောစရာမရှိတော့တာလား။

လူ့အလိုနတ်မလိုက်နိုင်ဆိုသလို 'ဝိုင်' တစ်ယောက်တည်းနဲ့ ရင်ပူဗျာများနေတာ ကြာတော့ငိုချင်လာရသည်။ 'ဝိုင်' စိတ်ထဲမှာဖြစ်ချင်နေတာက သူ 'ဝိုင်'အပေါ်ဂရုတစိုက်နဲ့ စကားတွေပြောတာမျိုးကိုပါ။

မကျေနပ်တဲ့အတွေးဖြင့် သူမျက်နှာကိုခပ်ရမ်းရမ်းပဲ စိုက်ကြည့်ပစ်လိုက်မိသည်။ သူ့ကို 'ဝိုင်'ကြည့်နေတာသိပေမယ့်လည်း ဂရုစိုက်စိတ်နဲ့ တစ်ချက်ကလေးတောင်ပြန်ငဲ့မကြည့်။

သူ တမင်သက်သက်ပဲများပြီး 'ဝိုင်'ရဲ့စိတ်ကိုဆွပေးနေတာနေမှာ ဖြစ်နိုင်ရင် သူဆုပ်ကိုင်ထားတဲ့ကားစီယာတိုင်ကို ဖြစ်ချင်တာဖြစ်ဆိုပြီး ဇွတ်ယမ်းပစ်လိုက်ချင်တော့သည်။ မီးပွိုင့်မှာမီးနီမိလို့ ကားရပ်တာနဲ့ 'ဝိုင်' က စကားစလိုက်ပါသည်။

"'ဝိုင်' မလိုက်ချင်တော့ဘူး… ဆင်းနေခဲ့တော့မယ်"

"ဘာဖြစ်လို့လဲ"

"'ဝိုင်' ကိုအဖက်မလုပ်ချင်တဲ့ လူတစ်ယောက်နဲ့ အတူတူ မသွားချင်တော့လို့"





"ကျွန်တော် နားမလည်ဘူး"

"'ကိုသုတ' နားမလည်ချင်ဟန်ဆောင်နေတာပါ… ဘာလဲ 'ဝိုင်'နဲ့စကားပြောရင် သေသွားမှာမို့လို့လား… မိုးကြိုးပစ်ချခံထိမှာစိုးလို့လား"

"မဟုတ်ပါဘူး… 'ဝိုင်' ရာ"

"မဟုတ်ရင် ဘာလို့ပါးစပ်ပိတ်ပြီး အ,ချင်ဟန်ဆောင်နေတာလဲ"

သူက ဘာကိုသဘောကျမှန်းမသိ ရယ်လိုက်သည်။

"ရယ်ပါ ရယ်ပါ… 'ဝိုင်' ကိုရယ်စရာလို့ပဲသဘောထားပါရပါတယ်"

"ရယ်စရာသဘောထားလို့ မဟုတ်ဘူးကွာ… နေရင်းထိုင်ရင်းဒေါသတွေထွက်နေတာကိုကြည့်ပြီး ပြုံးမိတာပါ… 'ဝိုင်' ဖြစ်ချင်တာကိုပြော… ကျွန်တော်လုပ်ပေးမယ်… ကျွန်တော်ငြိမ်နေတယ်ဆိုတာကလည်း စကားပြောလိုက်ရင် 'ဝိုင်' စိတ်ထဲများ အနှောက်အယှက်ဖြစ်မလားဆိုပြီး ငြိမ်နေလိုက်တာ… 'ဝိုင်' ထင်သလိုမျိုးမဟုတ်ပါဘူး"

"မယုံပါဘူး… မနေ့က 'ဝိုင်' လုပ်တဲ့အပြုအမူကို စိတ်ဆိုးလို့ တမင်ခပ်တင်းတင်း နေ,နေတယ်ဆိုတာသိတယ်… 'မဖင်



www.burmeseclassic.com

www.burmeseclassic.com



ယော်' နဲ့ပြဿနာဖြစ်ရတယ်ဆိုပြီး 'ဝိုင့်'အပေါ်အပြိုးထားနေတာ"

"စွပ်စွဲချက်တွေကပြင်းလှချည်လား… ရင်ထဲမှာမကျေနပ်စိတ်ရှိနေရင် ခုလိုမျိုးလိုက်ကူညီပေးမလားပြော… ကူညီချင်လွန်းလို့တောင် စကားမရှိစကားရှာရသေးတာ"

"ဒါဆို 'ဝိုင့်' ကိုစိတ်မဆိုးဘူးပေါ့"

"ဟင့်အင်း… ဘယ်တော့စိတ်မဆိုးဘူး"

"ဟွန်း…"

ကျေနပ်သလိုအပြုံးမျိုးနဲ့ မျက်စောင်းသာဖိထိုးပစ်လိုက်သည်။ 'ဝိုင်'က ကျေနပ်ကြည်နူးလို့ ဘာကိုမှမတွေးဘဲ မျက်စောင်းထိုးလိုက်တာမှန်ပေမယ့် 'သုတ' ရင်ထဲမှာတော့ ဒိန်းကနဲမြည်အောင်ကို ရင်ခုန်သံကဆောင့်ခုန်သွားရလေသည်။

'ဝိုင့်'အနားမှာသာ ကြာကြာဆက်နေရင် သူ့နှလုံးသားဟာ ဖယောင်းတိုင်မီးအဟပ်ခံရသလိုမျိုး အကြင်နာနဲ့ သံယောဇဉ်တွေ အရည်ဖြင့်ပျော်ကြတော့မယ်နဲ့တူပါရဲ့။

⁂





## အခန်း ၂၀

တောင်ဥက္ကလာ၊ မြောက်ဥက္ကလာနဲ့ ရေကျော်ဘက်ထိအောင် 'ဝိုင်' နဲ့သူရောက်ခဲ့ကြပါသည်။ သူနဲ့သိတဲ့ဘုန်းကြီးကျောင်းတွေရှိသလို တချို့လူတွေကညွှန်လိုက်လို့ စုံစမ်းသွားရောက်ပြီး အကူအညီတောင်းခံရတာလည်းရှိပါသည်။

တစ်နေရာပြီးတစ်နေရာ လျှောက်သွားနေလို့လူတွေစိတ်ရောကိုယ်ပါ ပင်ပန်းနေကြရမှာဖြစ်ပေမယ့် 'ဝိုင်' တို့နှစ်ယောက်စလုံးပင်ပန်းမှုရှိမနေတာ အံ့ဩဖို့တော့ကောင်းလှသည်။

တိုးတိုးကလေးပြောရလျှင် 'ဝိုင့်' စိတ်ထဲမှာပျော်သလို



www.burmeseclassic.com

www.burmeseclassic.com

တောင်ခံစားနေရပါသေးသည်။ သူသွားတဲ့နောက်ကနေလိုက်နေရတာသည် အမိပ္ပါယ်ရှိသောခရီးတစ်ခုကို သွားနေရတဲ့အတိုင်းပါပဲ။

'ဝိုင်'အတွက်ဆန်းကြယ်သောခံစားမှုကို ခံစားနေရတာသေချာသည်။ တစ်ခါတစ်ခါ 'ဝိုင်'ကို ခေါင်းစောင်းငဲ့ကြည့်လိုက်တဲ့ သူ့အပြုံးကလည်း ရင်ကိုဖိုကနဲဖြစ်သွားစေပါသည်။ ရင်တွေခုန်နေတာသိပ်ကိုသေချာပါပြီ။

"ငါးယောက်ရနေပြီလေ 'ကိုသုတ' ရယ်... တော်ပါပြီ... ဒီလောက်ဆိုအဆင်ပြေမှာပါ... ဆယ်ပုလင်းဆိုတာကလည်း ဝိုပြောထားတာနဲ့တူပါရဲ့ ... ဒီလောက်ကြီးလိုမယ်မထင်ပါဘူး"

အားနာတာကြောင့် 'ဝိုင်' ကနောက်တစ်နေရာကိုသွားဖို့ငြင်းလိုက်မိသည်။

"ပြောထားတဲ့အတိုင်းလုပ်ပေးထားရမှာ ကျွန်တော်တို့ဘက်ကတာဝန်လေ... ဒီတစ်ကျောင်းပြီးရင်ပြီးပါပြီ... သိပ်ပြန်ချင်နေပြီလား... 'ကိုကိုကြီး' ကိုကြောက်လို့လား"

"ဟင့်အင်း... 'မဖင်ယော်' ကိုကြောက်လို့"

"'မ' က 'ဝိုင်' ကိုဘာမှမပြောပါဘူး... ကျွန်တော့်ကိုပဲပြောတာ"





"အင်းလေ... အဲ့ဒါကိုသိလို့ပြောတာပေါ့... ဘာမှမဆိုင်ဘဲ 'ဝိုင်' တို့ကိစ္စကြောင့် 'ကိုသုတ' ပြဿနာတက်မှာစိုးလို့လေ"

"ပူမနေနဲ့ 'ဝိုင်' ရာ... 'မ' က ဝသီဖြစ်နေပါပြီ... ကြာတော့လည်းဂရုကိုမစိုက်ချင်တော့ဘူး... ကျွန်တော့်မှာ ခေါင်းရှုပ်စိတ်ရှုပ်ရတာပဲအဖတ်တင်တယ်... ကိုယ့်မှာအပြစ်ဖြစ်နေလို့သာသည်းခံပြီးနေပေးနေရတာ... တစ်ခါတစ်ခါတော့လည်း ဖြစ်ချင်တာဖြစ်ဆိုပြီးတော့ ပစ်ထားလိုက်ချင်တာ"

"ဟင်... အဲ့ဒီလိုကြီးကတော့မကောင်းပါဘူး ယောကျ်ားမပီသရာကျတာပေါ့"

"ယောကျ်ားပီသချင်လွန်းလို့ ကျွန်တော် 'မ' နဲ့ပတ်သက်ရင် သည်းခံပေးနေတာပေါ့ 'ဝိုင်' ရယ်... စိတ်ထဲမှာရှိတဲ့အတိုင်းဆိုရင် ဟိုးအဝေးကြီးကိုထွက်သွားတာကြာပြီ"

ကားမောင်းနေရင်းနဲ့ သူကစိတ်ပျက်သလိုခေါင်းကိုခါရမ်းနေလေသည်။ 'မဖင်ယော်' နဲ့ပတ်သက်ရင် သူ့ကိုကြည့်ရတာစိတ်ညစ်နေပုံရသည်။

ဒါနဲ့များမိန်းမတစ်ယောက်ကို ဘာလို့လက်ထပ်ယူခဲ့သေးလဲ။ 'ဝိုင်' ကမိန်းကလေးဖြစ်နေတော့ မိဘစကားနားထောင်ရလို့ထားပါတော့ သူကယောကျ်ားကြီးတန်မဲ့နဲ့ ကိုယ်နဲ့


www.burmeseclassic.com

www.burmeseclassic.com

သင်တော်မယ့်သူကို ဘာလို့ရှာဖွေပြီးမရွေးချယ်ရသလဲ။ ရွေးချယ်စရာလမ်းတစ်ခုခုတော့ရှိမှာသေချာသည်။

“ ‘ဝိုင်’ တစ်ခုမေးချင်တယ်... သိပ်ပြီးစပ်စုရာကျမှာလည်းစိုးတယ်”

“မေးလေ... ‘ဝိုင်’ ဘာပဲမေးမေး ကျွန်တော်ဖြေချင်ပါတယ်”

“ ‘ကိုသုတ’ ‘မဓင်ယော်’ ကိုဘာဖြစ်လို့လက်ထပ်လိုက်တာလဲ”

သူ သက်ပြင်းချသံက အတော်လေးကိုကျယ်လောင်ပါသည်။ ပြီးတော့မှ...

“သနားတာရယ်... ကျွန်တော့်ဘက်က မှားသလိုဖြစ်သွားတဲ့အပြစ်တစ်ခုရယ်ကြောင့် လက်ထပ်လိုက်တာ...”

“လက်ထပ်ပြီးနေမှတော့ ဘာဖြစ်လို့စိတ်ပျက်တဲ့စကားတွေ ‘ကိုသုတ’ ပါးစပ်ကထွက်နေသေးသလဲ... ဆုံးဖြတ်ပြီးနေမှတော့ အားလုံးစိတ်ချမ်းသာအောင်ပဲ နေပေးရမယ်မဟုတ်လား ပြီးတော့ ‘မဓင်ယော်’ ကလည်း ‘ကိုသုတ’ ကို ဒီလောက်ချစ်ဒီလောက်ဂရုစိုက်နေတဲ့ဟာ”

“ကိုယ်ချစ်တဲ့သူအချစ်ခံရတာ ကြည်နူးစရာကောင်းပေ





မယ့် မချစ်တဲ့သူတစ်ယောက်က အသေအလဲချစ်တာကို ‘ဝိုင်’ ကိုယ်တိုင်ခံစားဖူးမှပဲ သိလိမ့်မယ်... ကျွန်တော် ရှင်းမပြချင်ဘူး ‘ဝိုင်’ လည်း ကိုယ်ချင်းစာနိုင်မှာမဟုတ်ဘူး”

“ ‘ဝိုင်’ ကိုယ်ချင်းစာနိုင်ပါတယ်”

“ ‘ဝိုင်’ ရယ်... စကားကို ပြီးစလွယ်မပြောစမ်းပါနဲ့”

“ပြီးစလွယ်ပြောတာမဟုတ်ဘူး... တကယ်ပြောတာ... ‘ဝိုင်’ ကိုယ်တိုင်လည်း ‘ကိုသုတ’ ခံစားနေရသလိုမျိုး ခံစားနေခဲ့ရတာပါ... ဒါပေမဲ့ ‘ဝိုင့်’ အခြေအနေက ထွက်ပေါက်ဆိုတာရှိနိုင်သေးတယ်... ‘ကိုသုတ’ အခြေအနေလောက်မလွန်သေးဘူး... အချိန်မရွေး ရုန်းထွက်လို့ရနိုင်တယ်”

ကားမောင်းနေရင်းနဲ့ သူက ဖျတ်ကနဲလှမ်းကြည့်လိုက်လေသည်။ သူ့အကြည့်က ပြင်းရှလွန်းတာကြောင့် ‘ဝိုင်’ လန့်တောင်သွားမိသည်။

“ကားကို သေချာကြည့်မောင်းလေ... ”

သူက ဗြုန်းကနဲကားကို လမ်းဘေးသို့ထိုးရပ်ပစ်လိုက်ပါသည်။

“ ‘ဝိုင်’ သိအောင် ကျွန်တော်တစ်ခုပြောပြမယ်... အယ်သူမှမသိတဲ့ကိစ္စတစ်ခုကို ဖွင့်ပြောပြတယ်ဆိုတည်းက ‘ဝိုင့်’ အ


www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ ကျွန်တော့်စိတ်ကဘယ်လောက်ဆောင် တန်ဖိုးထားတယ်ဆိုတာသိစေချင်ပါတယ်... တကယ်တော့ 'မ' နဲ့ကျွန်တော်နဲ့က တရားဝင်လက်မထပ်ရသေးပါဘူး..."

"ဟင်... မင်္ဂလာဧည့်ခံပွဲဆောင်လုပ်ပြီးနေပြီ လက်မထပ်ရသေးဘူးဆိုတာ ဟုတ်ကောဟုတ်ရဲ့လား... မကြားဖူးပါဘူး"

"ကျွန်တော် လိမ်မပြောပါဘူးဗျာ... အမှန်အတိုင်းပြောပြတာပါ... ကျွန်တော်တို့ကိုလက်ထပ်ပေးမယ့် တရားသူကြီးက နယ်ရောက်နေတော့ ဧည့်ခံပွဲလုပ်ပြီးနောက်တစ်ရက်မှ ရက်ချိန်းပေးထားတာ... ဧည့်ခံပွဲကလည်း အားလုံးစီစဉ်ပြီးနေပြီဆိုတော့ ဘယ်သူ့ကိုမှမပြောတော့ဘဲ ပွဲကိုလုပ်လိုက်တာ... လက်မှတ်ထိုးမယ့်မနက်မှာပဲ 'မ' ကိုဆေးရုံတင်လိုက်ရတာ"

'ဝိုင်' ရင်ထဲ ဘယ်လိုကြီးဖြစ်သွားမှန်းကို မသိလိုက်ပါ။ ရင်ထဲမှာ လွမ်းဆွတ်နေတာလား၊ နှမြောနေတာလား၊ ဝမ်းသာသွားတာလားဆိုတာ ခွဲခြားလို့ပင်မရနိုင်အောင်ပါ။

သူ့မျက်နှာကိုသာ ကြောင်ငေးပြီး ကြည့်နေမိတဲ့အဖြစ်ကိုရောက်နေရတော့သည်။ သူက 'ဝိုင်' ကိုကြည့်ပြီး ခပ်တိုးတိုးပြောလိုက်သည်။

"ကျွန်တော့်ကိုသာပြောနေတာ... 'ဝိုင်' ကကော 'ကိုတို





ကြီး' ကိုချစ်လို့စေ့စပ်လိုက်တာလား... ဘဝလက်တွဲဖော်အဖြစ်သတ်မှတ်လိုက်လို့ လက်ထပ်ဖို့အထိကတိပေးလိုက်တာလား"

"ဟင့်အင်း"

"ဒါဆို..."

"ဟင့်အင်း... 'ဝိုင်' ဘာမှမပြောတတ်တော့ဘူး 'ကိုသုတ' ရယ်... ဘုန်းကြီးကျောင်းကိုသွားရင်လည်းသွား မသွားရင်လည်း ပြန်ကြရအောင်ပါ"

သူက ဘာမှဆက်မပြောတော့ဘဲ ကားကိုဆက်မောင်းသွားလိုက်သည်။ အင်းစိန်ရွာမဘက်ကဘုန်းကြီးကျောင်းကို ရောက်တော့ 'ဝိုင်' မှာအားအင်မရှိသလို နွမ်းနယ်နေရသည်။

သွေးကိစ္စတွေကို သူတစ်ယောက်တည်းကပဲ ဘုန်းကြီးဆီမှာလျှောက်ကာ ကိစ္စအားလုံးကိုလုပ်ဆောင်သွားပါသည်။ 'ဝိုင်' ကတော့ သူ့ကိုသာငေးကြည့်နေဖြစ်တော့သည်။

"တော်သေးတယ်... လိုတဲ့သွေးထပ်ရလို့... မနက်ဖြန်တော့ ဘုန်းကြီးတွေကိုပင့်ပြီး သွေးစစ်ဖို့လုပ်ရမယ်နော်... တစ်ခါတည်းနဲ့အပြတ်လုပ်မှဖြစ်မယ်... ဘုန်းကြီးတွေကိုပင့်ဖို့ကား တွေဘာတွေစီစဉ်ပေးရဦးမလား"

"ရပါတယ်... ဦးဦးကိုပြောလိုက်မယ်... ဒီဘက်ကူညီ



www.burmeseclassic.com

www.burmeseclassic.com

တာနဲ့ပဲ ကျေးဇူးတွေတင်လှပါပြီ 'ကိုသုတ' ရယ်..."

"ကျေးဇူးတင်ပါတယ်ဆိုတဲ့ စကားမျိုးကြားချင်လို့ 'ဝိုင်' ကို ကျွန်တော်ကူညီပေးနေတာမှမဟုတ်ဘဲ... 'ဝိုင်' အနားမှာနေ နေရရင် ကျွန်တော်စိတ်ချမ်းသာလို့ ကူညီပေးနေတာ... ကဲ 'ဝိုင်' ဘယ်ကိုသွားချင်သေးလဲ ပြော"

"ဟင့်အင်း... အိမ်ကိုပဲပြန်ပို့ပေးပါတော့... အိမ်ကနေပဲ 'အန်တီကြူ' ကို ဖုန်းဆက်ပြောလိုက်တော့မယ်... 'ဝိုင်' နားချင် နေပြီ... 'ကိုသုတ' ရော ဘယ်သွားရဦးမှာလဲ"

"ကျွန်တော်ကတော့ ဆေးရုံကိုပဲပြန်တော့မယ်"

အတွေးတွေမျိုးစုံနဲ့ အပြန်လမ်းမှာ 'ဝိုင်' ဘက်ကစကား သံတိတ်ဆိတ်နေရတော့သည်။ ဖုန်းမြည်သံကြားတာကြောင့် သူ့ ကိုလှမ်းကြည့်လိုက်မိသည်။

ဖုန်းအသံက 'ဝိုင်' ရဲ့ ဖုန်းမဟုတ်ဘူးဆိုတာကို ဖော်ပြ နေပါသည်။ သူက 'ဝိုင်' ကိုကြည့်ပြီး ပြုံးပြလာသည်။ သူ့အပြုံး က အားအင်မရှိဘူးဆိုတာကို ကြည့်လိုက်တာနဲ့ သိနေရပါသည်။

ဖုန်းထူးလိုက်တဲ့ 'သုတ' အနေနဲ့လည်း မပြောမဖြစ်လို့ သာပြောလိုက်ရသည်၊ ဖြစ်နိုင်ရင် 'မ' နဲ့ဖုန်းမပြောချင်ပါ။

"ဟယ်လို..."





"တော်ယုံလောက်ပဲ အလေလိုက်စမ်းပါ 'သုတ' ရယ်... ရောဂါသည်တစ်ယောက်လုံးကိုပစ်ထားပြီး မင်းအပျော်လွန်နေ တာကတော့ လွန်လွန်းပါတယ်"

ဖုန်းကိုနားကနေခွာလိုက်ရအောင်ကို 'မ' ရဲ့အသံက ကျယ်လောင်စူးရှလို့နေရသည်။ ဘေးချင်းကပ်လျက်ထိုင်နေတဲ့ 'ဝိုင်' လည်းကြားလိုက်ရလေသည်။


www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂၁

"ကျွန်တော်ခုပဲ ပြန်လာနေပြီ... လာမှပဲ 'မ' ပြောချင်ရာ
ပြောတော့... ကျွန်တော့်အခု ကားမောင်းနေတယ်"

'မ'နဲ့ဖုန်းပြောနေရင် 'ဗိုင်' ကိုလည်းအားနာရမည်၊ ကား
လည်းကောင်းကောင်းမွန်မွန် မောင်းလို့မရတော့ဘူးဆိုတာကိုသိ
နေတဲ့အတွက်ကြောင့် သူက စကားကိုဖြတ်ချလိုက်သည်။ ဒါပေ
မဲ့ 'မ' က အဖြတ်မခံ။

"ကားမောင်းနေတော့ဘာဖြစ်လဲ... အဲ့ဒီကားမောင်းနေ





ရင်းနဲ့ပဲ မင်းငမ်းကြောထနေတာမဟုတ်လား... အရေးမပါတာ
တွေမပြောနဲ့ 'သုတာ'... မင်းလုပ်နေတဲ့အချိုးတွေကို ငါအကုန်လုံး
သိနေတယ်ဆိုတာမှတ်ထား... မင်းကိုချစ်လွန်းလို့ မသိချင်ဟန်
ဆောင်နေတာပဲရှိတယ်... သိပ်လွန်တယ်ကွာ... မပြောဘဲနေနေ
တာ မင်းအလိုက်သိမလားဆိုတာကိုစောင့်နေတာ... လုပ်ချင်ရာ
လုပ်ဖို့ခွင့်ပြုတာမဟုတ်ဘူးဆိုတာမှတ်ထား... မင်းအခုချက်ချင်း
ငါ့ဆီကိုလာခဲ့စမ်း... မင်းနဲ့စာရင်းရှင်းမယ်"

"စကားကိုအေးအေးသက်သာ ပြောစမ်းပါ 'မ' ရာ...
'မ' ပြောနေတာတွေ တစ်ခုမှမဟုတ်ဘူး... စိတ်ထင်နဲ့ရမ်းသမ်း
မပြောနဲ့... ကျွန်တော်လာရင်ရှင်းပြမယ်"

"ဟော့ ဘာကိုမှမရှင်းပြနဲ့... နားမထောင်ချင်ဘူး..."

"ဘေးမှာလူတွေရှိနေတယ်လေ... အကျယ်ကြီးအော်
ပြောစရာမလိုပါဘူးဗျာ... 'မ' မရှက်ဘူးလား... 'မ' အခုနေနေ
တာဆေးရုံမှာလေ... အိမ်မဟုတ်ဘူး"

"အို မှန်တာပြောနေတာပဲ... ဘာကိုရှက်နေရမှာလဲ...
မဟုတ်တာလုပ်တဲ့သူတွေကပဲ ရှက်ရမှာ"

"ကဲပါ နောက်ဆယ့်ငါးမိနစ်လောက်နေရင် ကျွန်တော်
ပြန်ရောက်ပြီ... တွေ့မှပဲ ပြောချင်တာပြောတော့"

www.burmeseclassic.com

www.burmeseclassic.com



"အေး မင်းဘယ်သူနဲ့ပြန်လာသလဲဆိုတာ စောင့်ကြည့်လိုက်ဦးမယ်... တစ်ယောက်တည်းမဟုတ်လို့ကတော့ 'မ' ဘက်က ရှိုင်းဖို့ဝန်မလေးဘူးဆိုတာမှတ်ထား"

"ဒါပဲ 'မ' ရာ"

ဖုန်းရဲ့ပါဝါခလုတ်ကို ပိတ်ပစ်လိုက်မိပါသည်။ 'ဝိုင်' ကိုကြည့်လိုက်တော့ သူ့အားမျက်နှာငယ်လေးနဲ့ ငေးကာကြည့်နေလေသည်။

"တအား စိတ်ညစ်သွားပြီလား 'ကိုသုတ' ရယ်..."

"'ဝိုင်' ရှိနေရင် ကျွန်တော်သိပ်စိတ်မညစ်တော့ပါဘူး"

"'ဝိုင်' တောင်းပန်ပါတယ်... ဒီနေ့ကိစ္စကလည်း 'အန်တီကြူ' ဖွတ်ကိုပြောလို့ 'ဝိုင်' လိုက်လာခဲ့ရတာပါ... ဖြစ်နိုင်ရင် 'ကိုသုတ' ကို 'ဝိုင်' ဒုက္ခမပေးချင်ပါဘူး... အခုတော့ ပြဿနာတွေတက်တော့မယ်"

"ကျွန်တော့်ဘက်ကို တွေးမပူပါနဲ့... ပြေလည်အောင်ဖြေရှင်းနိုင်ပါတယ်... 'ဝိုင်' ဆေးရုံကိုလာဦးမှာလား"

"ဘာဖြစ်လို့လဲ... 'ဝိုင်' ရောက်လာရင် 'မဇင်ယော်' နဲ့ပြဿနာတက်မှာစိုးလို့လား... 'မဇင်ယော်' ဘာပဲလာပြောပြော 'ဝိုင်' သည်းခံပြီးနေပေးပါ့မယ်... 'ကိုသုတ' က 'ဝိုင်' တို့ကိုကူညီ





ပေးထားတဲ့သူပဲလေ"

"'ဝိုင်' တွေးထင်သလိုမျိုးမဟုတ်ဘူး... ကျွန်တော်က 'ဝိုင်' ရောက်မလာမှာစိုးလို့မေးလိုက်တာ... လူချင်းစကားမပြောရတာတောင်မှ 'ဝိုင်' ရဲ့လှုပ်ရှားနေတဲ့ပုံရိပ်လေးကိုမြင်နေရရင်ပဲ စိတ်ချမ်းသာသလိုခံစားရတယ်"

ရင်ထဲလှိုက်ကနဲဖြစ်သွားရကာ 'ဝိုင်' မျက်ဝန်းမှာမျက်ရည်ကြည်တွေရစ်ဝဲလာခဲ့ရသည်။ သူ စိတ်ချမ်းသာမယ်ဆိုရင် 'ဝိုင်' 'ကိုကိုကြီး' အနားကိုပြန်မသွားချင်သေးတာတောင်မှ ပြန်ရောက်အောင် သွားဦးမှာပါ။

'ဝိုင်' စိတ်ထဲမှာလည်း သူ့ပုံရိပ်ကလေးတွေကို မြင်နေရရင်ပဲ ရင်ခုန်စိတ်ချမ်းသာနေရတာမဟုတ်လား။ ကားကိုခြံဝမှာပဲ ရပ်ခိုင်းလိုက်မိသည်။

"အိမ်ထဲတောင်မခေါ်တော့ဘူးလား"

'ဝိုင်' က ခေါင်းကိုခါပြရင်း...

"မခေါ်တော့ပါဘူး... သူများအိမ်ဆိုတော့ 'ဝိုင်' မခေါ်ချင်ဘူး... 'ကိုသုတ' တကယ်လာချင်တယ်ဆိုရင် တစ်နေ့တော့ 'ဝိုင်' နေတဲ့မြို့ကလေးကိုခေါ်ချင်ပါတယ်..."

"ဘယ်တော့လဲ"



www.burmeseclassic.com

www.burmeseclassic.com

"အားလုံးအေးချမ်း တည်ငြိမ်သွားတဲ့နေ့ပေါ့"

"တကယ်ပြောတာနော်... ကျွန်တော် မမေ့ဘူး... 'ဝိုင်' နေတဲ့အိမ်ကလေးကို ကျွန်တော်ရောက်အောင်လာခဲ့ပါဦးမယ်"

"အင်း..."

လက်ပြနှုတ်ဆက်ထွက်သွားသော 'ဝိုင့်' ကိုကြည့်ပြီးသူ့ ရင်ထဲမှာ ကြည်နူးနေတာ ဖော်ပြလို့မရနိုင်အောင်ပါ။ 'ဝိုင့်' ကို သူချစ်မိပါသည်။

အချစ်တစ်ခုကို 'ဝိုင်' နဲ့တွေ့မှပဲ သူခံစားရသည်လို့ထင် မိတော့သည်။ 'မ' ကို သူ သံယောဇဉ်ပဲရှိခဲ့တာပါ။ ချစ်ခဲ့တာမှ မဟုတ်တာပဲ။

မချစ်တဲ့လူတစ်ယောက်ဆီကို တာဝန်တစ်ခုအနေနဲ့ပြန် သွားနေရတဲ့ သူ့အတွက်တော့ စိတ်ထဲမှာပင်ပန်းလွန်းလှပါ သည်။

မသွားလို့ကလည်းမဖြစ်ပါ။ ရင်မောစွာနဲ့သက်ပြင်းရှည် ကြီးကိုချပြီး ဆေးရုံကိုပြန်လာခဲ့လိုက်ပါသည်။ အတွေးထဲမှာ တော့ 'ဝိုင်' ကိုသတိရနေမိသလို၊ 'ဝိုင်' နဲ့ပတ်သက်ပြီးရှေ့ဆက် တိုးသင့်မတိုးသင့်ဆိုတာတွေပါ စဉ်းစားနေဖြစ်သည်။

အားလုံးစိတ်ညစ်ရမယ့် အလုပ်မျိုးလည်း သူမလုပ်ချင်





ပါ။ သူတို့နှစ်ယောက်နဲ့ပတ်သက်ပြီး စိတ်ညစ်ရမယ့်သူတွေအ များကြီးရှိနေတယ်ဆိုတာကို သဘောပေါက်ပါသည်။

လူတွေအားလုံးရဲ့မျက်နှာကို သူ ငဲ့ရပါမည်။ 'မ' ရဲ့ကျန်း မာရေးကိုလည်း ဂရုပြုရမည်။ 'ကိုကိုကြီး' နေတဲ့အခန်းကိုဖြတ် တော့ 'အန်တီကြူ' က သူ့ကိုကြည့်ပြီးမျက်စပစ်ပြသည်။ 'ကိုကို ကြီး' က အပြင်ဘက်ကိုငေးကြည့်နေပါသည်။

'ဝိုင်' ပြန်ရောက်လာမယ့်အချိန်ကို စောင့်မျှော်နေတာပဲ ဖြစ်ရပါမည်။ သူ အားလုံးအဆင်ပြေတယ်ဆိုတဲ့ပုံစံမျိုးဖြင့် 'အန် တီကြူ' ကိုလက်မတစ်ချောင်းထောင်ပြလိုက်မိသည်။ ပြုံးသွား သော 'အန်တီကြူ' ရဲ့မျက်နှာကိုကြည့်ပြီး သူလည်းစိတ်ချမ်းသာ ရပါသည်။

'မ' ရှိနေတဲ့အခန်းတွင်းကိုဝင်ဖို့အတွက် တံခါးဘုကိုဖွင့် ရမှာ ဝန်လေးသလိုဖြစ်နေမိသည်။ 'မ' ဘက်ကများအော်ကြီး ဟစ်ကျယ်နဲ့ပြောဆိုလိုက်ရင် ရှက်စရာများဖြစ်နေလေမလား။ မသွားလို့ကလည်းမဖြစ်ပါ။

စိတ်ကိုတင်းပြီး အခန်းထဲသို့ သူဝင်လာခဲ့လိုက်ပါသည်။ အခန်းထဲမှာ 'မ' တစ်ယောက်တည်းပဲရှိနေသည်။ ဘေးဘုတင် က အန်တီကြီး လမ်းလျှောက်ထွက်သလားမသိပါ။ လူမရှိတဲ့အ


www.burmeseclassic.com

www.burmeseclassic.com

တွက် သူ့စိတ်ထဲမှာတော့ပေါ့သလိုဖြစ်သွားခဲ့ရသည်။

နှစ်ယောက်တည်းရှိနေတဲ့အချိန်မှာ ‘မ’ ဘက်ကဘယ်လိုပဲပြောပြော သူခံနိုင်ပါသည်။ ပတ်ဝန်းကျင်မှာသူစိမ်းတွေရှိနေရင်တော့ သူ သိက္ခာကျရမှာကိုတွေးပြီးရှက်မိပါသည်။

ခြေသံကြားတော့ ‘မ’ က အိပ်နေရာကနေလှည့်ကြည့်လာသည်။ ‘မ’ မျက်လုံးတွေကိုကြည့်ရတာ ငိုထားတယ်နဲ့တူသည်။ ထိစ်ကနဲဆိုဒေါသဖြစ်ပြီး မျက်ရည်ကျတတ်တဲ့ ‘မ’ ကိုသူဘယ်လိုများဖြေသိမ့်ရမလဲမသိတော့ပါ။

"တော်တော်မှပျော်မြူးခဲ့ရဲ့လား"

အိပ်နေရာကနေ ဆတ်ကနဲထပြီး မေးလိုက်တာဖြစ်သည်။

"အပျော်သွားတာမှမဟုတ်ပဲဗျာ... လိုအပ်လို့လိုက်ကူညီပေးတာပဲရှိတယ်"

"ခြော် ဟိုက ဘယ်လိုအကူအညီမျိုးပဲတောင်းတောင်း မင်းကကူညီလိုက်မှာပဲမဟုတ်လား... အံ့ပါရဲ့... အနီးကပ်ပတ်သက်ရမယ့်လူကိုကျတော့ ပစ်ထားပြီး ဘာမှ မဆိုင်တဲ့လူကိုသွားဖားပြီးသာယာနေတာ လက်ဖျားခါဖို့တောင်ကောင်းတယ်"

"‘မ’ စကားကိုဆင်ခြင်ပြီးပြောဗျာ... နေရာတကာ ‘မ’





စိတ်ထင်တဲ့အတိုင်းမဖြစ်ဘူးဆိုတာ မှတ်ထား"

"တခြားကိစ္စတွေသာမဖြစ်ရင်နေမယ်... မင်းနဲ့ပတ်သက်တဲ့ကိစ္စတိုင်းကို ငါခန့်မှန်းလိုက်ရင်လွဲခဲတာကြီးပဲဆိုတာမှတ်ထား ငါစိတ်ထဲကထင်နေရင် ဖြစ်နေတာကြီးပဲ"

"ဘာမှမဖြစ်သေးဘူး... ဖြစ်စရာအကြောင်းလည်းမရှိဘူး... ကျွန်တော့်ဦးနှောက်မှာ အသိတရားဆိုတာရှိထားပြီးသား။ အဲ့ဒီအသိတရားကိုပျက်ပြားအောင်လို့ ‘မ’ မလုပ်နဲ့... လူဆိုတာ သိပ်ပြောတာများလွန်းရင် ထွက်ပေါက်ရှာတတ်တယ်ဆိုတာကိုတော့ ‘မ’ သိသင့်တယ်"

"ဘာ... ထွက်ပေါက်ရှာတတ်တယ် ဟုတ်လား... အေး ရှာဦး ရှာဦး... ထွက်ပေါက်ကိုရှာဦး"

‘ဇင်ယော်’ သည် ရင်ထဲမှာပူပင်လွန်းစိတ်နဲ့ပေါက်ကွဲသွားရကာ ကုတင်ဘေးမှာထောင်ထားတဲ့ စတီးတုတ်ကောက်နဲ့ ‘သုတ’ အား ထိချင်ရာထိဆိုပြီး လှမ်းရိုက်ပစ်လိုက်မိသည်။ တစ်ချက်တည်းနဲ့တင် အားမရတာမို့ သုံးလေးငါးချက်မကကို ရိုက်ပစ်နေမိတာပါ။

အားပါတာမို့ အရိုက်ခံရတဲ့ ‘သုတ’ တစ်ယောက်တော့ နာကျင်မှာသေချာပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"'မ' သိပ်ကိုလွန်လာပြီဗျာ… ကျွန်တော်သွားတော့မယ်"

ဝုန်းကနဲ ထွက်သွားတဲ့ 'သုတ' နောက်ကို 'ဇင်ယော်' မှာချက်ချင်းလိုက်လို့မရအောင်ဖြစ်နေသည်။ ကုတင်ပေါ်ကနေ ဝရုန်းသုန်းကားဆင်းလိုက်လို့လည်းမဖြစ်ပါ။

"နေဦး… မင်းမသွားနဲ့"

'ဇင်ယော်' တားလိုက်ပေမယ့်လည်း သူ ပြန်လှည့်မကြည့်တော့ပါ။ တံခါးကိုဆောင့်ပိတ်ပြီး ထွက်သွားခဲ့တာဖြစ်သည်။

ရက်စက်လိုက်တာ 'သုတ' ရယ်။ ဒီကတော့သူ့ကိုချစ်လွန်းလို့သဝန်တွေတိုလိုက်ရတာ။ 'ဇင်ယော်' ရဲ့အချစ်ကိုသိရဲ့နဲ့ များ ပြေပျောက်သွားအောင် ချော့မော့ဖို့စိတ်မကူးဘဲ မျက်နှာထားထန်ထန်နဲ့ထွက်သွားရက်တာ ရက်စက်တာမဟုတ်လို့ဘာဖြစ်မှာလဲ။

'သုတ' မရှိရင် 'ဇင်ယော်' ရဲ့ဘဝ ရှင်သန်နေရတာအလကားပဲမဟုတ်လား။ 'ဇင်ယော်' အသက်ဆက်ရှင်ချင်နေတာဟာ သူနဲ့မခွဲနိုင်လို့ဆိုတာ သိပ်ကိုသေချာပါသည်။

အခုဖြစ်တဲ့ကိစ္စမှာ 'ဇင်ယော်' ဘက်က မှားချင်မှားနိုင်သည်။ ဒါပေမဲ့ဒါဟာ ချစ်လွန်းလို့မှားတဲ့အမှားဆိုတာ သူရိပ်မိရပါမည်။





'ဇင်ယော်' မကြိုက်တဲ့ကိစ္စကို သူဆက်လုပ်နေတယ်ဆိုတည်းက 'ဗိုင်' အပေါ်မှာ သူ့သံယောဇဉ်မပြတ်နိုင်ဘူးဆိုတာ သိပ်ကိုပေါ်လွင်နေရတာမဟုတ်လား။

ဒီကိစ္စကို ဘယ်လိုလုပ်ပြီး ဖြေရှင်းရပါ့မလဲ။ 'ကိုကိုကြီး' ဆီသွားပြီး တိုင်ပင်ရင်ကော အခြေအနေတွေက ဘာများထူးခြားလာမှာလဲ။ မထူးခြားဘဲ ပိုဆိုးသွားမှ 'ဇင်ယော်' ဘက်ကပိုခံစားရမှာကိုလည်း ကြောက်ပါသည်။ အခုလောလောဆယ်တော့ သူ 'ဇင်ယော်' အနားကိုပြန်လာရင်ပဲ ကျေနပ်လှပါပြီ။

🍎 🍎 🍎



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂၂

ခွဲရမယ့်လူနာတွေကို အစီအစဉ်ဆွဲလိုက်တဲ့အခါမှာ 'ဇင်ယော်' က ပထမဆုံးခွဲရမယ့်စာရင်းမှာပါလာသည်။ 'ဇင်ယော်' နဲ့အတူ တစ်ခန်းထဲနေတဲ့အန်တီကြီးလည်းပါပါသည်။

တစ်နေ့ကိုနှစ်ယောက်ပဲ ခွဲစိတ်မှာဖြစ်သည်။ ဆေးရုံရှိ ဆရာဝန်၊ ဆရာဝန်မတွေနဲ့၊ သူနာပြုတွေကတော့ အကြိမ်ပေါင်း မြောက်မြားစွာ အတွေ့အကြုံရှိနေကြတာမို့ ခွဲစိတ်ရမယ့်အခြေ အနေကို စိုးရိမ်ပုံမပြကြချေ။

ပထမဦးဆုံးဖြစ်တဲ့ လူနာရှင်တွေအနေနဲ့ကတော့အရမ်း ကို အစိုးရိမ်ကြီးနေကြတာ သူတို့မျက်နှာတွေကို ကြည့်လိုက်တာ





နဲ့သိသာနေပါသည်။

'ဇင်ယော်' ရဲ့မျက်နှာလည်း စီးရွက်ခန့်ပဲရှိတော့ကာ နေ ရင်းထိုင်ရင်းကို ငိုချင်နေမိတော့တာပါပဲ။ 'သုတ' နဲ့လည်းစကား များထားသေးတာမို့ စိတ်ကအလိုလိုနေရင်းကို မရွှင်လန်းနိုင်တော့ ချေ။

'သုတ' ရဲ့မေမေကတော့ အားပေးပါသည်။

"စိုးရိမ်စရာမရှိပါဘူး သမီးရယ်... အရင်ဆုံးခွဲရတော့ လည်း ပိုပြီးတော့တောင်မြန်မြန် ဆေးရုံကဆင်းနိုင်တာပေါ့... ဘာကိုမှကြောက်မနေနဲ့... အားလုံးအဆင်ပြေသွားလိမ့်မယ်... ခွဲစိတ်မယ့်ဆရာဝန်ကြီးတွေကလည်း ဒီလောက်တော်တာကို"

ဘယ်လိုပဲပြောပြော 'ဇင်ယော်' စိတ်ထဲမရွှင်လန်းနိုင်ပါ။

"'ဇင်ယော်' စိတ်ထိခိုက်နေတာ 'သုတ' ကြောင့်လည်း ပါတယ် မမရဲ့... ခုဏလော 'သုတ' က 'ဇင်ယော့်' စကားကိုနား မထောင်ဘဲ သူလုပ်ချင်ရာလျှောက်လုပ်နေတယ်လေ... ဆေးရုံ တစ်ရုံထဲမှာသာရှိနေပေမယ့် သူကလာချင်မှလာတာ... ခွဲရခါနီး လူနာကို စိတ်ချမ်းသာအောင်ထားမလားအောင်းမေ့ပါတယ် သူ့ ကြောင့်ပဲ ပြန်ပြီး စိတ်ဆင်းရဲစရာဖြစ်နေရပြီ"

'ဒေါ်ထွေး' စကားကြောင့် 'ဒေါ်မာလာ' မျက်နှာပျက်


www.burmeseclassic.com

www.burmeseclassic.com

သွားရသည်။ သားနဲ့တွေ့တိုင်းတော့ 'ဇင်ယော်' နဲ့ပတ်သက်ပြီး အဆင်ပြေတယ်ဆိုတဲ့စကားတွေကြီးပဲ ကြားခဲ့ရတာပါ။

အခု ဘာများအဆင်မပြေဖြစ်သလဲ မသိပါ။ သားဟာ 'ဇင်ယော်' နဲ့ပတ်သက်ရင် လိုအပ်တာထက်ပိုအလျှော့ပေးအလို လိုက်တယ်ဆိုတာကို မိခင်တစ်ယောက်အနေနဲ့သိနေပါသည်။

စိတ်ထဲကပါပါမပါပါ သူ့ကြောင့် 'ဇင်ယော်' ဘဝအခြေအနေပြောင်းလဲသွားရတယ်ဆိုပြီး 'ဇင်ယော်' နဲ့ပတ်သက်တဲ့ ကိစ္စရပ်အားလုံးကို မျက်စိမှိတ်ပြီးလိုက်လျောပေးခဲ့ရှာသူပါ။

'ဒေါ်ထွေး' ပြောလိုက်တဲ့စကားကိုတော့ သိပ်ပြီးမယုံကြည်ချင်ပါ။ 'ဒေါ်ထွေး' က နဂိုတည်းက သားအပေါ်ကိုကြည်ဖြူတဲ့သူမှမဟုတ်ဘဲ။

"'သုတ' က သမီးစိတ်မချမ်းသာအောင် ဘာတွေများလုပ်နေလို့လဲ... အန်တီကိုပြော"

"ဘယ်လိုပြောရမှန်းတောင် မသိပါဘူးအန်တီရယ်... ရှင်းရှင်းပြောရရင် 'ဇင်ယော်' က သူ့ကိုချစ်တော့ အရမ်းကိုသဝန်တိုတယ်ဆိုတာ အန်တီလည်းသိပါတယ်... သူ့ဘက်ကနည်းနည်းကလေး ပြောင်းလဲလိုက်တာနဲ့ 'ဇင်ယော်' ကသိနေပြီလေ... ခုရက်ပိုင်းမှ သူမရိုးမသားဖြစ်လာတာပါ... သူကတော့ ငြင်းတာ





ပေါ့... ဒါပေမဲ့ အန်တီရယ်... သူ့မျက်နှာကိုအမြဲတမ်းစာဖတ်နေသလိုဖတ်ခဲ့တဲ့ 'ဇင်ယော်' က သူ့မျက်နှာအနေအထားကိုကြည့်လိုက်တာနဲ့ သူ့ရင်ထဲမှာဘာဖြစ်နေတယ်ဆိုတာ ခန့်မှန်းလို့ရနေပြီ... သူ စိတ်ကစားချင်နေတယ်... ဒီဆေးရုံမှာရှိနေတဲ့ 'ဗိုင်' ဆိုတဲ့မိန်းကလေးကို သူ စိတ်သာယာချင်နေတယ်... 'ဇင်ယော်' အပိုလုပ်ပြီးပြောတာမဟုတ်ဘူး... အန်တီမယုံအူးဆိုရင် 'သုတ' ကို တိုက်ရိုက်မေးကြည့်လိုက်လို့ရတယ်... အဲ့ဒီကိစ္စနဲ့ပတ်သက်ပြီး သူနဲ့စကားများထားကြတာ... သူ 'ဇင်ယော်' ကိုရှောင်နေတယ် စကားလည်းကောင်းကောင်းမပြောဘူး... ခုလည်း အန်တီရောက်လာတာကိုအကြောင်းပြုပြီး အပြင်ရောက်နေတယ်တွေ့လား"

"အခုကတော့ ဆေးသွားဝယ်တာပါ သမီးရယ်... သားကို အန်တီမေးကြည့်ပါဦးမယ်... ဘာမဟုတ်တဲ့ကိစ္စလေးအတွက်တော့ သမီးစိတ်ညစ်မခံပါနဲ့... ကိုယ့်ကျန်းမာရေးကိုပဲ ကိုယ်ဂရုစိုက်နေစမ်းပါကွယ်... 'သုတ' ဟာ သူ့စိတ်ထဲမှာဘယ်လိုပဲဖြစ်နေ သမီးသဘောတစ်ခုတည်းကိုသာ ရှေ့တန်းတင်တတ်တဲ့သူဆိုတာ အန်တီသိပါတယ်... လူမှုရေးအရခင်မင်ဆက်ဆံတာလောက်ကိုတော့ သမီးဘက်လည်း နားလည်ပေးပါကွယ်"

"အန်တီကိုယ်တိုင် မေးကြည့်ပါ... 'ဇင်ယော်' အပိုပြော


www.burmeseclassic.com

www.burmeseclassic.com

တာလား အမှန်တွေပြောနေတာလားဆိုတာ 'သုတ' ကို အန်တီကိုယ်တိုင်မေးကြည့်လိုက်ရင် အဖြေကရှင်းသွားမှာပါ"

"မေးကြည့်မှာပါ... ဘာမှမဖြစ်ဘူးဆိုတာလည်းအန်တီသိနေတယ်... သမီးစိတ်ချမ်းသာအောင်ပဲနေပါ... မနက်ဖြန်ပဲခွဲရတော့မယ်ဟာ... ဘာကိုမှတွေးမနေနဲ့တော့နော်"

"မတွေးချင်ပေမယ့်လည်း စိတ်ထဲကမထွက်ဘူးဖြစ်ဖြစ်နေတယ်... 'ဇင်ယော်' သေသွားလည်းအေးတာပါပဲ အန်တီရယ် 'သုတ' စိတ်ချမ်းသာသလိုပဲဖြစ်စေချင်ပါတယ်"

"အို မပြောကောင်းမဆိုကောင်းကွယ်... 'သုတ' ဟာ လွတ်လပ်တဲ့လူပျိုလူလွတ်တစ်ယောက်လည်း မဟုတ်တော့ဘူးလေ... သူ့မှာ 'ဇင်ယော်' ဆိုတဲ့ဇနီးမယားတစ်ယောက်လုံးရှိနေတာ သူ့စိတ်ကိုယ်သူထိန်းနိုင်ပါတယ်... သူ့သိက္ခာကိုလည်း အန်တီယုံတယ်"

'ဇင်ယော်' ပြုံးလိုက်တဲ့အပြုံးက မချိပြုံးပဲဖြစ်တော့မည်နှင့်တူသည်။ ဇနီးမယားဆိုတာ တကယ်ကောဟုတ်ရဲ့လား။ ကာယကံရှင်နှစ်ယောက်စလုံးက ပတ်သက်နေတဲ့အခြေအနေအားလုံးကို သိနေမှတော့ ဘယ်လိုလုပ်ပြီး အိမ်ထောင်တစ်ခုရဲ့တာဝန်ကို သိဦးမှာတဲ့လဲ။





"ပတ်ဝန်းကျင်ကသာ 'ဇင်ယော်' တို့နှစ်ယောက်ကို လက်ထပ်ပြီးတာလို့ထင်ကြပေမယ့် တကယ်တမ်းကျတော့ ဟုတ်မှမဟုတ်ဘဲအန်တီရယ်... 'သုတ' စိတ်ထဲမှာလည်း သူ့ကိုယ်သူ အခုထက်ထိ လူလွတ်တစ်ယောက်လို့တွေးနေဦးမှာပဲ"

"မတွေးပါဘူး... ဆေးရုံစတက်တည်းက သူ့ကိုယ်သူ အိမ်ထောင်သည်ဆိုပြီး လူတကာကိုအသိပေးထားတာပဲဥစ္စာ... အန်တီမေးကြည့်ပါဦးမယ်ကွယ်... "

'ဒေါ်မာလာ' သည် စကားတွေရှည်ရှည်ဝေးဝေးမပြောချင်တော့တာကြောင့် 'သုတ' သွားတဲ့နောက်ကိုလိုက်သွားဖို့ ဆုံးဖြတ်လိုက်မိသည်။

'ဇင်ယော်' နဲ့ဆက်ပြီးပြောနေရင် ပြဿနာတွေထဲက ထွက်လို့မရနိုင်ဖြစ်နိုင်တာကြောင့် အေးအေးသက်သာပဲအခန်းထဲကနေ ထွက်လာခဲ့လိုက်ပါသည်။

ကျန်နေခဲ့တဲ့ 'ဒေါ်ထွေး' က 'ဇင်ယော့်' နားကိုကပ်ရင်း

"အမေဆိုတော့ သားဘက်ကိုပါတာဘာဆန်းသလဲ 'ဇင်ယော်' ရယ်... ရင်ထဲရှိတဲ့အတိုင်းသာပြောပစ်... ကိုယ်ကဖွင့်မပြောဘဲ သည်းခံနေရင် သူတို့ကကဲချင်တိုင်းကဲနေတော့မှာ... 'သုတ' အပေါ် 'ဇင်ယော့်' လောက်ဘယ်သူမှ မကောင်းနိုင်ဘူး

www.burmeseclassic.com

www.burmeseclassic.com

ဆိုတာ 'ဒေါ်ထွေး' သိနေတယ်... သိနေလို့လည်း မဖြစ်သင့်တာ မဖြစ်ရအောင်တားနေရတာလေ"

" 'ဇင်ယော်' နားလည်ပါတယ်... ဒါပေမဲ့ 'ဒေါ်ထွေး' က သူတို့ရှေ့မှာတော့ ဘာမှဝင်မပြောနဲ့... သူတို့တွေကအမြင်ကြည်လင်တာမဟုတ်ဘူး... 'ဇင်ယော်' ဖါသာပဲပြောမယ်"

'ဇင်ယော်' တို့နှစ်ယောက် ကြိတ်ပြီးတိုင်ပင်နေချိန်မှာ 'ဒေါ်မာလာ' ကလည်း 'သုတ' ကိုမှာစရာရှိတာမှာဖို့ မြေညီထပ်ရှိဆေးရုံဝင်ပေါက်ဝမှာ ရပ်စောင့်နေမိသည်။

ဆေးဆိုင်ကကားလမ်းကူးလိုက်တာနဲ့ ရောက်တာမို့သိပ်မဝေးဘူးဆိုတာသိနေတာကြောင့် လိုက်မသွားတော့ဘဲ စောင့်နေမိခြင်းဖြစ်သည်။

မျှော်လင့်နေတာက 'သုတ' တစ်ယောက်တည်းကိုဖြစ်ပေမယ့် မမျှော်လင့်ဘဲ နှစ်ယောက်တွဲဝင်လာတဲ့အတွက် 'ဒေါ်မာလာ' ကြောင်သွားရသည်။

'သုတ' မျက်နှာလည်း တစ်မျိုးတော့ဖြစ်သွားပါသည်။ အမေဖြစ်သူ ဒီနေရာမှာလာရပ်စောင့်နေလိမ့်မယ်လို့ တွေးထင်ထားပုံမရပါ။

"မေမေ ဘယ်သွားမလို့လဲ"





"မသွားပါဘူး... မင်းကိုပြောစရာရှိလို့စောင့်နေတာ"

"အခန်းထဲမှာစောင့်နေလည်းရတာပဲ မေမေရာ... ဘာအရေးကြီးနေလို့လဲ"

စိုးရိမ်သလိုမျက်လုံးမျိုးတွေနဲ့ အကဲခတ်ကာကြည့်နေတဲ့ မိန်းကလေးပုံစံကြောင့် 'ဒေါ်မာလာ' စိတ်ရှုပ်ထွေးသွားရသည်။ တကယ်ပဲ 'ဇင်ယော်' ပြောတဲ့အတိုင်းဖြစ်နေတာလား။

"အရေးကြီးတာထက် ကိုယ့်ကျင့်သိက္ခာပိုင်းနဲ့ပတ်သက်ပြီးအစော်ကားခံထိနေလို့ စိတ်မကောင်းဖြစ်နေမိတာ...'ဇင်ယော်' က မင်းကိုမိန်းကလေးတစ်ယောက်နဲ့ စိတ်မချဖြစ်နေတယ်... အဲ့ဒါဟုတ်လား"

ပျက်ထွက်သွားသော 'သုတ' ရဲ့မျက်နှာကိုကြည့်ပြီးအဖြေကို သဘောပေါက်သွားရပါသည်။ ရှက်ရွံ့အားနာသောမျက်ဝန်းတွေနဲ့ မိန်းကလေးကိုစိုက်ကြည့်နေတဲ့ 'သုတ' ရဲ့ပုံစံကတကယ့်ကိုကြေကွဲနေတဲ့အတိုင်းပါပဲ။

" 'ဝိုင်' သွားတော့မယ် 'ကိုသုတ'..."

လှေကားထစ်တွေကိုပြေးတက်သွားသော 'ဝိုင်' ဆိုတဲ့မိန်းကလေးကို ခေါင်းလည်အောင်လိုက်ကြည့်နေမိပါသည်။

" 'ဇင်ယော်' ပြောတာ မှန်နေပြီနဲ့တူတယ်... ခုနကမိန်း

www.burmeseclassic.com

www.burmeseclassic.com



ကလေးနဲ့ မင်းနဲ့မရိုးသားတော့ဘူး မဟုတ်လား"

"ဟာ ရက်စက်တယ်ဗျာ... မေမေတစ်ခါမှ စကားကိုဒီလို မျိုးလွယ်လွယ်ကူကူမပြောဖူးပါဘူး... 'ဝိုင်' ရှေ့မှာပေါ်တင်ကြီး ပြောချလိုက်တာကတော့ သက်သက်သူ့သိက္ခာကိုစော်ကားလိုက် တာနဲ့အတူတူပဲ"

" 'ဝိုင်' ဆိုတာဘယ်သူလဲ ငါမှမသိဘဲ 'သူတ' ရဲ့"

"မေမေသိပါတယ်... သိလို့လည်းတမင်ပြောချလိုက်တာ နေမှာ... ကျွန်တော့်ကိုအေးအေးဆေးဆေးပြောလည်းရရဲ့သားနဲ့ ဘာဖြစ်လို့ 'ဝိုင်' ရှေ့မှာ အရှက်ခွဲချင်ရတာလဲ... 'မ' မြှောက်ပေး လိုက်တဲ့အတိုင်း မေမေလုပ်လိုက်တာပေါ့လေ"

" 'ဇင်ယော်' နဲ့ဘာမှမဆိုင်ဘူး... ဖြစ်သင့်တယ်လို့ထင် လို့ပြောချလိုက်တာ... သာမန်ရင်းနှီးတာလောက်မျိုးကို ငါ့အနေနဲ့ တာစရာအကြောင်းမရှိဘူး 'သူတ'... ခုဟာကမြင်လိုက်တာနဲ့ မင်း မျက်လုံးတွေကမရိုးသားဘူးဆိုတာပေါ်လွင်နေတာကို... 'ဇင်ယော်' ပြောတာနည်းတောင်နည်းသေးတယ်... မင်းစိတ်ဓ ထိန်းနိုင်လို့ ယောကျ်ားတစ်ယောက်ဖြစ်ပြီး သိက္ခာမရှိသလိုဖြစ် နေလို့ ငါပါရောပြီးသိက္ခာကျရတာ... မင်းမှာမိန်းမရှိတယ်ဆို တာကို မင်းမေ့နေတာလား မေ့ချင်ဟန်ဆောင်နေတာလား"



သူ အရှမ်းကိုဒေါသဖြစ်သွားရသည်။ မေမေကိုယ်တိုင် သူ့စိတ်ကိုနားလည်မပေးဘဲ တစ်ခါလေးမြင်ယုံနဲ့ ပြောချင်ရာ စွတ်ပြောပစ်တာ လူကြီးတစ်ယောက်ရဲ့လုပ်ရပ်တဲ့လား။

'ဝိုင်' နဲ့က မထင်မှတ်ပဲတွေ့လိုက်ရတာပါ။ သူကတောင် 'ဝိုင်' ကိုမမြင်ဘဲ 'ဝိုင်' က လာခေါ်တဲ့အဖြစ်ပါ။ သွေးကိစ္စနဲ့ပတ် သက်ပြီး အဆင်ပြေတဲ့အတွက် ကျေးဇူးတင်ကြောင်းကို လူလစ် တဲ့အချိန်မှာ လာပြောခြင်းဖြစ်ပါသည်။

'မ' တွေ့သွားရင် တစ်မျိုးဖြစ်နေမှာစိုးတာကြောင့် လစ် တဲ့အချိန် စကားပြောနေတုန်း မေမေနဲ့တွေ့သွားတာဖြစ်သည်။ မေမေက 'မ' ထက်တောင် ပိုဆိုးနေပါရောလား။

'ဝိုင်' ကိုအားနာဖို့ကောင်းလိုက်တာ။ ဘယ်လိုမျက်နှာမျိုး နဲ့ သူ ပြန်တောင်းပန်ရမလဲမသိ။

"မေးနေတယ်လေ... 'ဇင်ယော်' ဆေးရုံတက်တဲ့အချိန်မှာ တောင် မင်းကိုယ်မင်းမထိန်းသိမ်းနိုင်ဘူးလား... တခြားအချိန် တွေဆိုရင် ငါမပြောပါဘူး... အခုဟာကတော့ မင်းဘက်ကသိပ် ကိုတရားလွန်လွန်းတယ်"

"ခဏတဖြုတ်လေး စကားပြောတာလောက်နဲ့ မေမေ ဘာလို့ ကျွန်တော့်တို့သိက္ခာကိုချရတာလဲ... လူတစ်ယောက်နဲ့

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက် နှုတ်ဆက်ခွင့်တောင်မရှိရတော့ဘူးလား"

"ရိုးသားတယ်ဆိုရင် နှုတ်ဆက်ခွင့်တောင်မကဘူး တစ်ယောက်နဲ့တစ်ယောက် လက်ချင်းတွဲပြီးတောင်သွားလို့ရပါသေးတယ် 'သုတ' ရယ်"

"ကျွန်တော်တို့က အခုလက်တောင်မတွဲထားဘူးလေ"

"လက်ချင်းမတွဲထားပေမယ့် မျက်လုံးတွေကမရိုးသားဘူးဆိုတာ ငါသိနေတယ်လေ... မင်းကပိုဆိုးတယ်... ကောင်မလေးကိုကြည့်နေတာ တကယ့်ချစ်သူတစ်ယောက်အတိုင်းပဲ... မင်းအဲ့ဒီလို 'ဇင်ယော်' ရှေ့မှာကြည့်လိုက်လို့ 'ဇင်ယော်' ကမင်းနဲ့ 'ပိုင်' နဲ့ကိုစွပ်စွဲတာ"

"သူ စွပ်စွဲတာကတော့ ပြောမနေနဲ့... လူတိုင်းနဲ့စွပ်စွဲနေတာပဲ"

"ဘာပဲဖြစ်ဖြစ် မင်းအနေအထိုင်ဆင်ခြင်ရမယ်... 'ဇင်ယော်' မနက်ဖြန်ကျရင် ခွဲခန်းဝင်ရမှာ... သူစိတ်ချမ်းသာအောင်ထားရမယ်... သူ့အနားကနေ တစ်ဖဝါးမှမခွာဘဲနေပေး... ရန်ဖြစ်တာအဆင်မပြေတာတွေ ဘာတစ်ခွန်းမှမကြားချင်ဘူး"

"ကျွန်တော့်ဘက်ကတော့ စပြီးရန်မဖြစ်ပါဘူး... 'မ' ပဲနေရင်းထိုင်ရင်း ပြဿနာရှာနေတာ... သူဘယ်လောက်ဆိုးတယ်





ဆိုတာ မေမေသိလို့လား... ကျွန်တော့်ကိုနေရင်းထိုင်ရင်း တုတ်ကောက်နဲ့ကောက်ရိုက်တာဗျ... လူနာမို့လို့သာသည်းခံပေးနေတာ... ဘယ်သူကမှအသလွတ်ကြီး ကိုယ့်အသားတော့အနာခံမှာမဟုတ်ဘူး"

"ဒါကတော့ မင်းကိုချစ်လွန်းလို့ ဒေါသတွေထွက်တာနေမှာပေါ့"

"မေမေကအပြောကောင်းတယ်... 'မ' လုပ်တာကိုကျတော့ ချစ်လွန်းလို့တဲ့အပြစ်မမြင်ဘူး"

"မြင်ရအောင်သူက ဘာအပြစ်တွေများလုပ်နေလို့လဲ... မင်းပြောင်းလဲနေလို့ သူပြောတာပဲရှိတာ... ဒါကလည်းမှန်နေတာပဲ... အခုအချိန်ကစပြီး 'ပိုင်' ဆိုတဲ့မိန်းကလေးကိုမင်းရှောင်နေ... တွေ့လည်းစကားပြောစရာမလိုဘူး... ဒါဆို 'ဇင်ယော်' နဲ့မင်းနဲ့ကြားမှာ ဘာပြဿနာမှရှိလာမှာကိုမဟုတ်တော့ဘူး"

သူ မကြားဟန်ဆောင်ကာ ခေါင်းကိုခါပစ်လိုက်သည်။

"ငါပြောတာကြားလား 'သုတ' "

"ကြားတယ်... ဒါပေမဲ့ 'ပိုင်' နဲ့တော့ အဆက်အဆံဖြတ်ပစ်ရမယ်ဆိုတာတော့မဖြစ်နိုင်ဘူး... လူတစ်ယောက်ရဲ့လွတ်လပ်ခွင့်ဆိုတာလည်းရှိသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီလွတ်လပ်ခွင့်က ဘယ်သူ့အတွက်မှအကျိုးမရှိဘူးလေ... မင်းလည်းစိတ်ဆင်းရဲရမယ်... 'ဖင်ယော်' လည်းစိတ်ဆင်းရဲရမယ်... နောက်ဆုံး 'ဗိုင်' လည်းစိတ်ဆင်းရဲရမယ်လေ"

"'ဗိုင်' နဲ့ကျွန်တော်နဲ့ကြားမှာ စိတ်ဆင်းရဲစရာမရှိဘူး စိတ်ချမ်းသာစရာတွေပဲရှိတယ်..."

"မင်းပြောလို့မရတော့ဘူးလား 'သုတ'"

သူ ငြိမ်နေလိုက်သည်။

"မေးနေတယ်လေ... ဒီလောက်ထိဖြစ်စရာလိုသလား... တွေ့တာမကြာသေးတဲ့ မိန်းကလေးတစ်ယောက်ကို မင်းဘက်က ဒီလောက်ထိအောင် ဖြစ်ပြနေရသလား... အမေတစ်ယောက်လုံးရဲ့စကားကိုတောင်နားမထောင်နိုင်တော့ဘူးလား"

သူ ခြေလှမ်းကိုစလှမ်းလိုက်သည်။ ဘာပြန်ပြောရမှန်းလည်းမသိလို့ပါ။

"ငါမေးနေတယ်လေ 'သုတ'... 'ဗိုင်' ကိုမင်းအဆက်အဆံဖြတ်မယ်မဟုတ်လား"

"မဖြတ်နိုင်ဘူး မေမေ... ကျွန်တော့် 'ဗိုင်' ကိုချစ်တယ်... တကယ့်ကိုရင်ထဲကနေ လှိုက်လှိုက်လှဲလှဲချစ်မိတာပါ... ချစ်တာကိုအပြစ်လို့မြင်ရင်လည်း ကျွန်တော်အပြစ်ကျူးလွန်တယ်လို့ပဲ





မေမေသတ်မှတ်လိုက်ပါ..."

"'ဖင်ယော်' ကကော..."

"မသိတော့ဘူး မေမေရာ... တစ်ခုတော့ ကျွန်တော်ကတိပေးတယ်... ကျွန်တော့်ကြောင့် ဒီရက်ပိုင်းမှာ 'မ' စိတ်မဆင်းရဲစေရဘူးဆိုတာပဲ"

စိတ်ထဲမှာရှိတာကိုဖွင့်ထုတ်လိုက်ရတဲ့အတွက် သူ့ရင်ထဲအတော်ကလေးတော့ ပေါ့ပါးသွားခဲ့ရသည်။ ချစ်တာကိုချစ်တယ်လို့ဖွင့်ပြောလို့မရတဲ့ဘဝက ဘယ်လောက်တောင်များကုသိုလ်ကံဆိုးပါသလဲ။

သူ ကံကောင်းချင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၂၃

ခွဲခန်းထဲဝင်ကာနီးအထိ သူ့လက်ကိုမဖြုတ်သေးတဲ့ 'မ' ရဲ့အပြုအမူကြောင့် ဘေးလူတွေကိုအားနာရလေသည်။

"လွှတ်တော့လေ 'မ' ရယ်... ကျွန်တော်အပြင်မှာစောင့်နေပေးမှာပါ... 'မ' အတွက်ဆုတောင်းပေးနေမှာသိလား"

"'မ' စိတ်ချမ်းသာအောင် မင်းကတိမပေးသေးဘူးလား 'သုတ' ရယ်... 'မ' ကလွဲပြီး မင်းဘယ်သူ့ကိုမှမချစ်ရဘူးဆိုတာလေ... 'ဗိုင်' နဲ့လည်း မပတ်သက်ဘဲနေမယ်ဆိုတာလေ"

"အင်းပါ 'မ' ရာ... ဒါပဲဘာလို့ခဏခဏထပ်ထပ်ပြော





နေရတာလဲ... 'မ' ပြောတဲ့အတိုင်းနေမယ်ဆိုရင် ပြီးတာပဲမဟုတ်လား"

"'မ' မင်းကိုစိတ်မချဘူး"

သူ့လက်ကိုဖြုတ်ခါနီးအချိန်မှာ ခပ်တိုးတိုးပြောသွားတဲ့ 'မ' ရဲ့စကားကြောင့် အတော်ကလေးရင်မောသွားခဲ့ရပါသည်။ ဒီလိုမျိုးတွေဖြစ်လာအောင် 'မ' ပဲဖန်တီးခဲ့လေသလားမသိပါ။

လူတစ်ယောက်ဟာ အရမ်းကိုအတင်းအကြပ်အလုပ်ခံရရင် ထွက်ပေါက်ရှာတဲ့အနေနဲ့ စိတ်ထဲရှိတာကိုလုပ်တတ်ကြတာမဟုတ်လား။

သူလည်း ထွက်ပေါက်ရှာမိလေသလားမသိပါ။ တစ်ခုတော့သေချာပါသည်။ သူ့ရဲ့ထွက်ပေါက်က နှလုံးသားကလာတဲ့အချစ်နဲ့တည်ဆောက်ထားခဲ့ခြင်းဖြစ်ပါသည်။

လွယ်လွယ်နဲ့လည်း ဖျက်ပစ်လို့မရသလို၊ အမိန့်တွေကတိတွေနဲ့လည်း လဲလှယ်လို့မရတဲ့အရာဖြစ်နေသည်။ ဒါကိုသိနေရဲ့နဲ့များ 'မ' တစ်ယောက်ဘာဖြစ်လို့ အတင်းကာရော မပေးနိုင်တာကို တောင်းနေခဲ့ရတာလဲ။

'မ' သေချာစဉ်းစားကြည့်ရင် အဖြေပေါ်လာပါလိမ့်မည်။ 'မ' ကိုကောတခြားတစ်ယောက်က သူ့အားပေးလိုက်ပါ၊



www.burmeseclassic.com

www.burmeseclassic.com

သူနဲ့ခွဲနေလိုက်ပါလို့ပြောရင် လက်ခံနိုင်မှာတဲ့လား။ ကိုယ်ချင်းစာစိတ်သိပ်မရှိတဲ့ 'မ' ကိုပဲ စိတ်ထဲကနေအပြစ်တွေမြင်နေမိတော့သည်။

အပြင်လက်တွေ့မှာတော့ ရောဂါသည်တစ်ယောက်မို့ သူ အရာအားလုံးကို ခွင့်လွှတ်ထားခဲ့ရပါသည်။ ခွဲခန်းဝင်နေတဲ့ တစ်ချိန်လုံး သူ့စိတ်တွေဘယ်ကိုမှရောက်မနေဘဲ 'မ'အတွက် ဘုရားမှာဆုတောင်းပေးနေမိသည်။

မေမေကတော့ အခန်းထဲမှာပဲ ပုတီးစိပ်နေပါသည်။ ခွဲစိတ်ပြီးလို့ဆရာဝန်ကြီးတွေ ထွက်လာတဲ့အချိန်ကျမှပဲ သူ သက်ပြင်းချနိုင်ပါတော့သည်။ အားလုံးအိုကေတယ်ဆိုတော့လည်း သူ ပျော်ရွှင်ရသည်။

ပိုက်တွေများစွာတပ်ထားပြီး သတိပြန်မလည်သေးသော 'မ' ကို အထူးခန်းထဲမှာထားထားပြီး လိုအပ်တာတွေကိုလုပ်ပေးနေကြပါသည်။

မှန်ချပ်တွေကတစ်ဆင့် သူ လှမ်းကြည့်ပြီးအားလုံးစိတ်ချရပြီဆိုမှ အခန်းထဲသို့ပြန်လာခဲ့လိုက်သည်။

"'မ'ခွဲခန်းထဲကထွက်လာပြီ... အားလုံးအိုကေပါတယ်တဲ့... လိုအပ်တဲ့ဆေးတွေ ကျွန်တော်သွားဝယ်ပေးလိုက်ဦးမယ်...





တကယ်လို့ တစ်ခုခုလိုတယ်ဆိုရင် မေမေသွားလိုက်ပါဦးနော်"

'ကိုကိုကြီး'တို့အခန်းရှေ့ကနေဖြတ်တော့ အားလုံးက လှမ်းကြည့်ပြီး အခြေအနေကိုမေးကြတာကြောင့် သူ ပြန်ဖြေနေရသည်။

"ခုလေးတင်ပဲ ခွဲခန်းကနေထွက်တာ... အခြေအနေအားလုံးကောင်းပါတယ်တဲ့... အခုလိုအပ်တဲ့ဆေးတွေ သွားဝယ်ပေးမလို့ထွက်လာတာ"

"ဝမ်းသာတယ်ကွာ... ကိုယ်တို့လည်း ကိုယ့်အလှည့်ကို စောင့်နေရတာပဲ"

"နောက်မှပဲ အန်တီကိုယ်တိုင် 'ဇင်ယော်'ကိုသတင်းမေးတော့မယ်နော်... 'မောင်သုတ'ကူညီတာတွေအတွက်လည်းကျေးဇူးတင်တယ်ဆိုတာ ပြောပြရမယ်"

"ရပါတယ်... ကျွန်တော်သွားဦးမယ်"

လှမ်းကြည့်နေတဲ့ 'ဗိုင်'ကိုတော့ မျက်လုံးနဲ့ပဲနှုတ်ဆက်ကာ သူ ထွက်လာခဲ့လိုက်ပါသည်။ လိုအပ်တဲ့ဆေးတွေဝယ်ပြီးတဲ့အခါ အထူးကြပ်မတ်အခန်းထဲက သူနာပြုတွေကိုသွားပေးပြီး 'မ'ရဲ့အခြေအနေကို အကဲခတ်ရသေးသည်။

သတိပြန်မလည်သေးတဲ့အတွက် မေမေ့ဆီကိုပြန်လာပြီး


www.burmeseclassic.com

www.burmeseclassic.com

လိုအပ်တာတွေလုပ်ဖို့ခွင့်တောင်းလိုက်မိသည်။

"ကျွန်တော်အိမ်ပြန်ပြီး ထမင်းချိုင့်တွေသွားယူလိုက်မယ် တကယ်လို့ ကျွန်တော်သွားနေတုန်း 'မ' သတိပြန်လည်လာရင် မေမေပဲသွားတွေ့ထားလိုက်... ကျွန်တော့်ကိုမေးရင် အိမ်ပြန်တယ်လို့မပြောနဲ့ဦးနော်... ဆေးစီယံပေးနေတယ်လို့ပဲပြော"

"မလိုဘူး... ဒီနေ့တော့ 'အန့်တီသင်း' လာပို့ပေးမယ် ပြောတယ်... မင်းသာဘယ်မှမသွားဘဲ 'ဇင်ယော်' အနားမှာပဲနေနေ... ဆေးဝယ်မယ်လည်း ခဏခဏအကြောင်းမပြနဲ့ မျက်စိနောက်တယ်"

"ဟာ လိုအပ်လို့ဆေးကဝယ်ဝယ်နေရတာလေ... အလကားနေရင်းတော့ ဘယ်သူကခြေညောင်းခံပြီး သွားသွားဝယ်နေမှာလဲ... ကျွန်တော်မသွားရင် ဘယ်သူသွားမလဲ... မေမေကိုယ်တိုင်သွားမလားပြော"

"မင်းက ဟိုမိန်းကလေးရှေ့မှာ ဟန်ရေးပြချင်လို့အပြင်ထွက်ဖို့လမ်းစတွေ ဖန်တီးနေတာမဟုတ်လား"

"ကျွန်တော်ဒီလောက်အထိ အောက်တန်းမကျဘူးမေမေ 'ဝိုင်' နဲ့တွေ့ဖို့အခွင့်အရေးတွေ အများကြီးရှိတယ်... ဒါပေမဲ့ ဒီလိုအချိန်မျိုးမှာ ကျွန်တော်ဘယ်သူ့ကိုဦးစားပေးရမလဲဆိုတာ





ကျွန်တော့်ဖါသာသိပါတယ်... မေမေပြောနေတာက တကယ့်ကိုတစ်ဖက်သပ်ဖြစ်နေပြီ"

"ဖြစ်ပစေလေ... မင်းကိုယ်တိုင်က ဖောက်ပြန်ပါတယ်ဆိုတာကို ဖွင့်ပြောထားတာပဲ... မင်းရဲ့စကားကို ပြန်မရုတ်မသိမ်းမချင်း 'ဇင်ယော်' နဲ့ပတ်သက်ပြီး မင်းဘာတွေပဲလုပ်လုပ် အသိအမှတ်ကိုမပြုနိုင်ဘူး"

"ဒါတော့ မေမေ့သဘောပဲ... နေရာတကာတော့ သူများစိတ်တိုင်းကျကြီးပဲ ကျွန်တော်လိုက်မနေနိုင်တော့ဘူး... ကိုယ့်စိတ်ချမ်းသာတာကိုလည်း ဦးစားပေးချင်သေးတယ်"

"သတ္တိရှိရင်ရှေ့ဆက်တိုးကြည့်လိုက်လေ... 'မာလာ' တို့တာ ဆေးရုံတစ်ခုလုံး ပွင့်ထွက်မတတ် အော်ရဲဟစ်ရဲတယ်ဆိုတာ မင်းသိထားရင်ပြီးတာပဲ... မရှက်တတ်တဲ့သူတွေကို အရှက်ခွဲရတာ ဘာခက်တာမှတ်လို့"

မေမေနဲ့စကားတွေ အခြေအတင်ပြောနေစဉ်မှာပဲ 'မ' သတိရလာပြီဆိုတဲ့သတင်းကို နာစ့်တစ်ယောက်ကလာပြောတာနဲ့ ချက်ချင်းပဲ သူ ထွက်လာခဲ့ရပါသည်။

'မ' ကိုထားတဲ့အခန်းထဲဝင်ဖို့အတွက် ဟိုးခပ်လှမ်းလှမ်းကတည်းက စီးလာတဲ့ဖိနပ်ကိုချွတ်ပြီး အခန်းထဲဝင်တဲ့ဖိနပ်ကို



www.burmeseclassic.com

www.burmeseclassic.com

ပြောင်းစီးခဲ့ရသည်။

ပြီးတော့ ပိုးသတ်ထားတဲ့အပေါ်ရုံအကျီရှည်ကြီးကို လည်း ခါးကြိုးစည်းကာဝတ်ရပါသေးသည်။ သူတို့လိုအပြင်လူ တွေဆီကနေ မမြင်နိုင်တဲ့ရောဂါပိုးတွေကူးစက်နိုင်တာကြောင့် သေချာကြပ်မတ်ထားခြင်းဖြစ်ပါလိမ့်မည်။

သူ့ကိုမြင်တာနဲ့ 'မ' က အပြုံးယဲ့ယဲ့ကလေးဖြင့်ပြုံးပြရှာ သည်။

"'မ' နေကောင်းတယ်မဟုတ်လား... အရမ်းနာနေလား"

'မ' က ခေါင်းခါပြသည်။ 'မ' ကိုကြည့်ပေးတဲ့နာ့စ်က

"ထုံဆေးမပြယ်သေးတော့ နာဦးမှာမဟုတ်သေးဘူး... နောက်ဆိုရင်နာပါလိမ့်မယ်..."

"ဟုတ်ကဲ့... လူနာအတွက်ဘာတွေများလိုသေးလဲမသိ ဘူး"

"အခုလောလောဆယ်တော့ ဂျူ့စ်လောက်ပဲတိုက်မယ် လေ... မနက်ခပ်စောစော တစ်ခါမနက်စာလာပို့ပေး... မြူစွမ်တို့ ကြက်ဥပြုတ်တို့ ဆန်ပြုတ်အရည်ကျဲလေးဖြစ်ဖြစ်လေ... နေ့ခင်း တစ်ခါ ညနေစောင်းတစ်ခါ ညတစ်ခါကတော့ ဘာလိုတယ်ဆို တာပြောပြလိုက်မယ်... ဘရန်းဒ်ကြက်ပေါင်းရည်လည်းဝယ်ထား





ဦးနော်..."

"ဟုတ်ကဲ့ ကျွန်တော်လာပို့ပေးပါ့မယ်"

ခဏတဖြုတ် 'မ' ရဲ့အနားမှာနေပေးပြီးတာနဲ့ သူပြန် လာခဲ့လိုက်ပါသည်။ အထူးကြပ်မတ်အခန်းထဲမှာဆိုတော့လည်း သူ့အနေနဲ့ အကြာကြီးနေလို့မကောင်းဘူးမဟုတ်လား။

အပြန်လမ်းမှာတော့ မထင်မှတ်ဘဲ 'ဗိုင်' နဲ့ဆုံနေပါ သည်။ ခေါင်းငုံ့ကာမမြင်သလိုသွားနေတဲ့ 'ဗိုင်' ကိုသူကပဲလှမ်း ခေါ်လိုက်မိပါသည်။

"'ဗိုင်' ဘယ်ကိုသွားမလို့လဲ"

"ဆရာဝန်ကြီးတွေအတွက် သစ်သီးဗူးသွားပို့ပေးမလို့... 'ခင်ယော်' နေကောင်းရဲ့လား"

"ကောင်းပါတယ်... အခုပဲသတိပြန်ရလာလို့ စကားသွား ပြောပြီးပြန်လာတာ"

"ဝမ်းသာပါတယ်"

'ဗိုင်' က ရှေ့ဆက်သွားဖို့ပြင်လိုက်တာကြောင့် သူ က ကတမ်းဆက်ပြောလိုက်ရသည်။

"ဘယ်သူတွေဘာပဲပြောပြော 'ဗိုင်' နဲ့ခင်မင်မှုကိုတော့ ကျွန်တော့်ဘက်က ဖျက်မှာမဟုတ်ဘူးဆိုတာ ကြိုပြောထားပါရ


www.burmeseclassic.com

www.burmeseclassic.com



စေ… ပြီးတော့ 'ဝိုင့်' ကိုကြိုပြီးတောင်းပန်ထားမယ်… ကျွန်တော့်ကြောင့် စိတ်အနှောင့်အယှက်ဖြစ်မယ်ဆိုရင် ခွင့်လွှတ်ပေးပါလို့ ကျွန်တော့်ကိုရှောင်ပြီး မဆက်ဆံချင်သလိုမနေပါနဲ့လို့"

သူ့ကိုကြည့်တဲ့ 'ဝိုင့်' ရဲ့မျက်လုံးတွေက ချက်ချင်းကို အရည်တွေလဲ့လာရလေသည်။ 'ဝိုင်' သူ့ကြောင့် စိတ်ဆင်းရဲစွာနဲ့မျက်ရည်ဝဲလာခဲ့ရတာလား။

"'ဝိုင်' နဲ့ပတ်သက်ရင် 'ကိုသုတ' စိတ်ဆင်းရဲရမယ်ဆိုတာကို ထည့်မတွက်တော့ဘူးလား… 'ဝိုင်' တို့နှစ်ယောက်က ခဏကလေးဆုံတွေ့ခွင့်ရတဲ့ ညီသည်နှစ်ယောက်ပါ 'ကိုသုတ' ရယ် စိတ်ထဲမှာသိပ်ပြီး စွဲစွဲလန်းလန်းမထားပါနဲ့"

"မရတော့ဘူး 'ဝိုင်' ရဲ့… အခုဆိုရင်ကျွန်တော်ရဲ့အိပ်မက်တိုင်းကို 'ဝိုင်' တစ်ယောက်တည်းကပဲ စိုးမိုးထားတာပါ… ကျွန်တော်မှားရင်မှားမယ်… ဒါပေမဲ့ အဲဒီအမှားကိုပဲ ကျွန်တော်မြတ်နိုးတယ် မက်မောတယ်"

"'ဝိုင်' သွားတော့မယ်"

ခြေလှမ်းမြန်မြန်နဲ့ လှမ်းထွက်သွားတဲ့ 'ဝိုင့်' ရဲ့နောက်ကို သူလိုက်ချင်ပေမယ့် ပတ်ဝန်းကျင်ကရှိနေသေးတာကြောင့် သူ့စိတ်ကိုထိန်းချုပ်လိုက်မိသည်။



သူ ပြောလိုက်တာတွေများ မှားသွားပြီလား။ သူ့ကြောင့် 'ဝိုင်' စိတ်ကျဉ်းကြပ်မှုတွေနဲ့ ရင်ဆိုင်ရလေမလားမသိပါ။ ဘာပဲဖြစ်ဖြစ် သူ 'ဝိုင့်' ကိုတကယ်ချစ်တာကတော့ သေချာပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂၄

လူနာတွေအတွက်တော့ **စိတ်ပူ (အထူးကြပ်မတ်ကုသခန်း)** မှာနေရတာ ဘယ်လိုခံစားနေရသည်**မသိပေမယ့်** ‘ဝိုင်’ **နဲ့** ‘ကိုသုတ’ နဲ့ကတော့ သူတို့တွေဆီကိုလိုအပ်**တာတွေ ပို့ပေးနေရ**တာကို အရမ်းပျော်ရွှင်နေမိတာသေချာပါသည်။

ဘာကြောင့်လည်းဆိုရင် ကိုယ်ဂရုစိုက်ပြီး**နေနေရတဲ့လူ**တွေက သီးသန့်အခန်းထဲမှာ သပ်သပ်ရှိနေရတာဆိုတော့ **လူနာ**ဆောင်မှာနေနေရတဲ့ ‘ဝိုင်’ တို့အဖို့ကတော့ အရမ်းကိုစိတ်လွတ်ကိုယ်လွတ်ဖြစ်နေရသည်မဟုတ်လား။





လူနာအတွက်လိုအပ်တဲ့စားစရာကို သူ့အချိန်နဲ့သူပို့ပေးပြီးတာနဲ့ ‘ဝိုင်’ တို့ရဲ့တာဝန်ကပြီးဆုံးပါပြီ။ တစ်ချိန်လုံးလည်း လူနာအနားမှာ နေခွင့်မရတာမို့ ကိုယ့်အခန်းကိုယ်ပြန်ပြီး စိတ်လွတ်ကိုယ်လွတ်နဲ့ နေနေရတာ ဘယ်လောက်တောင် ပျော်ဖို့ကောင်းလိုက်ပါသလဲ။

သူများတွေစိတ်ထဲဘယ်လိုဖြစ်နေသည်ဆိုတာ မသိပေမယ့် ‘ဝိုင်’ နဲ့ သူ့ရဲ့မျက်နှာကတော့ ပြုံးစိစိဖြစ်နေကြမှာသိပ်ကိုသေချာပါသည်။

သူက ‘မဇင်ယော်’ အတွက်မပူပင်ရသလို၊ ‘ဝိုင်’ ကလည်း ‘ကိုကိုကြီး’ ရဲ့အခြေအနေအရမ်းကိုကောင်းမွန်နေတာကြောင့် ပူပင်စရာသိပ်မရှိလှပေ။

လွတ်လပ်တဲ့ဒီရက်ပိုင်းကလေးကို နှစ်ယောက်သားစိတ်တူကိုယ်တူနဲ့ အသုံးချနေကြတာဖြစ်သည်။ စစချင်းရက်တုန်းကတော့ သူစကားလာပြောတိုင်း ‘ဝိုင်’ က ကြောက်စိတ်နဲ့ငြင်းဆန်နေမိတတ်တာပါ။

‘ဝိုင်’ ပုံစံကိုကြည့်ပြီး သူက ရှင်းပြသည်။

“တစ်ပတ်ဆယ်ရက်လောက်ကလေးတော့ ဘာကိုမှသိပ်ပြီးမထိန်းချုပ်ချင်တော့ဘူး ‘ဝိုင်’ ရယ်… ‘မ’ နဲ့ ‘ကိုကိုကြီး’ ဘယ်


www.burmeseclassic.com

www.burmeseclassic.com

လိုမှအပြင်ကိုထွက်မလာနိုင်ကြဘူး... ကျွန်တော့်ဘက်မှာလည်း ပြောမယ့်ဆိုမယ့်သူတစ်ယောက်မှ မရှိဘူး... ‘ဝိုင်’ပဲပြောတယ်လေ....ကျွန်တော်နဲ့ ‘ဝိုင်’က ခဏတာဆုံတွေ့ရတဲ့ညွှန့်သည်တွေဆို... တွေ့ရတဲ့ခဏတာလေးမှာတော့ ပျော်ပျော်ရွှင်ရွှင်နဲ့ပဲနေသွားချင်တယ်... စိတ်ထဲမှာရှိတဲ့အတိုင်းလေ... ဘာကိုမှထိန်းချုပ်ဟန်ဆောင်မှုတွေနဲ့မဖုံးကွယ်ချင်ဘူး”

“ခဏတာလေးနဲ့ကျေနပ်နိုင်ကြလိမ့်မယ်လို့ ‘ကိုသုတ’ အာမခံနိုင်လို့လား”

“ရေရှည်ကိုစဉ်းစားရင် ရင်မောပြီးသေယုံပဲရှိလိမ့်မှာပေါ့ ကျွန်တော်တို့နှစ်ယောက် ခဏတာလေးတောင်မပျော်လိုက်ရဘူးဆိုရင် လောကမှာလူဖြစ်ရကျိုးမနပ်ဘူးဖြစ်သွားလိမ့်မယ်”

“‘ကိုသုတ’က ဘယ်လိုမျိုးဖြစ်စေချင်တာလဲ”

“‘ကိုကိုကြီး’တို့ဒီလူနာဆောင်တွေကိုပြန်မလာမချင်း ကျွန်တော်နဲ့ ‘ဝိုင်’စိတ်ထဲရှိတဲ့အတိုင်း ပြောဆိုဆက်ဆံကြမယ်လေ... နှစ်ယောက်စလုံးမှာရှိနေတဲ့ အနှောင်အဖွဲ့တွေကို မေ့ထားကြကြေး ဘယ်လိုလဲ”

“ပတ်ဝန်းကျင်က ပြန်မပြောကြတော့ဘူးလား”

“ပြောလည်း သူတို့တွေမြင်တာမှမဟုတ်တာ... ကာ





ကံရှင်တွေ ဖွတ်ငြင်းရင် သူတို့ဘာတတ်နိုင်မှာကြလို့”

“‘ကိုသုတ’က စကားကိုလွယ်လွယ်ပြောတာကို”

“ဘာလဲ ‘ဝိုင်’က ကျွန်တော်ဖြစ်စေချင်တဲ့အတိုင်းမနေနိုင်ဘူးပေါ့... ဒါဆိုလည်း ရတယ်... ‘ဝိုင်’ဘယ်လိုဖြစ်စေချင်သလဲပြော... ‘ဝိုင်’ဖြစ်စေချင်တဲ့အတိုင်း ကျွန်တော်နေပေးမယ်”

“မခေါ်မပြောဘဲနေတာ အကောင်းဆုံးပါပဲ”

“ပြီးရောလေ”

အဲ့ဒီစကားတစ်ခွန်းပြောပြီးတာနဲ့ သူ ‘ဝိုင့်’ကိုရှောင်နေလိုက်တာ နာရီပေါင်းတော်တော်ကြာသွားခဲ့သည်။ ‘မဇင်ယော်’အတွက်လိုအပ်တဲ့အစားအစာတွေကိုပို့တာတောင်မှ ဘယ်နေရာဘယ်လမ်းကနေ ခိုးပို့နေသလဲမသိပါ။

တစ်လမ်းထဲ၊ တစ်ခန်းထဲသွားနေရတာတောင်မှ သူနဲ့တစ်ချက်ကလေးမှမဆုံတွေ့ချေ။ မတွေ့ရတော့လည်း ‘ဝိုင့်’ဘက်ကမနေနိုင်ပြန်ပါ။

သူ့ရဲ့အရိပ်ကို မရမကလိုက်ရှာလို့နေမိသည်။ မနက်ပိုင်းတည်းကပျောက်သွားတဲ့ သူ့ကို ‘ဝိုင်’လိုက်ရှာနေတာ ညပိုင်းရောက်လာတဲ့အခါမှာတော့ မနေနိုင်တော့ပါ။

မသိမသာ လိုက်မေးကြည့်မိသည်။ သူနဲ့အမြဲလိုလို


www.burmeseclassic.com

www.burmeseclassic.com

စကားပြောနေတတ်တဲ့ ဆရာ 'ကျော်ရှိန်' ကို အကြောင်းမရှိ အကြောင်းရှာကာ ကော်ဖီတွေသွားတိုက်ရင်း စကားစလိုက်မိသည်။

"'ကိုသုတ' ကိုတွေ့မိသေးလား"

"တွေ့တယ်လေ... ခုလေးတင်ပဲ စီစီယူကိုသွားတယ်... ဘာဖြစ်လို့လဲ"

"ဟို သူ့ကိုဆေးတစ်မျိုးမှာထားတာ ရလားမရလားသိချင်လို့မေးကြည့်တာပါ"

"ကျွန်တော်လာရင်ပြောလိုက်မယ်"

"ဟုတ်ကဲ့ ကျေးဇူးပါပဲ"

အလယ်မှာရှိသောကောင်တာနေရာကနေ ကိုယ့်အခန်းကိုပြန်လာသလိုလိုနဲ့ လူကွယ်ရာလည်းရောက်ရော အပြေးတစ်ပိုင်းနဲ့ စီစီယူကိုလှမ်းလာခဲ့လိုက်ပါသည်။

ညပိုင်းမှာ 'ဝိုင်' တစ်ယောက်တည်း စောင့်ကျန်နေခဲ့တာမို့ လွတ်လပ်ချင်တိုင်းလွတ်လပ်နေတာ 'ဝိုင့်' ရဲ့ကုသိုလ်ကံပဲထားလိုက်ပါတော့နော်။

ညပိုင်းကျရင်တော့ 'မနန်း' ရှိတဲ့အခန်းဘက်မှာ 'ဝိုင်' က သွားအိပ်လိုက်သည်။ မိန်းမအဖော်တစ်ယောက်ရှိနေတဲ့အတွက် နေရထိုင်ရတာအဆင်ပြေပါသည်။





ရှိတဲ့လူတွေအားလုံးကလည်း ဆေးရုံတက်တာကြာနေပြီဆိုတော့ မိသားစုတွေလိုဖြစ်နေတဲ့အတွက် လန့်ရှိန်တဲ့စိတ်တွေရှိစရာမလိုတော့ချေ။

'အန်တီကြူ' ကတော့ သူပါညဘက်လာစောင့်အိပ်ပေးမယ်လို့ပြောရှာပါသည်။ ဒါပေမဲ့ လူကြီးတစ်ယောက်အနေနဲ့တစ်နေကုန်နီးပါးနေပြီး ညပိုင်းပါဆက်နေရမယ်ဆိုရင် ပင်ပန်းပြီးလဲသွားနိုင်တာကြောင့် 'ဝိုင်' က တားထားလိုက်သည်။

စိတ်ထဲရှိတာကိုလုပ်နေရတဲ့အတွက် 'ဝိုင့်' ရင်ခုန်သံတွေကမြန်ဆန်လို့နေရသည်။ ပုန်းအောင်းနိုင်လွန်းတဲ့ သူ့ကိုအမိဖမ်းပြီး ရန်ထောင်ချင်နေတာပဲသိတော့သည်။

သူ့ကိုမတွေ့ရရင် 'ဝိုင်' မျှော်နေမယ်ဆိုတာကို သူသိပါတော့လား။ တကယ်ပဲ မသိချင်ဟန်ဆောင်ပြီး ခြေရာဖျောက်လိုက်တာဟာ 'ဝိုင့်' ကိုအပြစ်ပေးလိုက်တာနဲ့တူနေပါသည်။

တွေ့မယ်...။ သူခိုးဖမ်းသလိုပုံစံဖြင့် 'ဝိုင်' ကသူ့ကိုဝင်ပေါက်ဝမှာ ရပ်စောင့်နေလိုက်ပါသည်။ ချွတ်ထားတဲ့သူ့ကတ္တီပါဖိနပ်ကလေးကိုအတွေ့ ဘာကြောင့်မှန်းမသိဘဲ ရင်ထဲမှာနွေးသွားခဲ့ရလေသည်။

စီးလာတဲ့ကိုယ့်ဖိနပ်ကိုချွတ်လိုက်ပြီး 'ဝိုင်' က လှမ်းရှည်



www.burmeseclassic.com

www.burmeseclassic.com

စွာ သူ့ဖိနပ်ကိုစီးကြည့်လိုက်မိသည်။ အနွေးလှိုင်းခါတ်တစ်ခု ကိုယ်ထဲသို့ဖြတ်သန်းစီးဆင်းဝင်ရောက်သွားတဲ့အတိုင်းပါပဲ။

ဒါဟာ ဘာလဲ။ အချစ်ကြောင့်ဖြစ်ပေါ်လာတဲ့ခံစားချက်များလား မသိ။ အပြုံးမျက်နှာလေးနဲ့ သူ့ဖိနပ်ကိုစီးကြည့်နေမိဆဲ ခြေသံကြားလိုက်တာကြောင့် အလန့်တကြားမော်ကြည့်လိုက်မိပါသည်။

သူကလည်း 'ဝိုင့်' ကိုတွေ့တော့ အံ့ဩသွားပုံရသည်။ သူ့ဖိနပ်ကိုခပ်ရှက်ရှက်နဲ့ မြန်မြန်ချွတ်ပစ်လိုက်ကာ အခန်းတွင်းသို့ဝင်ဖို့ ပြင်လိုက်မိသည်။

သူ အ,တာလား၊ န,တာလားတော့မသိ၊ တခြားဖိနပ်တစ်ရံကိုယူစီးဖို့မေ့သွားခဲ့တဲ့ ခြေဗလာနဲ့ 'ဝိုင့်' ကို စကားတစ်ခွန်း လှမ်းပြောလာသည်။

"ဖိနပ်မရှိရင် ဒီဖိနပ်ယူသွားလေ ရော့"

သူ ချွတ်ပေးလိုက်တဲ့ ဖိနပ်ကိုအယောင်ယောင်အမှားမှား ကောက်စီးမိကာ အခန်းတွင်းသို့ဝင်လာခဲ့လိုက်ပါသည်။ အပြင်မှာလေးငါးရန်မက ချွတ်ထားတဲ့ ဖိနပ်တွေကိုမြင်ပြီး သူစိတ်ထဲ ဘယ်လိုတွေးမလဲမသိတော့ပါ။

လူကရှက်စိတ်နဲ့ သူ့အနားက ထွက်သွားချင်နေတာပဲ





သိတော့သည်။ 'ကိုကိုကြီး' ကတော့ 'ဝိုင်' ရောက်လာတဲ့အတွက် ကျေနပ်နေပုံရသည်။

"ပင်ပန်းရင်လည်း စောစောပဲအိပ်တော့နော်... မနက်ဆိုလည်း 'ကိုကြီး' အတွက်အစောကြီးမပို့လည်းရပါတယ်...ခြောက်နာရီလောက်မှဆိုလည်း အဆင်ပြေတာပါပဲ... လေးနာရီခွဲလာလာပို့နေတာ ဘယ်အချိန်တည်းကထပြီး ပြင်ဆင်နေတာလဲ"

"'ဝိုင်' က 'ကိုကြီး' ဗိုက်ဆာနေမှာစိုးလို့ ခပ်စောစော ပို့ပေးလိုက်တာ... 'ကိုကြီး' ဘာစားချင်သလဲပြောနော်... 'ဝိုင်' ပို့ပေးမယ်သိလား"

"အဆင်ပြေတာပေါ့ကွာ... နည်းနည်းနာတော့ အစာလည်းသိပ်မစားနိုင်ဘူး"

"လူတိုင်းနာတာပါပဲ 'ကိုကြီး' ရယ်... ရက်ပိုင်းကလေးပဲဆိုတော့ သည်းခံပြီးနေလိုက်နော်..."

'ကိုကြီး' နဲ့စကားခဏတဖြုတ်ပြောပြီးတာနဲ့ 'ဝိုင်' က အခန်းထဲဝင်ရင်ဝတ်ရတဲ့ ဝတ်ရုံရှည်ကြီးကိုချွတ်ပြီး ပြန်လာခဲ့လိုက်ပါသည်။

'ဝိုင့်' ကို လှမ်းကြည့်နေတဲ့ 'မဇင်ယော်' ကိုမြင်ပေမယ့်လည်း မမြင်ချင်ဟန်သာဆောင်နေလိုက်သည်။ စိတ်ချမ်းသာ


www.burmeseclassic.com

www.burmeseclassic.com



သလိုဖြစ်နေတဲ့အချိန်မှာ စိတ်ထိခိုက်မယ့်ကိစ္စတွေဖန်တီးတတ်တဲ့လူတစ်ယောက်နဲ့ မဆုံတွေ့ချင်တာ မှားတယ်လို့တော့မထင်။

ဖိနပ်ချွတ်တဲ့နေရာမှာ ကိုယ့်စီးလာတဲ့ဖိနပ်ကိုရှာကြည့်လိုက်တော့ မတွေ့တာကြောင့် အံ့သြသွားရသည်။ ညဘက်ပိုင်းမို့ လူကလည်းရှင်းနေပါသည်။

မှားစီးသွားရအောင်လည်း မိန်းကလေးဆိုလို့ 'ဝိုင်' တစ်ယောက်တည်းပဲ လာခဲ့တာပါ။ မျက်လုံးကလေးဝေ့ကာရှာကြည့်နေဆဲ အုတ်နံရံအကွယ်ကနေ လူတစ်ယောက်ထွက်လာလေသည်။

သူ့လက်ထဲမှာ 'ဝိုင်' ရဲ့ဖိနပ်တစ်ရံက ရှိနေပါသည်။

"ဟင် 'ကိုသုတ' ဘာလုပ်တာလဲ... 'ဝိုင်' တော့ငရဲကြီးတော့မှာပဲ... ဖိနပ်ကိုကိုင်မထားနဲ့လေ... ပြန်ပေး"

"ပေးမှာပါ... 'ဝိုင်' ရဲ့အမွှေးဓါတ်တွေဘယ်လောက်တောင်များရှိနေသလဲဆိုပြီး ကြည့်နေမိတာ... စီးကြည့်ဖို့ကျတော့လည်း ကျွန်တော်ခြေထောက်ကကြီးနေတော့ ဖိနပ်လေးပြတ်သွားမှာ နမြောလို့လေ"

ကြည့်စမ်း၊ သူ လည်လိုက်တာ။ ခုနက 'ဝိုင်' ဘာလုပ်ကြည့်နေတယ်ဆိုတာကို သူ ရိပ်မိသွားရပြီပေါ့။ ရှက်စိတ်နဲ့ သူ့





ကိုအော်လိုက်မိတော့သည်။

"အပိုတွေပြောမနေနဲ့... 'ဝိုင်' နဲ့မခေါ်ချင်လို့ရှောင်နေနိုင်မှတော့ နေမြဲတိုင်းဆက်နေလေ... လူကိုရိုသလိုလိုလာလုပ်မနေနဲ့"

"မခေါ်ချင်တာက ကျွန်တော်မဟုတ်ပါဘူးဗျာ... 'ဝိုင်' ပါ... ကျွန်တော်လိုလူကတော့ ကိုယ့်ချစ်ရတဲ့သူစိတ်ညစ်မှာစိုးလို့ သူ သဘောအတိုင်းနေပေးနေရတာပါ"

"ဘာတွေပြောနေတာလဲ..."

"ရင်ထဲရှိတဲ့အမှန်တရားတွေကို ဖွင့်ပြောနေတာလေ... ကျွန်တော်ဘာကိုမှ မထိန်းချုပ်ချင်တော့ဘူး... မြိုသိပ်နေရတာအရမ်းကိုပင်ပန်းလွန်းတယ်... 'ဝိုင်' ကိုချစ်တယ်... ပြန်ချစ်ပါလို့တော့မတောင်းဆိုပါဘူး... ဒါပေမဲ့ လူတိုင်းလူတိုင်းကိုယ့်ချစ်ရတဲ့သူဆီက အချစ်တစ်ခုကိုလိုချင်တာထုံးစံဆိုတော့ မျှော်တော့မျှော်လင့်မိတာပေါ့ဗျာ"

ခပ်ဆွေးဆွေးကလေးပြောနေတဲ့ သူ့ရဲ့လေသံကိုကြားပြီး 'ဝိုင်' ရင်ထဲဘယ်လိုဝမ်းနည်းသွားမှန်းကို မသိပါ။ 'ဝိုင်' စိတ်ထဲမှာလည်း ဘယ်လိုခံစားနေရတယ်ဆိုတာ သူသိပါရဲ့လား။

မိန်းကလေးမို့လို့သာ အရာရာကိုထိန်းချုပ်ပြီး သည်းခံ



www.burmeseclassic.com

www.burmeseclassic.com

နေရပေမယ့် စိတ်ထဲရှိတဲ့အတိုင်းသာဆိုရင် သူ့လိုပဲဖွင့်ပြောပစ်လိုက်တာကြာနေရောပေါ့။

"ရော့..."

'ဝိုင်' ရှေ့သို့ဖိနပ်တစ်ရံရောက်လာသည်။ ဖိနပ်ကိုချပေးပြီးတာနဲ့ သူက ထွက်သွားဖို့ပြင်သည်။ ဒီအတိုင်းတော့ သူ့ကိုပေးမသွားနိုင်ပါ။

"ဒီလိုပဲပြောချင်တာပြောပြီး ထွက်သွားမလို့လား"

လှည့်ကြည့်လာတဲ့ သူ့မျက်လုံးတွေက နားမလည်ခြင်းတွေပါဝင်နေသည်။

"ချစ်တယ်လည်းပြောသေးတယ်... ဖြစ်ချင်တာဖြစ်ဆိုပြီး တစ်ယောက်တည်းထားသွားမလို့လား... အဲ့ဒီလိုစိတ်မျိုးရှိရင်လည်းရတယ်... 'ဝိုင်' ဘက်လည်း နေနိုင်အောင်ကြိုးစားရတော့မှာပေါ့"

" 'ဝိုင်'..."

"မခေါ်နဲ့... ဒီကတော့သူ့ကိုမျှော်လိုက်ရတာ... သူက တမင်ရှောင်နေတယ်... တွေ့ပြန်တော့လည်း ထားပြီးထွက်သွားရက်တယ်"

"ဟာ မဟုတ်ဘူးကွာ... မဟုတ်ဘူး... ကျွန်တော်ဘာ





ပြောရမှန်းတောင်မသိတော့ဘူး 'ဝိုင်' ရာ... ကျွန်တော့်ကိုအရူးမလုပ်ပါနဲ့... အချစ်ဆိုတာ မင်းနဲ့ကျမှခံစားဖူးတာပါ"

"ဒီကကော အချစ်ဆိုတာကို ဘယ်သူနဲ့ကျမှခံစားဖူးတယ်ဆိုတာ ပြောပြရဦးမှာလား... သိပ်မတုံးနဲ့တော့... အချိန်တွေကသိပ်ရှိတာမဟုတ်တော့ဘူး"

"ဒါဆို..."

"ဟုတ်တယ်... 'ကိုသုတ' ကို 'ဝိုင်' ချစ်တယ်"

" 'ဝိုင်' ရာ..."

မျက်ရည်ဝဲနေပေမယ့် ပြုံးပျော်နေသော သူ့မျက်နှာကိုကြည့်ပြီး 'ဝိုင်' ရင်ထဲမှာလည်း ကြည်နူးနေမိပါသည်။


www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂၅

"သွားမယ်လေကွာ... ဘာလုပ်နေတာလဲ"

တစ်ခန်းထဲနေနေပေမယ့် နှစ်ယောက်စကားပြောနေရင် ဘော်ပတ်ဝန်းကျင်က တစ်မျိုးမြင်နိုင်တာကြောင့် သူကစာအုပ်ဖတ်ချင်ဟန်ဆောင်ပြီး ဖုန်းကိုခိုးပြောနေသည်။

'ဝိုင်' ကလည်း ပြတင်းပေါက်နားက ပန်းအိုးတွေထား သည့် ဗီရိုကလေးကိုရှင်းသလိုလိုနဲ့ ကုတင်ကိုအကာအကွယ်ယူ ကာ ကိုယ်ကိုပုထိုင်ရင်း ဖုန်းကိုပြောနေမိသည်။

"သွားနေတုန်း 'ကိုကြီး' တို့ဆီကလှမ်းခေါ်နေရင်ဘယ် လိုလုပ်မလဲ"





"မခေါ်ပါဘူး... အားလုံးပြည့်စုံအောင်ပို့ထားပြီးနေပြီပဲ ဟာ"

"ဒါပေမဲ့ ကြောက်တယ်"

"မိုက်ဆာနေပြီ... လိုက်ခဲ့ပါကွာ"

သူ့ကိုလှည့်ကြည့်လိုက်တော့ သူက ဗိုက်ကိုပွတ်ပြရင်း မျက်နှာကိုရှုံ့မဲ့ပြလေသည်။ ဟင်း မသိတာလိုက်လို့။ ဗိုက်ဆာ တာကိုအကြောင်းပြပြီး သူ့အပြင်ထွက်ချင်နေတာ။ 'ဝိုင်' ကိုယ် တိုင်လည်း သူနဲ့အတူတူအပြင်ကိုထွက်ချင်နေတာကြာပါပြီ။

"ဆေးရုံအပြင်မှာစောင့်နေ... ပြီးမှ လိုက်လာခဲ့မယ်... နှစ်ယောက်အတူတူတော့တွဲမထွက်ချင်ဘူး"

"ပြီးရော... မြန်မြန်တော့ထွက်လာနော်"

"အင်းပါ"

သူက မှင်ရေသေသေမျက်နှာထားနဲ့ 'ဝိုင်' ရှိတဲ့ဘက်ကို တစ်ချက်ကလေးတောင် လှည့်မကြည့်ဘဲ ထွက်သွားပါသည်။ 'ဝိုင်' က ချစ်စနိုးနဲ့သူ့ကိုမျက်စောင်းပိတ်ထိုးလိုက်ရင်း အပြင် ထွက်ဖို့အတွက် မျက်နှာကိုနည်းနည်းပြင်ဆင်ချယ်သလိုက်ရပါ သည်။

မနက်အိပ်ယာထကတည်းက မျက်နှာပြောင်နဲ့ နည်း



www.burmeseclassic.com

www.burmeseclassic.com

နည်းပါးပါးတော့ မြင်ဆင်မှုဖြစ်ပါမည်။ ချစ်ရတဲ့သူရှေ့မှာလှ ချင်ကြတာ မိန်းကလေးတိုင်းရဲ့သဘာဝပဲ မဟုတ်လား။

ဆယ်မိနစ်လောက်ခြားပြီးမှ 'ဗိုင်'က အပြင်ကိုထွက်လာခဲ့လိုက်သည်။ ခြေလှမ်းကိုမှန်မှန်လေးပဲ လျှောက်နေမိပေမယ့် သူ့အနားကိုရောက်တာနဲ့ နှလုံးခုန်သံတွေကအလိုလိုကျယ်လာရကာ လူကလည်းမောဟိုက်ချင်သလိုဖြစ်လာရသည်။

ဩော် အချစ်ဆိုတဲ့စိတ်ကလည်း ဆန်းကျယ်သားနော်။ 'ကိုကိုကြီး'နဲ့တုန်းက တစ်ချက်ကလေးတောင် ရင်မခုန်ခဲ့တဲ့နှလုံးသားကခုတော့လည်း ခုန်နေတုန်နေလိုက်တာ ပြုတ်ထွက်မတတ်ကိုဖြစ်နေပါသည်။

"မလာတော့ဘူးလားလို့ စိတ်ပူနေတာ"

"လာမယ်လို့ပြောထားတာပဲ လာမှာပေါ့... ဘယ်ကိုသွားမှာလဲ"

"ရှေ့နားလေးမှာ 'ကောင်း'ဆိုတဲ့ဆိုင်ရှိတယ်... အစုံရတယ်... စားလို့လည်းကောင်းတယ်... 'ဗိုင်'ရောက်ဖူးလား"

"ဟင့်အင်း မရောက်ဖူးပါဘူး"

သူ ခေါ်တဲ့နောက်သို့ ခပ်အေးအေးပဲလိုက်လာခဲ့လိုက်ပါသည်။ မနက်စောစောအချိန်မို့ လမ်းလျှောက်ရတာကောင်း





သလို၊ ပတ်ဝန်းကျင်ကလည်း ရှင်းလင်းနေသေးသည်။

ဆေးရုံဝင်းနဲ့ကပ်လျက်မှာ ခရစ်ယာန်ဘုရားကျောင်းတစ်ကျောင်းရှိနေသည်။ မျက်နှာချင်းဆိုင်လောက်မှာ ခမ်းနားလှသော ကုတင် (၁၀၀၀) အမျိုးသမီးသွားဖွားဆေးရုံကရှိနေသည်။

ပတ်ဝန်းကျင်ကို လိုက်ငေးကြည့်နေသော 'ဗိုင်'ကို...

"ငေးလှချည်လား... ကျွန်တော်နဲ့စကားမပြောချင်လို့ တမင်ပတ်ဝန်းကျင်ကို လျှောက်ကြည့်နေတာလား"

"မဟုတ်ပါဘူး... အခုမှသေချာကိုလိုက်ကြည့်မိတာလေ နေ့တိုင်းဖြတ်သွားဖြတ်လာလုပ်နေတာတောင် မမှတ်မိဘူး... စိတ်တွေကရှုပ်နေတော့ ဆေးရုံပတ်ဝန်းကျင်မှာ ဘာတွေဘယ်လိုရှိမှန်းတောင်မသိဘူး"

လမ်းလျှောက်လာရင်း ရုပ်ရှင်ရုံရှေ့သို့ရောက်လာသည်။ တာပ်ပိုင်ရုပ်ရှင်ရုံနဲ့တူသည်။

"အားရင် ရုပ်ရှင်လာကြည့်ရအောင်... ကြည့်မလား"

'ဗိုင်'က ခေါင်းကိုခါပြရင်း...

"မကြည့်တော့ပါဘူး... ဘယ်မှာအားလို့လဲ... အမြဲတမ်းနောက်ဆံတင်းနေရတာကို... တကယ်အားတယ်ဆိုရင်တော့ 'ဗိုင်'လည်းကြည့်ချင်တာပေါ့..."

www.burmeseclassic.com

www.burmeseclassic.com



"'ကိုကိုကြီး' ခေါ်တယ်ဆိုရင်တော့ မငြင်းဘူးမဟုတ်လား"

"'ကိုသုတ' လည်း 'မဇင်ယော်' ခေါ်တယ်ဆိုရင်ငြင်းနိုင်မှာမဟုတ်ဘူးလေ"

"ကျွန်တော်ကတော့ ငြင်းနိုင်အောင်ကြိုးစားတော့မယ် 'ဝိုင်' လိုသတ္တိမနည်းဘူး"

"ရတယ်ဆိုရင်လုပ်ကြည့်လေ... 'ဝိုင်' ကတော့မဖြစ်သေးတာကို ကြိုမပြောချင်သေးဘူး... ဒီကြားထဲကိုယ့်စိတ်ကိုယ်သေချာပြန်ဆန်းစစ်မယ်... ရှေ့တိုးသင့်တယ်မတိုးသင့်တယ်ဆိုတာ 'ဝိုင်' ရဲ့ဆုံးဖြတ်ချက်ပေါ်မှာပဲ မူတည်တော့မယ်"

"ကျွန်တော်ကတော့ 'ဝိုင်' ကိုချစ်တာပဲသိတော့တယ်"

"ချစ်တာကချစ်လို့ရပါတယ်... ဒါပေမဲ့ 'ဝိုင်' တို့နှစ်ယောက်ရဲ့ချစ်ခရီးလမ်းက ချောမွေ့မယ်လို့မထင်ဘူး...နှလုံးသားရဲ့အလိုဆန္ဒတွေကိုမလွန်ဆန်လို့ 'ကိုသုတ' ကို 'ဝိုင်' ချစ်ခဲ့မိတယ် အဲ့ဒီအချစ်ဘယ်နေရာမှာ ဘယ်လိုပုံစံမျိုးနဲ့အဆုံးသတ်မလဲဆိုတာ စဉ်းစားလို့ကိုမရဘူး... ရင်ထဲရှိတဲ့အတိုင်းပြောရရင် 'ကိုသုတ' ကိုမြင်ရရင် စိတ်ထဲမှာခံစားချက်နှစ်မျိုးခံစားနေရတယ်—ပျော်ရွှင်ရတာနဲ့ ဝမ်းနည်းရတာ... 'ဝိုင်' ဝမ်းမနည်းချင်ဘူး"



သူ့ရဲ့ သက်ပြင်းကိုချသံကအကျယ်ကြီးထွက်လာသည်။

"ရင်မောစရာတွေ မပြောနဲ့တော့ 'ဝိုင်' ရာ... ချစ်သူဖြစ်တာ တစ်ရက်တောင်မပြည့်သေးဘူး... စိတ်ညစ်စရာတွေဘာတစ်ခုမှကိုမတွေးချင်ဘူး... ပျော်ရအောင်ပဲနေမယ်... နေ့ခင်းကျရင် Junction 8 ကိုသွားမယ်... စီးတီးမတ်ကလိုအပ်တာလေးတွေသွားဝယ်ရအောင်... 'ဝိုင်' လိုက်ခဲ့ရမယ်နော်"

"'အန်တီကြူ' ရှိတယ်... ဘယ်လိုပြောပြီးထွက်ရမလဲ"

"အိမ်ခဏပြန်ဦးမယ်မဟုတ်လား..."

"အိမ်ပြန်တာက အိမ်ကကားနဲ့လေ"

"ဘာဖြစ်လဲ... ကားမောင်းသမားကိုဝယ်စရာရှိတယ်ဆိုပြီး စောင့်ခိုင်းထားလိုက်ပေါ့"

"ဦးဦး ဖြစ်နေရင်ဘယ်လိုလုပ်မလဲ"

"ဦးဦးဆိုရင်လည်း ပြောကြည့်ပေါ့... ရမှာပါ"

"ဘယ်လိုလုပ်ရမှန်းတောင်မသိဘူး"

'ဝိုင်' မှာ နေ့ခင်းကိစ္စအတွက်နဲ့ ခေါင်းရှုပ်သွားရသည်။ သူ့ဆန္ဒကိုလည်း ဖြည့်ဆည်းပေးချင်သေးသည်။

"ကျွန်တော်က အဲ့ဒီနားကဆံပင်ညှပ်ဆိုင်မှာ ဆံပင်ညှပ်မလို့... 'ဝိုင်' ကိုပါခေါ်သွားချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုင်လို့လဲ"

"ကိုယ့်ချစ်သူဆိုတော့ ဘယ်ကိုပဲသွားသွားဘာပဲလုပ်လုပ် အနားမှာရှိစေချင်လို့လေ ဘယ်ကိစ္စမဆိုသိစေချင်တာလဲ ပါတယ်"

'ကိုကြီး' ဆံပင်သွားညှပ်တုန်းက ဂရုမစိုက်ခဲ့ပေမယ့် သူ့ကျတော့ 'ဝိုင်' ကိုယ်တိုင်လိုက်ချင်နေသည်။

"ပြောကြည့်မယ်လေ... တကယ်လို့မရရင်တော့လည်း မတတ်နိုင်ဘူး... နောက်နေ့မှသွားတာပေါ့... 'ကိုသုတ' ကလည်း 'ဝိုင့်' ကိုမခေါ်ဘဲနဲ့ ဆံပင်သွားမညှပ်ရဘူးနော်... 'ဝိုင်' လိုက်ခဲ့ချင်တယ်"

"တကယ်လား"

"တကယ်ပေါ့... ကိုယ်ချစ်တဲ့သူ ဘာတွေလုပ်တယ်ဘာတွေလုပ်ရှားတယ်ဆိုတာ 'ဝိုင်' က သိချင်တာပေါ့... ခုချိန်ကစပြီး ဘာပဲလုပ်လုပ်ဘယ်ကိုပဲသွားသွား 'ဝိုင့်' ကိုအသိပေးရမယ် အသိမပေးရင်တော့ 'ဝိုင်' က စိတ်ဆိုးမှာ"

"အကုန်လုံးလား"

"အို အကုန်လုံးပေါ့... ဘာလဲ အသိမပေးချင်လို့လား"

"မဟုတ်ပါဘူး... ဟို အိမ်သာတွေဘာတွေသွားတာက





အစ အသိပေးရမှာလား"

'ဝိုင်' ရယ်ချင်သွားရသည်။ ဒါပေမဲ့မျက်နှာကိုမရယ်မိအောင်တည်ထားပစ်လိုက်သည်။

"ပေးရမယ်... အိမ်သာဆိုပြီး တခြားနေရာကိုခဏခဏ လစ်နေတော့ကော ဘယ်လိုလုပ်မလဲပြော... 'ကိုသုတ' ကို စိတ်မချပါဘူး... 'ဝိုင်' ကို နယ်ကလာတဲ့လူဆိုပြီး အပျော်ကြံနေရင် ကော... ရန်ကုန်သားတွေက စိတ်ချရတာမဟုတ်ဘူး... လက်ထပ်မှယုံမိန်းမကတစ်ယောက် ချစ်တဲ့သူကတစ်ယောက်ဆိုပြီးအပြောကသိပ်ကောင်းလွန်းတယ်လေ"

"'ဝိုင်' လည်းအတူတူပဲ"

"ဟင့်အင်း... 'ဝိုင်' တို့ကစေ့စပ်တာလောက်ပဲရှိတာ... စေ့စပ်တာက အချိန်မရွေးဖျက်ပစ်လို့ရတယ်... မင်္ဂလာဆောင်ခဲ့ပွဲလုပ်ပြီးတဲ့လူတစ်ယောက်က ဘယ်လိုဖျက်ပစ်လို့ရမှာလဲ... လက်မထပ်ရသေးဘူး ... တကယ့် လက်တွေ့က ဘာမှန်းသိသေးတာ မဟုတ်ဘူး"

ဖြစ်ပျက်နေတဲ့အခြေအနေတွေကို စိတ်နာနာနဲ့ 'ဝိုင်' က လျှောက်ပြောပစ်လိုက်ပါသည်။ သူ့ကို စိတ်ဆိုးလို့လည်းမဟုတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com

သူ့မျက်နှာကတော့ ငိုတော့မလိုနီမြန်းလို့လာရသည်။

"ပြင်လို့မရတဲ့ကိစ္စတွေကို 'ဝိုင်' ဘာလို့ ရင်မောခံပြီးပြန်ပြောနေရတာလဲကွာ... ကျွန်တော်တို့မှာ အချိန်တွေရှိနေသေးတာပဲ... နောက်မကျသေးပါဘူး... ဒီအချိန်မှာမဆိုင်တဲ့လူတွေအကြောင်းကိုမပြောနဲ့... စိတ်ချမ်းသာစရာကိုပဲပြော"

သူ့စကားကမှန်နေတာကြောင့် 'ဝိုင်' စိတ်ကိုလျှော့ချလိုက်မိတော့သည်။ သူ့မှာ ဘာအပြစ်မှ မရှိတာပဲလေ။ စားသောက်ဆိုင်ကိုရောက်တော့ သူက စားကောင်းမယ်ထင်တဲ့ အစားအသောက်တွေကိုမှာနေသည်။

ချစ်သူ့ မျက်နှာကိုကြည့်ပြီး စားရတဲ့အစားအစာတွေသည် အရသာပိုရှိလိမ့်မယ်လို့ 'ဝိုင်' ကထင်မိပေမယ့် တကယ်တမ်းကျတော့ ချစ်သူမျက်နှာကိုကြည့်နေရတာထက် ဘယ်အရာကမှ အရသာပိုမရှိနိုင်တာ လက်တွေ့ခံစားလိုက်မှပဲ သိလိုက်ရတော့သည်။





## အခန်း ၂၆

'ဝိုင်' နဲ့သူနဲ့နှစ်ယောက်တူတူတွေ့နေရရင် အရာအားလုံးက လှပနိုင်ပေမယ့်၊ ဘေးလူတွေပါလာတဲ့အခါမှာတော့ စိတ်ဆင်းရဲမှုတွေက ဝင်ရောက်လာပါတော့သည်။

ဒါတောင်မှ 'ဝိုင်' တို့နှစ်ယောက် 'ကိုကြီး' တို့ဆီကိုသွားတဲ့အခါမှာ တစ်ယောက်နဲ့တစ်ယောက် မဆုံဖြစ်အောင်တတ်နိုင်သမျှရှောင်ရှားခဲ့ကြလေသည်။

တစ်နေရာတည်းကို တစ်ချိန်တည်းနီးပါးသွားနေရပေမယ့်လည်း မျက်နှာချင်းဆိုင်ဆုံတွေ့မိကြတာ အဆန်းတကြယ်တော့မဟုတ်ပါ။ ဒါပေမဲ့ ရင်ထဲမှာ နာကျင်ခြင်းဝေဒနာကိုခံစားခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com

ရသည်။

'မဇင်ယော်' နဲ့ 'ကိုကြီး' ကလည်း တစ်ခန်းထဲမှာကုတင်ချင်းကပ်လျက်နေရတာကြောင့် အတော်အတန်တော့ရင်းနှီးမှုကရှိနေကြပါပြီ။

'ဝိုင်' ကိုတွေ့ရင်ပြောလိုက်တဲ့ စကားတွေ၊ မျက်လုံးအမူအယာတွေက 'ကိုကြီး' အား သံသယစိတ်တွေမဝင်ဝင်အောင်လှုံ့ဆော်နေတဲ့အတိုင်းပါပဲ။

'ဝိုင်' ကတော့ ပြဿနာအားလုံးကင်းရှင်းရအောင်ဆိုပြီး ဘာပဲပြောပြောသည်းခံကာ အလိုက်အထိုက်ပဲနေနေမိသည်။ မထင်မှတ်ဘဲ 'ကိုကြီး' အနားမှာ 'ဝိုင်' ရှိနေတဲ့အချိန် သူလည်းရောက်လာတဲ့အခါ အခြေအနေကယိမ်းယိုင်ချင်သလိုဖြစ်လာရတော့သည်။

ဒီလိုတွေဖြစ်အောင်တမင်ပဲ 'မဇင်ယော်' လုပ်ချလိုက်တာနေမှာပါ။ သူ့ကိုကျောခိုင်းထိုင်နေပေမယ့် သူတို့ပြောသမျှစကားတွေကို 'ဝိုင်' တို့ကကြားနေခဲ့ရသည်။

'ကိုကိုကြီး' နဲ့ 'ဝိုင်' က စကားမပြောဖြစ်ဘဲ တစ်ယောက်လက်ကိုတစ်ယောက် အားပေးသလိုဆုပ်ကိုင်တွဲထားခဲ့ကြပါသည်။





ဒီလိုပုံစံမျိုး သူ့ရှေ့မှာရှိနေတဲ့အတွက် 'ဝိုင်' က သူ့ကိုအားနာနေရသည်။ ပြင်ဆင်လို့လည်း ရမှမရနိုင်တာဆိုတော့ငြိမ်နေရပါသည်။

"'သုတ' 'မ' ဆီကိုရောက်လာတာစောနေတယ်... ဘာပြောစရာရှိလို့လဲ"

ခပ်တိုးတိုးကလေးပေမယ့် 'ဝိုင်' နဲ့ 'ကိုကြီး' ကြားနေရပါသည်။

"မရှိပါဘူး... နေ့ခင်းကျရင် 'မ' ဘာစားမလဲဆိုပြီးလာမေးကြည့်တာ... စားချင်တာစားလို့ရပြီတဲ့... အသုတ်ကလေးဘာလေးများစားချင်သလားလို့"

"အိမ်ကလာပို့မယ်တဲ့လား"

"ဟင့်အင်း ကျွန်တော်သွားဝယ်ပေးမှာပေါ့... 'မ' ဘာစားချင်သလဲ"

"အစားအစာထက် 'မ' ကိုအကြောင်းပြပြီး မင်းအပြင်ထွက်ထွက်နေတာကို ပိုစိုးရိမ်နေရတယ်... 'မ' ကို အိမ်ကပို့ပေးတာပဲကျွေး... မင်းတကူးတကသွားဝယ်မနေပါနဲ့... တစ်ခုလည်းမှာစရာရှိသေးတယ်... ဆေးဝယ်မယ်ဆိုရင်လည်း 'ဒေါ်ထွေး' ကိုမခိုင်းလိုက် ရတယ်... သူ ဘာမှမဖတ်တတ်ပေမယ့်လည်း ဒီက


www.burmeseclassic.com

www.burmeseclassic.com

ဆရာတွေက စာရွက်မှာသေချာရေးပေးလိုက်တာပဲ... ပိုက်ဆံပါရင်ဝယ်လို့ရပါတယ်"

'ခင်ယော်' စကားကြောင့် 'သုတ' မျက်နှာပျက်သွားတာ ပြင်လို့ပင်မရနိုင်အောင်ပါ။ ထွက်မရတဲ့အခန်းထဲမှာနေနေရသေမယ့် 'သုတ' တစ်ယောက် ဘာလုပ်နေသည်၊ ဘယ်လိုတွေဖြစ်နေသည်ဆိုတာကို 'ဒေါ်ထွေး' က လစ်ရင်လစ်သလို သတင်းလာပို့ပေးနေကြပါ၏။

'ခင်ယော်' ရဲ့ကွယ်ရာမှာ ပျော်မြူးနေတဲ့ 'သုတ' ရဲ့အခြေအနေကို ကိုယ်တိုင်မတွေ့ရပေမယ့် 'ဒေါ်ထွေး' ပြောတဲ့စကားတွေနဲ့တင် လူကခန့်မှန်းမြင်ကြည့်လို့ရနေပါပြီ။

'ခင်ယော်' မှာလည်း သူတို့နှစ်ယောက်ဆုံမယ့်အချိန်ကို စောင့်စားနေခဲ့ရတာမဟုတ်လား။ 'ဝိုင်' အပေါ်ကိုအရမ်းကိုယုံကြည်သက်ဝင်နေသော 'ကိုကိုကြီး' ဆိုတဲ့လူကိုလည်း အမြင်ကတ်မိသည်။

ရိုးတိုးရိပ်တိတ် 'ခင်ယော်' ဘက်က စကားတွေနဲ့အသိပေးပေမယ့်လည်း ဒီလူတုံးကြီးက 'ဝိုင်' နဲ့ပတ်သက်ရင်အပြစ်ဆိုတာကို မြင်တတ်ပုံမရပေ။

'ခင်ယော်' ဘက်ကလည်း ထပ်ထပ်ပြီးဘယ်လိုလုပ်ပြော





လို့ရတော့မလဲ။ လူအားလုံးဆုံမှပဲ သူတို့နှစ်ယောက်ရဲ့မျက်နှာဘယ်လိုအခြေအနေတွေဖြစ်တယ်ဆိုတာကို 'ကိုကိုကြီး' လက်တွေ့မြင်ပါစေတော့။

"'မ' ပြောတာကြားတယ်နော်... 'မ' အတွက်ဆိုပြီးမင်းအပြင်ကို တကူးတကထွက်မနေပါနဲ့... ဒီကိုလာပြီးလို့လုပ်စရာမရှိရင်တော့ရင် ရုံးကိုသွားလိုက်လေ... မန်နေဂျာစကားကိုကြီးပဲယုံစားလို့ရတာမဟုတ်ဘူး... မင်းကိုယ်တိုင်လည်း သေချာစီမံပေးဦးမှဖြစ်မှာ"

"ဖြစ်ပြန်ပြီ... 'မ' က စကားကိုခုတစ်မျိုးတော်ကြာတစ်မျိုးတော်တော်ပြောတတ်တာပဲ... ရုံးကိစ္စနဲ့ပတ်သက်ပြီး ခေါင်းထဲထည့်စရာမလိုဘူးဆိုပြီး 'မ' ကိုယ်တိုင်ပြောခဲ့တာလေ... တစ်ချိန်လုံးဆေးရုံမှာနေရမယ်ဆိုတာလည်း 'မ' ပဲပြောခဲ့တာ... ကိုယ့်ပြောတဲ့စကားကိုယ်ပြန်မေ့နေပြီလား"

"မမေ့ပါဘူး... အဲဒီတုန်းက 'မ' က အပြင်မှာနေရတာလေ... ခုလိုမျိုး အခန်းထဲမှာအောင်းနေရတာမဟုတ်ဘူး... အပြင်မှာနေတုန်းက မင်းလှမ်းနေတဲ့ခြေလှမ်းတွေကို အသေးစိတ်လိုက်ကြည့်ဝေဖန်လို့ရပေမယ့် အခု ရမှမရတော့ပဲ... ဒီတော့ မင်းကိုဒီဆေးရုံနဲ့ဝေးတဲ့ ရုံးမှာပဲပြန်နေနိုင်းတော့မယ်"


www.burmeseclassic.com

www.burmeseclassic.com


"ကျွန်တော်မရှိတော့ 'မ' နဲ့ပတ်သက်တဲ့ကိစ္စတွေ ဘယ်သူကလုပ်ပေးမှာလဲ"

"'ဒေါ်ထွေး' ကိုနိုင်းမယ်... မနက်တစ်ခေါက်ညတစ်ခေါက် မင်းလာရင်ကျေနပ်ပြီ"

"'မ' ရဲ့စိတ်က အပြောင်းအလဲမြန်လှချည်လားဗျာ"

"အပြောင်းအလဲမမြန်ချင်လို့လည်း မရတော့ဘူးလေ... ဒီအတိုင်းဆက်ထားထားရင် 'မ' ဘဝပျက်သွားယုံပဲရှိတော့မှာပေါ့ ပြီးတော့ 'ကိုကိုကြီး' ကိုလည်းသနားတယ်"

"ဟာ..."

ပေါ်တင်ကြီးပြောလိုက်သော 'မ' ရဲ့စကားကြောင့်မျက်နှာပူစွာဖြင့် သူ့ လှမ်းကြည့်မိသွားရသည်။ 'ကိုကိုကြီး' ကလည်း သူ့နာမည်ပါလာတာကြောင့် ခေါင်းကိုစောင်းငဲ့ကာ ကြည့်လာပါသည်။

'ဖင်ယော်' ကတော့ မျက်နှာထားကို လှလှကလေးပြုံးလိုက်ရင်း...

"ဟုတ်တယ်... မင်းတို့ကြောင့် အပြစ်မရှိတဲ့လူတွေခံစားရမှာကို နည်းနည်းကလေးမှကိုယ်ချင်းမစာကြဘူးလား... သေချာလေးစဉ်းစားပြီး ပြောစမ်းပါဦး... မင်းအပေါ် 'မ' ဘက်ကဘာတွေများမကောင်းတာလုပ်ခဲ့သလဲ... တကယ်တမ်းဆိုရင် အချစ်တစ်ခုကလည်း အချိန်တိုတိုလေးအတွင်းဖြစ်လာနိုယ်မယ်မထင်ပါဘူး... သာယာတာ စိတ်ကစားတာကို မင်းတို့ကအချစ်စစ်လို့ သတ်မှတ်နေတာလား"

"'မ' ဘက်က ဒီလောက်တောင်ပြောနေမှတော့ ကျွန်တော်လည်းမငြင်းချင်တော့ဘူး... 'မ' ထင်တာတွေမှန်တယ်... အချစ်ကိုအချိန်အတိုင်းအတာနဲ့ တွက်ဆလို့မရဘူး 'မ' ရဲ့... မြင်မြင်ချင်းလည်း ချစ်ချင်ချစ်သွားနိုင်တာပဲ... အဓိကက ရင်ခုန်ဖို့ပဲ... 'မ' ကို ကျွန်တော် ရင်မခုန်ဘူး... ဒါအမှန်ကန်ဆုံးစကားပဲ"

"မင်းမျက်နှာပြောင်လှချည်လား 'သုတ'"

"ဒီလိုဖြစ်အောင် 'မ' ပဲလုပ်နေတာလေ... 'မ' နဲ့ပတ်သက်ပြီး ကျွန်တော့်ဘက်က တာဝန်ကျေအောင်လုပ်ပေးမယ်... ကျေနပ်တာမကျေနပ်တာတော့ 'မ' ရဲ့သဘောအတိုင်းပဲ... ကျန်တဲ့အချိန်ကတော့ ကျွန်တော်စိတ်ချမ်းသာသလိုပဲနေတော့မယ်"

"'သုတ'..."

ပြောချင်ရာပြောပြီး ထထွက်သွားတဲ့ 'သုတ' ကိုကြည့်ကာ 'ဖင်ယော်' ရင်နာစွာဖြင့် အံကိုတင်းတင်းကြိတ်ထားမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com


ပြောတတ်နေလိုက်တာ။ လူမမာတစ်ယောက်ကိုတောင် အားနာမနေဘဲ ပြောဆိုပြုမူသွားတဲ့ပုံစံက ရက်စက်လွန်းလှပါသည်။

'ဝိုင်' ကိုကြည့်တော့ ခေါင်းကိုငုံ့ကာ ငြိမ်နေသည်။ ငြိမ်နေယုံနဲ့ 'ဇင်ယော်' က ကျေနပ်နိုင်မတဲ့လား။ 'ကိုကိုကြီး' ရှိနေတာကိုလည်း ဂရုမစိုက်ချင်တော့ပါ။

လေသံကျယ်ကျယ်နဲ့ပဲ သူတို့ကြားအောင် လှမ်းပြောလိုက်မိတော့သည်။

"'သုတ' ပြောသွားတာကို ကြားတယ်နော်... ဘယ်သူ့ကြောင့် ဒီလိုမျိုးစကားတွေပြောထွက်နေတယ်ဆိုတာ 'ဝိုင်' သဘောပေါက်တယ်မဟုတ်လား"

'ကိုကိုကြီး' က အံ့သြသလိုဖြင့် 'ဝိုင်' ကိုကြည့်နေသည်။ 'ဝိုင်' က အူကြောင်ကြောင်ပုံစံဖမ်းရင်း...

"'မဇင်ယော်' ဘာပြောတာလဲ... 'ဝိုင်' နားမလည်ဘူး"

'ဇင်ယော်' ခနဲ့သလိုပြုံးပြလိုက်မိသည်။ ထင်သားပဲ၊ ဒီလိုလေသံမျိုးပဲထွက်လာမယ်ဆိုတာ။ ခိုးစားတဲ့သူမှန်သမျှက သူခိုးပါတယ်လို့ ဘယ်သူကပြောင်ဖွင့်ပြောရဲမှာလဲ။

"နားလည်နေတဲ့သူကို ဘာဆိုတာ တို့ဘက်ကရှင်းမပြ



နိုင်တော့ဘူး... တို့အခြေအနေက ကုတင်ပေါ်မှာပဲရှိတယ်ဆိုပြီး မင်းတို့ထင်တိုင်းကျဲနေတာကို ရပ်တန်းကရပ်သွားအောင်သတိပေးနေရတာ"

"'ဝိုင်' ဘာမှမလုပ်ဘူး"

"သေချာလား... 'သုတ' မျက်နှာကိုကြည့်ပြီး ရဲရဲတင်းတင်း မင်းဒီစကားမျိုးပြောထွက်ရဲသလား"

"အို ပြောရဲတာပေါ့"

'ဇင်ယော်' သည် ဖြုန်းကနဲအိပ်ယာကနေထလိုက်ချင်ပေမယ့် ခွဲစိတ်ထားတဲ့ဒဏ်ကြောင့် ခေါင်းအုံးသေးသေးကလေးကို ရင်ပတ်မှာဖိရင်း ခပ်ဖြည်းဖြည်းချင်းပဲ ထနိုင်လိုက်သည်။

စိတ်လိုက်မာန်ပါလုပ်လိုက်လို့ ရင်ပတ်ကြီးကွဲထွက်သွားရင် ဘယ်လိုလုပ်မလဲ။ အတင့်ရဲသလို လှမ်းကြည့်နေတဲ့ 'ဝိုင်' ပုံစံကိုလည်း မုန်းနေမိသည်။

"မင်းနဲ့ 'သုတ' နဲ့တွဲပြီး ခြေပုန်းခုတ်နေတာကို တို့မသိဘူးထင်မနေနဲ့"

"ဒီမှာ ရူးချင်နေရင်တစ်ယောက်တည်းပဲရူးစမ်းပါ...ဘေးလူတွေကိုဆွဲမထည့်နဲ့... ပတ်ဝန်းကျင်ကိုလည်း အားနာပါဦး... အခုရောက်နေတဲ့အခန်းကလည်း ဘာဆိုတာကို သတိရပါ"


www.burmeseclassic.com

www.burmeseclassic.com

အမြဲလိုလိုရှိနေတဲ့ အထူးနာ့စ်တွေက အကဲခတ်ကာ ကြည့်နေကြပြီမို့ 'ဝိုင်' က စကားကိုပိတ်ပစ်လိုက်သည်။ 'ကိုကြီး' ကြည့်တဲ့အကြည့်ဒဏ်ကိုလည်း မခံစားနိုင်တော့ပါ။

ဘာမှမသိတဲ့ 'ကိုကြီး' ကို 'ဝိုင်' က နားလည်အောင် ငြင်းပြလိုက်သည်။

"ပြောချင်ရာပြောတဲ့စကားတွေကို 'ကိုကြီး' နားမယောင် နော်... အမိကက 'ဝိုင်' နဲ့ 'ကိုကြီး' အဆင်ပြေဖို့ပဲမဟုတ်လား ဝိုင့်' ကို 'ကိုကြီး' ယုံတယ်မဟုတ်လား"

ယုံအောင်ပြောတဲ့ 'ဝိုင့်' နှုတ်ခမ်းလေးတွေက တဆတ် ဆတ်ကိုတုန်ရီနေရသည်။ 'ကိုကြီး' ပုံစံက စဉ်းစားနေပုံရသည်။ သားပတ်ဝန်းကျင်ကိုလည်း ဂရုစိုက်နေတာကြောင့် ပြောချင်နေ ဘာတွေကိုဖွင့်မပြောဘဲ မြိုသိပ်ချပစ်နေသည်လားမပြောတတ်။

စကားတစ်ခွန်းတော့ ထွက်လာခဲ့လေသည်။

"ယုံကြည်ဖို့အတွက် မင်းနဲ့ပတ်သက်ပြီးဘာသံမှမကြား ရရင်ပိုကောင်းလိမ့်မယ်... အမိကက မင်းအနေအထိုင်ဆင်ခြင် ပါ"

"'ကိုကြီး' က 'ဝိုင့်' ကိုမယုံလို့ဒီစကားပြောတာလား"

"ဒါတွေပြန်မေးမနေနဲ့တော့... မိန်းကလေးတစ်ယောက် အနေနဲ့သိက္ခာကိုရှေ့တန်းတင်တယ်ဆိုရင် ဒီလိုလေသံမျိုးတွေ မထွက်အောင်နေရမယ်... 'ကိုကြီး' ပြောတာသဘောပေါက်တယ် နော်"

"ဟုတ်ကဲ့ပါ"

ပြန်တဲ့အခါ 'ဝိုင်' ရဲ့ ပြင်းရှသောမျက်စောင်းက 'ဇင် ယော်' ဆီ ဒိုင်းကနဲနေအောင်ရောက်ရှိခဲ့လေသည်။







www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂၇

"ကျွန်မတို့နှစ်ယောက် ဆွေးနွေးကြရင်မကောင်းဘူးလား"

'ဇင်ယော်' ဘက်ကပဲ ကိုယ်ဖြစ်ချင်တာဖြစ်ဖို့အတွက် စကားကိုလမ်းကြောင်းလိုက်ရသည်။ ကုတင်ချင်းကပ်နေနေရပေမယ့် 'ဝိုင့်' ကိစ္စနဲ့ပတ်သက်ပြီး 'ကိုကိုကြီး' ပုံစံက 'ဇင်ယော်' အား အဖက်မတန်သလို ခပ်ကင်းကင်းနေနေခဲ့တာ စဉ်းစားကြည့်ရင် ကိုယ်ကပဲ အမှားတွေကျူးလွန်ထားသလိုလိုဖြစ်မနေပေဘူးလား။

မိန်းကလေးတစ်ယောက်အပေါ် သိပ်ပြီးယုံကြည်လွန်း





ရင် ဘဝပျက်တတ်တယ်ဆိုတာကို ဒင်းမေ့နေလေရော့သလား။

ဝရံတာမှာထွက်ကာ ဘောလုံးလေးတွေတက်အောင်အသက်ရှူလေ့ကျင့်ခန်းလုပ်နေရင်း 'ဇင်ယော်' ဘက်ကစကားစလိုက်မိတာဖြစ်သည်။

လှမ်းကြည့်လာတဲ့ 'ကိုကိုကြီး' ရဲ့ပုံစံက စိတ်ရှုပ်သလိုမျိုးဖြစ်သွားလေသည်။

"ဆွေးနွေးစရာအထူးအထွေ ခပ်ဗျားနဲ့ကျွန်တော်နဲ့ကြားမှာ မရှိဘူးနဲ့တူတယ်"

"ရှိတယ်... ရှင် ကျွန်မကိုမယုံမကြည်ဖြစ်နေတာကို ကျွန်မအတွက် ဆွေးနွေးချင်စရာအလိုလိုဖြစ်နေရတာလေ"

"မင်းကလူတစ်ဖက်သားသိက္ခာကို ထင်မြင်ချက်တစ်ခုနဲ့လိုက်ပြီးချနေတာပဲ... 'သုတ' အနေနဲ့လည်းနေရထိုင်ရတာခက်သလို 'ဝိုင့်' ဘက်ကလည်း အလကားသက်သက်ခင်ဗျားကြောင့်အရှက်ရရတယ်လေ"

"ဒုက္ခပဲ... ကျွန်မကပဲ အမှားတွေပြောသလိုဖြစ်နေပြီ... တကယ်တမ်း ကျွန်မပြောတာကအမှန်တွေကြီးပဲ"

"မဖြစ်နိုင်ဘူး... 'ဝိုင်' ရဲ့သိက္ခာကို ကျွန်တော်ယုံတယ်"

"ယုံနေ ယုံနေ... ရှင့်ကိုထားခဲ့မှ ရင်စို့အသည်းကွဲပြီးသေ



www.burmeseclassic.com

www.burmeseclassic.com

နေရလိမ့်မယ်… သူတို့နှစ်ယောက် ဘယ်လောက်တောင်ခြေလှမ်းတွေသွက်နေသလဲဆိုတာ ရှင်မှသေချာမသိဘဲ… ကျွန်မကလက်တွေ့သိရအောင် သူတို့နှစ်ယောက်နောက်ကိုလိုက်ချောင်းဖို့အတွက် လူတစ်ယောက်ကိုတောင်ပိုက်ဆံပေးပြီး ခိုင်းထားသေးတာ"

"အဲ့ဒီတော့ မင်းပိုက်ဆံအချောင်ကုန်တာပေါ့"

"ကုန်ရကျိုးနပ်ပါတယ်… သူတို့သွားသမျှနေရာတွေအကုန်သိရတယ်လေ… "

အပီပြောနေသော 'ခင်ယော့်' စကားကြောင့် 'ကိုကိုကြီး' စိတ်ထဲပူပင်သွားရသည်။ 'ဝိုင်' ကိုစွန့်ပစ်သက်ပြီး သံသယဖြစ်ချင်နေသော သူ့ရဲ့စိတ်ကို မေမေကိုယ်တိုင်ဖြေရှင်းပေးသွားခဲ့တာပါ။

'သုတ' နဲ့ 'ဝိုင်' ပတ်သက်ရတာသည် သူ့ခွဲစိတ်ဖို့အတွက်လိုအပ်သောသွေးကို ရှာဖွေကူညီပေးရင်း ပတ်သက်ရတယ်ဆိုတာကို မေမေက အသေအချာရှင်းပြပေးသွားပါသည်။

လူလူချင်းတော့ လူမှုရေးအရပြောဆိုဆက်ဆံရတာကို သူ့အား မေမေကနားလည်သဘောပေါက်စေချင်ပုံရသည်။ 'ခင်ယော်' ရဲ့တစ်ဖက်သပ်ဆန်သော စိတ်ဓါတ်အခြေအနေကိုလည်း





'သုတ' က သေချာရှင်းပြပြောပြတယ်ဆိုတာကို မေမေကတစ်ဆင့် သိထားခဲ့ရသည်။

ဒါကြောင့် 'ခင်ယော့်' ဘက်က ဘာပဲပြောလာလာ စိတ်ထဲမှာမထားဘဲ ကိုယ့်ကျန်းမာရေးကိုသာ ကိုယ်ဂရုစိုက်ဖို့အတွက် မေမေက သေချာမှာကြားသွားခဲ့သည်။

သူကိုယ်တိုင်လည်း နှစ်ရက်လောက်နေရင် ပထမအခန်းဆီပြန်ရွှေ့ရတော့မှာမို့ စိတ်ကိုလျှော့ချရင်း ခပ်အေးအေးနေနေစဉ် 'ခင်ယော့်' ဘက်က ဓာတ်လမ်းစလာခဲ့တာဖြစ်သည်။

"ကျွန်မပြောတာမယုံရင် 'ဝိုင်' ရောက်လာရင် ရှင့်ရှေ့မှာမေးပြမယ်… သူ့မျက်နှာဘယ်လိုအခြေအနေရှိတယ်ဆိုတာကို သေချာကြည့်နေ… မှန်တယ်ဆိုမှ ကိုယ့်ကိစ္စကိုယ်နိုင်အောင်ရှင်းပေတော့"

'ကိုကိုကြီး' ရဲ့ရင်ထဲမှာ ဘယ်လိုပူပြင်းသွားမှန်းကိုမသိတော့ပါ။ 'ခင်ယော်' ပြောနေတာတွေကလည်း တကယ့်ကိုအသေအချာကြီးပါ။

ဘယ်သူ့စကားကို ယုံရမှန်းပင်မသိတော့အောင်ပါ။ 'ဝိုင်' ကိုကြည့်တော့လည်း ဘာမှမဖြစ်သလိုပုံစံမျိုးဖြင့် သူ့အားပြုစုယုယနေခဲ့တာမဟုတ်လား။


www.burmeseclassic.com

www.burmeseclassic.com

'သုတ' နဲ့ ကိစ္စကို လုံးဝမဖြစ်နိုင်ဘူးဟု ယူဆထားတာကြောင့် သူ့ဘက်က စကားမစမိတာထောင် ကြာနေပါပြီ။ 'ဝိုင်' လာရင်လည်း 'ဇင်ယော်' ဘက်က စကားတွေနဲ့ ကလိမှာစိုးတာကြောင့် သူနဲ့ အတူခါတိုင်းလို ကြာကြာတောင်မနေနိုင်းခဲ့ပါ။

အခုတော့ 'ဇင်ယော်' ပြောတဲ့အတိုင်းပဲ 'ဝိုင်' ကိုခေါ်ကာ ရှင်းရမလိုလိုဖြစ်နေပါပြီ။

"ကျွန်မစကားကိုမယုံကြည်ရင် 'ဝိုင်' လာတဲ့အခါမေးပြမယ်လေ... ဘယ်လိုလဲ"

"နေပါဦး... မင်းဘာရည်ရွယ်ချက်နဲ့ ငါနဲ့ 'ဝိုင်' နဲ့ကြားထဲမှာ လာရှုပ်နေရတာလဲ... မင်းဂုဏ်ဘာဖြစ်စေချင်တာလဲ"

'ဇင်ယော်' မျက်နှာက ငိုတော့မလိုပျက်ယွင်းသွားလေသည်။ မျက်ရည်တွေတောင် ချက်ချင်းဝဲလာသလိုပါပဲ။

"ကျွန်မဖြစ်စေချင်တာ 'ကိုကိုကြီး' ကော ကျွန်မကော ကိုယ်ချစ်တဲ့သူတွေကို စိတ်ချမ်းချမ်းသာသာနဲ့ပိုင်ဆိုင်စေချင်တာ ကျွန်မတို့ရဲ့အသည်းတွေ အကွဲမခံနိုင်ဘူး... လူသိရှင်ကြားပေါင်းစပ်ဖို့တောင်ဖြစ်ပြီးကြမှတော့ ဘယ်လိုနည်းနဲ့မှအကွဲမခံနိုင်ဘူး"

'သုတ' ခြေလှမ်းပျက်တာနဲ့ 'ဝိုင်' နဲ့ဘာမှမပတ်သက်ဘူးလေ... ငါနဲ့ 'ဝိုင်' က အချိန်တန်ရင်လက်ထပ်ကြမှာပဲ... မေ





ရင်းထိုင်ရင်း 'ဝိုင်' ကိုဆွဲမထည့်နဲ့"

"ဟာ ဆွဲထည့်နေတာမဟုတ်ဘူး 'ကိုကိုကြီး' ရဲ့... သူတို့နှစ်ယောက် သည်းသည်းလှုပ်နေကြလို့ ကျွန်မပြောနေရတာ... ကျွန်မစကားကို ယုံစမ်းပါရှင်... 'ဝိုင်' ရှင့်ကိုလိမ်နေတာ... မွှင့်မွှင့်လင်းလင်းပြောလိုက်မယ်... 'သုတ' နဲ့ 'ဝိုင်' နဲ့ချစ်သူတွေဖြစ်နေကြပြီသိရဲ့လား"

'ကိုကိုကြီး' တကယ့်ကို လန့်ဖျန့်သွားရပါသည်။ မဖြစ်နိုင်တာ။ ဘယ်လိုလုပ်ပြီး 'သုတ' နဲ့ 'ဝိုင်' နဲ့ချစ်သူတွေဖြစ်ရမှာလဲ 'ဝိုင်' ရိုးသားတာ၊ တည်ငြိမ်တာကို သူ သိနေတာပဲ။

ဒီ 'ဇင်ယော်' ဆိုတဲ့မိန်းမတော့ 'ဝိုင်' ပြောသလိုပဲ ရူးနေပြီလားမပြောတတ်။ ကိစ္စတစ်ခုကိုတော့ ရှင်းအောင်လုပ်ရမည်။

"ခင်ဗျားစကားတွေက သိပ်ကိုဘောင်ကျော်နေပြီ... 'ဝိုင်' က ကျွန်တော်နဲ့ပတ်သက်တယ်ဆိုပေမယ့် ခုချိန်ထိအပျိုဗျ... စေ့စပ်ထားတာပဲရှိသေးတယ်... 'သုတ' က ခင်ဗျားယောက်ျား... အိမ်ထောင်ရှိတဲ့ယောက်ျားတစ်ယောက်ကို 'ဝိုင်' က ဖောက်ပြန်မတဲ့လား"

"ရှင် သိထားတာကအပေါ်ယံလေ... 'ဝိုင်' က ရှင့်ထက် ပိုသိပုံရတယ်... 'ဝိုင်' ကအပျိုဖြစ်သလို 'သုတ' ကလည်းခုချိန်


www.burmeseclassic.com

www.burmeseclassic.com

ထိလူပျိုပဲ... ကျွန်မနဲ့သူနဲ့ ညှိခံပွဲသာလုပ်ပြီးပေမယ့် တရားဝင်လက်မထပ်ရသေးဘူး... လက်ထပ်မယ့်မနက်မှာပဲ ကျွန်မဆေးရုံကိုရောက်လာခဲ့တာ...ကဲ ဒီလိုအခြေအနေဆိုရင်သူတို့နှစ်ယောက်ချစ်သူတွေဖြစ်လို့ရပြီမဟုတ်လား"

"မင်းပြောတာ သေချာလို့လား"

"သေချာလို့ ကျွန်မရင်ထဲမှာ မီးတွေတောက်ပြီးရှင့်ကိုပြောပြနေတာလေ... ကျွန်မ 'သုတ' ကိုသိပ်ချစ်သလို ရှင်လည်း 'ဝိုင်' ကိုသိပ်ချစ်တာပဲမဟုတ်လား... ဒီတော့ ကိုယ်ချစ်တဲ့သူကိုကိုယ်ပြန်ရအောင် မကြိုးစားသင့်ဘူးလား"

"ခင်ဗျားပြောတာသာ တကယ်မှန်ရင် 'ဝိုင်' နဲ့ကျွန်တော်နဲ့ကြားမှာ ရှင်းရမယ့်ကိစ္စတွေအများကြီးဖြစ်လာပြီ"

"ကျွန်မလည်းအတူတူပဲ... စိတ်တော့ကူးထားပါတယ်... လူနာဆောင်ကိုပြန်ရောက်တာနဲ့ တရားသူကြီးကိုတောင်းပန်ပြီး ဒီဆေးရုံမှာပဲ လက်မှတ်ထိုးလိုက်မလားလို့လေ... အမှတ်တရဖြစ်အောင် ဆေးရုံတစ်ခုလုံးကိုလည်း အစားအစာတွေမှာပြီးကျွေးလိုက်မယ်"

"ကျွန်တော်လည်း ခင်ဗျားနည်းအတိုင်းလုပ်ဖြစ်ချင်လုပ်ဖြစ်လိမ့်မယ်"





"အမိကက သူတို့နှစ်ယောက်လက်ခံဖို့ပဲ"

"'ဝိုင်' က ကျွန်တော်ပြောရင်တော့ နားထောင်မယ်ထင်တာပဲ"

"ပြောကြည့်လေ... ကျွန်မကတော့ တိုက်ပွဲတစ်ခုဆင်နွှဲရလိမ့်မယ်လို့ကြိုမြင်နေတယ်"

'ကိုကိုကြီး' ငြိမ်သက်စွာဖြင့် စဉ်းစားနေလိုက်သည်။

လက်မှတ်ထိုးတဲ့ကိစ္စကို ချက်ချင်းလုပ်ဖြစ်တာမဖြစ်တာအသာထား၊ 'ဝိုင်' ရဲ့စိတ်ကိုစမ်းသပ်တဲ့အနေနဲ့ စကားနဲ့တော့ပြောကြည့်လိုက်မှဖြစ်မည်။

အေးအေးဆေးဆေး လက်ခံသဘောတူတယ်ဆိုရင်တော့ 'ခင်ယော့' ရဲ့စကားတွေသည် 'အပိုတွေဆိုတာပေါ်လွင်နေပါပြီ။ လက်မခံဘူးဆိုရင်တော့ သူနဲ့ 'ဝိုင်' နဲ့ကြားမှာ ပြဿနာတွေပေါ်ပေါက်လာလိမ့်မယ်နဲ့တူပါသည်။

သူကတော့ လက်မခံချင်သေးပါ။ 'သုတ' ကိုလည်းအပြစ်မြင်လို့မရအောင်ဖြစ်နေသည်။ ဒီလောက်ကလေးနီးစပ်ခင်မင်ကြယုံနဲ့ ချစ်သူတွေဖြစ်သွားဖို့ လွယ်ကူကြသလား။

နီးစပ်တိုင်းသာချစ်သူတွေဖြစ်ကြမယ်ဆိုရင် သူနဲ့ 'ဝိုင်' နဲ့ သိပ်ချစ်ကြတဲ့ချစ်သူတွေဖြစ်တာ ကြာလှပြီမဟုတ်လား။ 'ခင်


www.burmeseclassic.com

www.burmeseclassic.com

ခ်ယော့်' အနားကမခွာခင် စကားတစ်ခွန်းကို လှမ်းပြောလိုက်မိသည်။

" 'ဝိုင်' ရောက်လာရင် 'သုတ' နဲ့ကိစ္စကိုဟုတ်မဟုတ်သေချာအောင် 'ခ်ယော်' မေးကြည့်ပါလား... 'ဝိုင့်' ရဲ့အဖြေကို ကျွန်တော်နားထောင်ချင်တယ်"

"စိတ်ချပါ... ကျွန်မက အရမ်းကိုမေးကြည့်ချင်နေတာ"

* * *





## အခန်း ၂၈

မှန်ထဲကနေ သူ့မျက်လုံးတစ်ဖက်က ဖျတ်ကနဲမှိတ်သွားတာကြောင့် 'ဝိုင်' က ချစ်စနိုးနဲ့မျက်စောင်းထိုးလိုက်မိသည်။ လူလစ်တာနဲ့ သူဒီလိုမျိုးလုပ်ပြနေတာ ဘယ်နှစ်ခါရှိမှန်းတောင် မမှတ်မိတော့ပါ။

ဆံပင်ညှပ်ပေးနေတဲ့ အစ်ကိုကြီးကတော့ 'ဝိုင်' တို့နှစ်ယောက်ရဲ့အဖြစ်ကိုမသိတာကြောင့် သူ့အလုပ်ကိုသာသူစိတ်ဝင်တစားနဲ့လုပ်နေလေသည်။

'ဝိုင်' သည် ထိုင်နေရာကနေဖျတ်ကနဲထလိုက်ကာ ကြမ်းပြင်ကြွေပြားပေါ်မှာကျနေတဲ့ သူ့ဆံပင်တချို့ကိုကောက်ယူလိုက်


www.burmeseclassic.com

www.burmeseclassic.com


မိသည်။ သူကမျက်ခုံးပင့်ကာ ဘာလုပ်တာလဲဆိုပြီး လှမ်းမေးသည်။

'ဝိုင်'က ခေါင်းခါပြပြီး၊ တစ်ရှူးထဲထည့်လိပ်ကာ သေသေချာချာလေး ပိုက်ဆံအိတ်ထဲထည့်သိမ်းထားလိုက်ပါသည်။ သူ့ဆံပင်ကိုညှပ်ပေးတဲ့ အစ်ကိုကြီးက အူကြောင်ကြောင်ဖြင့်လှမ်းကြည့်နေလေသည်။

ဆံပင်ညှပ်ဆိုင်ကနေထွက်လာတော့ သူက မေးတော့သည်။

"ဘာလုပ်တာလဲ... ဆံပင်ကိုယူပြီးတော့"

"သိမ်းထားချင်လို့ပေါ့... 'ဝိုင့်' ချစ်သူရဲ့ဆံပင်လေးကို 'ဝိုင်' ချစ်လို့သိမ်းထားတာဘာဖြစ်လဲ"

သူက အံသည်းယားလာပုံဖြင့် 'ဝိုင့်' လက်ကိုခပ်တင်းတင်းဆွဲကိုင်ညှစ်ထားလိုက်လေသည်။ ချစ်သူတွေသာဆိုကြတယ် လည်ကြပတ်ကြတာဆိုလို့ ဆေးရုံပတ်ဝန်းကျင်ရယ်၊ ဒီရှစ်မိုင်လမ်းဆုံပတ်ဝန်းကျင်ရယ်သာရှိသည်။

Junction 8 က စီးတီးမတ်ကိုတော့ လစ်တယ်ဆိုတာနဲ့ နှစ်ယောက်သားလာကြတာပါပဲ။ ဆေးရုံမှာဘယ်လောက်ပဲမသိချင်ဟန်ဆောင်ပြီးနေနေ၊ အပြင်မှာတော့ 'ဝိုင်' နဲ့သူစကားတွေ



ပြောလို့မကုန်နိုင်အောင်ဖြစ်နေသည်။

လစ်လို့ရတဲ့တစ်နာရီနှစ်နာရီ အချိန်လေးအတွင်းမှာ ပြောစရာစကားတွေက ကုန်ကိုမကုန်နိုင်တော့ပါ။

"နောက်နှစ်ရက်လောက်ဆိုရင် 'မ' နဲ့ 'ကိုကြီး' တို့ကိုယ်တို့နေတဲ့အခန်းတွေဆီ ပြန်ရွှေ့ရတော့မယ်နဲ့တူတယ်နော်"

"ပြောနေတာပဲ... 'ဝိုင်' တော့စိတ်ညစ်ပါတယ်... 'ကိုကြီး' တို့ပြန်ရောက်လာရင် ခုလိုမျိုးလွတ်လွတ်လပ်လပ်တွေ့ရတော့မှာမဟုတ်ဘူး... အပြင်လည်းထွက်ချင်မှထွက်လို့ရတော့မှာ"

"ဆေးရုံကဆင်းသွားရင်ကော ဘယ်လိုလုပ်မလဲ"

"မသိသေးဘူး"

"ဘာလဲ 'ဝိုင်' က 'ကိုကိုကြီး' နဲ့လက်ထပ်ဖို့စိတ်ကူးထားလို့လဲ"

" 'ကိုသု' ကကော..."

"ကိုယ်က 'မ' ရဲ့အခြေအနေကိုကြည့်နေတာ... အဆင်ပြေပြီဆိုတာနဲ့ 'ဝိုင်' နဲ့ကိစ္စကိုဖွင့်ပြောတော့မှာ... ကိုယ်မချစ်တဲ့လူတစ်ယောက်နဲ့ဘဝတစ်ခုကို မတည်ဆောက်ချင်ဘူး... ချစ်တဲ့သူနဲ့ပဲ ဘယ်လိုအခြေအနေမျိုးပဲဖြစ်ဖြစ် အတူတူနေချင်တယ်"

"လွယ်မယ်တော့မထင်ဘူးနော်... အားလုံးက 'ဝိုင်' တို့


www.burmeseclassic.com

www.burmeseclassic.com


နှစ်ယောက်ကိုအလွတ်ပေးမှာမဟုတ်ဘူး… 'ဝိုင်' တို့ကိုယ်ကမှား ပါတယ်… ရင်မောရမယ်မှန်းသိရဲ့နဲ့ စိတ်အလိုကိုလိုက်ကြတာ"

"ဘာမှမဆိုင်ဘူး… 'ဝိုင့်' ကိုကိုယ်ပြောမယ်နော်… ဖြစ် ပြီးခဲ့တာတွေကိုပြန်စဉ်းစားပြီး တွေဝေမနေနဲ့… အားလုံးကကိုယ့် အတ္တအတွက်ကိုယ့်လုပ်နေကြတာကြီးပဲ"

" 'ဝိုင်' တို့နှစ်ယောက်နီးစပ်ကြပါပြီတဲ့… ဘယ်လိုနေ ထိုင်စားသောက်ကြမလဲ… နှစ်ဘက်စလုံးက သဘောမတူဘူးဆို တော့ ကိုယ့်ဘဝကိုယ်လျှောက်ရမှာနော်"

"ကိုယ့်ကိုမယုံဘူးလား"

'ဝိုင်' သက်ပြင်းကိုသာချလိုက်မိသည်။ ယုံချင်ပါတယ်။ ယုံလို့လည်း ချစ်တဲ့စိတ်ကိုမထိန်းချုပ်တော့ဘဲ မိုက်မဲခဲ့မိတာပေါ့ အဲ့ဒီအတွက် 'ကိုကြီး' ရှေ့မှာ 'ဝိုင်' ဘယ်လောက်တောင်ရင်မော ရသလဲဆိုတာ 'ဝိုင်' ပဲသိပါသည်။

သူနဲ့ကိစ္စကိုဘာမှမပြောတော့ပေမယ့် တစ်ချက်တစ် ချက် လှမ်းကြည့်ပိုက်တဲ့ 'ကိုကြီး' ရဲ့အကြည့်က အသည်းထဲစိမ့် ကနဲနေအောင်ကို ကြောက်ဖို့ကောင်းလှလေသည်။

ပြီးတော့ အမြဲတမ်း 'ဝိုင့်' ကိုအလဲထိုးဖို့ချောင်းနေတဲ့ 'မဇင်ယော်' ကြောင့်လည်း သတိထားပြီးနေနေရတာ စိတ်ထဲမှာ



ပင်ပန်းလွန်းလှပါသည်။

သူနဲ့တွေ့တဲ့အချိန်ကလေးမှာ ရင်ခုန်ပျော်မြူးတဲ့စိတ်က ခဏပဲခံစားရကာ၊ ကျန်တဲ့အချိန်တွေမှာ ကြောက်ရွံ့စိတ်နဲ့သတိ ထားပြီးနေနေရတာ လူကကြာရင် နှလုံးရောဂါတောင်ဖြစ်မလား စိုးရိမ်နေရသည်။

သူကတော့ ယောကျ်ားလေးမို့လားမသိ၊ 'ဝိုင်' မှုပင်သ လောက်မှုပင်မှုသိပ်မရှိချေ။

"ဘယ်သွားဦးမလဲ… နီးနီးနားနားကျောက်တော်ကြီး ဘု ရားသွားမလား"

"ဟင့်အင်း မသွားချင်တော့ဘူး… ဆေးရုံပဲပြန်တော့မယ် 'ဝိုင့်' စိတ်ထဲမှာတစ်မျိုးကြီးဖြစ်နေတယ်… မျက်ခုံးတွေလည်းလှုပ် နေတယ်"

" 'ဝိုင်' က အစိုးရိမ်ပိုနေတာပါကွာ… ဘာမှမဖြစ်ပါဘူး ဖြစ်ခဲ့ရင်လည်း ပူမနေနဲ့… သူတို့နဲ့ဝေးရာကိုခေါ်သွားမယ်"

"ဟင့်အင်း…"

"ဘာ ဟင့်အင်းလဲ… 'ဝိုင်' က ကိုယ်ခေါ်တဲ့နောက်ကို မလိုက်ချင်ဘူးလား"

"မသိသေးပါဘူး… ပြန်ကြရအောင်နော်"


www.burmeseclassic.com

www.burmeseclassic.com



'ဝိုင်'စကားအတိုင်း ဆေးရုံကိုပြန်လာခဲ့ကြပါသည်။ သူက ထုံးစံအတိုင်း ဆေးရုံနားက လက်ဘက်ရည်ဆိုင်တစ်ဆိုင်မှာ တစ်နာရီနီးပါးခန့် ထိုင်ပြီးမှ လိုက်လာမှာဖြစ်သည်။

ဆေးရုံကိုရောက်တော့ 'အန်တီကြူ' ပုံစံကတစ်မျိုးဖြစ်နေသည်။ 'ဝိုင့်' ကိုသေချာကြည့်နေရင်း...

"'ဝိုင်' ဘယ်သွားနေတာလဲ"

"အိမ်ပြန်တာလေ"

ဖြေလိုက်ရပေမယ့် 'ဝိုင့်' ရဲ့ရင်ခုန်သံတွေကလန့်တဲ့စိတ်ကြောင့် ဆူညံနေရသည်။

"အန်တီဖုန်းဆက်ပါတယ်... ခဏကလေးပဲလာပြီးပြန်ထွက်သွားတာဆို... အိမ်ကကားနဲ့လည်း ပြန်မလာဘဲ ဘယ်ကိုသွားနေတာလဲ"

"ဟို ဟို... 'ဝိုင်' ဝယ်စရာလေးရှိသေးလို့ စီးတီးမတ်ကိုဝင်နေတာ 'အန်တီကြူ' ရဲ့... ဘာဖြစ်လို့လဲ"

"'ကိုကြီး' က 'ဝိုင်' ရောက်လာတာနဲ့ သူ့ဆီကိုချက်ချင်းလွှတ်လိုက်ပါတဲ့... သွားလိုက်ဦး"

"ဟုတ်ကဲ့"

အပြင်ကပြန်လာလို့အမောတောင်မပြေရသေး၊ ထပ်ပြီး





ရင်စို့စရာဖြစ်လာတာမို့ အသက်ကိုခပ်ပြင်းပြင်းရှူရင်း 'ကိုကြီး' ဆီကိုလာခဲ့လိုက်ရပါသည်။

'ဝိုင့်' ရဲ့မျက်ခွံတွေက တဆတ်ဆတ်နဲ့နေအောင်လှုပ်ခါနေတာ ကောင်းတာလား၊ မကောင်းတာလားဆိုတာ 'ဝိုင်' လည်း မခွဲခြားတတ်တော့ပါ။

'ကိုကြီး' က 'ဝိုင့်' ကိုတွေ့တော့ မဆီမဆိုင် 'မဇင်ယော်' ကိုလှမ်းကြည့်လိုက်ပါသည်။ သူတို့နှစ်ယောက်ဘာတွေများတိုင်ပင်ထားကြသလဲ မသိပါ။

အရင်တုန်းက 'မဇင်ယော်' ဘာပဲပြောပြော၊ 'ကိုကြီး' က 'ဝိုင့်' ဘက်ကနေကာကွယ်ပြီးနေနေတာမို့ စိတ်ထဲလုံခြုံနေရပေမယ့်၊ အခုအချိန်မှာတော့ 'ကိုကြီး' ရဲ့ထူးခြားသောပုံစံကြောင့် လန့်နေရပါပြီ။

"'ကိုကြီး' 'ဝိုင့်' ကိုခေါ်တယ်ဆို"

"ဟုတ်တယ် မေးစရာလည်းရှိတယ်... ပြောစရာလည်းရှိတယ်"

"အင်း... မေးလေ"

"'ကိုကြီး' မမေးဘူး... 'ဇင်ယော်' မေးတာကိုပဲဖြေ... 'ကိုကြီး' ဘေးကနေကြည့်နေမယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဘာဆိုင်လို့လဲ 'ကိုကြီး' ရဲ့"

"ဆိုင်တာတွေမဆိုင်တာတွေမပြောနဲ့... 'ဝိုင်' ဘက်က ဘာအမှားမှမလုပ်ထားဘူးဆိုရင် 'ဇင်ယော်' မေးတာတွေကိုအေးအေးဆေးဆေးပြောပြနိုင်ရမှာပေါ့"

ပြုံးလိုက်သော 'ကိုကြီး' ရဲ့အပြုံးနဲ့၊ 'မဇင်ယော်' ရဲ့အပြုံးက တကယ့်ကိုပီပြင်အသက်ဝင်လွန်းတာမို့ လန့်သွားရပါသည်။ 'ဝိုင်' ရင်ထဲမှာကတုန်ကရီကို ဖြစ်လို့နေရသည်။

ဒီအချိန်မှာ သူရောက်လာခဲ့ရင် ဘယ်လောက်ကောင်းလိုက်မလဲ။ 'ဝိုင်' ကိုကာကွယ်ချင်စိတ်နဲ့ 'မဇင်ယော်' ဘက်ကို သူနိုင်အောင် ထိန်းနိုင်ပါလိမ့်မည်။

"သေလောက်မယ့်မေးခွန်းကြီးတွေ မမေးပါဘူး 'ဝိုင်' ရဲ့... ခပ်ရိုးရိုးကလေးတွေပဲ မေးမှာပါ"

"ဘယ်လိုပဲမေးမေးပါ... 'ဝိုင်' က သေဖို့အကြောင်းမရှိပါဘူး"

"ထားပါတော့... ရှင်းရှင်းလင်းလင်းတစ်ခုပဲသိချင်တယ် 'သုတ' နဲ့ 'ဝိုင်' နဲ့ချစ်သူတွေဖြစ်နေပြီမဟုတ်လား"

"ဘာဆိုင်လို့လဲ 'ကိုသုတ' က 'မဇင်ယော်' ရဲ့ယောက်ျား လေ... 'ဝိုင်' နဲ့ဘာဆိုင်လို့လဲ"





"ဆိုင်ပါတယ်... ဆိုင်လို့လည်းနှစ်ယောက်သားလျှောက်သွားပြီးလည်ပတ်နေကြတာလေ... အခုလည်း 'သုတ' နဲ့မင်းနဲ့ လည်ပြီးမှပြန်လာကြတာ..."

"မဟုတ်ဘူး..."

'ဝိုင့်' ရဲ့လေသံက လိုတာထက်ပိုကျယ်လောင်သွားခဲ့ပါသည်။ ဒါ ကယောင်ခြောက်ခြားဖြစ်ပြီး ထွက်သွားတဲ့လေသံပဲဖြစ်မှာပါ။

စိတ်ထဲမှာအရမ်းကိုကြောက်နေပေမယ့် အပြင်မှာတော့ မျက်နှာကိုခပ်တည်တည်လုပ်ထားဆဲဖြစ်သည်။ သူနဲ့ကိစ္စပေါ်သွားလို့မဖြစ်ချေ။

ချစ်ကြတာအပြစ်မဟုတ်ပေမယ့်၊ ဆေးလူတွေသိသွားမှာကိုတော့ 'ဝိုင်' သေလောက်အောင်ရှက်ပါသည်။ ထွက်ပြေးသွားကာမှသွားရော၊ သူတို့သူနိုးဖမ်းလို့ ပေါ်သွားတဲ့အဖြစ်မျိုးတော့ ဘယ်တော့မှအရောက်မခံနိုင်ပါ။

"မငြင်းနဲ့ 'ဝိုင်'... အခုပဲ 'မ' ဆီကိုဖုန်းဝင်လာပြီးပြီ... 'သုတ' ဆံပင်ညှပ်တာကိုမင်းစောင့်ပေးနေတယ်... မင်းတို့နှစ်ယောက် စီးတီးမတ်ကိုသွားတယ်... လမ်းဘေးမှာအအေးသောက်ပြီးစားကြသေးတယ်... 'သုတ' က အခုဆေးရုံဆေးကလေးဘက်ရည်


www.burmeseclassic.com

www.burmeseclassic.com

ဆိုင်မှာကျန်နေခဲ့တယ်... ကဲ မင်းဘာကိုငြင်းဦးမလဲ... မကျေနပ်သေးရင် အရင်နေ့တွေက သွားတဲ့နေရာတွေကိုပါ ပြောပြရဦးမလား"

'ကိုကြီး' ကိုအလန့်တကြား လှမ်းကြည့်လိုက်မိသည်။ 'ကိုကြီး' က 'ဝိုင်' ကိုသာသေချာအကဲခတ်ပြီး စိုက်ကြည့်နေလေသည်။ 'ဝိုင်' ဘာလုပ်ရမလဲ။ 'ကိုကြီး' ရှေ့မှာ အရှုံးပေးလိုက်ရမှာလား။

ဟင့်အင်း။ သူနဲ့ကိစ္စက ဘာမှန်းသေချာမသိသေးဘဲနဲ့ 'ဝိုင်' ဝန်မခံလိုက်ချင်ပါ။ နောက်ပိုင်းဖြစ်လာတာနောက်မှကြည့်ရှင်းပစ်မည်။

ခုချိန်မှာ ထွက်ပေါက်တစ်ခုပဲလိုအပ်နေပါသည်။ 'မဖင်ယော်' ကိုလည်း လွယ်လွယ်ကူကူနဲ့ အရှုံးမပေးလိုက်ချင်။ 'ဝိုင်' စကားတစ်ခွန်းက ဒီအချိန်မှာအရေးကြီးနေသည်မဟုတ်လား။

" 'ဖင်ယော်' ပြောတာဟုတ်သလား... 'ဝိုင်' ဒီလောက်တောင်ပဲအရှက်ကင်းမဲ့တဲ့သူဖြစ်နေတာလား"

"ဟင့်အင်း"

"ဘာလဲ ငြင်းလိုက်တာလား"

'ဝိုင်' အသက်ကိုခပ်ပြင်းပြင်း ရှူလိုက်မိသည်။ မျက်နှာ





ပြောင်တိုက်ပြီး မုသားစကားတွေပြောမှပဲဖြစ်ပါတော့မည်။ လူတွေအများကြီးရှေ့မှာတော့ မျက်ရည်အသွယ်သွယ်ကျပြီး 'ဝိုင်' ထွက်ပြေးမသွားချင်ပါ။

" 'မဖင်ယော်' ပြောနေတာတွေ 'ဝိုင်' ဘာမှမသိဘူး 'ကိုကြီး'... 'ကိုကြီး' မယုံရင် ဒီနေ့ကစပြီး 'ဝိုင်' ဆေးရုံကိုလည်း မလာတော့ဘူး... အိမ်မှာပဲနေလိုက်တော့မယ်... အိမ်ကလူတွေကို အချိန်မရွေးဖုန်းဆက်မေးကြည့်လို့ရတယ်... 'ဝိုင်' ဒီနေ့စီးတီးမတ်သွားခဲ့တာမှန်တယ်... 'ကိုသုတ' နဲ့မဟုတ်ဘူး... ဘာလို့သွားလဲဆိုတော့ 'ကိုကြီး' အတွက်သွေးစစ်တဲ့စက်ကလေးသွားဝယ်တာ... 'ဝိုင်' ယူပြမယ်... 'ကိုကြီး' တစ်ခုသိထားပါ... လောကမှာယောကျ်ားတွေအများကြီးပါ... 'ကိုသုတ' တစ်ယောက်တည်းမဟုတ်ပါဘူး... 'မဖင်ယော်' နဲ့ပတ်သက်ရမှာလန့်လွန်းလို့ ခုနောက်ပိုင်း 'ကိုသုတ' နဲ့ဆုံရင်တောင် 'ဝိုင်' ရယ်မပြတော့ဘူး... 'ဝိုင့်' ရင်ထဲမှာ အသိစိတ်ရှိထားပြီးသားပါ... 'မဖင်ယော်' သာအသိစိတ်မရှိလို့နေရင်းထိုင်ရင်း 'ဝိုင့်' ကိုပုတ်ခတ်ပြီးစော်ကားနေတာ... ရှင်းရှင်းပြောရရင် သူ့လူသူမနိုင်ဘဲ ဘေးလူကိုလိုက်မဲ့သလိုဖြစ်နေပြီ"

'မဖင်ယော်' တစ်ယောက် ပါးစပ်ဟောင်းလောင်းဖြစ်


www.burmeseclassic.com

www.burmeseclassic.com

သွားရတော့သည်။ 'ဝိုင်' ဘက်က ဒီလောက်ထိပြတ်ပြတ်သားသား ပြောပစ်လိုက်မယ်လို့ တွေးထင်ထားပုံမရ။ 'ကိုကြီး' ကမျက်ခုံးကိုပင့်ရင်း 'မဖင်ယော်' ကိုကြည့်နေသည်။

"မင်း စကားပြောတတ်လှချည်လား... လိမ်တတ်တာလည်းကမ်းကုန်ပဲ"

"ဒါတွေ 'ဝိုင်' မသိဘူး... 'ဝိုင်' အရေးထားတာ 'ကိုကြီး' ပဲ... 'ကိုကြီး' စိတ်ချမ်းသာဖို့ပဲအရေးကြီးတယ်... 'ကိုကြီး' ဘာဖြစ်ချင်သလဲပြော... 'ဝိုင့်' ဘက်ကလုပ်ပေးဖို့အသင့်ပဲ... တကယ်လို့ 'မဖင်ယော်' စကားကိုယုံတယ်ဆိုရင်လည်း 'ကိုကြီး' ကြိုက်သလိုဆုံးဖြတ်ပါ... 'ဝိုင်' နာခံပါ့မယ်"

'ကိုကြီး' ပုံစံကတွေဝေနေပုံရသည်။ သူ ထင်ထားတာတခြား၊ ဖြစ်နေတဲ့အခြေအနေကတစ်မျိုးဆိုတော့ ဘာပြောရမှန်းမသိသလိုမျိုးပါ။

"စိတ်ရှုပ်တယ်ကွာ... တစ်ခုပဲလုပ်ဖို့ရှိတော့တယ်... 'ဝိုင်' နဲ့ 'ကိုကြီး' နဲ့အမြန်ဆုံးလက်မှတ်ထိုးလိုက်တာအကောင်းဆုံးပဲ ဒါမှ 'ဖင်ယော်' လည်း ပါးစပ်ပိတ်တော့မှာ... 'ဝိုင့်' ကိုလည်းဆေးရုံကိုမလာခိုင်းတော့ဘူး... အဲ့ဒါအကောင်းဆုံးပဲ"

"အို 'မဖင်ယော်' ကြောင့်တော့ 'ဝိုင်' တို့နှစ်ယောက်





လက်မှတ်ထိုးရတယ်ဆိုတာမဖြစ်သင့်ပါဘူး"

"'ကိုကြီး' လည်းဆန္ဒရှိလို့ပါ... 'ကိုကြီး' ဖြစ်ချင်တာကို 'ဝိုင်' လိုက်လျောမယ်ဆို"

"လိုက်လျောပါ့မယ်... ဒီလောက်မြန်မြန်ကြီးတော့ လုပ်စရာမလိုပါဘူး 'ကိုကြီး' ရယ်"

"'ဝိုင့်' ကိုစိတ်မချဘူး"

'ဝိုင်' ဘာမှမပြောနိုင်တော့ပါ။ ကိုယ့်စကားကိုယ်တည်အောင်လို့ ငြိမ်နေလိုက်ရတော့သည်။ ရင်ထဲမှာတော့ ပေါက်ကွဲထွက်ချင်နေတာ ပြောမနေပါနဲ့တော့။ 'ဝိုင်' ဘာလုပ်ရမလဲ။


www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂၉

မနက်ဖြန်ပဲ 'ဝိုင်' နဲ့ 'ကိုကြီး' လက်ထပ်ရတော့မယ်ဆိုတာကို 'အန်တီကြူ' ဖွင့်ပြောလာတာမို့ လူကငိုချင်သွားရသည်။ 'ကိုကြီး' လူနာဆောင်ဘက်ကိုပြန်ပြောင်းလာတည်းက 'ဝိုင်' ဆေးရုံကိုမရောက်ဖြစ်တော့ပါ။

'ကိုကြီး' က အိမ်မှာပဲနေလို့ပြောတာကြောင့် သူ့စကားကိုနားထောင်တဲ့အနေဖြင့် 'ဝိုင်' က နေနေလိုက်သည်။ 'ကိုသု' ကိုသတိရတယ်ဆိုရင် အိမ်ကနေပဲဖုန်းဆက်ပြီးအဲလွမ်းဖြေလို့ရနေတာမို့ အဆင်ပြေနေရသည်။

'ကိုသု' ကတော့ 'ဝိုင်' တို့နှစ်ယောက်ရဲ့ဘဝခရီးအတွက်





အစီအစဉ်တွေဆွဲနေပါပြီ။ 'ဝိုင်' ဘက်ကလည်း ရှည်ရှည်ဝေးဝေး သိပ်စဉ်းစားမနေတော့ဘဲ ချစ်သူနဲ့ပေါင်းရဖို့ကသာအဓိကလို့ တွေးပြီး သူခေါ်တဲ့နောက်ကိုလိုက်ဖို့ ဆုံးဖြတ်ထားလိုက်သည်။

'ဝိုင်' ရဲ့အလိမ်အညာစကားတွေကိုယုံကြည်နေတဲ့ 'ကိုကြီး' ကိုတော့ စိတ်ထဲကနေသနားနေမိသည်။ ဒါပေမဲ့လည်း ရေစက်ကဒီလောက်ထိပဲပါတယ်ဆိုတော့လည်း 'ဝိုင်' လည်း ဘယ်တတ်နိုင်ပါ့မလဲ။

မနက်ဖြန်ဆိုတာကိုရင်မဆိုင်ချင်တာကြောင့် အရဲစွန့်ပြီး 'ဝိုင်' အပြင်ကိုထွက်လာခဲ့လိုက်ပါသည်။ ချိန်းထားတဲ့နေရာမှာပဲ သူက ကြိုစောင့်နေသည်။

"လာမှလာပါ့မလားလို့ကွာ... ရင်ကိုမောနေတာပဲ ဘာကိစ္စအရေးကြီးလို့လဲ... ကိုယ့်ဘက်ကတော့ အေးဆေးပဲ... 'မ' ပုံစံကအရင်လိုမဟုတ်တော့ဘူး... သိပ်ပြီးသဘောတွေကောင်းနေတယ်"

"ကောင်းမှာပေါ့... 'ဝိုင်' နဲ့ 'ကိုကြီး' လက်ထပ်ရတော့မယ်ဆိုတာကို သူသိနေတာကို... မနက်ဖြန်ဆေးရုံမှာပဲ 'ဝိုင်' နဲ့ 'ကိုကြီး' နဲ့လက်မှတ်ထိုးပြီးလက်ထပ်ရတော့မယ်"

ပြောရင်းစိတ်ကိုမထိန်းနိုင်သလိုပုံစံမျိုးဖြင့် 'ဝိုင်' တငို


www.burmeseclassic.com

www.burmeseclassic.com

ချလိုက်မိသည်။ တကယ်တမ်းကျတော့ ကိုယ်ချစ်တဲ့သူနဲ့ဝဲလူ ကိုင်းနီးစပ်ချင်ကြတာမဟုတ်လား။ 'ဝိုင်' မှာလည်း ဒီလိုစိတ်မျိုး ရှိပါသည်။

သူက 'ဝိုင့်' ကိုရင်ခွင်ထဲထည့်ကာ ခပ်တင်းတင်းဖက် ထားလိုက်ရင်း...

"မငိုပါနဲ့ကွာ... ကိုယ်တို့နှစ်ယောက်ထွက်ပြေးကြမယ် လေ... 'ဝိုင်' ဘာကိုမှပူမနေနဲ့... အားလုံးကို ကိုယ်တာဝန်ယူတယ် သိလား"

"ဒါပေမဲ့ 'ဝိုင်' ကြောက်တယ်... ဘာကိုကြောက်နေမှန်းမ သိဘူး... ဖြစ်နေတဲ့အခြေအနေတွေကိုလည်း စိတ်နာတယ်... ဘာ လို့များ 'ဝိုင်' တို့မှာ ပတ်သက်တဲ့သူတွေကိုယ်စီရှိနေရသလဲမသိ ဘူးနော်"

သူ့မျက်နှာက တင်းသလိုဖြစ်သွားသည်။ ခေါင်းကိုညိတ် လိုက်ရင်း...

"ကိုယ်ကတော့ ကိုယ့်ဘဝကိုရောက်ထဲရောက်အောင် တွန်းပို့တဲ့လူတစ်ယောက်ကိုပဲ စိတ်နာတယ် မုန်းတယ်... အဲ့ဒီ လူကိုသတ်တောင်သတ်ပစ်လိုက်ချင်တယ်... သူ့ကြောင့် 'မ' နဲ့ ဒီလိုဇာတ်လမ်းမျိုးတွေဖြစ်ကုန်ရတာ... သူသာဝင်မရှုပ်ရင် ကိုယ့်





ဘဝကသိပ်ကိုလွတ်လပ်တယ်... 'မ' ရဲ့အချုပ်အနှောင်ကိုလည်း ခံရစရာဘာအကြောင်းမှမရှိဘူး... ဒင်းကြောင့်..."

သူ ဘာတွေပြောနေသလဲဆိုတာ 'ဝိုင်' တော့နားမလည်။ သူ ဘယ်သူ့ကိုနေရင်းထိုင်ရင်းမုန်းနေရတာလဲ။

"ဘာတွေပြောနေတာလဲ 'ကိုသု' ရယ်... 'ဝိုင်' နားလည် အောင်ပြောပြစမ်းပါ"

"'မ' နဲ့မပတ်သက်ချင်လို့ ကိုယ်ထွက်ပြေးခဲ့သေးတယ် ရှင်းရှင်းပြောရရင် 'မ' ခုလိုဒုက္ခတပုံစံမျိုးဖြစ်သွားတာ ကိုယ့် ကြောင့်ဆိုပြီး သူဆန္ဒတွေကိုလိုက်လျောခဲ့တာ... သူဖြစ်ချင်တာ တွေကိုလုပ်ပေးခဲ့တာ... တခြားဘာအကြောင်းမှမရှိဘူး"

"'ကိုသု' ကြောင့်"

"အဲ့ဒီလိုပဲပြောရတော့မှာပေါ့... ကိုယ်ရှောင်ထွက်သွား တဲ့မြို့ကို 'မ' ကလိုက်လာခဲ့တယ်လေ... ကိုယ်ကတော့ဘယ်သိ မလဲ... တိုက်တိုက်ဆိုင်ဆိုင်မထင်မှတ်ပဲ ကိုယ်နဲ့ 'မ' နဲ့ကားအက် ဆီးဒန့်ဖြစ်သွားခဲ့တယ်... 'မ' ရဲ့ကားကိုကိုယ်တိုက်မိလိုက်တာ လေ... တိုက်စရာဘာကြောင်းမှတော့မရှိဘူးကွာ... လမ်းသွယ်ထဲ ကနေ လက်လွတ်စပယ်ထွက်လာတဲ့ စက်ဘီးသမားကိုရှောင် လိုက်လို့ဖြစ်သွားရတာ... ကိုယ့်ပရောဂဘာမှမပါဘူး... ဒါပေမဲ့


www.burmeseclassic.com

www.burmeseclassic.com

လူယုတ်မာစက်ဘီးသမားက ရှောင်ထွက်သွားတယ်... သတင်းအစအနတောင်မရတော့ဘူး... ကိုယ်မှတ်မိတာက မိုးကာဝါဝါလေးဝတ်ထားတာကိုပဲ"

"မိုးကာဝါဝါလေးဝတ်ထားတာ"

"ဟုတ်တယ်... ကိုယ်လည်းရရင်ရသလိုစုံစမ်းကြည့်တာပါပဲ... ဒါပေမဲ့ဘယ်လိုမှစုံစမ်းလို့ကိုမရဘူး... အဲဒီလူကြောင့်ကိုယ့်ဘဝဒုက္ခတွင်းထဲကိုကျရတာ... သူနမော်နမဲ့နိုင်လိုက်တာနဲ့ လူတစ်ယောက်ရဲ့ဘဝပျက်သွားတယ်ဆိုတာ မတွေးမိဘူးနဲ့တူပါတယ်"

"ဘယ်မှာဖြစ်ခဲ့တာလဲ 'ကိုသု' ရယ်..."

နာကြည်းသလိုခပ်တိုးတိုးညည်းတွားလိုက်တဲ့ 'ကိုသု' ရဲ့စကားကိုနားထောင်ပြီး 'ဝိုင်' သတိလစ်ချင်သလိုတောင်ဖြစ်သွားရတော့သည်။

ရက်စက်လိုက်တာ။ ကိုယ့်အသည်းကိုယ်ပြန်ခွဲခဲ့တာပဲ 'ဝိုင်' ကြောင့် ဘဝတွေအကုန်လုံးပြောင်းလဲသွားခဲ့ရတာပါလား။ 'ဝိုင်' လည်း 'ကိုကြီး' နဲ့လက်ထပ်ဖို့ပိုနီးစပ်သွားခဲ့ရသလို၊ 'ကိုသု' သည်လည်း နေရင်းထိုင်ရင်း 'မဇင်ယော်' ဘဝထဲသို့ဝင်ရောက်ခဲ့ရတာမဟုတ်လား။





အားလုံး 'ဝိုင်' ကြောင့်တွေချည်းပဲမဟုတ်လား။

"ပြီးခဲ့တာတွေမပြောချင်တော့ဘူးကွာ... ကိုယ်တို့ထွက်ပြေးကြမလား... 'ဝိုင်' ကိုယ့်နောက်ကိုလိုက်ရဲတယ်မဟုတ်လား"

"လိုက်ရဲပါတယ်... 'ဝိုင်' တစ်ခုသိချင်တာမေးပါဦးမယ် ခုချိန်မှာ 'ကိုသု' ရှောင်လိုက်တဲ့စက်ဘီးသမားကိုပြန်တွေ့ရင် ဘယ်လိုလုပ်မှာလဲဟင်"

"မသိသေးဘူး... တွေ့လည်းမတွေ့နိုင်ပါဘူးကွာ... ရင်မဆိုင်ရဲလို့ထွက်ပြေးတဲ့သူတစ်ယောက်က ဘယ်လိုလုပ်ပြီးကိုယ်နဲ့မျက်နှာချင်းလာဆိုင်မှာလဲ... ကိုယ်ကတော့ မမြင်ဖူးတဲ့လူတစ်ယောက်ကို အငြိုးတွေနဲ့တစ်သက်လုံးခွင့်မလွှတ်နိုင်ဘူး... အမြဲတမ်းလည်းစိတ်ထဲမှာဆုတောင်းမိတယ်... ကိုယ့်လိုပဲသူလည်း မချစ်မနှစ်သက်တဲ့သူ့ရဲ့ ဒဏ်တွေကိုခံစားရပါစေလို့လေ"

"အို..."

'ဝိုင်' ရင်ထဲကအက်သံတွေ မြည်ဟီးသွားရတော့သည်။ စက်ဘီးသမားဟာ 'ဝိုင်' ဆိုတာကို ဘယ်လိုအင်အားမျိုးနဲ့ သူသိအောင် 'ဝိုင်' ဖွင့်ပြောပြရမလဲ။

ပြောလည်းမပြောချင်တော့ပါ။ ခါးသီးမုန်းတီးတယ်ဆိုတဲ့စကားတွေကိုလည်း 'ဝိုင်' မကြားချင်ပါ။ 'ဝိုင်' နဲ့သူနဲ့အချစ်


www.burmeseclassic.com

www.burmeseclassic.com

ကိုလုပတဲ့အိပ်မက်လေးတစ်ခုအဖြစ်နဲ့ပဲ ရင်ထဲမှာသိမ်းထားလိုက်ပါတော့မည်။

အချစ်ဆိုတာလူချင်းပေါင်းဖက်ရမှ အချစ်တစ်ခုရဲ့ရသမြောက်တာမှမဟုတ်ဘဲ။ ရင်ထဲကနေပြီးသစ္စာရှိရှိနဲ့တစ်ယောက်ကိုတစ်ယောက် ချစ်နေကြရင်လည်း ဒီအချစ်ကလှပပြီးတန်ဖိုးရှိနေမှာမဟုတ်လား။

'ဝိုင်' သည်ဖြစ်ပျက်နေတဲ့အခြေအနေတွေကို အံကြိတ်ကာမြိုသိပ်ချပြီး မျက်ရည်တွေကိုပွတ်သုတ်ပစ်လိုက်ပါသည်။ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချလိုက်မှပဲဖြစ်တော့မည်။

" 'ဝိုင်' တို့ပြန်ကြရအောင်"

"ဘယ်ကိုလဲ... ကိုယ်တို့နှစ်ယောက်ထွက်ပြေးကြမယ်လေ... အိမ်ပြန်ပြီးဘာလုပ်ကြမှာလဲ"

"မှတ်ပုံတင်တွေဘာတွေ ယူရဦးမယ်လေ... မနက်ဖြန်မနက် Junction 8 ရှေ့မှာ ကိုးနာရီလောက်စောင့်နေ... 'ဝိုင်'လာခဲ့မယ်"

"တကယ်ပြောတာလား... ကိုယ်သေချာစောင့်နေမှာနော်"

"အင်းပါ... 'ဝိုင်' လာပါ့မယ်"



ခွဲခွာခါနီး 'ကိုသု' ရဲ့ပါးပြင်ကို 'ဝိုင်' က နှုတ်ဆက်အနမ်းလေးပေးလိုက်ပါသေးသည်။ သူကတော့ကြည်ကြည်နူးနူးနဲ့ပြုံးနေနိုင်ပေမယ့် 'ဝိုင်' ကတော့ မျက်ရည်တွေကို မထိန်းချုပ်နိုင်တော့ပါ။

ချစ်ရတဲ့သူကို နောက်ဆုံးအနေနဲ့လမ်းခွဲခါနီးနှုတ်ဆက်ရတဲ့ အနမ်းတစ်ခုဟာ ဘယ်လောက်တောင်ရင်ကွဲရသလဲဆိုတာကို ခံစားဖူးတဲ့သူတွေမှပဲ သိနိုင်ပါလိမ့်မည်။


www.burmeseclassic.com

www.burmeseclassic.com

ပြုံးနေတဲ့ 'မဇင်ယော်' ကိုကြည့်ပြီး 'ဝိုင့်' ကလည်းပြန်ပြုံးပြလိုက်ပါသည်။ 'ဝိုင့်' အပြုံးထဲမှာ တောင်းပန်ခြင်းတွေပါနေတယ်ဆိုတာ 'ဝိုင်' တစ်ယောက်ပဲသိပါသည်။

'ဝိုင့်' ကြောင့် ဒုက္ခတဖြစ်သွားခဲ့တဲ့အတွက် 'ကိုသု' ကို 'မဇင်ယော်' လက်ထဲကနေလုမယူတော့ပါဘူးဆိုတာ စိတ်ထဲကနေပဲ စကားတွေနဲ့ပြောဖြစ်တော့သည်။

လူချင်းမပေါင်းရပေမယ့် စိတ်ထဲကနေအမြဲတမ်းချစ်နေတာကိုတော့ ဘယ်သူကမှတားဆီးလို့ရနိုင်မယ်မထင်ပါ။ ကိုးနာ





ရီတိတိမှာ 'ကိုကြီး' နဲ့ 'ဝိုင်' နဲ့ဖိတ်ထားတဲ့တရားသူကြီးရှေ့မှာ လက်မှတ်ထိုးလက်ထပ်လိုက်ကြပါသည်။

ထူးဆန်းသောလက်ထပ်ပွဲမို့ ဆေးရုံရှိလူတွေလည်းပြုံးပျော်နေကြသည်။ 'ကိုကြီး' လည်းပျော်နေပါသည်။ 'ဝိုင်' ကြည့်လိုက်တဲ့သူတိုင်း ပျော်နေတဲ့သူတွေကြီးပါပဲ။

မပျော်တာဆိုလို့ 'ဝိုင်' တစ်ယောက်တည်းပဲ ရှိလိမ့်မယ်နဲ့တူသည်။ ဟန်လုပ်ကာပြုံးနေရပေမယ့်လည်း 'ဝိုင့်' ရင်ထဲမှာတော့ ငိုနေရပါပြီ။

'ဝိုင့်' ရောက်လာမယ့်အချိန်ကို မျှော်လင့်စောင့်စားနေမယ့် ရင်ထဲကသိပ်ချစ်ရသောချစ်သူကို 'ဝိုင်' ကတော့ မပေါင်းဖက်ရပေမယ့်လည်း အချိန်တိုင်းလိုလို တမ်းတနေမိမှာအသေအချာပါ။

သူ့ကို 'ဝိုင်' သိပ်ချစ်ခဲ့ပါတယ်ဆိုတာကတော့အိပ်မက်မဟုတ်ခဲ့ပါ။

ရှင်လန်းချမ်းမြေ့ပါစေ
ဆက်လက်ကြိုးစားရေးမည်
ဝေဝေအောင်

www.burmeseclassic.com